530

စာဏကျဆရာကြီး ရေးသားခဲ့သည့်
သက္ကဋ စာဏကျ ကျမ်းရင်းကို
မူတည်လျက်

အမ်- အေ- မဟာဝိဇ္ဇာဘွဲ့ရ
လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး
အကျယ်တဝင့်ဖွင့်ဆို
ရေးသားအပ်သော

သာသနာရေး ဦးစီးဌာနသို့
အရှင်ကောဝိဒမှ
လှူဒါန်းပါသည်။

# စာဏကျနီတိကျမ်း

## ပထမတွဲ

ဦးခင်စိုးအမှူးရှိသော
ဟံသာဝတီပါဠိဆရာများ
ကြပ်မပြင်ဆင်သည်

ဟံသာဝတီစာအုပ်တိုက်
၁၅၇-ဗိုလ်အောင်ကျော်လမ်းရန်ကုန်မြို့

စာဏကျဆရာကြီးရေးသားခဲ့သည့်
သက္ကဋစာဏကျကျမ်းရင်းကို
မူတည်လျက်

အမ်-အေ-မဟာဝိဇ္ဇာဘွဲ့ရ
လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး
အကျယ်တဝင့်ဖွင့်ဆို
ရေးသားအပ်သော

# စာဏကျနီတိကျမ်း

## ပထမတွဲ

ဦးခင်စိုးအမှူးရှိသော
ဟံသာဝတီပါဠိဆရာများ
ကြပ်မပြင်ဆင်သည်။

☆

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၇-ခု

H 358—A [ဟံသာဝတီ]

# နိဒါန်း

"စာဏကျနီတိကျမ်း" ဆိုသည်မှာ ရှေးလွန်ခဲ့ပြီးသော နှစ်ပေါင်း နှစ်ထောင်ကျော်အခါက အိန္ဒိယနိုင်ငံတွင် ထင်ပေါ်ကျော်စောသော "စာဏကျ ဆရာကြီး" ရေးသားအပ်သောကျမ်း ဖြစ်သောကြောင့် ကျမ်းပြု ပုဂ္ဂိုလ်ဆရာကြီး၏ အမည်အားဖြင့် "စာဏကျ နီတိ" ဟူ၍ ဆိုရလေသည်။

နီတိ-ဆိုသောစကားမှာ လိုရင်းအဓိပ္ပါယ်အားဖြင့် "လမ်းညွှန်" ဟူ၍ ဆိုလိုသည်၊ အကျိုးစီးပွားကို ဆောင်သည်-ဟူ၍လည်း ဆိုနိုင်ပါ၏၊လောကဿ ဟိတံ နေတီတိ နီတိ။ ။လောကဿ၊လောကကြီး၏။ ဝါ၊ လူများအပေါင်း၏။ ဟိတံ၊ အကျိုးစီးပွားကို။ နေတိ၊ ရွက်ဆောင်တတ်၏။ ဣတိ-တသ္မာ၊ထို့ကြောင့်။ နီတိ၊ နီတိမည်၏။ ဤသို့ ဝိဂြိုဟ်ပြုရလေသည်။

ဖော်ပြခဲ့သော စာဏကျဆရာကြီး ဆိုသည်မှာ အခြားမဟုတ်၊ ပိဋကကျမ်းဂန်တို့၌လာသော ဇာနက္ကပုဏ္ဏား ဆရာကြီးပင် ဖြစ်သည်- ဟူ၍ ကျေးဇူးရှင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသည်ကို မှတ်ယူခဲ့ဘူးသောအတိုင်း ပါရာဇိကံ အဋ္ဌကထာ၌ ရှင်မဟာဗုဒ္ဓဃောသ—ပြဆိုတော်မူအပ်သော ပုဏ္ဏားပညာရှိပင် ဖြစ်ပေသည်။

သင်္ကရိုက် ဘာသာအားဖြင့် "စာဏကျ" ဟူ၍ ခေါ်ဆို၏၊ ပါဠိကျမ်းဂန်တို့၌ ဇာနက္က-ဟူ၍ ခေါ်ဆို၏၊ ဤမျှသာ ထူးထွေချက်ရှိပေသည်၊ ထိုစာဏကျဆရာကြီးသည် သာကီဝင်နွယ် အဆက်မှဆင်းသက်၍လာသော "စန္ဒဂုတ်" မင်းသားကလေးကို ကျွေးမွေးပြုစုပြီးလျှင် ဘုရင်အဖြစ်ကိုရောက်အောင် ရွက်ဆောင်ချီးမြှင့်၍ ပေးသောဆရာကြီးပေတည်း။

ဤစာဏကျ နီတိကျမ်းသည်လည်း တပည့်ဖြစ်သူ စန္ဒဂုတ်မင်းသားကလေးအား သင်ကြားရန် ရေးသားပေးသော ဆုံးမခြင်းလမ်းညွှန် နီတိကျမ်းပင် ဖြစ်ဟန်လက္ခဏာရှိသည်-ဟူ၍ ကျေးဇူးရှင် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးပင် မိန့်တော်မူဘူးပေသည်။

# နိဒါန်း

အလွန်ချစ်ခင်လှစွာသော တပည့်ရင်းအား ရှေးနီတိကျမ်းဟောင်း အမျိုးမျိုးတို့မှ ကောင်းနိုးရာရာကို ရွေးချယ်ထုတ်ဆောင်၍ အထူး သဖြင့်ရေးသားစီစဉ်အပ်သော ကျမ်းဖြစ်လေသောကြောင့် ဤစာဏကျ နီတိကျမ်း၌ပါရှိသော နီတိအချက်များသည် လူ့ပြည် လောကကြီး နှင့် များစွာသက်ဆိုင်၍ အရာရာတွင် မှတ်သားဘွယ်ရာ အမျိုးမျိုးနှင့် ပြည့်စုံကြောင်း ကောင်းစွာထင်ရှားလှပေသည်။

စာဏကျနီတိကျမ်း၌ ပါရှိသောဂါထာအရေအတွက်မှာ(၁၀၀) တရာမျှသာရှိသော်လည်း ထိုနီတိဂါထာတို့၏ အဓိပ္ပါယ်ကိုအကျယ် ချဲ၍ ဖွင့်ခဲ့ပါလျှင် လွန်စွာကျယ်ဝန်း၍ အနှစ်သာရနှင့် ပြည့်စုံသော မှတ်သားဘွယ်အမျိုးမျိုးတို့ဖြင့် မဆုံးနိုင်အောင်ပင် ရှိပေရာ၏-ဟူ၍ ဆိုသင့်ပေသည်၊ ဂါထာတရာရှိသော ကျမ်းဖြစ်သောကြောင့် စာဏကျ သတက-ဟူ၍လည်း ခေါ်ဆိုကြလေသည်။

ဤစာဏကျနီတိ အဖွင့်ကျမ်း၌ ရေးသားအပ်သော အချက်များ မှာ—

(၁) ရှေးဦးစွာ သင်္ကရိုက် ဂါထာတခု,တခုကို ပါဠိဘာသာ ပြန်ဆိုခြင်း,

(၂) ထို့နောက် မြန်မာအနက်ရေးသားခြင်း,

(၃) ထို့နောက် အကျဉ်းမှတ်သားရန် ဆောင်ပုဒ်လင်္ကာသီကုံး၍ ဖော်ပြခြင်း,

(၄) ထို့နောက် အဓိပ္ပါယ်အကျယ်ဖွင့်ပြခြင်း—

ဤကဲ့သို့ လေးပါးသောအချက်တို့နှင့် ပြည့်စုံစွာ ရေးသားဖော်ပြ ထားပါသည်၊ ဤကဲ့သို့ ဆစ်ပိုင်းကျနစွာ ရေးသားဖော်ပြထားခြင်း အားဖြင့် ဘတ်ရှုကြသောသူတို့၏ အသိဉာဏ်ကိုလွယ်ကူစွာ ပွင့်လင်းစေ နိုင်ပါလိမ့်မည်၊ ဂါထာတခု,တခု၏ အနက်, အဓိပ္ပါယ် များကိုလည်း အကျယ်တဝင့်မှတ်သားရန် အချက်ပေါင်းကို စုဆောင်းပြီး အသင့် သိရှိနိုင်ကြပါသည်။

ဤစာဏကျနီတိကျမ်းကို ရေးသားခြင်း၏ အကြောင်းရင်းသော် ကား မန္တလေးမြို့ ကျေးဇူးရှင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး

# နိဒါန်း

အထံတော်တွင်ခိုလှုံ၍ သင့်ကရိက် ဘာသာများကို သင်ကြားစဉ်အခါ ထိုကျေးဇူးရှင် ဆရာတော်ဘုရားကြီးက "စာဏကျနီတိကျမ်းကို အဓိပ္ပါယ်ဖွင့်ပုံ အကျယ်နှင့်တကွ မြန်မာပြန်ဆိုရေးသားရမည်"ဟူ၍ အမိန့်တော်အားဖြင့် စေခိုင်းတိုက်တွန်းတော်မူသည်ကို ရိုသေစွာ ဝန်ခံခဲ့ဘူးသောအတိုင်း ဤကျမ်းစာကိုရေးသားခြင်းဖြစ်ပါသည်။

ပြဆိုခဲ့ပြီးသော စကားရပ်တို့ဖြင့် စာဏကျဆရာကြီးအကြောင်း, စာဏကျနီတိကျမ်းရင်းအကြောင်း ဖော်ပြပြီးဖြစ်၍ ယခုအခါ အနက်နှင့်တကွ အကျယ်အားဖြင့် ဖွင့်ဆိုအပ်သော ဤစာဏကျနီတိကျမ်းကို ရဟန်းရှင်လူ တိုင်းသူ,ပြည်သား လူများအပေါင်းတို့ သေချာစွာ ကြည့်ရှုတော်မူကြပြီးလျှင် နီတိကျမ်း ဆိုင်ရာအချက်တို့၌ နဲနက် ထိုးထွင်းသော ဉာဏ်ပညာ အလင်းကိုရရှိကြပြီးလျှင် ဆင်ခြင်နှိုင်းဆ ကာလ,ဒေသ,ဌာန,ပုဂ္ဂိုလ် ထိုထိုအရေးအရာတို့၌ ဆန့်ကျင်ခြင်းမရှိ၊ တည့်တည့်ချိန်ရွယ်တိုင်း မှန်သော ဌာနာဌာန ကောသလ္လဉာဏ်ကို ကေန်ပိုင်ပိုင် လက်ကိုင်ရရှိတော်မူကြ၍ လောကီစီးပွား,လောကုတ္တရာ စီးပွားကို ကြီးစား၍ ဆည်းပူးနိုင်ကြပါစေကုန်သတည်း။

လယ်တီပဏ္ဍိတ
ဆရာဦးမောင်ကြီး။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ပဋိညာဉ်နှင့်ဥယျောဇဉ် | .... | ၁ |
| ၂။ | ဖျက်စီးသည်မည်ခြင်း အကြောင်း | .... | ၂ |
| ၃။ | တန်ဆာဆင်သည်မည်ခြင်း အကြောင်း | .... | ၆ |
| ၄။ | အလိုသို့ပါအောင်ဆွဲဆောင်ခြင်း အကြောင်း | .... | ၉ |
| ၅။ | လျှို့ဝှက်အပ်သောအကြံကိုမဖော်ပြသင့်ကြောင်း | .... | ၁၂ |
| ၆။ | ပညာရှိတို့ ရှောင်ကြဉ်အပ်သောအရာများ | .... | ၃၀ |
| ၇။ | ငြိုငြင်ရခြင်းအကြောင်း ၄-ပါး | .... | ၃၉ |
| ၈။ | ပျက်စီးခြင်းအကြောင်း ၄-ပါး | .... | ၅၄ |
| ၉။ | ပညာရှိလက္ခဏာ ၃-ပါး | .... | ၇၉ |
| ၁၀။ | အဆင်းရှိလျက်ပညာမဲ့သော်မတင့်တယ်ကြောင်း | .... | ၉၄ |
| ၁၁။ | ပညာနှင့်တူသောမိတ်ဆွေမရှိ-စသောအကြောင်း | .... | ၁၀၄ |
| ၁၂။ | အရံ,အကာ ၄-ပါး | .... | ၁၁၉ |
| ၁၃။ | အဆိပ် ၄-မျိုး | .... | ၁၃၈ |
| ၁၄။ | ထင်ရှားမပြသင့်သောအချက် ၅-ပါး | .... | ၁၆၇ |
| ၁၅။ | အမျိုးကောင်းသားတယောက်ကြောင့် တမျိုးလုံးချမ်းသာနိုင်ကြောင်း | .... | ၁၈၄ |
| ၁၆။ | နိဂုံး | .... | ၂၀၀ |

# စာဏကျနီတိကျမ်း

## ပထမတွဲ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

### ပဋိညာဉ်နှင့် ဥယျောဇဉ်

ရှေးအခါ ဗြာဟ္မဏလူမျိုး ပညာရှိကြီးတဆူဖြစ်သော အိန္ဒိယတိုင်းသား စာဏကျ ပုဏ္ဏားကြီးသည် နောက်သား နောက်လာ လူတကာတို့၏ ချမ်းသာကြီးပွား အလိမ္မာများကြွစေရန် ရည်သန်၍ ရေးသားထားခဲ့ပေသော **စာဏကျနီတိကျမ်း** တခုရှိလေသည်ဖြစ်ကြောင်း။

သင်္သကရိုက် ဘာသာအားဖြင့် ရေးသားထားအပ်သော ထိုစာဏကျနီတိကျမ်းသည် လူအပေါင်းတို့အား များစွာအကျိုးစီးပွား ဖြစ်ထွန်းလေအောင်ရွက်ဆောင်သောကျမ်းဖြစ်သည်နှင့်အညီ ထိုနီတိကျမ်းမှ စာဏကျဆရာကြီး၏ ဆုံးမချက်များကို ရွေးချယ်ကောက်နုတ်ပြီးလျှင် သင်္သကရိုက် ဘာသာမှ ပါဠိနှင့် မြန်မာသို့ပြန်ဆို၍ ရေးသားဖော်ပြပါအံ့။

ထိုစာဏကျ ဆရာကြီးသည်ကား ကျွန်ုပ်တို့ ဗုဒ္ဓဘာသာကျမ်းဂန်တို့၌ စန္ဒဂုတ်မင်း၏ ဆရာဖြစ်သော ဓာနက္ကပုဏ္ဏားကြီး ပင်ဖြစ်သည်ဟု-ဆရာကြီး,သမားကြီးတို့ပြောဆိုသည်ကို ကြားသိရဘူး၏၊ သက္ကတဘာသာအားဖြင့် စာဏကျ- ပါဠိဘာသာအားဖြင့် ဓာနက္က ဟူ၍ ခေါ်ကြောင်းကို ပြောဆိုကြသည်မှာ လွန်စွာပင် ယုတ္တိရှိလေသည်ဖြစ်ကြောင်း။

ထိုပြဟ္မဏပညာရှိကြီးဖြစ်သော စာဏကျပုဏ္ဏားကြီး၏ နီတိအချက်များကို မှတ်သားဆောင်ရွက်နိုင်ကြစေရန် ရည်သန်လျက် သင်္သကရိုက်ဘာသာမှ ပါဠိနှင့်မြန်မာဘာသာသို့ပြန်ဆိုဖေါ်ပြလိုက်ပေသတည်း။

ပဋိညာဉ်နှင့် ဥယျောဇဉ်ပြီး၏။

---

## ၁။ ဖျက်ဆီးသည်မည်ခြင်းအကြောင်း

နိဂ္ဂုဏေန ဟတံ ရူပံ၊
ဒုဿီလေန ဟတံ ကုလံ။
အသိဒ္ဓေန ဟတာ ဝိဇ္ဇာ၊
အဘောဂေန ဟတံ ဓနံ။ ။

**အနက်။** ။နိဂ္ဂုဏေန၊ ဂုဏ်မရှိသောသူသည်။ ရူပံ၊အရုပ်အဆင်းလှပခြင်းကို။ ဟတံ၊ ဖျက်ဆီးအပ်လေ၏။ ဒုဿီလေန၊ အကျင့်သီလမရှိသောသူသည်။ကုလံ၊အမျိုးအနွယ်ကို။ ဟတံ၊ ဖျက်ဆီးအပ်လေ၏။ အသိဒ္ဓေန၊ မိမိပညာတတ်မြောက်သောအတိုင်း အမှုကိစ္စကို ပြီးစီးအောင် မရွက်ဆောင်နိုင်သောသူသည်။ ဝိဇ္ဇာ၊ မိမိအတတ်ကို။ဟတာ၊ ဖျက်ဆီးအပ်လေ၏။ အဘောဂေန၊ ချမ်းသာသောအတိုင်း မခံစားမသုံးဆောင်သောသူသည်။ဓနံ၊ကိုယ်ပိုင်ပစ္စည်းကို။ဟတံ၊ ဖျက်ဆီးအပ်လေ၏။

**ဆိုလိုရင်းမှာ။** ။ဂုဏ်မရှိသောသူသည် မိမိတို့ အရုပ်အဆင်းကို ဖျက်ဆီးသတ်ဖြတ်သည်မည်၏၊ အကျင့်သီလ မရှိသောသူသည် မိမိ

အမျိုးကို ဖျက်ဆီးသတ်ဖြတ်သည်မည်၏၊ ပညာရှိလျက် မိမိပညာကို တတ်သည့်အတိုင်း မဆောင်မရွက်သောသူသည် မိမိပညာကိုပင် ဖျက်ဆီးသတ်ဖြတ်သည်မည်၏၊ ပစ္စည်းဥစ္စာရှိလျက်နှင့် မသုံးမဆောင်ဘဲ နေသောသူသည် မိမိဥစ္စာပစ္စည်းကို ဖျက်ဆီးသတ်ဖြတ်သည်မည်၏-ဟူ၍ ဆိုလိုသည်။

## ဆောင်ပုဒ်လင်္ကာ

၁။ ဂုဏ်မဲ့ဆိတ်ကင်း၊ ရုပ်အဆင်း၊ ဖျက်ခြင်းမည်သည်သာ။
၂။ အကျင့်သီလ၊ မဲ့တုံက၊ ကုလမျိုးဖျက်ရာ။
၃။ ပြီးမြောက်သိဒ္ဓိ၊ မပြုဘိ၊ ဖျက်၏ကိုယ့်ပညာ။
၄။ မသုံးမစား၊ ဥစ္စာများ၊ ဖျက်ငြားမည်သည်သာ။

## အဓိပ္ပါယ်အကျယ်

၁။ "ဂုဏ်မရှိသောသူသည် အရုပ်အဆင်း လှပသော်လည်း မိမိအရုပ်အဆင်းကို ဖျက်ဆီးသည်မည်၏" ဟုဆိုရာတွင် ပစ္စည်းဂုဏ်, ဆွေမျိုးဂုဏ်, ပညာဂုဏ်, စကားအရာ အင်္ဂါလေးတန် ချေငံသာယာသော ဂုဏ်မှကင်းသောသူကို ဂုဏ်မရှိသောသူ-ဟူ၍ ဆိုလို၏၊ ထိုသို့ဂုဏ်မှ ကင်းသော သူများသည် အရုပ်အဆင်းအင်္ဂါ လှပချောမွေ့ပါသော်လည်း အဆင်းရှိသလောက် ဂုဏ်မရောက်ဘဲ ရှိတတ်လေသည်၊ ချင်းလက်မှာရောက်သော စိန်ကျောက်များသည် အဘိုးမထိုက်ဘိသကဲ့သို့ ဂုဏ်မရှိသောသူသည် အဆင်းပင်လှပါသော်လည်း ဂုဏ်ရှိသောသူများကဲ့သို့ ပွဲလယ်,ပရိသတ်လယ်သို့ မပေါက် မရောက်နိုင်ဘဲဖြစ်တတ်လေသည်၊ ထို့ကြောင့် ဂုဏ်မရှိသောသူသည် မိမိအရုပ်အဆင်းကို သတ်သည်မည်၏-ဟူ၍ဆိုပေသည်။

၂။ "အကျင့်စာရိတ္တ မကောင်းသောသူသည် အမျိုးကို ဖျက်ဆီးသည်မည်၏" ဟုဆိုရာ၌—

တစုံတခုသော အမျိုးအနွယ်၌ တဦးတယောက်သောသူသည် ကိုယ်အမူအရာ,နှုတ်အမူအရာ စောင့်စည်းခြင်းမရှိဘဲ ရိုင်းစိုင်းဆိုးဝါးစွာ နေထိုင်၍ အကျင့်သီလပျက်၏၊ ထိုသို့ အကျင့်သီလမဲ့သော သူတယောက် အတွက်ကြောင့် အမျိုးထဲ၌ အခြားသူများက ကောင်းသော

အကျင့်ရှိပါသော်လည်း ထို လူဆိုးတယောက် နာမည်ဖျက်၍ တစုံတရာပြောရေးဆိုတာ အခွင့်နှင့် ကြုံကြိုက်လာလျှင် "သင်းတို့အမျိုးကား မည်သို့ ကျင့်ကြံနေထိုင်လေ့ရှိသည်၊ မည်သူ့ကို ကြည့်ပါလား" ဟူ၍ အကျင့်ပေါ့ပျက်သော လူဆိုးကို လက်ညှိုးထိုးပြီးလျှင် အမျိုးပါချီ၍ ကဲ့ရဲ့တတ်လေသည်၊ ထိုအကျင့်ဆိုးဝါးသော သူတဦးအတွက်ကြောင့် တမျိုးလုံးနစ်နာခြင်းကို ခံရလေသည်။

၃။ "အတတ်ပညာကို သင်ကြားအားထုတ်ထားပါလျက် တတ်သော အတိုင်း အသုံးမချလျှင်လည်း ထိုပညာကို သတ်သည်မည်၏" ဟုဆိုခြင်းကား -

ပညာကို သင်ကြားရသည်မှာ တတ်မြောက်လာသောအခါ လောကီ၌ ချမ်းသာစွာ နေထိုင်စားသောက်ရန်ကိုသော်၎င်း, သို့မဟုတ် လောကမှထွက်၍ လောကုတ္တရာဘက်သို့ လိုက်ရန်ကိုသော်၎င်း မြော်လင့်၍ သင်ကြားကြကုန်သည်၊ တတ်မြောက်၍ လာသောအခါ တစုံတခုသော နေရာမှာ ထိုပညာကို အသုံးမချတတ်လျှင် မိမိမှာရှိသော ပညာများသည် သေသကဲ့သို့ပင်ဖြစ်လေ၏၊ အသုံးချတတ်သော သူများမှာ ပညာသည် အမျိုးမျိုးသော အရေးအရာတို့ကို ပြီးစီးအောင် ရွက်ဆောင်ပတတ်၏၊ နေရာတချက်ချက်က ပညာအစွန်းအစကို ရလျှင် ဉာဏ်သွားတိုင်း ဝေဘန်ခွဲစိတ်၍ သုံးနိုင်၏၊ အနည်းငယ်သင်ဘူးသော်လည်း များစွာချဲ့ထွင်၍ မြင်နိုင်၏၊ အသုံးမချတတ်သော သူမှာ ချဲ့ထွင်၍ မြင်နိုင်မည်ကို ဝေးစွ၊ သင်ကြားသမျှကလေးကို အသုံးမချနိုင်ဘဲ အတန်ကြာလျှင် ပျောက်၍ပစ်တတ်လေသည်။

"**မျောက်အုန်းသီးရသလို**" ဟူသော စကားပုံကဲ့သို့တည်း၊ မျောက်တကောင်သည် ကံအားလျော်စွာ အုန်းသီးတလုံးကို ကောက်၍ရလေရာ အရေနှင့်အဆံကို ရအောင် မခွဲတတ်သည့် အတွက်ကြောင့် ထိုမျောက်မှာ အုန်းသီးရသော်လည်း ရကျိုးမနပ်ရှိလေသည်၊ ထိုကဲ့သို့ပင် တတ်သမျှပညာကို ကြံဖန်ကာ မသုံးတတ်လျှင် မျောက်အုန်းသီးရသလို ဖြစ်တတ်လေသည်၊ ထို့ကြောင့် အကျိုးတခုခု ဖြစ်ထွန်းအောင် အသုံးမပြုပါလျှင် ပညာကိုသတ်သည်မည်၏-ဟူ၍ စာဏကျဆရာကြီးဆိုလေသည်။

၄။ "မသုံးဆောင်မခံစားလျှင် ဥစ္စာသည် အလကားအချည်းနှီး သာဖြစ်၏" ဟုဆိုရာ၌—

ဥစ္စာပစ္စည်းမည်သည် လောကတွင် အလိုရှိသမျှ သုံးစွဲခံစားရန် အလို့ငှါသော်၎င်း, (သို့မဟုတ်) လှူဒါန်းစွန့်ကြဲခြင်းကို ပြု၍ လောကုတ္တရာအကျိုးကို ဆောင်ရွက်ခြင်းငှါသော်၎င်းဖြစ်၏၊ မိမိမှာ ပစ္စည်းဥစ္စာပေါများစွာရှိပါလျက် တစုံတခုသော နေရာမှာမှ အသုံးမချလျှင် ထိုရှိသမျှဥစ္စာတွေသည် ငွေသေဖြစ်၍ နေ၏၊ လူသွား,လူလာနှင့်မနီးသော တောကြီးအတွင်းဝယ် ရက္ခိုသ်ဘီလူးစောင့်၍ နေသော ရေကန်ကဲ့သို့ အချည်းနှီးသာဖြစ်လေ၏၊ ဥစ္စာနှင့်ဥစ္စာရှင်သည် အဆုံးတနေ့တွင် တဦးဦးက စွန့်ရမည်သာအမှန်ဖြစ်၏၊ အသက်ရှိစဉ်ရန်သူမျိုးငါးပါးကြောင့် ပစ္စည်း ပျက်ပြားလျှင် ဥစ္စာရှင်ကို ဥစ္စာက စွန့်ခွာသည်မည်၏၊ ဥစ္စာပစ္စည်းရှိပါလျက် အသက်သေဆုံးလျှင် ဥစ္စာရှင်ကဥစ္စာကို စွန့်ခွာသည်မည်၏၊ဥစ္စာရှင်ကစွန့်ခွာသောအခါ အမွေစား, အမွေခံရှိလျှင် ထိုသူတို့သာလျှင် သုံးဆောင်ခံစားကြရကုန်၏၊ ထို့ကြောင့် အမွေခံအရင်းအချာမရှိဘဲ မသုံးမစွဲရက်သော ပစ္စည်းရှင်များကိုရည်၍ "မင်းဘဏ္ဍာကိုယ့်ဟာမှတ်လို့ တမြုံးမြုံး"ဟူသောစကားကို ရှေးသူ ဟောင်းတို့ပြောစမှတ် ပြုကြကုန်သည်။

**ဥပဒေသ။** ။မိမိ၌ ရှိသော အရပ် အ ဆင်း ကို အခွင့်ရှိသလောက် ဂုဏ်ထင်အောင် မိမိတို့သန္တာန်တွင်တစုံတခုသော အချက်၌ ဂုဏ်တက်အောင်ကြိုးစားရာ၏၊မိမိတို့အမျိုးကို တန်ခိုးအရှိန်အစော်ကြီးမားအောင် အကျင့်တရားကို မပျက်မကွက်စေဘဲ စောင့်စည်းကြကုန်ရာ၏၊ မိမိတို့တတ်သမျှ ပညာများကိုတိမ်ကော၍ မသွားရလေအောင် တနည်းနည်းဖြင့် ကြံစည်ဝေဘန်ကာ သုံးစွဲရာ၏၊မိမိမှာရှိသောဥစ္စာပစ္စည်းကိုအချည်းနှီးမဖြစ်ရလေအောင် လောကီအရေးတွင် ဖြစ်စေ,လောကုတ္တရာအရေးတွင် ဖြစ်စေ အသုံးချကာ သုံးစားရာ၏။

ဖျက်ဆီးသည် မည်ခြင်းအကြောင်းပြီး၏။

## ၂။ တန်ဆာဆင်သည် မည်ခြင်းအကြောင်း

ဂုဏော ဘူသယတေ ရူပံ၊
သီလံ ဘူသယတေ ကုလံ။
သိဒ္ဓိ ဘူသယတေ ဝိဇ္ဇာ၊
ဘောဂေါ ဘူသယတေ ဓနံ။ ။

**အနက်။** ။ရူပံ၊ အဆင်းကို။ ဂုဏော၊ ဂုဏ်သည်။ ဘူသယတေ၊ လှအောင်ပြုပြင် တန်ဆာဆင်၏။ ကုလံ၊ အမျိုးအနွယ်ကို။ သီလံ၊ အကျင့်သီလသည်။ ဘူသယတေ၊ တန်ဆာဆင်၏။ ဝိဇ္ဇာ၊ အတတ်ပညာတို့ကို။ သိဒ္ဓိ၊ ပြီးစီးထမြောက်အောင် ရွက်ဆောင်ခြင်းသည်။ ဘူသယတေ၊ တန်ဆာဆင်၏။ ဓနံ၊ စည်းစိမ်ဥစ္စာများကို။ ဘောဂေါ၊ ခံစားသုံးဆောင်ခြင်းသည်။ ဘူသယတေ၊ တန်ဆာဆင်၏။

**ဆိုလိုရင်းမှာ။** ။ဂုဏ်သည် အဆင်းကို တင့်တယ်အောင် တန်ဆာဆင်သည်မည်၏၊ ဂုဏ်ရှိခြင်းအားဖြင့် အဆင်းသည် သာ၍တင့်တယ်သည်-ဟု ဆိုလိုသည်၊ အကျင့်သီလ, အာစာရသည် ကုလမျိုးနွယ်ကို တင့်တယ်အောင် တန်ဆာဆင်သည်မည်၏၊အကျင့်သီလ ကောင်းမြတ်ခြင်းအားဖြင့် အမျိုးအနွယ်သည် တင့်တယ်၏-ဟု ဆိုလိုသည်၊ တတ်မြောက်သောအတိုင်း တွင်ကျယ် ပြီးစီးအောင် ရွက်ဆောင်လုပ်ကိုင်နိုင်ခြင်းသည် ပညာကို တန်ဆာဆင်သည်မည်၏၊အကျိုးပြီးစီးအောင် ရွက်ဆောင် အသုံးချခြင်းအားဖြင့် မိမိတတ်သမျှ ပညာသည် နေရာတကျ တင့်တယ်သည်-ဟူ၍ ဆိုလိုသည်၊အလိုရှိသောအတိုင်း ခံစားသုံးဆောင်ခြင်းသည် မိမိ၌ရှိသောဥစ္စာပစ္စည်းကို တန်ဆာဆင်သည်မည်၏၊ သုံးဆောင်ခံစားခြင်းအားဖြင့် မိမိပိုင်ပစ္စည်းများသည် တင့်တယ်သည်-ဟူ၍ ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

၁။ အဆင်းကိုလျှင်၊ တန်ဆာဆင်၊ ဂုဏ်ပင်မှတ်အဝ်စွာ။
၂။ အမျိုးကိုလျှင်၊ တန်ဆာဆင်၊ ကျင့်စဉ်မြတ်သီလာ။
၃။ ပညာအတတ်၊ တန်ဆာမြတ်၊ လျောက်ပတ်ပြီးစီးစွာ။
၄။ သုံးဆောင်ခံစံ၊ တန်ဆာမှန်၊ ဓနံများဥစ္စာ။

## အဓိပ္ပါယ် အကျယ်

၁။ ဂုဏ်ရှိသောသူသည် မူလပကတိအားဖြင့် အဆင်းပင်မလှစေကာမူ ဂုဏ်ကတန်ဆာဆင်၍ ထားသည့်အတွက် အလှတမျိုးထွက်ပြီးလျှင် မြင်မြင်သမျှသောသူတို့က နှစ်သက်ခင်မင်ကြကုန်၏၊ ဥပမာအားဖြင့် အရုပ်အဆင်းများစွာ မရှိသော သူငယ်တယောက်သည် ခေတ်ကာလအားလျော်စွာ (B.A.M.A) အောင်၍ လာသော်၎င်း၊ ဝတ်လုံအတတ်, ဆရာဝန်ကြီးအတတ် အောင်၍လာသော်၎င်း၊ ဂုဏ်တမျိုးရှိပြီးလျှင် ထိုသူ၏သွင်ပြင် ပုံပန်းများကိုပင် ကြည့်ရှုလိုသော ဆန္ဒရှိကြကုန်၏၊ ထို့ပြင် ရှင်ဘုရင်၏ သားများဖြစ်လျှင်လည်း တမျိုးဂုဏ်တက်ပြီးလျှင် ထိုသူ၏ရုပ်ပုံ အသွင်အပြင်ကိုပင် ရှုမြင်လိုကြကုန်၏၊ ထို့ကြောင့် ဂုဏ်သည် အရုပ်အဆင်း၏ တန်ဆာဟူ၍ဆိုလေသည်၊ အချို့သောသူတို့က အရုပ်အဆင်းတင့်တယ်ခြင်းရှိလေအောင် အဝတ်အစားများကို ကောင်းမွန်ခမ်းနားစွာ ဝတ်ဆင်ခြင်း၊ ရွှေ, စိန်,မြသား, ပတ္တမြားတို့ကို ဝတ်ဆင်ခြင်းများကိုပြုလုပ်ရသည်-ဟု ထင်မှတ်ကြ၏၊ထိုသို့ထင်မှတ်ခြင်းသည်စာဏကျဆရာကြီး၏ သြဝါဒနီတိနှင့်မညီညွတ်လေ။

၂။ အကျင့်သီလကောင်း၍ ကောင်းမွန်ဖြောင့်သားရှိလျှင် ပစ္စည်းဥစ္စာများစွာ မကြွယ်ဝသော အမျိုးပင်ဖြစ်သော်လည်း လူကြီးလူကောင်းတို့ကယုံကြည်၍ အရာရာ၌ စိတ်ချကုန်၏၊ ထိုအမျိုးကိုပင် တင့်တယ်ကောင်းမြတ်သည်ဟူ၍သမုတ်ပြီးလျှင် ပရိသတ်ပွဲဘောင်တွင် လူအများတို့၏ အသုံးအစွဲကို ခံရ၏၊ ဥပမာအားဖြင့် သာကီနွယ်သည် အကျင့်သီလကောင်းမြတ်သောကြောင့် ယခုတိုင်အောင်ပင် ကျော်စော၍ တင့်တယ်၏၊ထို့ကြောင့် အကျင့်သီလသည် အမျိုးတန်ဆာဟူ၍ ဆိုလေသည်။

၃။ တတ်မြောက်ပြီးသောပညာကို နေရာတကျ အကျိုးပြီးစီးလေအောင် အသုံးချတတ်လျှင် နာမည်ရ၍တင့်တယ်၏၊ ဥပမာအားဖြင့် မဟောသဓာပညာရှိသည် အမျိုးမျိုးသောအရာ၌ လိမ်မာတတ်သိ၏၊ ထိုတတ်သိပြီးသောပညာများကို ပြီးစီးအောင် အသုံးမချဘဲရှိနေလျှင် ယခုကဲ့သို့တင့်တယ်စွာ နာမည်ကြီးမည်မဟုတ်၊တဆယ့်ရှစ်ခေါ်ဘာဏီမျ

လောက် ဝန်းဝိုင်းလာသောစစ်သည်ဗိုလ်ထုကြီးကိုပညာဖြင့်တိုက်ဖျက်လေသောကြောင့် ဤနေရာအချက်၌ မဟောသဓာ၏ ပညာသည် တင့်တယ်စွာ နာမည်ရလေ၏၊ ဆန်းကြယ်စွာသော ဥမင်ကြီးကို ပြုလုပ်စီမံသဖြင့် ယခုတိုင်အောင် မဟောသဓာဥမင်ဖွင့်ခဏ်းဟူ၍ အမည်သညာ ကြီးကျယ်စွာဖြစ်ပြီးလျှင် တင့်တယ်၍ ကြက်သရေရှိ၏၊ ထို့ကြောင့် အကျိုးပြီးစီးအောင် ရွက်ဆောင်မှုသည် ပညာကို တန်ဆာဆင်သည် မည်၏-ဟူ၍ ဆိုလေသည်။

၄။ မိမိမှာရှိသော ပစ္စည်းဥစ္စာများကို မြေတွင်မြှုပ်နှံ၍ဖြစ်စေ, တနည်းနည်းအားဖြင့် သိမ်းဆည်းသိုမှီး၍ဖြစ်စေ, အလဟဿထားပါလျှင် ရှိသမျှသောဥစ္စာများသည် တင့်တယ်ခြင်းသို့မရောက်၊ တိမ်မြှုပ်ခြင်းသို့သာ ရောက်လေရာ၏၊ ထိုဥစ္စာပစ္စည်းများကို အသုံးကျသောနေရာတွင် မိမိအလိုရှိသမျှသုံးစားလျှင် ဥစ္စာရှိကျိုးနပ်၍ တင့်တယ်၏၊ မိမိသုံးဆောင်ခြင်းအားဖြင့် သူတပါးတို့လည်း ၎င်းဥစ္စာပစ္စည်းအတွက်အမှီသဟဲကိုရနိုင်ကြကုန်၏၊ဥပမာ-ဥစ္စာပစ္စည်းရှိသောသူသည် ဥစ္စာကိုအကုန်ခံ၍ ကြီးစွာသောတိုက်အိမ်ကို တည်ဆောက်၏၊ ထိုသို့ပြုသဖြင့် လက်သမား ပြုလုပ်သောသူ, အုဋ်ဖုတ်သောသူ, သစ်ပျဉ်ရောင်းချသောသူ, ကူလီဝန်ထမ်း ပြုလုပ်ကြသော သူတို့သည်လည်း ထိုက်သည့်အလျောက်မှီခိုရ၍ ပစ္စည်းရှိသူ၏ အငွေ့အသက်ကို ခံစားကြရကုန်၏၊ ဤသဘောကိုရည်စူး၍ **"သစ်တပင်ကောင်းလျှင် ငှက်တသောင်းနိုရသည်"**ဟူ၍ ရှေးပညာရှိတို့ ဆိုစမှတ်ပြုကြကုန်သည်။

**ဥပဒေသ။** ။မိမိအဆင်းရုပါရုံကို ဂုဏ်တမျိုးမျိုးဖြင့် ပွင့်လင်းတင့်တယ်စေရာ၏၊ မိမိအမျိုးအနွယ်ကို စင်ကြယ်သော အကျင့်သီလဖြင့် ထွန်းပတင့်တယ်စေရာ၏၊ မိမိတတ်သမျှ ပညာကို တတ်သည့်အလျောက် ပြီးမြောက်အောင်လုပ်ကိုင်၍ တင့်တယ်စေရာ၏၊ မိမိပိုင်စိုးသော အမျိုးမျိုးဥစ္စာ ရတနာများကို သုံးစားခံစံခြင်းဖြင့် တင့်တယ်စေရာ၏။

တန်ဆာဆင်သည် မည်ခြင်းအကြောင်းပြီး၏။

## ၃—အလိုသို့ပါအောင် ဆွဲဆောင်ခြင်းအကြောင်း

လုဒ္ဓံ ဓနေန ဂဏှေယျ၊
ကုဒ္ဓံ အဥ္ဇလိကမ္မုနာ။
ဗာလံ ဆန္ဒောနုဝတ္တေန၊
တထာ တစ္ဆေန ပဏ္ဍိတံ။ ။

**အနက်။** ။လုဒ္ဓံ၊ ရမ္မက်ဘိစိး လောဘကြီးသောသူကို။ ဓနေန၊ ပစ္စည်းဥစ္စာ သူလိုရာကိုပေးကမ်းသဖြင့်။ ဂဏှေယျ၊ မိမိအလိုသို့ပါအောင် ကြဉ်းဆောင်ဆွဲယူရာ၏။ ကုဒ္ဓံ၊အမျက်ဒေါသ မာန်မာနရှိသောသူကို။ အဥ္ဇလိကမ္မုနာ၊ ညွတ်တွားဝပ်တုပ် လက်အုပ်တင်မိုး ရှိခိုးမြတ်လေး အရိုအသေပေးခြင်းဖြင့်။ ဂဏှေယျ၊ မိမိအလိုသို့ပါအောင် ကြဉ်းဆောင်ဆွဲယူရာ၏။ ဗာလံ၊ ကျိုး,ကြောင်းမသိ ထင်မိထင်ရာ ပြုတတ်စွာသောသူမိုက်ကို။ ဆန္ဒောနုဝတ္တေန၊ သူ့သဘောဆန္ဒအတိုင်း လိုက်လျောသဖြင့်။ ဂဏှေယျ၊ မိမိအလိုသို့ပါအောင် ကြဉ်းဆောင်ဆွဲယူရာ၏။ တထာ၊ ထိုမှတပါး။ ပဏ္ဍိတံ၊ ကျိုး,ကြောင်းမြင်သိ ပညာရှိကို။ တစ္ဆေန၊ မလိမ်မကောက် မဖြောက်မပင့် အသင့်ဖြောင့်မှန်စွာနေထိုင်ခြင်းဖြင့်။ ဂဏှေယျ၊မိမိအလိုသို့ပါအောင် ကြဉ်းဆောင်ဆွဲယူရာ၏။

**ဆိုလိုရင်းမှာ။** ။လောဘကြီးသောသူကို လိုရာပေးကမ်းခြင်းဖြင့် မိမိအလိုသို့ပါအောင်ဆွဲဆောင်ရာ၏၊ ဒေါသကြီးသောသူကို လက်အုပ်ချီမိုး ရှိခိုးခြင်းဖြင့် မိမိအလိုသို့ပါအောင် ဆွဲဆောင်ရာ၏၊ သူမိုက်ကို သူ့အလိုသို့လိုက်လျောသဖြင့် မိမိအလိုသို့ပါအောင် ဆွဲဆောင်ရာ၏၊ ပညာရှိကိုမူကား ဖြောင့်မှန်တည်ကြည်စွာကျင့်၍ မိမိအလိုသို့ပါအောင် ဆွဲဆောင်ရာ၏-ဟူ၍ဆိုလိုသည်။

**ဆောင်ပုဒ်လင်္ကာ**

၁။ အလိုကြီးမူ၊ ဥစ္စာကူ၊ လိုတူပါအောင်ဆွဲ။
၂။ ဒေါသမာန်တက်၊ ရှိသေလျက်၊ ကိုယ့်ဘက်ပါအောင်ဆွဲ။
၃။ သူယုတ်,သူမိုက်၊ သူ့စရိုက်၊ လိုက်၍ပါအောင်ဆွဲ။
၄။ ပညာရှိအား၊ တော်ဖြောင့်သား၊ တရားနှင့်သာဆွဲ။

## အဓိပ္ပါယ်အကျယ်

၁။ ဤလောက၌ မည်သည့်သူမျိုးနှင့်မဆို ဆန့်ကျင်ဘက်ပြုလုပ်၍ မသင့်မမြတ်ရှိလျှင် စိတ်မချမ်း မသာဖြစ်ရ၍ ကောင်းသည်မဟုတ်၊ အမျိုးမျိုးသောသူတို့နှင့် သဘောဆန္ဒတူမျှညီညာပြီးလျှင် မေတ္တာဖြင့် ကူးလူးဆက်ဆံကာနေရခြင်းသည်သာလျှင် ပစ္စုပ္ပန်,သံသရာ နှစ်ဖြာ အကျိုး ပွားတိုးကြီးမြင့်လေသည်ဖြစ်၍ ချမ်းသာ၏၊ မည်သည့်လူမျိုးကို မဆို မိမိအလိုသို့ပါအောင် ဆွဲဆောင်လိုက်ပါစေနိုင်လျှင် ကောင်း မြတ်၏၊ဤလူ့ဘုံလောက၌ အဇ္ဈာသယဓာတ်ကိုလိုက်၍ လူအမျိုးမျိုး, အစားစားရှိရာ အချို့သောသူသည်လောဘစရိုက်ထူပြော၍ မက်မော လိုချင်တတ်၏၊ ထိုသို့အလိုကြီးသောသူကို ပစ္စည်းဥစ္စာ, လက်ဆောင် ပဏ္ဏာပေးကမ်းသဖြင့် မိမိဘက်သို့ ပါဝင်အောင် သွေးဆောင်ရာ၏။

**"သူ့စရိုက်နှင့်၊ လိုက်လျောညီထွေ၊ ကျင့်တတ်စေ"** ဟူသောရှေးသူကြီးတို့၏ စကားအတိုင်း အလိုကြီးသောသူကို ပစ္စည်းလက်ဆောင်ပေး၍ စရိုက်နှင့်လျော်စွာကျင့်လျှင် ထိုသူသည်မိမိဘက်သို့ ကိုင်းညွတ်၍ပါလာ မြဲဓမ္မတာ ဖြစ်၏၊ ထိုအလိုရမ္မက်ကြီးသော သူတယောက်ကို မိမိဘက် သို့လိုက်ပါစေလိုလျှင် မိမိကလည်း ထိုသူကဲ့သို့ ပြိုင်၍အလိုကြီးနေက သင့်မြတ်နိုင်ကြမည်မဟုတ်ဘဲ သဘောချင်းလွဲ၍သာနေရာ၏။

၂။ အမျက်ဒေါသမာန်မာနကြီးသောသူကိုမူကားဖျောင်းဖျောင်း ဖျဖျ ချစ်ခင်အေးမြစွာ အရိုအသေ အလေးတယူ ပြောဆိုပြီးလျှင် သူ့ထံသို့ရောက်လျှင် ရှိသေသောအမူအရာကိုပေး၍ လက်အုပ် ချီမိုး ရှိခိုးခြင်း,ဝပ်တွားငုံ့လျှိုးခြင်းများကိုပြုလုပ်သည်ရှိသော် အမျက်ဒေါသ မာန်မာနရှိသောသူသည်ပြေ့ပျောင်းသိမ်မွေ့သောစိတ်ဖြစ်လာပြီးလျှင် မိမိဘက်သို့ပါလေ၏၊ **"ရန်သူသော်မှ လက်နက်ချလျှင်ပြေရသည်"** ဟူသော စကားအရ မိမိနှင့်ပြိုင်သူ ရန်ဘက်ကြီးပင် ဖြစ်လင့်ကစား ဝပ်တွား၍ အရှုံးခံကာ နှိမ်ချကျိုးနွံစွာ အရိုအသေပေးလျှင် အမျက်ပြေ၍ မိမိ အလိုသို့လိုက်ပါရသေးသည်၊ထိုမျက်မာန်ဒေါသကြီးသောသူကို မိမိက တုပြိုင်၍ အမျက်ဒေါသ မာန်မာနကြီး၍နေလျှင် ကိုယ့်အလိုသို့ပါမည် ဝေးစွ၊တဦးနှင့်တဦးဒေါသမာန်မာနချင်းယှက်ကူးပြီးလျှင် ရန်ဆူး ရန် ငြောင့်တွေသာလျှင် ပေါ်ပေါက်ကြီးပွားကုန်ရာ၏။

၃။ သူမိုက်ကို မိမိအလိုသို့ပါစေလိုလျှင် တွေ့ဦးစအခါ တစုံတရာမျှ မိမိကသူ့ကိုစိမ်ကြပ်မတ်ခြင်းကိုမပြုသေးဘဲ သူ၏သဘောစရိုက်ကို အလိုက်သင့်စွာကြည့်ရှုနေပြီးလျှင် လေပြင်းကြီးကျ လှိုင်းတွေထသော မြစ်လယ်တွင် သွားသောရွက်လှေကြီးကို လေသင့်အောင်ရွက်ကိုဖွင့်ပြီး လှိုင်းနှင့်အဆင်သင့်အောင် ပဲ့ကိုကိုင်ရသကဲ့သို့သာလျှင်ကျင့်ရာ၏၊ ထိုသို့ သူ့အလိုစရိုက်နှင့်လိုက်လျောညီစွာကျင့်လေသောအခါတစ,တစကိုယ့် ဘက်သို့ပါလာပြီးလျှင် နောက်အခါတွင်ကိုယ်လိုရာသို့စေခိုင်းတိုင်းလိုက် နာပြုလုပ်လေ၏၊ အလွန်ရိုင်း၍ကြီးမားသန်စွမ်းသော တောဆင်ကြီး ပင်ဖြစ်စေကာမူ တစ,တစ သူ့အလိုကြိုက်အတိုင်း မျှား၍သင်လျှင် ဆင်ယဉ်ကြီးဖြစ်၍ နောက်အခါ ကိုယ်ခိုင်းစေလိုရာကို လုပ်ဆောင်လေ၏၊ထိုသူမိုက်ကို ဤသို့မပြုလုပ်ဘဲ အတင်းအကြပ်ပြုလုပ်၍ စီမံလျှင် မိမိ အလိုသို့ မလိုက်မပါသည့်ပြင် ကိုယ့်ကိုပင်ပြန်လှန်၍ ရန်မူကာ အသက် ဆုံးရှုံးအောင်ပင်သော်လည်း ကြံစည်ပြုလုပ်လေရာ၏

၄။ ပညာရှိသောသူကိုမူကား ဖြောင့်မှန်တည်ကြည်စွာ ကျင့်၍ မိမိအလိုသို့ လိုက်ပါစေရာ၏၊ ပညာရှိတို့သဘောသည် နက်နဲ၍ တည် ခိုင်သောကြောင့် မြှောက်ပင့်ပြန်လျှင်လည်း သဘောနှင့် မတိုက်ဆိုင် မိချေ၊ နှိမ့်ချ၍ ပြောပြန်လျှင်လည်း သဘောနှင့် မတိုက်ဆိုင်မိချေ၊ ပေးကမ်းခြင်း,ဝပ်တွားခြင်းအမှုနှင့် လောကွတ်ပြုသော်လည်း များစွာ ကြီးသဘောနှင့် တိုက်ဆိုင်မည်မဟုတ်ချေ၊ ထို့ကြောင့် ပညာရှိသော သူနှင့် ပေါင်းသင်းဆက်ဆံသောအခါ တစုံတခုသော အရာမှာမှ ကိုယ့် အစွန်းအစကို မထွက်ပေါ်ရစေဘဲ သိပ်သည်းစွာစောင့်စည်း၍ ဖြောင့် မတ်မှန်ကန်စွာ ကျင့်ကြံနေထိုင်၍ ဆက်ဆံရာ၏၊ ထိုသို့မိမိက သဘော ကြီးစွာနှင့် တော်မှန်ဖြောင့်မတ်စွာ နေထိုင် သွားလာသည်ရှိသော် ပညာရှိသဘောနှင့် တိုက်ဆိုင်၍ မိမိအလိုသို့ လိုက်ပါလေ၏။

## ဘုရားရှင်ဒေသနာတော်

ဤစာဏကျနီတိ ဆုံးမချက်ကဲ့သို့ ကျွန်ုပ်တို့မြတ်စွာဘုရား ဟော ကြားဆုံးမတော်မူချက်သည်လည်း အောက်၌ပါသော အတိုင်း ဓမ္မပဒ ပါဠိတော်တွင်ရှိလေသည်။

၄။ အကောဓေန ဇိနေ ကောဓံ၊
အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊
သစ္စေနာလိကဝါဒိနံ။ ။

**အနက်။** ။ကောဓံ၊ အမျက်ကြီးသောသူကယောက်ကို။အကော-ဓေန၊ မိမိကအမျက်မထွက်သဖြင့်။ ဇိနေ၊ အောင်ရာ၏။ အသာဓုံ၊ သူတော်မဟုတ် သူယုတ်,သူမိုက်ကို။ သာဓုနာ၊ သူတော်ကောင်းလုပ်သဖြင့်။ ဇိနေ၊ အောင်နိုင်ရာ၏။ ကဒရိယံ၊ နှမြောဝန်တို အလိုရမ္မက်ကြီးသောသူကို။ ဒါနေန၊ ပေးကမ်းခြင်းဖြင့်။ ဇိနေ၊ အောင်နိုင်ရာ၏။ အလိကဝါဒိနံ၊ ချွတ်ယွင်းဘောက်ပြား မုသား ပြောဆိုတတ်သောသူကို။ သစ္စေန၊ အမှန်အကန်ကို ပြောဆိုသဖြင့်။ ဇိနေ၊ အောင်နိုင်ရာ၏။

**ဆောင်ပုဒ်လင်္ကာ**

၁။ အမျက်ကြီးမား၊ ထိုသူအား၊ မျက်ပွားမပြု အောင်။
၂။ မသင့်မလျော်၊ ယုတ်မာသော်၊သူတော်ကောင်းဖြင့် အောင်။
၃။ ဝန်တိုမန္ဒေ၊ လိုကြီးလေ၊ ပေးဝေမှုဖြင့် အောင်။
၄။ မမှန်မုသား၊ ပြောသူများ၊စကားမှန်ဖြင့် အောင်။

အလိုသို့ပါအောင် ဆွဲဆောင်ခြင်းအကြောင်းပြီး၏။

---

## ၅။ လျှို့ဝှက်အပ်သော အကြံကို မဖော်ပြသင့်ကြောင်း

မနသာ စိန္တိတံ ကမ္မံ၊
ဝစသာ န ပကာသယေ။
အညဝိညာတကမ္မဿ၊
ယတော သိဒ္ဓိ န ဇာယတေ။ ။

**အနက်။** ။မနသာ၊ စိတ်နှလုံးဖြင့်။ စိန္တိတံ၊ ကြံစည်အပ်သော။ ကမ္မံ၊ အမှုမျိုးကို။ ဝစသာ၊ စကားဖြင့်။ နပကာသယေ၊ ဖော်ပြ၍ မပြောကြားရာ၊ ယတော၊ အကြင်သို့သော အကြောင်းကြောင့်။အည-ဝိညာတကမ္မဿ၊ သူတပါးရိပ်မိ သိမြင်လေပြီးသောအမှုမျိုး၏၊ သိဒ္ဓိ၊

ပြီးစီးအောင်မြင်ခြင်းသည်။ နဇာနယတော၊ မဖြစ်တတ်။ တသ္မာ၊ ထို့ကြောင့်။ မနသာ၊စိတ်ဖြင့်။ စိန္တိတံ၊ ကြံစည်အပ်သော အကြံမျိုးကို။ ဝစသာ၊ စကားဖြင့်။ နပကာသယေ၊ ဖော်ပြ၍မပြောကြားရာသည်သာတည်း။

**ဆိုလိုရင်းမှာ။** ။စိတ်နှလုံးဖြင့်ကြံစည်အပ်သော အကြံအစည်များကို နှုတ်ဖြင့်ဖွင့်လှစ်၍ မပြောကြားရာ၊ အကြောင်းမူကား-သူတပါး ရိပ်မိသိရှိလေပြီးသော အမှုမျိုးသည် မိမိထင်မြင်ချက်အတိုင်း မပျက်မကွက် အောင်မြင်နိုင်ခဲသောကြောင့်တည်း။

### ဆောင်ပုဒ်လင်္ကာ

၁။ စိတ်တွင်းကြံဆ၊ မှုကိစ္စ၊ ဖွင့်ပြမပြောရာ။
၂။ အခြားပြင်ပ၊ သိလေက၊ အောင်ရခဲယဉ်းစွာ။

### အဓိပ္ပါယ်အကျယ်

မည်သည့်အမှုမျိုးမဆို စိတ်၌မိမိကြံစည်၍ထားလျှင် ထိုသို့ကြံစည်သောအတိုင်း ပြီးမြောက်အောင်မြင်ခြင်းမရှိမီ တစုံတဦးသောသူကိုမျှ နှုတ်ဖြင့်ဖွင့်လှစ်၍မပြောပြရာ၊ အကယ်၍ပြောပြသည်ရှိသော် အနှောင့်အရှက် အဖျက်အဆီးတို့သည် များစွာပေါ်လာတတ်၍ မပြီးမြောက်ဘဲရှိတတ်လေ၏၊ အကယ်၍ပင် အနှောင့်အရှက်မရှိစေကာမူ အကြံအစည်ကိုဖော်ပြမိက နောင်အကြောင်းတစုံတရာချိုတဲ့၍ မအောင်မြင်ရှိခဲ့သော် ရှက်ဘွယ်လိလိဖြစ်တတ်ချေ၏၊ ဤအကြောင်းကိုသိမြင်လေသောကြောင့် စိတ်ဖြင့်ကြံစည်အပ်သော အမှုများကို နှုတ်ဖြင့် မပြောကြားရာ-ဟူ၍ စာဏကျဆရာကြီးမိန့်တော်မူလေသည်။

ထိုသို့မိမိကြံသမျှကို မအောင်မြင်မီအတွင်း နှုတ်ဖြင့်မပြောရ-ဟူသောအချက်သည် ဉာဏ်ထက်မြက်တော်မူသော အလောင်းတော် မဟောသဓာ၏နည်းလမ်းဟောင်းကြီး ပေတည်း၊သို့ကြောင့် မဟောသဓာဇာတ်ပါဠိတော်၌''ဂုယှဿ ဟိ ဂုယှမေဝ သာဓု''ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသည်။ ဂုယှဿ၊ စိတ်ဖြင့်လျှို့ဝှက်၍ကြံစည်အပ်သော အကြံအစည်များကို။ ဂုယှမေဝ၊ သူတပါးအား မပြောကြားဘဲ လျှို့ဝှက်၍ထားခြင်းသည်သာလျှင်။ သာဓု၊ ကောင်း၏။ ဤနေ

ရာဌ် လွန်စွာအကြောင်းသင့်လျော်လှသဖြင့် စိတ်ဖြင့်ကြံစည်အပ်သော အမှုကို နှုတ်ဖြင့်ဖော်ပြသောကြောင့် ဝိဒေဟရာဇ်မင်းကြီးနှင့် တကွ သေနကစသော အမတ်ကြီးတို့၏ အရှက်ရပုံ,စိတ်ဖြင့်ကြံစည်အပ်သည်ကို နှုတ်ဖြင့်မဖော်ပြလေသောကြောင့် မဟောသဓာသူခမိန်၏ အကျိုးဖြစ်ထွန်းပုံများကို အကျဉ်းအားဖြင့် ထုတ်ဆောင်၍ပြပေအံ့။

**မဟောသဓာဇာတ်တော်**

ဝိဒေဟတိုင်းကြီး၏သခင် ဘုရင်ဝိဒေဟရာဇ်မင်းကြီး၏ ကိတ္တိမသားဖြစ်သော အလောင်းတော် မဟောသဓာသည် နန်းတော်တွင်းမှာနေလျက် အသုံးတော်ခံသည်မှစ၍ ရှေး၌ရှိရင်းဖြစ်သော အမတ်ကြီးလေးဦးတို့မှာ မဟောသဓာနှင့် ဘုန်းစွန်း,ကံစ မတူမျှကြလေသောကြောင့် တစ,တစ တိမ်မြုပ်ခြင်းသို့ ရောက်ကြလေကုန်၏၊ဝန်တိုမိစ္ဆာ မနာလိုခြင်းအားကြီးလှသဖြင့် မဟောသဓာ၏ပျက်စီးကြောင်းကို မကောင်းကြံစည်၍ဖျက်ဆီးကြသော်လည်း မပျက်စီးနိုင်၊ **''ပတ္တမြားစစ်က ညွန်မှာ နစ်သော်လည်း မညစ်နိုင်''**ဆိုသကဲ့သို့သာဖြစ်လေ၏။

**သေနကအမတ်က မင်းကြီးအား ဂုံးတိုက်ခြင်း**

တနေ့သောအခါ သေနကအစရှိသော အမတ်ကြီးလေးဦးတို့သည် မဟောသဓာ၏ စကားအစွန်း,အစတခုကိုယူ၍ ပျက်စီးစေလိုသောအကြောင်းဖြင့် တပေါင်းထည်း မဟောသဓာအထံသို့ လာရောက်ကြလေကုန်၏၊ အချင်းချင်း အလ္လာပ,သလ္လာပ စကားများကိုပြောကြားပြီးလျှင် သေနကအမတ်သည် မဟောသဓာသူခမိန်အား ဤသို့မေးမြန်းလေ၏၊''အို-သူခမိန်....ဤလောက၌ စည်းစိမ်ဥစ္စာ ကြက်သရေမင်္ဂလာကို အလိုရှိသောသူသည် အဘယ်တရား၌ ရှေးဦးစွာတည်အပ်ပါသနည်း''ဟူ၍ မေးမြန်းလေရာ မဟောသဓာသူခမိန်က''အမတ်ကြီး.... ကြက်သရေမင်္ဂလာ, ချမ်းသာစည်းစိမ်, ဂုဏ်သိရ်ကျေးဇူးများကို အလိုရှိသော ယောကျ်ားကောင်းသည် တော်မှန် ဖြောင့်သားသော သစ္စာတရား၌ တည်စေရာ၏''ဟူ၍ ဖြေကြားလေ၏။

ထို့နောက်''အဘယ်သို့ ကျင့်ရပါသေးသနည်း''ဟူ၍ မေးပြန်ရာ မဟောသဓာက''ယောကျ်ားကောင်းတို့မည်သည် စိတ်ဖြင့်မိခိုကြံစည်

အပ်သော အရာများကို စကားဖြင့်ဖွင့်လှစ်၍ သူတပါးအား မပြောကြားအပ်''ဟူ၍ပြောကြားလေ၏၊ထိုစကားကိုကြားရသေနကအမတ်သည် ဤစကားအတွက် အချက်ကောင်းကိုရပြီ-ဟု အတွင်းကြိတ်ကြံပြီးလျှင် မဟောသဓာအိမ်မှ ပြန်လာကြ၍ နန်းတော်သို့ ဝင်ကြလေ၏၊ မင်းကြီးအထံသို့ရောက်သောအခါ ''အရှင်မင်းမြတ်....သားတော်မဟောသဓာကို များစွာယုံကြည်တော်မမူလင့်၊ အရှင်မင်းမြတ်၏အကျိုးစီးပွားကို အပေါ်ရံစကားအားဖြင့်သာလျှင် လိုလားဟန်ပြု၍ဝမ်းတွင်းမှာအတွင်းကြိတ်အကြံတခုရှိပါသည်''ဟူ၍ လျှောက်ထားကြ၏၊ မင်းကြီးသည်ကား မဟောသဓာ၏ ကျေးဇူးများပုံကို သိမြင်ပြီးဖြစ်သောကြောင့်''သင်တို့စကားကို ငါမယုံကြည်၊ ဤကဲ့သို့ပင် သင်တို့သည် ငါ့အား များစွာဂုံးတိုက်ဘူးကြကုန်ပြီ'' ဟူ၍ မိန့်တော်မူ၏။

သေနကအမတ်သည် ''အရှင်မင်းကြီး....အကျွန်ုပ်တို့သည်ကားအကျိုးတော်ကိုလိုလား၍သာ လျှောက်ထားခြင်း ဖြစ်ပါသည်၊ ယုံတော်မမူသော်လည်း ကျွန်တော်မျိုးတို့၏ အကျိုးပျက်စီးမည်မဟုတ်ပါ၊သို့ရာတွင် မဟောသဓာကို ခေါ်တော်မူ၍ လျှို့ဝှက်အပ်သော အကြံအစည်များကို ဘယ်သူအား ပြောကြားသင့်ပါသနည်း-ဟူ၍ မေးတော်မူစေလိုပါသည်'' ဟု လျှောက်တင်ပြန်လေ၏၊ ထိုစကားကို မင်းကြီးကြားရာ ပညာမဲ့သော သဘောရှိသောကြောင့် အမတ်တို့၏စကားကို ယုံမှားခြင်းဖြစ်မိလေ၏။

## မင်းကြီးက မေးမြန်းတော်မူခြင်း

တနေ့သောအခါ မဟောသဓာနှင့်တကွ သုခမိန်လေးဦးတို့ ခစား၍နေကြစဉ် ဝိဒေဟရာဇ်မင်းကြီးက ''အို-သုခမိန်တို့....ယခုအခါ ငါသည် ပြဿနာတခုကို မေးမြန်းတော်မူလို၏၊ သင်တို့ထင်မြင်ချက်အတိုင်း လျှောက်ထားကြကုန်၊ဤလောက၌ ကောင်းသည်ဖြစ်စေ၊ဆိုးသည်ဖြစ်စေ၊ လျှို့ဝှက်အပ်သော အကြံအစည်များကို မည်သူ့အားပြောကြားထိုက်ပါသနည်း''ဟူ၍ မေးတော်မူ၏။

ထိုအခါ သေနကအမတ်ကြီးက''ဤနေရာတွင် မဟောသဓာနှင့်ငါတို့ဘက်ပြိုင်၍ ငြင်းခုံရလျှင် ငါတို့ကအနိုင်ရမည်မဟုတ်ချေ၊ အရှင်

မင်းကြီးကို ငါတို့ဘက်သို့ပါလေအောင် ဆွဲဆောင်ဦးမှသင့်မည်''ဟူ၍ ကြံပြီးမှ''အရှင်မင်းကြီး....အမေးတော်ရှိသည့်အရာကို ဆေးလေးစွာ တင်လျှောက်ပါမည်၊ သို့ရာတွင် အရှင်မင်းကြီးလည်း ဤအရာတွင် များစွာ ဆင်ခြင်တော်မူနေကျ ဖြစ်ပါလိမ့်မည်၊ ထို့ကြောင့် အရှင်မင်းမြတ်၏ အလိုတော်ကိုလည်း ကျွန်တော်မျိုးများ မှတ်သားသိမြင်လိုပါသေးသည်'' ဟူ၍ လျှောက်ထားလေသည်တွင်—

ဘုရင်မင်းမြတ်က မိမိစရိုက်ဝါသနာအလေ့ပါသောအတိုင်း—

မင်းကြီး။ ။''သုခမိန်တို့··· ·လျှို့ဝှက်အပ်သော အမှုအကြံအစည်မျိုးကို မယားအားသာ ပြောကြားအပ်ပေသည်''ဟူ၍ မိန့်တော်မူ၏။

[ထိုမင်းကြီး၏သဘောမှာ မိမိလျှို့ဝှက်အပ်သော အကြံအစည်များကို မယားဖြင့် တိုင်ပင်လေ့ရှိသောကြောင့် ဤသို့မိန့်ဆိုခဲ့လေသည်။]

သေနက။ ။သေနကအမတ်ကြီးသည် ဘုရင်မင်းမြတ်၏ စကားကို ကြားလေရာ မိမိဘက်သို့ပါသဖြင့် များစွာဝမ်းမြောက်လေ၍ သူ၏ထင်မြင်ချက်ကို လျှောက်ထားလိုသောကြောင့် ''အရှင်မင်းကြီး....လျှို့ဝှက်အပ်သောအမှုမျိုး, အကြံအစည်မျိုးကို ချစ်ကျွမ်းဝင်လှစွာသော မိတ်ဆွေအား ပြောကြားသင့်ပါသည်''ဟူ၍လျှောက်ထားလေ၏။

ပက္ကုသ။ ။ထို့နောက် ပက္ကုသအမတ်က ''အရှင်မင်းကြီး....လျှို့ဝှက်အပ်သော အမှုအကြံအစည်မျိုးကိုညီနောင်သားချင်းအပေါင်းဆင်းတို့အား ပြောကြားအပ်ပါ၏''ဟူ၍ လျှောက်ထားလေ၏။

ကာမိန္ဒ။ ။ထို့နောက် ကာမိန္ဒအမတ်က ''အရှင်မင်းကြီး....လျှို့ဝှက်အပ်သော အမှုမျိုး,အကြံစည်မျိုးကို အဘအလိုသို့လိုက်ပါတတ်သောအနုဇာတသားအား ပြောကြားအပ်ပါ၏''ဟူ၍လျှောက်ထားလေ၏။

ဒေဝိန္ဒ။ ။ထို့နောက်ဒေဝိန္ဒအမတ်က''အရှင်မင်းကြီး....လျှို့ဝှက်အပ်သော အမှုမျိုး,အကြံအစည်မျိုးကို မိခင်အား ပြောကြားအပ်ပါ၏'' ဟူ၍လျှောက်ထားလေ၏။

မဟောသဓာ။ ။ထို့နောက် မဟောသဓာသုခမိန်၏အလိုကို မေးမြန်းရာ "အရှင်မင်းကြီး....လျှို့ဝှက်အပ်သော အမှုမျိုး၊ အကြံအစည်မျိုးကို တစုံတဦးကိုမျှမပြောကြားဘဲ လျှို့ဝှက်၍ ထားခြင်းသည်သာလျှင် ကောင်းမြတ်ပါ၏၊ အကယ်၍တစုံတဦးအား ပြောကြားမိချေသော် ထိုလျှို့ဝှက်အပ်သော အကြံအစည်သည် မကောင်းကျိုးကို ပေးတတ်ပါသည်၊ လျှို့ဝှက်အပ်သော အကြံအစည် အမှုကိစ္စများ အထမမြောက်သေးမီ လုံခြုံစွာမိမိနှလုံးအိမ်ထဲ၌ သိုမှီး၍ ပြီးမြောက်အောင်မြင်သောအခါမှသာ ပြောကြားရာသည်"ဟူ၍ လျှောက်ထားလေ၏။

အလောင်းတော်၏ လျှောက်တင်သောစကားကို မင်းကြီးကြားတော်မူလေရာ သောမနဿမနော၊ ကေဂ္ဂတာဇော မကျလေဘဲ "ယခင်က နားသွင်း၍ထားသော သေနကအမတ်ကြီး၏ စကားနှင့် ညီလေသည်၊ မဟောသဓာကား ငါ၏ စည်းစိမ်တော်ကိုပင် လုပ်ကြံလိုသော အတွင်းကြိတ်အကြံရှိပုံ လက္ခဏာတူသည်"ဟူ၍ အထင်လွဲလေသောကြောင့် မျက်နှာညှိုတော်မူလေ၏၊ မင်းကြီး အမူအရာကို သိသဖြင့် သေနကအမတ်သည် မင်းကြီး၏ မျက်နှာကို ပြုံးရွှင်စွာမော်၍ ကြည့်လေ၏၊ မင်းကြီးနှင့် သေနကတို့၏ မျက်နှာအရိပ်အကဲကို မဟောသဓာမြင်လေရာ "ဤအမတ်တို့သည် ရှေးဦးစွာကပင် ငါ့ကို ဂုံးတိုက်၍ ထားလေပြီ"ဟု သိသောကြောင့် အသာငုံ့၍နေ၏။

### မဟောသဓာအား အဆုံးစီရင်ရန်အမိန့်ပေးခြင်း

ထိုသို့ပြဿနာများကိုဖြေကြားပြောဆို၍ နေကြစဉ် နေဝင်၍မှောင်သောကြောင့် မဟောသဓာသည် အကြံတခုနှင့် ရှေးဦးစွာ နန်းတော်မှ ထွက်လာခဲ့၏၊ နန်းတော်အထွက် တံခါးဝသို့ကျလျှင် "ဤအမတ်လေးဦးတို့သည် သူတို့လျှို့ဝှက်အပ်သော အကြံအစည်များကို သူတို့ လျှောက်ကြားသောအတိုင်း မိတ်ဆွေခင်ပွန်းစသည်များကို ပြောကြား၍ ထားချက်ရှိလိမ့်မည်၊ ထိုအမတ်တို့၏ အကြံအစည်များကို ယခုညဉ့်၌ပင် ငါသိအောင်ကြံစည်အံ့" ဟုဆင်ခြင်ပြီးမှ နန်းတော်မှ

ထွက်ခဲ့သောအခါ နေ့စဉ်အမြဲ အကြောင်းအရာများကို ပြောကြားစည်းဝေးရာဖြစ်သော စားပွဲခုံကြီးကို ဖွားဘက်တော်တို့အားလှန်စေ၍ နေရာခင်းပြီးလျှင် စားပွဲခုံအောက်က ပုန်းအောင်း၍ နေလေ၏။

ဖွားဘက်တော်တို့အား "အမတ်ကြီးလေးပါးတို့သည် ဤနေရာ၌ စကားစု၍ပြောပြီးသော နောက်၌ ငါ့အားစားပွဲခုံကို မ,၍ ယူလာကြကုန်" ဟူ၍လည်း မှာထားလိုက်၏၊ မဟောသဓာ ပြန်လေသောအခါ သေနကအမတ်ကြီးသည် ဤသို့မင်းကြီးအား လျှောက်တင်လေ၏၊ "အရှင်မင်းမြတ်....အကျွန်ုပ်၏စကားကို ယုံတော်မူပြီလော၊ မဟောသဓာသည် ပညာများသောအတိုင်း အရှင်ဘုရားကိုပင် လုပ်ကြံလိုသော အတွင်းကြိတ်အကြံတခု မုချရှိမည်လက္ခဏာ ပါပါသည် ဘုရား" ဟူ၍ လျှောက်ထားလေ၏၊ မင်းကြီးသည် ဆင်ခြင်စဉ်းစားခြင်းမှကင်းမဲ့သောကြောင့် အမတ်ကြီး၏ စကားကို ယုံကြည်ပြီးလျှင် ချောက်တိုင်းကြောက်သော အဇ္ဈာသယဓာတ်ရှိသဖြင့် မဟောသဓာက သူ၏စည်းစိမ်များကို လုပ်ကြံ၍သိမ်းမည့်အတွက် ကြောက်လန့်လေရကား "အို-အမတ်တို့... သင်တို့လျှောက်ထားသော အတိုင်း ငါယုံကြည်တော်မူပြီ၊ သားတော် မဟောသဓာကို ဘယ်သို့စီမံသင့်ပါသနည်း" ဟူ၍ မေးတော်မူလေ၏။

မျက်နှာသာပေး၍ ပြောဆိုသောစကားကို သေနက အမတ်ကြီးကြားရာ လွန်စွာအားရသည်နှင့် "အရှင်မင်းမြတ်....သူကြွယ်သားမဟောသဓာမှာ လော်မာဉာဏ် များပြားလှပါသည်၊ ကြာရှည်စွာထားသို့မသင့်ပါ၊ သူတပါးမသိရအောင် တိတ်တဆိတ် ဖျောက်ဖျက်ရန် သင့်လျော်လှပါသည်" ဟူ၍လျှောက်ထားလေ၏၊ မင်းကြီးက "အို-သေနက....သင့်ထက် ငါ့အကျိုးတော်ကို လိုလားသောသူ မရှိ၊ သင့်ကိုသာလျှင် အရေးကုန် လွှဲပုံ၍ ငါအပ်နှင်းတော်မူအံ့၊ နက်ဖြန်နံနက် မဟောသဓာ နန်းတော်သို့ အလာတွင် သင်အမတ်က တံခါးကြားမှ စောင့်ဆိုင်း ချောင်းမြောင်းပြီးလျှင် ဤသန်လျက်ဖြင့် မဟောသဓာကို အဆုံးတိုင် ကွပ်မျက် စီရင်ပေတော့"ဟု မိန့်တော်မူ၍ လက်သုံးတော်သန်လျက်ကို သေနကအမတ်ကြီး၏ လက်သို့အပ်နှင်းလိုက်၏။

### အမတ်လေးဦး၏ အတွင်းရေး

အမတ်လေးပါးတို့က သူကြွယ်သား မဟောသဓ အတွက်ကြောင့် ဖြင့် စိုးရိမ်တော်မမူပါလင့်၊ အဆုံးတိုင်ကွပ်မျက်ပါအံ့-ဟူ၍လျှောက် ထားခဲ့ကြပြီးလျှင် နန်းတော်မှ ဆင်းသက်၍ လာကြကုန်၏၊ နန်းတော် အထွက် တံခါးဝတွင်ရှိသော မဟောသဓ ပုန်းလျှိုးနေသည့်စား ပွဲခုံမှာ ဝိုင်း၍ထိုင်ကြပြီးလျှင် ဝမ်းမြောက်အားရစွာနှင့် ''နက်ဖြန်ခါ မဟောသဓာကို သတ်ရပေတော့အံ့၊ ငါတို့၏ရန်သူကို အစဖျောက် ရတော့အံ့'' ဟုပြောဆိုပြီးလျှင် သေနက အမတ်က ''မိတ်ဆွေတို့.... မင်းကြီး၏မျက်မှောက်တွင် လျှောက်ထားခဲ့ကြသော စကားအတိုင်း လျှို့ဝှက်အပ်သောအမှုကို မည်သူ့အား ပြောကြားထိုက်ကြောင်းနှင့် အသီးသီး လျှောက်တင်ကြလေသည်၊ ဤသို့လျှောက်တင်ချက်မှာ ကိုယ် တွေ့ဒိဋ္ဌဖြစ်၍တည်းလျှောက်ကြသလော၊ သို့တည်းမဟုတ် ဉာဏ်ထင် သည့်အတိုင်း စမ်းယမ်း၍တည်း လျှောက်ထားကြလေသလော'' ဟူ၍ မေးမြန်းရာ''ကျွန်ုပ်တို့သည် ကိုယ်တွေ့ဒိဋ္ဌဖြစ်၍ လျှောက်ထားခြင်းဖြစ် ပါသည်၊ ထင်မိထင်ရာကြံစည်၍ လျှောက်သည်မဟုတ်ပါ''ဟူ၍ပြော ကြလေ၏။

ထို့နောက် သေနက အမတ်ကြီးကို''အရှင်လည်း ဘယ်သို့သော အကြောင်းဖြင့် မိတ်ဆွေကောင်းအား လျှို့ဝှက်အပ်သော အကြံ အစည်များကို ပြောကြားသင့်သည်ဟူ၍ လျှောက်ထားပါသနည်း''ဟု မေးရာ''ကျွန်ုပ်သည် ကိုယ်တွေ့ဒိဋ္ဌဖြစ်၍လျှောက်ထားပါသည်၊ ထင်မိ ထင်ရာ လျှောက်သည်မဟုတ်ပါ''ဟုပြန်ကြားလေ၏၊ ထိုအခါ အမတ် များက''အရှင်၏ လျှို့ဝှက်အပ်သောအမှုကိုမိတ်ဆွေအားပြောကြား သင့်ကြောင်းနှင့် လျှောက်ထားသော စကားအဓိပ္ပါယ်ကို အကျယ်သိ လိုပါသည်၊ အမိန့်ရှိတော်မူပါ''ဟုမေးမြန်းကြရာ''သင်တို့မသိချင်ကြ ပါနှင့်၊ အကျိုးမရှိပါ''ဟုမြစ်ပယ်သော်လည်း အတန်တန်မေးမြန်းကြ သဖြင့် သေနကအမတ်က''ကျွန်ုပ်၏လျှို့ဝှက်အပ်သောအမှုကို သင်တို့ အားပြောကြားသော်လည်း စိုးရိမ်ဘွယ်မရှိ၊ သို့ရာတွင် မင်းကြီးကြား သိတော်မူက ရာဇဝတ်တော်ဘေးနှင့် မကင်းဘဲရှိလိမ့်မည်''ဟုငြင်းပယ် လေ၏။

အမတ်များက"ရာဇဝတ်မှုအတွက် စိုးရိမ်ရန်မရှိပါ၊မင်းကြီးနားသို့လည်းသွား၍ လျှောက်တင်မည့်သူ ဤနေရာတွင် မရှိပါ၊မဟောသဓာလည်း ယခုညဉ့်အခါ၌လာ၍ ချောင်းမြောင်းကာ နားထောင်လိမ့်မည်မဟုတ်ပါ၊မှန်သောအတိုင်း ရဲဝံ့စွာပြောကြားပါ၊ကျွန်ုပ်တို့လည်း အကြောင်းရှိရာ ပြောကြားပါးအံ့"ဟူ၍ ပူဆာမေးမြန်းကြရာတွင် ဤသို့ပြောကြားလေ၏။

သေနက။ ။"အမတ်တို့..ဤမြို့တော်မှာ ဤမည်သောပြည့်တန်ဆာမကို သိကြသည်မဟုတ်လား၊ ထိုပြည့်တန်ဆာမကို ယခုသင်တို့တွေ့မြင်ကြသေး၏လား"ဟုမေးရာ"ထိုပြည့်တန်ဆာမကိုသိဘူးပါ၏၊သို့ရာတွင် ယခုဖြင့်မတွေ့မမြင်မိပါ"ဟုပြောကြကုန်၏၊ "အမတ်တို့....ဘယ်မှာ သင်တို့တွေ့မြင်နိုင်တော့မည်နည်း၊ ကျွန်ုပ်၏လက်ချက်ကြောင့် အသက်သေဆုံးရှာပြီ၊ အကြောင်းမူကား ကျွန်ုပ်သည် တခုသောဥယျာဉ်၌ ဤပြည့်တန်ဆာမနှင့် ပျော်ပါးပြီးလျှင် ထိုမိန်းမ ဝတ်ဆင်ထားသောတန်ဆာများက အဘိုးထိုက်တန်လှသည်နှင့် ကျွန်ုပ်လိုချင်သောကြောင့် ပြည့်တန်ဆာမကို ကျွန်ုပ်သတ်ဖြတ်ပြီးလျှင် အဝတ်တန်ဆာတို့ကို ယူပေသည်။

၎င်းတန်ဆာများကို ထိုပြည့်တန်ဆာမ၏ပုဝါဖြင့် ထုပ်ပြီးလျှင် ယခုအခါတိုင်အောင်ကျွန်ုပ်အိမ်ခန်းထဲမှာ ဆွဲထားလျက်ရှိလေသည်၊ ရာဇဝတ်ဘေး ရောက်မည်ကို တွေးကြောက်ထိတ်လန့်သောကြောင့် ယခုတိုင် ကျွန်ုပ်အသုံးမပြုဝံ့သေး၊ ထိုသို့လျှို့ဝှက်အပ်သော အမှုကိစ္စကို ကျွန်ုပ်၏မိတ်ဆွေချစ်တယောက်ကိုသာလျှင် ပြောကြား၍သိရှာ၏၊ထိုမိတ်ဆွေကလည်းအလွန်လုံခြုံပေ၍ ယခုထက်တိုင် မည်သူ့အားမျှ မပြောကြားဘဲ ရှိလေသည်၊ ဘုရင်မင်းမြတ်သာသိတော်မူပါလျှင် ရာဇဝတ်ရောက်ဘို့မဟုတ်လား၊ ထို့ကြောင့် လျှို့ဝှက်အပ်သော အမှုကိစ္စကို မိတ်

ဆုတောသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး ရန်ကုန်


ဆွေချစ်အား ပြောကြားသင့်သည်ဟု ကျွန်ုပ်လျှောက်ကြားခြင်းဖြစ်ပေသည်'' ဟု-ပြောကြားဖွင့်ဆိုလေ၏။

[စားပွဲခုံ အောက်မှာရှိသော မဟောသဓာသည် ထိုစကားအလုံးစုံကို အကုန်ရေးမှတ်၍ ထားလေ၏။]

ပက္ကုသ။ ။ထို့နောက် ပက္ကုသအမတ်က ပြောကြားသည်မှာ ''မင်းကြီးတို့····ကျွန်ုပ်၏ ပေါင်မှာ ကုဋ္ဌနူနာတခု ရှိပါသည်၊ ထိုနူနာကို ကျွန်ုပ်၏ ညီတယောက်ကိုသာလျှင် ပြောကြားသိစေပါသည်၊ကျွန်ုပ်၏ညီသည် သူတပါးမသိစေရအောင် နံနက်စောစောတိုင်း ဖန်ရေဆေးခြင်း, ဆေးလိမ်းကျံခြင်း,အဝတ်တို့ဖြင့် ပတ်ရစ်၍ ပေးခြင်းများကိုပြုပါသည်၊ ထိုသို့ပြုလုပ်ပြင်ဆင်ပြီးမှ နန်းတော်ဝင်ရာ တရံတခါ မင်းကြီးကကျွန်ုပ်ကို ချစ်ကျွမ်းဝင်တော်မူသည်နှင့် ကျွန်ုပ်၏ပေါင်ထက်မှာပင် စက်တော်ခေါ်စမှတ်ပြုပါသည်၊အကယ်၍နူနာရှိကြောင်းကို သိပါတပြီးကား ကျွန်ုပ်အသက်မရှည်ရာ၊ မြန်စွာရာဇဝတ်ရောက်ဘိုသာ ရှိပါသည်၊ ညီကောင်းတယောက် အတွက်ကြောင့် လျှို့ဝှက်အပ်သောအမှုကို လုံခြုံပေသည်၊ ထို့ကြောင့် လျှို့ဝှက်အပ်သောအမှုများကို ညီ,အစ်ကိုအားပြောကြားသင့်သည်-ဟူ၍ ကျွန်ုပ်လျှောက်ထားပါကြောင်း'' နှင့် ပြောကြားလေ၏။

[ထိုစကားအလုံးစုံကိုလည်း အကုန်ပင် မဟောသဓာက ရေးသားမှတ်ထားလေ၏။]

ကာမိန္ဒ။ ။ထို့နောက် ကာမိန္ဒအမတ်က ပြောသည်မှာ''မင်းကြီးတို့··ကျွန်ုပ်မှာလကွယ်နေ့တိုင်း နရဒေဝမည်သောနတ်ဘီလူးဘမ်းစားသည့်ရောဂါဆိုးရှိပါသည်၊ထိုရောဂါထသောအခါ ကျွန်ုပ်သည် တည်ငြိမ်စွာမနေနိုင်ဘဲ ခွေးရူးပြန်သကဲ့သို့ဖြစ်ရပါသည်၊ ထိုအကြောင်းကို ကျွန်ုပ်၏သားကိုသာ သိစေပါသည်၊ ထိုသားသည်အလိုက်သိစွာ လကွယ်နေ့တိုင်လျှင် ကျွန်ုပ်ကို တိုက်ခန်းထဲသို့သွင်း၍ထားပါသည်၊

မြည်သံ,အော်သံများကိုသူတပါးမကြားရအောင် ရောဂါ ဘမ်းစားသောအခါ ကျွန်ုပ်အိမ်ဝ၌ကြီးစွာသော ပွဲသဘင် များကို ပြုလုပ်ရပါသည်၊ သားလိမ်မာပေသည့်အတွက် ကြောင့် ကျွန်ုပ်၏လျှို့ဝှက်အပ်သောအမှု လုံခြုံပေသည်၊ မင်းတရားကြီးသိတော်မူလျှင် ယခုကဲ့သို့စည်းစိမ်ချမ်းသာ ကြီးကျယ်စွာနှင့်နေနိုင်မည်မဟုတ်ချေ၊ထို့ကြောင့်လျှို့ဝှက် အပ်သောအမှုမျိုးကို အနုဇာတ သားအား ပြောကြား သင့်သည်-ဟူ၍ ကျွန်ုပ်လျှောက်တင်ကြောင်း'' နှင့် ပြန် ပြောလေ၏။

[ထိုစကားအလုံးစုံကိုလည်း အကုန်ပင် မဟောသဓာက ရေးမှတ်၍ ထားလေ၏။]

ဒေဝိန္ဒ။ ။ထို့နောက်ဒေဝိန္ဒ အမတ်က ပြောပြန်သည်မှာ''မင်းကြီး တို့··ရှေးအခါ ကုသမင်းကြီးလက်ထက်တော်က သိကြား မင်းဆက်သော ဝေရောစနပတ္တမြားရတနာကို မကြား ဘူးပါလား၊ ထိုနန်းစဉ်ပတ္တမြားသည် ယခုအခါ ရွှေ တိုက်တော်မှာမရှိ၊ ကျွန်ုပ်ခိုးယူသဖြင့် ကျွန်ုပ်အိမ်မှာ ရှိ နေပါသည်၊ ထိုပတ္တမြားကိုမိခင်ထံမှာအပ်နှံ၍ ထားပါ သည်၊ နန်းတော်သို့ဝင်သောအခါမှ ကျွန်ုပ်ဆောင်၍လာ ပါသည်၊ ထိုပတ္တမြားရတနာ၏တန်ခိုးကြောင့် ကျွန်ုပ်ကို ရှေးဦးစွာပင်မျက်နှာသာပေး၍ မင်းတရားကြီးခေါ်ငင် နှုတ်ဆက်တော်မူသည်၊ နေ့တိုင်းပင် ဆုလာဘ်တော်များ ကို အထူးသဖြင့် ပေးသနားတော်မူသည်၊ ထိုအကြောင်း ကို မင်းတရားကြီး သိရှိတော်မူပါလျှင် ကျွန်ုပ်ကိုဘယ်မှာ သတ်၍မပစ်ဘဲ ရှိတော့မည်နည်း၊ မိခင်အတွက်ကြောင့် လျှို့ဝှက်အပ်သောအမှုလုံခြုံပေတော့သည်၊ ထို့ကြောင့် လျှို့ဝှက်အပ်သောအမှုကိစ္စကို မိခင်အားသာပြောထိုက် ကြောင်းနှင့် ကျွန်ုပ်လျှောက်တင်ခဲ့ပေသည်''ဟုပြောကြား လေ၏။

[ထိုစကားအလုံးစုံတို့ကိုလည်း မဟောသဓာက မှတ်သားရေးထား လေ၏။]

## လျှို့ဝှက်အပ်သည်ကိုဖော်ပြောမိ၍အကြံပျက်ခြင်း

ထိုအမတ်လေးပါးတို့သည် လျှို့ဝှက်အပ်သည်ကို ပြောမိမှားသောကြောင့် မိမိရင်တွင်းမှာရှိသော အူ,အသည်းများကိုခွဲထုတ်၍သူတပါးအားပေးလေသည့်အသွင် အလွန်ပင်ကြီးလေးသော အပြစ်ဘေးနှင့်တွေ့ကြုံမိရတော့မည်၊ ဤသို့ပြောဆိုကြစဉ် မိမိတို့စားပွဲခုံအောက်ကမည်သူ ရှိ,မရှိကို မစုံစမ်းကြသောကြောင့် လုံခြုံလှပြီထင်သော်လည်းမသိစေချင်သောသူပင်ကြားသိလေသည်၊ ဤအချက်ကိုစွဲ၍ ရှေးပညာရှိတို့သည်''ညဉ့်ကိုပြောလျှင်အောက်၊နေ့ကိုပြောလျှင်နောက်'' ဟူသောသတိပေးစကား မိန့်ကြားတော်မူကြလေကုန်သည်၊ လျှို့ဝှက်အပ်သောအမှုကိုစိတ်ထဲတွင် လုံခြုံစွာမထားဘဲ မည်သူကိုမဆို ပြောကြားမိလျှင်ဤဝတ္ထုကဲ့သို့ ကြားသိပေါ်ပေါက်တတ်လေသည်မှာ ဓမ္မတာ လမ်းရိုးဖြစ်၍နေ၏၊အမတ်ကြီးတို့သည် မိမိတို့အဖြစ်ကို ဖွင့်လှစ်ထုတ်ဖော်၍ပြောကြပြီးလျှင် ညဉ့်လည်းအတော်နက်သည်နှင့် အသီးသီး အိမ်သို့ပြန်လည်ကြကုန်၏။

ထိုအခါ မဟောသဓာ၏ ဖွားဘက်တော်သားတို့သည်စားပွဲခုံကြီးကိုမ,ပြီးလျှင် မဟောသဓာကို ယူဆောင်ကြကုန်၏၊အိမ်သို့ ရောက်သောအခါ မဟောသဓာသည် အမရာဒေဝီ ကျွေးမွေး ပြုစုအပ်သော စားဘွယ်,သောက်ဘွယ်တို့ကို စားသုံးပြီးလျှင် ကြက်သရေရှိသော အိပ်ရာထက်၌ ထိုင်နေ၍ ယနေ့တွင်အမတ်လေးပါးတို့သည် ငါ့အားမကောင်းကြံ၍ ဂုံးတိုက်ကြလေပြီ၊ မင်းကြီး၏ စိတ်အကြံအစည်သည် မည်သို့ရှိမည်ကို မသိရသေး၊ သို့ရာတွင် ငါ၏နှမတော်ဖြစ်သော ဥဒုမ္ဗရဒေဝီထံမှ ညဉ့်တွင်းခြင်းပင် သတင်းကြားရလိမ့်မည်''ဟု ကြံစည်စောင့်ဆိုင်းလျက်နေလေ၏။

ထိုဝိဒေဟရာဇ်မင်းကြီးသည်လည်း ထိုညဉ့်အခါ ဥဒုမ္ဗရဒေဝီမိဖုရား၏ အခန်းဆောင်သို့ သွားတော်မူပြီးလျှင် အိပ်ရာထက်မှာနေလျက်အကြံဖြစ်သည်ကား ''ငါသည်နက်ဖြန်နံနက်အခါ သားတော်မဟောသဓာကို သတ်ရန် သန်လျက်ဘော်ကို အပ်လိုက်မိချေပြီ၊ မဟောသဓာကို ခုနစ်နှစ်အရွယ်မှစ၍ ယခုတိုင်အောင် ငါပြုစုမွေးမြူ၍ လာခဲ့ရသည်၊ ဘယ်အခါကာလတွင်မှ ငါ၏အကျိုးတော်များကို ပျက်ပြား

အောင် မကြံစည်ဘူးရှာ၊ ထိုးချက်စောင့် နတ်သမီးမေးသောပြဿနာ တွင်လည်း မဟောသဓာရှိပေ၍သာ ငါ့အသက်ချမ်းသာရာရပေ သည်၊ ယခုနေ့မှာ အမတ်လေးပါးတို့၏ ဂုံးတိုက်သော စကားကြောင့် သားတော် မဟောသဓာကို သတ်ရန် အမိန့်ချမှတ်လိုက်မိခြင်းကား အလျင်းပင်မှားလေပြီ၊ **“တသက်လုံးမွေးထားသောကြက်ကို တနံနက်နှင့် သတ်စား”**ဆိုသကဲ့သို့ ဖြစ်လေပြီ၊ နေ့စဉ်သားတော် မဟောသဓာကို တွေ့မြင်သော်လည်း နက်ဖြန်ခါမဟောသဓာကိုမြင်ရတော့မည်မဟုတ် ဟု ကြံအောက်မေ့၍နေစဉ် ပူပင်သောက, ကုက္ကုစ္စ အရေးကြောင့် ဇောချွေးတွေယိုစီးပြီးလျှင် တညည်းညည်း, တညူညူ စက်တော်မခေါ် နိုင်ဘဲရှိလေ၏၊ ဥဒုမ္ဗရဒေဝီသည် မင်းကြီးနှင့်အတူ စက်တော်ခေါ်ရာ အခါတိုင်းနှင့်မတူဘဲ မကြည်မလင် မရွှင်မပျသော မင်းကြီး၏ အမူ အရာကိုမြင်သဖြင့် “အရှင်မင်းမြတ်....ယခုနေ့အခါ လွန်စွာညှိုးငယ် တော်မူဘိ၏၊ အကြောင်းအသို့ ရှိသနည်း-ဟု မေးမြန်းလေရာ ဒို- မိဖုရား....အခြားအကြောင်းကြောင့် ညှိုးငယ်သည်မဟုတ်၊ အမတ် လေးပါးတို့၏ ဂုံးစကားကြောင့် သားတော်မဟောသဓာကို နက်ဖြန် နံနက်တွင် လျှို့ဝှက်၍သတ်ဖြတ်စေရန် သန်လျက်တော်ကို အပ်လိုက် မိသည်၊ ဤအရေးကြောင့် ပူဆွေးကြောင့်ကြလျက် ရှိနေရလေသည်” ဟု ပြန်ပြောလေ၏။

ဤနေရာ၌ ဝိဒေဟရာဇ်မင်းကြီးသည် လျှို့ဝှက်အပ်သောစကားကို မိဖုရားအား ပြောမှားသဖြင့် မဟောသဓာ၏နားသို့တိုင်အောင်ကြား သိတော့မည်၊ ဥဒုမ္ဗရဒေဝီသည် မင်းကြီး၏ စကားကိုကြားရာ မောင် တော် မဟောသဓာ၏ ပျက်စီးမည်ကို စိုးရိမ်လှသဖြင့် ထိုမင်းကြီး၏ အကြံအစည်များပျက်ပြားလေအောင် ကြံမည်-ဟုဆင်ခြင်ပြီးမှ ဥပါယ် တမျဉ်အားဖြင့်“အရှင်ဘုရား....သားတော်မဟောသဓာ အတွက် စိုး ရိမ်နှောင့်နှေးပူဆွေးကြောင့်ကြတော်မမူပါနှင့်၊ မဟောသဓာသည် အရှင်မင်းမြတ်က ချီးမြှောက် မ,စတော်မူပါလျက် သစ္စာဖျက်သူ တယောက်ဖြစ်၍ သူ့အပြစ်က သူ့ကိုစီမံ၍ အကျိုးပေးပါလိမ့်မည်၊ ချမ်းသာစွာစက်တော်ခေါ်တော်မူပါ”ဟု ဖြားယောင်းကာ လျှောက် ထားသဖြင့် မင်းကြီးလည်း စိတ်အေး၍ စက်တော်ခေါ်နိုင်လေ၏။

မင်းကြီးအိပ်ပျော်သောအခါ ဥဒုမ္ဗရဒေဝီသည် မဟောသဓာထံသို့ တမန်စေလွှတ်ရန် အပျိုတော် တယောက်ကို ခေါ်၍ ပွဲတော်အုပ်တခုကို မဟောသဓာအား ပို့ဆက်ရန် ခိုင်းစေတော်မူ၏၊ ထိုပွဲတော်အုပ်၌ "မောင်တော်....နက်ဖြန်နံနက်အခါ နန်းတော်တံခါးဝ၌ သင့်ကို သတ်ဖြတ်ရန် မင်းကြီးက သန်လျက်တော်ကို အမတ်လေးယောက်တို့အား အပ်လိုက်ပြီ၊ သို့ဖြစ်၍ နက်ဖြန်ခါ နန်းတော်သို့မဝင်လာနှင့်" ဟူ၍ စာကိုရေး၍ထည့်လိုက်၏၊ ထိုပွဲတော်အုပ်ကို မဟောသဓာထံရောက်၍ ဖွင့်ကြည့်ရာ စာကိုတွေ့မြင်၍ အကြောင်းကုန်စင် သိလေသောကြောင့် "အရှင်မိဖုရားထံမှ လျှို့ဝှက်အပ်သော အကြံအစည်များကိုသိရ၍ များစွာ ကျေးဇူးတင်ပါကြောင်း"နှင့် ပြန်စာကိုလည်း မဟောသဓာက ဆက်သလိုက်၏။

အမတ်လေးယောက်တို့သည် နံနက်စောစောအခါတွင် လက်သုံးတော်သန်လျက်ကိုစွဲယူ၍ မဟောသဓာကို သတ်ရန် နန်းတော်တံခါးဝမှာ စောင့်လျက်နေကြ၏၊ နေမြင့်သည့်တိုင်အောင် မဟောသဓာမလာသည်ကိုသိမှ အကြံအစည် အထမမြောက်သဖြင့် နှလုံးမသာမျက်နှာမလှဘဲ နန်းတော်သို့ ဝင်ကြလေကုန်၏၊ ဝိဒေဟရာဇ်မင်းကြီးသည် အမတ်လေးယောက်တို့ ခစားလာသောအခါ "မဟောသဓာကိုလုပ်ကြံ၍ ပြီးစီးကြပြီလော"ဟုမေးမြန်းတော်မူရာ "ကျွန်ုပ်တို့သည် နံနက်စောစောကြီးကပင် နန်းတော်တံခါးဝမှနေ၍ စောင့်ပါသော်လည်း သူကြွယ်သား မရောက်လာသဖြင့် အကြံအထမမြောက်ခဲ့ပါ" ဟူ၍ လျှောက်တင်ကြကုန်၏၊ "မဟောသဓာသည် ပညာဉာဏ်ကြီးရုံမျှမက ကံစွမ်းကံစလည်းကြီးလှပေသည်"ဟူ၍မင်းကြီးကမိန့်တော်မူ၏။

### အမတ်လေးဦးတို့၏ အတွင်းရေးကို မဟောသဓာဖော်ပြခြင်း

မဟောသဓာသည်ကား နေ့တိုင်းကဲ့သို့ စောစောနန်းတော်သို့မဝင်ဘဲ အတော်နေမြင့်မှ ဖွားဘက်တော်အများ ခြံရံပြီးလျှင် ရထားစီး၍ နန်းတော်သို့ ဝင်လာ၏၊ နန်းတော်တံခါးဝသို့ရောက်လျှင် ရထားမှ သက်ဆင်း၍ ရှိသေစွာနန်းတော်ကြီးကို ဦးခိုက်လျက်နေ၏၊ထိုအခါတွင် လေသာနန်းတံခါးကိုဖွင့်လှစ်၍ နန်းရင်ပြင်သို့ မင်းကြီးရှုစားတော်မူ

နေစဉ် ဦးခိုက်ရှိခိုးလျက် ရပ်နေသော မဟောသဓာကို မြင်လေသော် "မဟောသဓာသည် ငါ့ကိုများစွာရှိသေပေ၏၊ ရန်သူ-ဟူ၍သဘော ထားလျှင် ထိုကဲ့သို့မပြုတန်ရာ"ဟု ကြံပြီးလျှင် မဟောသဓာအပေါ်၌ အမျက်ရန်ပြေငြိမ်းခြင်းသို့ ရောက်သဖြင့် သားတော် မဟောသဓာကို ရှေ့တော်သို့ဝင်စေ-ဟု အမိန့်ရှိတော်မူလေ၏၊ရှေ့တော်၌ မဟောသဓာ ခစားမိသောအခါ "ချစ်သား မဟောသဓာ....ယခုနေ့လာခြင်းကား လွန်စွာနေမြင့်လေစွ၊ ဘယ်အကြောင်းကြောင့် ဤသို့နေမြင့်ရသည်ဟု ရှိသမျှအကြောင်းစုံကို အကုန်လျှောက်ထားလော" ဟု အမေးတော် ရှိရာ—

"အရှင်ဘုရား..အကြောင်းရှိသမျှကို တလုံးတဝတည်း လျှောက်ထားပါမည်၊ ယမန်နေ့အခါတွင် လျှို့ဝှက်အပ်သောပြဿနာစကား နှင့်စပ်၍ အရှင်မင်းကြီးမှစ၍ အသီးအသီးထင်မြင်ချက်များကို ပြော ကြားလျှောက်ထားကြသောအခါ အရှင်မင်းမြတ်သည် အမတ်တို့၏ ဂုံးစကားကြောင့် ကျွန်တော်မျိုးအား အလွဲထင်မှားတော်မူ၍ ယခု နေ့နံနက်ကျွန်တော်မျိုးကိုသတ်ရန်လက်သုံးတော်သန်လျက်ကို အမတ် တို့ထံသို့ အပ်လိုက်ကြောင်းကို သိရပါသည်၊ ထိုလျှို့ဝှက်အပ်သော အကြံအစည်ကိုအရှင်မင်းကြီး၏ထင်မြင်မိန့်ကြားတော်မူချက်အတိုင်း မိဖုရားကို ညဉ့်အခါ ပြောကြားတော်မူသဖြင့် ထိုလျှို့ဝှက်အပ်သော စကားသည် ကျွန်တော်မျိုး၏ နားသို့တိုင်ရောက်အောင် ပွင့်လင်းလာ ပါသည်၊ ထိုသို့အကြံအစည်များကို သိသောကြောင့် သေရမည်ဘေး မှ ကြောက်လန့်လှပါသဖြင့် ယခုနေ့အခါ နေမြင့်မှလာပြီးလျှင် ခေါ် တော်မူမှ အခစားဝင်ဝံ့ပါကြောင်းနှင့် လျှောက်တင်လေ၏။

ထိုအခါ မင်းကြီးသည် အနည်းငယ်ရှက်တော်မူသဖြင့် "ငါ၏ အကြံအစည်ကို ဥဒုမ္ဗရဒေဝီမှတပါး မဟောသဓာကိုပြောကြားမည့်သူ မရှိ"ဟူ၍ ဥဒုမ္ဗရဒေဝီကို အမျက်တော်ရှပြီးလျှင် ခစားလျက်ရှိနေ သော ဥဒုမ္ဗရဒေဝီမိဖုရားကို မျက်နှာထား ခပ်ကြီးကြီးနှင့် လှည့် ၍ကြည့်တော်မူ၏၊ မင်းကြီးအမူအရာကိုသိလေသောအခါ မဟော သဓာက "အရှင်ဘုရား....မိဖုရားကိုအမျက်ထွက်တော်မမူလင့်၊ လျှို့ ဝှက်အပ်သောစကားကို မယားအားသာပြောဆိုလိုက်သည်-ဟုအရှင်

မင်းကြီး မိန့်တော်မူသောအတိုင်း မိဖုရားကို မိန့်ကြားတော်မူသောကြောင့် ထိုလျှို့ဝှက်အပ်သော အကြံအစည်များသည် ပေါက်ကြား၍ထွက်လာခြင်းဖြစ်ပါသည်၊ အကယ်၍ပင် မိဖုရားကိုမပြောကြားသော်လည်း ကျွန်တော်မျိုးသည် ကာလသုံးတန်ဝယ် မှန်သောအကျိုး, အကြောင်းကို သိတတ်သူတယောက်ဖြစ်ပါ၍ အရှင်၏ လျှို့ဝှက်အပ်သော စကားကို "မိဖုရားက ပြောသည်ပင်မှန်ပါစေဦးတော့၊အမတ်ကြီးလေးဦးတို့၏ လျှို့ဝှက်အပ်သော အကြံအစည်ကို အဘယ်သူလာ၍ ကျွန်တော်မျိုးအား ပြောကြားပါမည်နည်း၊ ထိုအမတ်ကြီး လေးဦးတို့၏ လျှို့ဝှက်အပ်သော အကြံအစည်များကိုအလုံးစုံ ကျွန်တော်မျိုးသိပါသည်" ဟူ၍ လျှောက်တင်လေသောအခါ သေနကအစရှိသော အမတ်ကြီးတို့သည် အသည်းဆတ်ဆတ်ခါမျှ ကြောက်လန့်ကြလေကုန်၏။

မင်းကြီးက "အမတ်လေးပါးတို့၏ လျှို့ဝှက်အပ်သောအကြံအစည်များကို သိသောအတိုင်း လျှောက်ထားရမည်"ဟု အမိန့်တော်ရှိသောအခါ မဟောသဓာသည် "အရှင်မင်းမြတ်....နာတော်မူလော့"–

၁။ "ဤသေနကအမတ်ကြီးသည် ဥယျာဉ်တခု၌ပြည့်တန်ဆာမနှင့် ပျော်ပါးပြီးလျှင် ထိုပြည့်တန်ဆာမကို သတ်ဖြတ်၍ အဝတ်တန်ဆာများကို ခိုးယူပြီး ယခုတိုင်အောင် သူ့အိမ်မှာ သိုမှီး၍ထားပါသည်၊ ထိုအကြောင်းကို မည်သူအားမျှ မပြောကြားဘဲ သူ၏မိတ်ဆွေရင်းတယောက်ကိုသာ ပြောထားပါသည်၊ သူ့မိတ်ဆွေကို သူလုံခြုံလှပြီမှတ်ထင်သောကြောင့် လျှို့ဝှက်အပ်သောစကားကို မိတ်ဆွေအားပြောကြားသင့်ကြောင်းနှင့် ယမန်နေ့က အရှင်မင်းမြတ်အား လျှောက်ထားပါသည်၊ ယုံမှားတော်မူပါလျှင် ယခုစစ်ဆေးတော်မူလော့"ဟူ၍ လျှောက်တင်လေ၏၊ ထိုစကားအတိုင်း သေနကအမတ်ကို စစ်ဆေးရာဖြောင့်ချက်ပေးသောကြောင့် "သေနက အမတ်ကို ယခုပင်နန်းတော်မှ ဆွဲချ၍ အကျဉ်းထားကြကုန်"ဟု အမိန့်တော်မှတ်ရာ အာဏာသားတို့သည် မင်းကြီး၏ အမိန့်တော်အတိုင်း ပြုလုပ်ညှဉ်းဆဲကြလေကုန်၏။

၂။ ထို့နောက် မဟောသဓာက"အရှင်ဘုရား....ပက္ကုသအမတ်၏ ပေါင်မှာ နူနာရောဂါရှိပါသည်၊ ထိုနူနာရောဂါကို သူ့ညီအားသာ

လျှင် ပြောကြားပါသည်၊ အခြားသူမသိပါ၊ ဤသို့ နူနာရှိသောသူကို သူကောင်းမှတ်တော်မူသဖြင့် အမတ်ကြီးအရာ၌ ခန့်ထားတော်မူပါသလော၊ထိုပက္ကုသသည် သူ့ညီကိုအားကိုးသဖြင့် လျှို့ဝှက်အပ်သော စကားကို ညီ,အစ်ကိုအား ပြောကြားသင့်ကြောင်းနှင့် ယမန်နေ့က လျှောက်ထားပါသည်”ဟု တင်ပြရာ ပက္ကုသအမတ်ကိုစစ်ဆေးရာ ရှေးနည်းအတိုင်း ဖြောင့်ချက်ပေးသဖြင့် နန်းတော်မှဆွဲချ၍ အကျဉ်းထားစေပြန်၏။

၃။ ထို့နောက် မဟောသဓာက “အရှင်ဘုရား····ကာမိန္ဒအမတ်မှာလည်း လစဉ် လကွယ်နေ့ တိုင်လျှင် နရဒေဝနတ်ရူး ဖမ်းစား၍ ခွေးရူးပြန်, ဝက်ရူးပေါ် သကဲ့သို့သော အနာဆိုးတခုရှိပါသည်၊ ထိုရောဂါဆိုးအကြောင်းကို သူ၏သားဟယောက် အားသာလျှင် သိစေပါသည်၊ သူ့သားကိုယုံကြည်လှသည်နှင့် ယမန်နေ့အခါတွင် လျှို့ဝှက်အပ်သော စကားကို အနုဇာတ သားအား ပြောကြားသင့်ကြောင်းနှင့် လျှောက်ထားပါသည်” ဟု တင်ပြရာ ရှေးနည်းအတိုင်း ကာမိန္ဒအမတ်ကိုလည်း နန်းတော်မှဆွဲချ၍ ထောင်မှာသွင်းကာ အကျဉ်းထားပြန်စေ၏။

၄။ ထို့နောက် မဟောသဓာက “အရှင်ဘုရား····ဒေဝိန္ဒအမတ်သည်ကား ရှေးဘေးလောင်းတော်,ဘိုးလောင်းတော်ဖြစ်သော ကုသမင်းကြီးလက်ထက် သိကြားဆက်အပ်သော နန်းစဉ်ပတ္တမြားကို ခိုး၍ထားသော သူခိုးကြီးဖြစ်ပါသည်၊ ထိုပတ္တမြားခိုးယူကြောင်းကို သူ၏မိခင်အားသာ ပြောကြားပါသည်၊ သူ့မိခင်ကို သူယုံကြည်လှသောကြောင့် ယမန်နေ့ကပြဿနာကို ဖြေကြရာတွင် လျှို့ဝှက်အပ်သော စကားကို မိခင်အား ပြောကြားထိုက်ကြောင်းနှင့် လျှောက်တင်ပါသည်”ဟု ဆိုရာ ရှေးနည်းအတိုင်း ဒေဝိန္ဒအမတ်ကိုလည်း နန်းတော်မှဆွဲချ၍ ထောင်မှာသွင်း အကျဉ်းထားပြန်စေ၏။

အမတ်ကြီးလေးပါးတို့သည် “သူ့ကိုငါဖျက်၊ ငါအလျှင်ပျက်”ဆိုသော စကားပုံအတိုင်း ရာဇဝတ်ကြီးစွာနှင့် ထောင်တွင်းမှာ နေထိုင်ကြရလေကုန်၏၊ ထို့နောက် မဟောသဓာက လျှောက်ထားသည်မှာ “အရှင်မင်းမြတ်····ဤသို့သောအရေးကို ကြံတွေးသိမြင်သောကြောင့်

ကျွန်တော်မျိုးက လျှို့ဝှက်အပ်သောစကားကို မည်သူ့အားမျှ မပြော ထိုက်-ဟူ၍ လျှောက်တင်ပါသည်၊ အမတ်ကြီးလေးပါးတို့၏ ဖြစ်ပုံကို ရှုစားတော်မူလော့၊ ထို့ပြင် အရှင်မင်းမြတ်သည်လည်း လျှို့ဝှက်အပ် သော စကားကို မိဖုရားအား ပြောကြားမိသောကြောင့် အကြံတော် ပျက်ပြားသည်ကို ဆင်ခြင်တော်မူလော့၊ အရှင်မင်းမြတ်....လျှို့ဝှက် အပ်သောအကြံအစည်များကို လျှို့ဝှက်၍ထားခြင်းသာလျှင် ကောင်း မြတ်ပါ၏'' ဟူ၍ များစွာသောနည်းနာတို့ဖြင့် လျှောက်ထားလေ၏။

### အမတ်လေးဦးကို မဟောသဓာ ကယ်ဆယ်ခြင်း

မဟောသဓာ၏လျှောက်ချက်အတိုင်း လက်ငင်းဒိဋ္ဌ သက်သေရသော အမတ်တို့ကိုမြင်ရသည်နှင့် များစွာသဘောကျတော်မူပြီးလျှင် အမတ် ကြီးလေးယောက်ကို မြို့မှထုတ်၍ ကွပ်မျက်ကြစေ-ဟု အမိန့်ရှိလေရာ လက်မရှိအာဏာသားတို့သည် အမတ်ကြီးလေးပါးကို နှောင်ကြိုး တည်း၍ ကြိမ်လုံးတို့ဖြင့် ရိုက်ခတ်ပြီးလျှင် သတ်ဖြတ်ကွပ်မျက်ရန် မြို့ပြင်သို့ ထုတ်ကြလေကုန်၏၊ ထိုအခါ မဟောသဓာက ကရုဏာရှိသော အလောင်းတော်ကြီး ဖြစ်သောအတိုင်း ထိုအမတ်တို့ကို အသက်ဘေး မှ ချမ်းသာရအောင် လျှောက်ထားလေရာ မဟောသဓာ၏ လျှောက် ချက်အတိုင်း ချမ်းသာပေးတော်မူ၏၊ ထို့နောက် ''ဤအမတ်လေး ယောက်ကို သားတော်မဟောသဓာ၏ ကျွန်ဖြစ်စေ''ဟု အမိန့်တော် ရှိပြီးလျှင် မဟောသဓာအား လွှဲအပ်လေ၏။

ထိုအခါမှစ၍ အမတ်ကြီးတို့သည် အစွယ်ကျိုးသော မြွေအလား, ဦးချိုကျိုးသော နွားလားကဲ့သို့ ဖြစ်ကြပြီးလျှင် မဟောသဓာကို ရန်တုန့်မှုခြင်းငှါ မဝံ့ကြလေကုန်။

ဤသို့ မဟောသဓာဇာတ် ပဉ္စပဏ္ဍိတ ပဉှာခန်းတွင် လာရှိသော အတိုင်း စာဏကျဆရာကြီးသည်လည်း လျှို့ဝှက်အပ်သော အမှုကိစ္စ များကို မည်သူ့အားမျှ စကားဖြင့်ဖွင့်၍ မပြောရာ-ဟု နီတိအချက်ကို ထားတော်မူခဲ့ပေသတည်း။

လျှို့ဝှက်အပ်သောအကြံကို မဖော်ပြသင့်ကြောင်း ပြီး၏။

## ၆။ ပညာရှိတို့ ရှောင်ကြဉ်အပ်သော အရာများ အကြောင်း

ကုဒေသဉ္စ ကုဝုတ္တိဉ္စ၊
ကုဒါရံ ကုနဒိံ တထာ။
ကုဒဗ္ဗဉ္စ ကုဘောဇ္ဇဉ္စ၊
ဝိဝဇ္ဇယေ ဝိစက္ခဏော။ ။

**အနက်။** ။ကုဒေသဉ္စ၊ ဆိုးဝါးယုတ်ညံ့သော အရပ်ဌာနကိုငင်း။ ကုဝုတ္တိဉ္စ၊ ဆိုးညစ်သော အသက်မွေးမှုကိုငင်း။ကုဒါရဉ္စ၊ မယားဆိုးကိုငင်း။ တထာ၊ ထို့အတူ။ ကုနဒိံ၊ ချောင်းဆိုး, မြစ်ဆိုးများကိုငင်း။ ကုဒဗ္ဗဉ္စ၊ ဥစ္စာပစ္စည်းဆိုးကိုငင်း။ ကုဘောဇ္ဇဉ္စ၊ မကောင်းသော စားဘွယ်မျိုးကိုငင်း။ ဝိစက္ခဏော၊ ပညာရှိသောသူသည်။ ဝိဝဇ္ဇယေ၊ ရှောင်ကြဉ်ကွင်းဖယ်ရာ၏။

**ဆိုလိုရင်းမှာ။** ။မကောင်းသော အရပ်ဒေသ၊ မကောင်းသော အသက်မွေးမှု၊ မကောင်းသော အိမ်သူမယား၊ မကောင်းသောမြစ်, ချောင်း၊မကောင်းသော ဥစ္စာပစ္စည်း၊မကောင်းသော အစာဘောဇဉ် များကို မယှဉ်မတွဲ မှီဝဲခြင်းကို မပြုဘဲ ရှောင်ကြဉ်ဖဲခွါရမည်-ဟူ၍ ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

နေရပ်တခု၊ သက်မွေးမှုနှင့်၊ မျက်ရှုမယား၊ မြစ်ကားတဖြာ၊ ဥစ္စာ, ဘောဇဉ်၊ မကောင်းယှဉ်မှု၊ ဖဲ့ကြဉ်ရှောင်ခွါ၊ မစွဲရာသည်။ ။ခြောက်ဖြာ သိဘွယ် အကျဉ်းတည်း။

### အဓိပ္ပါယ်အကျယ်

ဆိုအပ်ပြီးသော ခြောက်ပါးတို့တွင်—

၁။ "မကောင်းသောအရပ်ဌာန"ဆိုသည်မှာ လောကီနှင့်သက်ဆိုင်သော စီးပွားဥစ္စာ မဖြစ်ထွန်း မကြီးပွားနိုင်သော အရပ်ဌာနကို လည်း မကောင်းသောအရပ်ဟူ၍ ဆိုထိုက်လေသည် ဖြစ်ကြောင်း၊ အရောင်းကြီး,အဝယ်ကြီး,အလုပ်အကိုင်ကြီးမရှိသောအရပ်၊ဆိပ်ကြီး,

ကမ်းကြီးမရှိသောအရပ်များသည် စီးပွားချမ်းသာဖြစ်ထွန်းကြီးပွားရန် မည်ကဲ့သို့သောနည်းနှင့်မျှ မစွမ်းဆောင်နိုင်ချေ။

ထိုသို့ လောကီစီးပွားရေးအတွက် မကြီးပွားနိုင်သော အရပ်ဌာနများတွင် နေထိုင်ရလေသောအခါ အကြံအစည် အလုပ်အကိုင်တို့သည်လည်း သေးသိမ်စွာအောက်တန်းကျပြီးလျှင် စိတ်ဆန္ဒဓာတ်သဘောတို့သည်လည်း ဖွံ့ဖြိုးထွားကြိုင်းခြင်းမရှိဘဲသေးသိမ်လျက်သာလျှင်ရှိတတ်လေသည်ဖြစ်ကြောင်း၊စီးပွားလမ်းကိုမြင်စွမ်းနိုင်သော ပညာမျက်စိအမြင်တို့သည်လည်း ပွင့်လင်းကျယ်ပြန့်ခြင်းမရှိဘဲ မှေးမှိန်ကျဉ်းမြောင်းလေသည်ဖြစ်ကြောင်း၊ အကြံအစည်သေးသိမ် အောက်ကျသောသူ့, စီးပွားလမ်းအတွက် ပညာမျက်စိမှေးမှိန်ကျဉ်းမြောင်းသောသူတို့သည် တစုံတရာမျှ ကြီးပွားဖြစ်ထွန်းဘွယ်များကို မကြံစည်နိုင်ဘဲ နေမြဲ,ထိုင်မြဲအတိုင်း မိမွေးတိုင်း,ဘမွေးတိုင်း လူရိုင်းတို့အလေ့အလာကဲ့သို့သာ မိမိဘဝကိုဆုံးရှုံးစေ၍ ဖြုန်းတီးပစ်လိုက်တတ်ကြလေသည်ဖြစ်ကြောင်း။

ဤအရာ၌ တောရွာတွင်ကြီးပွားသောသူတို့၏ အခြေအနေ အဖြစ်အပျက် အကြံအစည်များနှင့် မြို့သူ,မြို့သားတို့၏ အခြေအနေစသည်များကို ဆင်ခြင်ကြည့်ရှုလျှင် ကောင်းမွန်ထင်ရှားစွာ သိရှိနိုင်လေသည်ဖြစ်ကြောင်း၊ ရှေးရှေးဘဝတို့က အကျိုးကြီးကျယ်စွာ ပေးရန်ကုသိုလ်ကံပါရှိ၍လာသော်လည်း ယုတ်ညံ့သေးသိမ်သော အရပ်ဌာန၌ နေရသည်ဖြစ်ပါလျှင် ကံစွမ်းရှိသည့်အလျောက် ကြီးကျယ်စွာ အကျိုးမပေးနိုင်ဘဲ ရပ်ရွာနှင့်ထိုက်တန်ရုံမျှသာ အကျိုးပေးတတ်လေသည်ဖြစ်ကြောင်း၊ ဤအကြောင်းအရာကို ပစ္စက္ခအားဖြင့်သိလိုလျှင် ယခုအခါ အရောင်းအဝယ်,အလုပ်အကိုင်ကြီးကျယ်သောနိုင်ငံများမှာ ကုဋေ,ကုဋာ ချမ်းသာကြွယ်ဝသော သူတို့ဖြင့် ပေါများပြည့်စုံ၍ အလုပ်အကိုင် မကြီးကျယ်သောနိုင်ငံများ၌ ထိုကဲ့သို့ကြွယ်ဝချမ်းသာသောသူတို့မှ ယုတ်လျော့သည်များကို တွေးတော ဆင်ခြင်သင့်လေသည်ဖြစ်ကြောင်း။

မင်္ဂလာတရားတော်တွင် "ပဋိရူပဒေသ ဝါသ" မင်္ဂလာကိုလည်း မြတ်စွာဘုရား ဟောကြားတော်မူလေသည်ဖြစ်ကြောင်း၊ ပဋိရူပဒေ-

သဝါသ-ဆိုသည်မှာ သင့်လျော်လျောက်ပတ်သောအရပ်ဒေသတို့၌နေ ထိုင်မှီခိုရခြင်းကို ဟောတော်မူလိုသည်ဖြစ်ကြောင်း၊ သင့်တင့်လျောက် ပတ်သောအရပ်ဌာန၌ နေရခြင်းသည် လောကီရေးနှင့် သက်ဆိုင်သော ကြက်သရေမင်္ဂလာ, လောကုတ္တရာရေးနှင့်သက်ဆိုင်သော ကြက်သရေ မင်္ဂလာများကို ရနိုင်လေသည်ဖြစ်၍ ထိုပဋိရူပဒေသဝါသကို ဒေသ-သမ္ပတ္တိ-ဟူ၍၎င်း, ဌာနသမ္ပတ္တိ-ဟူ၍၎င်း ခေါ်ဆိုထိုက်လေသည်ဖြစ် ကြောင်း၊ ထိုမှတပါး မိမိနှင့် သင့်တင့်ညီညွတ်သော မိတ်ဆွေသဟာယ မရှိဘဲ ရန်လိုသောသူ, မိမိအပေါ်၌မနာလိုဝန်တိုမိစ္ဆာများသော သူတို့ နေထိုင်ရာဖြစ်သော အရပ်ဒေသကို၎င်း၊ သူတော်မဟုတ် သူယုတ် သူမိုက်တို့ နေရာဖြစ်သော အရပ်ဒေသများကို၎င်း၊ ရောဂါဥပဒ် ထူ ထပ်ပေါများသော အရပ်ဒေသများကို၎င်း မကောင်းသောအရပ် ဒေသ, ဆိုးဝါးယုတ်ညံ့သောအရပ်ဒေသတို့ဟူ၍သာလျှင် ခေါ်ဆိုအပ် လေသည်။

ထိုအရပ်ဒေသတို့၌နေထိုင်လျှင် စိတ်၏ချမ်းသာခွင့်ကို မရနိုင်ဘဲ အမြဲပင် ဆင်းရဲငြိုငြင်စွာနှင့် အသက်၏အန္တရာယ်ကိုသော်လည်း တွေ့ ကြုံရတတ်လေသည်ဖြစ်ကြောင်း၊ သူတော်မဟုတ် သူယုတ်သူမိုက်တို့ နေထိုင်ရာ အရပ်ဒေသ၌ နေထိုင်ရပါလျှင် သံသရာရေးအတွက် ကုသိုလ်ကောင်းမှုဘက်၌ အကျိုးစီးပွားလစ်ဟင်းပြီးလျှင် နောင်တ မလွန်လောက၌ အပါယ်သို့ ကျရောက်စေတတ်သော ဒုစရိုက်တရား တို့ကိုသာလျှင် ပြုလုပ်မိ၍ ယုတ်မာသော အလေ့ အလာ,အမူအရာ၌ ဝါသနာစွဲကပ် တတ်လေသည်၊၎င်းကဲ့သို့သော ဘေးအပြစ်များကို သိ မြင်လေသောကြောင့် စာလာကျဆရာကြီးသည် "မကောင်းသော ဒေသကိုဖယ်ကြဉ်ရှောင်လွှဲရမည်"ဟူ၍ ဆုံးမချက်ကို ထားလေသည် ဖြစ်ကြောင်း။မကောင်းသော အရပ်ဒေသကိုရှောင်ကြဉ်ရမည်ဆိုသဖြင့် ကောင်းသော အရပ်ဒေသမှာနေထိုင်ရမည်ဟူသော အဓိပ္ပါယ်လည်း ပြီးစီးလေသည်။

ကောင်းသော အရပ်ဒေသ ဆိုသည်မှာ—လောကီနှင့် သက်ဆိုင် သောစီးပွားဥစ္စာ ဖြစ်ထွန်းမည့်နေရာ, မိတ်ဆွေ သဟာယ ပေါများ သည့်နေရာ, မိမိအကျိုးစီးပွားကို လိုလားသောသူတို့နှင့် ပြည့်စုံသော

နေရာ,သံသရာရေး,တမလွန်လောကရေးအတွက် နည်းလမ်းပြသ ဆုံးမနိုင်သော သူတော်ကောင်းတို့ ပျော်စံရာဌာနများကို ဆိုလိုသည်ဖြစ်ကြောင်း၊ ထိုနေရာကောင်းများ၌ မှုကား မရှောင်မခွါဘဲအမြဲနေထိုင်ရာသည်ဖြစ်ကြောင်း၊ "ပျော်ရာမှာ မနေနှင့်၊ လျော်ရာမှာနေ"ဟူသောရှေးစကားဟောင်းတခုရှိ၏၊ အဓိပ္ပါယ်ဆိုလိုရင်းမှာလည်း ပြဆိုအပ်ပြီးသောနေရာဆိုးများ၌ နေထိုင်ရန်စိတ်လက်ပျော်ရွှင်ပါသော်လည်း မနေမထိုင်ဘဲသင့်လျော်သော အကျိုးဖြစ်ထွန်းမည့် ပဋိရူပနေရာဌာန၌သာလျှင် နေရမည်ဟူ၍ ဆိုလိုသည်ဖြစ်ကြောင်း၊ ဤကားနေရပ်နှင့်စပ်၍ ဆိုအပ်သောစကားရပ်ပေတည်း။

၂။ ဒုတိယဖြစ်သော "အသက်မွေးမကောင်း" ဆိုသည်မှာ ဤလောက၌ ပြည်ပိုင်အစိုးရမင်းတို့၏ရာဇဝတ်ပြစ်မှုနှင့် မကင်းသော အသက်မွေးခြင်း,ဘုရားမကြိုက်သော ဒုစရိုက်နှင့်စပ်လျဉ်းသည့် အသက်မွေးခြင်းများကို ဆိုလိုသည်ဖြစ်ကြောင်း၊အစိုးရတို့ မကြိုက်မနှစ်သက်အပ်သော ရာဇဝတ်ပြစ်မှုမကင်းသည့် အသက်မွေးခြင်းများနှင့် နေထိုင်လျှင် မျက်မှောက်ထင်ထင်ပင်လျှင် ရာဇဝတ်ပြစ်ဒဏ်များကိုခံရ၍စီးပွားဥစ္စာ၏ကုန်ဆုံးခြင်း၊ သားကွဲ, မယားကွဲ,အိုးကွဲ,အိမ်ကွဲနှင့် အကျဉ်းထောင်ထဲမှာကျခံရခြင်း၊ လူဆိုးစာရင်းတွင် ပါဝင်၍ တသက်ပတ်လုံးနာမည်ပျက်စီးခြင်းများကို တွေ့ကြုံရတတ်လေသည်ဖြစ်ကြောင်း။

ဘုရားမကြိုက်သော အသက်မွေးမှုဆိုသည်မှာ မုဆိုး, တံငါ, နွားသတ်,ဝက်သတ် စသော ပါဏာတိပါတအမှုများ၊ သူ့ဥစ္စာခိုးယူခြင်းစသော အဒိန္နာဒါန် အမှုများမှစ၍ ဒုစရိုက်တရားဖြင့် အသက်မွေးမှုများကို ယုတ်မာသောအသက်မွေးမှုဟူ၍ ဆိုလိုသည်ဖြစ်ကြောင်း၊ ထိုယုတ်မာ မှားယွင်းသော အသက်မွေးမှုများကို "မိစ္ဆာဇီဝ" ဟူ၍ကျမ်းဂန်တို့၌ ခေါ်ဆိုလေသည်၊ ထိုမိစ္ဆာဇီဝဖြင့် အသက်မွေးကျက်သရေ့သောသူတို့သည် တမလွန်လောက၌ ချမ်းသာရာ မရသော ဒုဂ္ဂတိဘဝသို့သာ လားရလေသည်ဖြစ်ကြောင်း၊ထိုသို့သော အပြစ်ဒေါသ အာဒီနဝများကို မြော်မြင်မိလေသောကြောင့် ယုတ်မာသော အသက်မွေးမှုများမှ ရှောင်ကြဉ်ရမည်"ဟူ၍ စာဏကျဆရာကြီး ဆိုလေသည်။

အဓိပ္ပါယ်ပြန်ဘက်အားဖြင့်''ကောင်းမွန်သော အသက်မွေးခြင်းနှင့် နေထိုင်ရမည်''ဟူ၍ ဆိုလိုသည်ဖြစ်ကြောင်း၊ ကောင်းသောအသက်မွေးမှုသည် သမ္မာအာဇီဝမည်၏၊ပါဏာတိပါတ အစရှိသော ဒုစရိုက်မှုများမှ ရှောင်ကြဉ်၍ စင်ကြယ်စွာအသက်မွေးခြင်းပေတည်း၊ ထိုသို့သမ္မာအာဇီဝဖြင့် အသက်မွေးလျှင် အစိုးရမင်းတို့၏ ရာဇဝတ်ပြစ်ဒဏ်မှလည်း ကင်းဝေး၍ သံသရာရေး, တမလွန်လောကဘေးအတွက်နှင့်လည်း အပြစ်မဲ့ပြီးလျှင် ချမ်းသာအေးမြစွာ နေထိုင်ရလေသည်ဖြစ်ကြောင်း၊ဤကား မကောင်းသော အသက်မွေးမှုနှင့်စပ်၍ဆိုအပ်သော စကားရပ်ပေတည်း။

၃။ တတိယဖြစ်သော ''မယားဆိုး''ဆိုသည်ကား– မယားတို့၏ ကျင့်ဝတ်နှင့် မပြည့်စုံသောမယားမျိုးကို မယားဆိုး-ဟူ၍ ဆိုလိုသည်ဖြစ်ကြောင်း၊ဤအရာ၌ မယားကျင့်ဝတ်ဆိုသည်ကား–

၁။ အိမ်ထောင်မှုနှင့် စပ်ဆိုင်သော အလုပ်အကိုင်-ဟူသမျှတို့၌ ကောင်းမွန်သေသပ်စွာ ပြုလုပ်စီမံတတ်ခြင်း။
၂။ လင်၏ ဆွေမျိုးသားခြင်းတို့၌ ဝတ်ကြေကုန်စွာ ပြုလုပ်သင်္ဂြိုဟ်ခြင်း။
၃။ မိမိလင်ယောကျ်ားမှတပါး အခြားယောကျ်ားတို့၌ မပြစ်မှားခြင်း။
၄။ လင်ပေးအပ်နှင်းသမျှသော ဥစ္စာပစ္စည်းများကိုမပျောက်မပျက်ရလေအောင် လုံခြုံစွာစောင့်ထိန်းခြင်း။
၅။ မပျင်းမရိခြင်း။

ဤငါးပါးကား မယားတို့ ကျင့်ဝတ်ငါးပါးပေတည်း၊ ဤမယားဝတ်တရားငါးပါးနှင့် မညီမညွတ်ဘဲ ဖောက်ပြန်စွာကျင့်သောမယားသည် မယားဆိုးမည်၏၊ ထိုမယားဆိုးအပေါ်၌ ချစ်ခင်ခြင်းကို မဖြစ်စေဘဲ ရှောင်ကြဉ်ကွေကွင်းရာ၏-ဟုဆိုလိုသည်၊ ထိုသို့သဘောရှိသော မယားဆိုးကို တဏှာလွှမ်းမိုးသည့်အတွက်ကြောင့် မပစ်မခွာနိုင်ရက်ဘဲ အမြဲပေါင်းသင်း၍နေထိုင်ခဲ့လျှင် လောကီဥစ္စာရတနာ, ရွှေ, ငွေတို့၏ ဖြစ်ထွန်းကြီးကျယ်ခွင့်ကိုမရဘဲ ရှိပြီးသောစီးပွားဥစ္စာတို့သည်လည်း ပျက်စီးတတ်လေသည်ဖြစ်ကြောင်း။

**''အိတ်ပေါက်နှင့်ဖားကောက်သည်''** ဆိုသကဲ့သို့ ရှာတိုင်း, ရှာတိုင်း အဖတ်မတင်နိုင်ဘဲ ရရစားစား ဝါးဝါးမျိုမျိုသာလျှင် ဖြစ်တတ်လေသည်၊ မယားဆိုးနှင့် နေရခြင်းသည်ကား စီးပွားဥစ္စာမဖြစ်ထွန်းရုံမျှသာမဟုတ်သေး၊ လင်ယောကျ်ားဖြစ်သောသူ၏ စိတ်နှလုံးကိုလည်း ချမ်းသာအေးကြည်ခွင့်ကို မရစေဘဲ အမြဲပင်ပူလောင်ဆင်းရဲစေသေးသည် ဖြစ်ကြောင်း၊ အကြောင်းမသင့်-အခွင့်မသာ ကြုံကြိုက်ပါလျှင် မယားဆိုး၏အတွက် အသက်ပိညာဉ်သော်ပင်ပျက်စီးတတ်လေသေး၏။ ဇာတ်နိပါတ်ကျမ်းဂန်တို့၌၎င်း, ရာဇဝင်တို့၌၎င်း မယားဆိုး၏ အတွက်ကြောင့် ပျက်စီးကြောင်း အရာတို့ကို များစွာပြဆိုလျက်ရှိလေသည်။

ထိုသို့စီးပွားမဖြစ် စိတ်ညစ်နောက်ကျုကြောင်းဖြစ်သော မယားဆိုးတို့နှင့် နေထိုင်ရသည့်အတွက် အကုသိုလ်စိတ်တို့သာလျှင် ရှပ်ရှက်ပြန့်ပွား၍ ကုသိုလ်တရား မသက်ဝင်နိုင်ဘဲဖြစ်လေသည်၊ ထိုသို့ဖြစ်ပါက ပစ္စုပ္ပန်မျက်မှောက် ဘဝမှာလည်း မချမ်းသာသည့်အပြင် နောင်တမလွန် ဘဝမှာလည်း ကြီးစွာသောဒုက္ခနှင့် တွေ့ကြုံလိမ့်မည်သာဖြစ်ကြောင်း၊ ဤသို့သော အကြောင်းမျိုးစုံကို မြော်မြင်တွေးတောမိလေသောကြောင့်''ယုတ်မာသောမယားကို ပယ်ရှားစွန့်ပစ်ရမည်'' ဟူ၍ စာဏကျဆရာကြီးဆိုလေသည်ဖြစ်ကြောင်း၊ အဓိပ္ပါယ်ပြန်ဘက်အားဖြင့် ''ဝတ်တရားပြည့်စုံစွာ လိမ်မာသောမယားကို ပေါင်းသင်းဆက်ဆံရမည်''ဟု ဆိုလိုသည်၊ လိမ်မာသော မယားသည် မိမိနှင့် ကုသိုလ်ပါရမီ ရင်းနှီးဘက်ဖြစ်သောကြောင့် ပစ္စုပ္ပန်,သံသရာ နှစ်ဖြာသောအကျိုးကို ပွားတိုးအောင်ရွက်ဆောင်နိုင်လေသည် ဖြစ်ကြောင်း၊ ဤကားမယားဆိုးနှင့် စပ်၍ဆိုသော စကားရပ်ပေတည်း။

၄။ စတုတ္ထဖြစ်သော ''မြစ်ဆိုး''ဆိုသည်မှာ ရေစီး,ရေလာစသည် ကြမ်းတန်း၍ အသက်အန္တရာယ်ဖြစ်စေတတ်သောမြစ်ကို ဆိုလိုသည်၊ ထိုသို့သော မြစ်မျိုး, ချောင်းမျိုးကို မည်ကဲ့သို့ အကြောင်းကြီး,ငယ် ရှိသော်လည်း မကူးရာ၊ ရှောင်ကြဉ်ရာသတည်း။

၅။ ပဉ္စမဖြစ်သော''ဥစ္စာဆိုး,ဥစ္စာယုတ်''ဆိုသည်ကားလောကီ, လောကုတ္တရာ နှစ်ဖြာသောအကြောင်းအားဖြင့် မတရားသော ပစ္စည်း

မျိုးကိုဆိုလိုသည်ဖြစ်ကြောင်း၊ လောကီကြောင်းအားဖြင့် မတရားသော ပစ္စည်းဆိုသည်မှာခိုးရာပါပစ္စည်း,သူခိုးလက်မှရရှိသောပစ္စည်း,မတရား သဖြင့် အပေါင်ခံထားသော ပစ္စည်း, အစိုးရမင်းတို့က အိမ်တွင် မသိမ်းမထားရန်မြစ်ပယ်အပ်သော ဘိန်း, အရက်, ကုတ်ကင်း,ဆေး ခြောက်, သေနတ်,လက်နက်, ခဲယမ်း မီးကျောက်စသော ပစ္စည်းများ ဖြစ်ကြောင်း၊ ထိုပစ္စည်းများကို မိမိတို့အား အကျိုးမဲ့ကိုပေးတတ် သောကြောင့် ပစ္စည်းဆိုး, ဥစ္စာဆိုး-ဟူ၍ဆိုအပ်လေသည်၊ ထိုဥစ္စာ ပစ္စည်းဆိုးတို့ကို သိမ်းပိုက်၍ ထားပါလျှင် အစိုးရမင်းတို့ သိရှိလေ သောအခါ ရာဇဝတ်ပြစ်ဒဏ်နှင့်မကင်းဘဲ ကြီးစွာသောပျက်စီးခြင်း, ဆင်းရဲခြင်းသို့ရောက်တတ်လေသည်ဖြစ်ကြောင်း။

လောကုတ္တရာနှင့် စပ်ဆိုင်သော ပစ္စည်းဆိုး ဆိုသည်မှာ— ဘုရား ပစ္စည်း, ကျောင်းပစ္စည်း, သံဃိကပစ္စည်းများဖြစ်ကြောင်း၊ ထိုပစ္စည်း များကို မတရားသဖြင့် သုံးစွဲခြင်းပြုလုပ်မိသောအခါ မျက်မှောက်ဘဝ မှာ ဒိဋ္ဌအကျိုးမပေးသော်လည်း နောင်တမလွန်ဘဝ၌ ပြိတ္တာဖြစ်ရ ခြင်း-စသော အကျိုးယုတ်များကိုခံစားရလေသည်ဖြစ်ကြောင်း၊ ထို့ပြင် မတော်မတရားသော အပြုအမူမျိုးဖြင့် ရရှိသော ပစ္စည်းကိုလည်း ပစ္စည်းဆိုး,ပစ္စည်းယုတ်ဟူ၍သာလျှင် ခေါ်ဆိုထိုက်လေသည်၊ မတရား သဖြင့် ရရှိသော ပစ္စည်းများကို ရင်းနှီး၍ စီးပွား ပြုလုပ်သော်လည်း များသောအားဖြင့် ဖြစ်ထွန်း ကြီးပွားလေ့မရှိဘဲ အတန်ကြာလျှင် ပျက်စီးကုန်ဆုံးတတ်လေသည်ဖြစ်ကြောင်း။

''ခွတ်မရ—ထားမဆုံး'' သိုသော စကားပုံကဲ့သို့ ပစ္စည်းဆိုး, ပစ္စည်း ယုတ်များကို လက်ခံသိမ်းပိုက်၍ထားပါလျှင် ထိုပစ္စည်းများသည် မိမိ ထံမှာ မတဲ့မနားသည့်ပြင် ရှေးကရှိနှင့်ရင်းဖြစ်သော မိမိပစ္စည်း, ဥစ္စာ ရင်းများကိုပင် ကုန်စင်အောင် သွေးဆောင်ဖြုန်းတီး၍ သွားတတ်လေ သည်ဖြစ်ကြောင်း၊ ဤသို့သောအကြောင်းများကို မြော်မြင်လေသော ကြောင့် ''ဥစ္စာပစ္စည်းဆိုးများကို ရှောင်ကြဉ်စွန့်ပယ်ရမည်''ဟူ၍ ဆို လေသည်ဖြစ်ကြောင်း၊ ပြန်ဘက်အဓိပ္ပါယ်အားဖြင့် ''တရားသဖြင့် ရ အပ်သောပစ္စည်း,သန့်ပြန့်စင်ကြယ်သောပစ္စည်း, အစိုးရမင်းတို့ နှစ်

သက်အပ်သော ပစ္စည်းများသာ သိမ်းဆည်းစုဆောင်းရမည်''ဟူ၍ ဆို လိုသည်။

ဆဋ္ဌမ ''မကောင်းသောဘောဇဉ်'' ဆိုသည်ကား– စားသောက် သုံးမျိုလိုက်သောအခါ မိမိကိုယ်တွင်းမှာရှိသော ဓာတ်သဘာဝများ နှင့် မျှတညီညွတ်ခြင်းကို မဖြစ်စေဘဲ ဓာတ်လေးပါးကို ချောက်ချား စေပြီးလျှင် ရောဂါဆိုး,ဥပဒ်ဆိုး အမျိုးမျိုးတို့ကို ဖြစ်ပွားစေတတ် သော အစားဆိုး, အာဟာရဆိုးများကို ဆိုလိုသည်ဖြစ်ကြောင်း။

''သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ''ဟူ၍ဆိုသောအတိုင်း အလုံး စုံသော သတ္တဝါများသည် အစာအာဟာရဟုဆိုအပ်သော ဘောဇဉ် များသာလျှင်ထောက်ရာ,တည်ရာရှိကုန်သောကြောင့် အစာအာဟာရ ကိုသာလျှင် များစွာအားပြုကြရလေသည်ဖြစ်ကြောင်း၊ ထိုသတ္တဝါ တို့၏ ထောက်ရာ,တည်ရာ အသက်၏မှီခိုရာဖြစ်သော အစာ ဘောဇဉ် များကို စားသောက်ရာ၌ အထူးပင် ဆင်ခြင်အပ်လေသည်၊အရသာပင် ကောင်းသော်လည်း မျိုလိုက်၍ ဝမ်းတွင်းသို့ ရောက်လေသောအခါ ကောင်းစွာ ကြေညက်ခြင်း ဇိဏ္ဏသဘောသို့ မရောက်စေဘဲ မကြေ မညက်ခြင်း အဇိဏ္ဏသဘောသို့သာရောက်စေ၍ ရောဂါဥပဒ်ကို ဖြစ် ပွားစေပါလျှင် ထိုအစာမျိုးကို မည်သည့်နည်းနှင့်မျှ မစားမသောက်ဘဲ ရှောင်ကြဉ်အပ်လေသည်ဖြစ်ကြောင်း။

ဇိဏ္ဏံ အန္နံ ပသံသေယျ။ ။အန္နံ၊ အစာဘောဇဉ်ကို။ ဇိဏ္ဏံ၊ ကြေ ညက်လေသောအခါမှ။ ပသံသေယျ၊ ချီးမွမ်းရာ၏–ဟူ၍ လောက နီတိဆရာ ဆိုသောအတိုင်း မည်သည့်အစာ ဘောဇဉ်မျိုးမဆို အစာ မကြေလျှင် အနာရောဂါဖြစ်၍ မကြေမညက်မီ ချီးမွမ်းသင့်သည် မဟုတ်ချေ၊ မိမိ၏ ဝမ်းအတွင်းမှာရှိသော ဓာတ်မီးနှင့်မမျှတလျှင် မည် မျှလောက်ပင် အရသာကောင်းမွန်သော်လည်း မိမိတို့အတွက်အား ဖြင့် ကောင်းမြတ်သော အစာအာဟာရ-ဟူ၍ ဆိုထိုက်သည် မဟုတ် ချေ။

**ဥပမာ။** ။နတ်သြဇာသည် လွန်စွာအရသာရှိ၍ ကောင်းမြတ် လှ၏၊ သို့ရာတွင် ကျွန်ုပ်တို့စားသောက်ရန်အတွက်ဆိုလျှင် ကျွန်ုပ်တို့၏

သန္တာန်မှာရှိသော ဓာတ်မီးနှင့် မျှတမည်မဟုတ်၊ စားသောက်လျှင် ရောဂါဥပဒ် ကပ်ရောက်စေမည်ဖြစ်သောကြောင့် ကောင်းမွန်သော အစာဘောဇဉ်-ဟူ၍မဆိုထိုက်ချေ၊ **"ထင်တိုင်းလည်းမဆိုနှင့်၊ ဝင်တိုင်းလည်းမမျိုနှင့်"** ဟူ၍ ရှေးဆရာကြီးတို့ဆိုအပ်သောစကားပုံအတိုင်း မိမိတို့စားသောက်နေကျဖြစ်သော အစားအစာပင်ဖြစ်လင့်ကစား အရသာရှိ၍ စားသောက်ကောင်းကိုင်း များစွာမစားသောက်ရာ၊ **"တန်လျှင်ဆေး၊လွန်လျှင်ဘေး"** ဆိုသောအတိုင်း သင့်တန်မျှတရုံစားသောက်လျှင် ဆေးဝါးကဲ့သို့ အကျိုးပေး၍ လွန်ကျူးစွာ စားသောက်လျှင် ဘေးရောက်စေတတ်သည်များကိုလည်း သတိထားအပ်လေသည်၊ ဤနေရာ၌ ဝေဿန္တရာဇာတ်တော်တွင်လာသော ဇူဇကာ ပုဏ္ဏားကို ထောက်ထား၍ အစားကြီးက ပျက်စီးတတ်ကြောင်းများကို ကောင်းစွာ သက်သေ သာဓကနှင့်တကွ သိအပ်လေသည်ဖြစ်ကြောင်း။

ထို့ပြင် လတ်ဆတ်သော အစာမှတပါး ဟောင်းနွမ်း ပုပ်ရိ လေပြီးသော အစာအာဟာရများကိုလည်း မကောင်းသော အစာဘောဇဉ် ဟူ၍ မှတ်သားထိုက်လေသည်၊ ထို့ပြင် သေရည်သေရက်,ဘိန်း,ဘင်း, ကဇော်,လှော်စာ,ဆေးခြောက်,ကုတ်ကင်း စသော မူးယစ် မေ့လျော့စေတတ်သော အစာအာဟာရများကိုလည်း ကောင်းသော အစာအာဟာရများဟူ၍ ဆိုထိုက်သည်မဟုတ်ချေ။

ထိုမှတပါး ကျွန်ုပ်တို့ မကြာ,မကြာ တွေ့မြင်ကြားသိကြရသည်မှာ အချို့သောမိတ်ဆွေများသည် အသက်ရှည်စွာ အနားကင်းလို,အရေအသားနုပျိုလိုကြသောကြောင့် အင်္ဂရိတ်ဆရာတို့ ပြောဆိုသမုတ်ကြသောအတိုင်း အာယုဝဍ္ဎန ဆေးခေါ်သော ပြဒါးပြာ, သံပြာ, ဆေးဒန်းပြာ စသည်တို့ကိုလည်း စားသောက်တတ်ကြလေသည် ဖြစ်ကြောင်း၊ များသောအားဖြင့် ကျွန်ုပ်တို့ကြားသိတွေ့မြင်ကြရသည်မှာ ထိုဆေးဒန်းပြာ,ပြဒါးပြာစသည်များကို စားသုံးသည့်အတွက် မိမွေးတိုင်း,ဘမွေးတိုင်းထက် ထူးခြားကွဲလွဲ၍ ရှည်ကြာစွာအသက်တည်၍ အနာကင်းရှင်း နုပျိုခြင်းသို့မရောက်သည့်ပြင် ရောဂါဥပဒ်များနှင့် သာတွေ့ကြုံရ၍ အသက်တမ်းမတိုင်မီ ပျက်စီးချုပ်ဆုံးသည်များကို ၎င်း, ပိန်ချုံးအားပျက် ပြဒါးထွက်ခြင်း စသည်များကို၎င်း တွေ့မြင်

ကြားသိကြရလေသည်၊ ထို့ကြောင့် ထိုအဂ္ဂိရတ်ဆရာတို့၏ စကားနှင့် အာယုဝဍ္ဎနပြာ စားခြင်းများကိုလည်း အထူးပင်သတိထားအပ်လေသည်ဖြစ်ကြောင်း၊ ဤသို့သော အကြောင်းအချက်များကို မြော်မြင်သိရှိလေသောကြောင့် "အကျိုးမထွန်းကား အပြစ်များစေတတ်သော အစားအစာတို့ကို ဝေးစွာရှောင်ကြဉ်ရမည်"ဟူ၍ စာဏက္ကျဆရာကြီး မိန့်ဆိုလေသည်ဖြစ်ကြောင်း၊ ပြန်ဘက်အဓိပ္ပါယ်အားဖြင့် "ကောင်းမွန်သော အစာဘောဇဉ်များကိုသာ မျှတစွာစားသောက်ကြရမည်" ဟူ၍ ဆိုလိုသတည်း။

ပညာရှိတို့ ရှောင်ကြဉ်အပ်သောအရာများ အကြောင်းပြီး၏။

---

## ၇။ ငြိုငြင်ရခြင်းအကြောင်း ၄–ပါး

ကိစ္စာ ဝုတ္တိ ပရာဓိနာ၊
ကိစ္ဆော ဝါသော နိရာလယော။
နိဒ္ဓနော ဗျဝသာယော စ၊
သဗ္ဗကိစ္စာ ဒလိဒ္ဒတာ။ ။

**အနက်။** ။ပရာဓိနာ၊ သူတပါးနှင့် စပ်လျဉ်းလျက် ရှိနေသော။ ဝုတ္တိ၊ အသက်မွေးခြင်းသည်။ ကိစ္စာ၊ ငြိုငြင်၏။ နိရာလယော၊ မိမိကိုယ်ပိုင်နေထိုင်ရန်ဌာနမရှိဘဲ။ ဝါသော၊နေထိုင်ရခြင်းသည်။ကိစ္ဆော၊ ငြိုငြင်၏။ နိဒ္ဓနော၊ ဉစ္စာပစ္စည်း အရင်းအနှီးမရှိဘဲ။ ဗျဝသာယော စ၊ ဖောက်ကားရောင်းဝယ် ကုန်သွယ်ရခြင်းသည်လည်း။ ကိစ္ဆော၊ ငြိုငြင်၏။ ဒလိဒ္ဒတာ၊ ဆင်းရဲနွမ်းပါးခြင်းသည်ကား။ သဗ္ဗကိစ္စာ၊ အလုံးစုံ အငြိုအငြင်တကာတို့ထက် များစွာငြိုငြင်လှ၏။

**ဆိုလိုရင်းမှာ။** ။သူတပါးနှင့်စပ်၍ အသက်မွေးရခြင်းသည် ငြိုငြင်ပင်ပန်း၏၊မိမိနေရာဌာနအပိုင်မရှိဘဲနေထိုင်ရခြင်းသည်ငြိုငြင်ပင်ပန်း၏၊ ဉစ္စာအရင်းအနှီးမရှိဘဲ ကုန်သွယ်ခြင်းသည် ငြိုငြင်ပင်ပန်း၏၊ ဆင်းရဲနွမ်းပါးခြင်းသည်ကား အငြိုအငြင်ဆုံးတည်း-ဟူ၍ ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

၁။ သူနှင့်တွဲကာ၊ သက်မွေးပါ၊ လွန်စွာငြိုငြင်ဘိ။
၂။ အိမ်မိုင်လွတ်ကင်း၊ နေရခြင်း၊ ဆင်းရဲငြိုငြင်ဘိ။
၃။ ဥစ္စာပါးရှား၊ ကုန်သွယ်ငြား၊ စီးပွားငြိုငြင်ဘိ။
၄။ ဆင်းရဲခြင်းမှာ၊ အဖြာဖြာ၊ လွန်စွာငြိုငြင်ဘိ။

### အဓိပ္ပါယ်အကျယ်

ပြဆိုအပ်သော ငြိုငြင်ရခြင်းအကြောင်းတရား လေးပါးတို့တွင်—

၁။ ပထမ အချက်ဖြစ်သော ''သူတပါးနှင့်စပ်၍ အသက်မွေးမှု၏ ငြိုငြင်ပုံ''ကို ဆင်ခြင်တွေးဆရန်ရှိလေသည်မှာ မိမိကိုယ်ပိုး, ကိုယ်ပိုင်မဟုတ်ဘဲ သူတပါးနှင့်ယှဉ်တွဲ၍ အသက်မွေးမှုရခြင်းသည် မိမိကိုယ်နှင့်စိတ်ကို တုပ်နှောင်ချုပ်တည်း၍ ထားသကဲ့သို့ဖြစ်လေသည်။

ဥပမာ။ ။တစုံတခုသောကြိုးဖြင့် တုပ်နှောင်၍ ထားအပ်သော ကျွဲ, နွား, ဆင်, မြင်းစသည်တို့မှာ မိမိတို့သဘောရှိရာ သွား, လာ ကျက်စားခွင့်မရဘဲတုပ်နှောင်သောကြိုး၏အလိုသို့သာလိုက်ပါနေရ၍ စိတ်ကျဉ်းမြောင်းစွာနှင့် ငြိုငြင်ပင်ပန်းရိန္နမ်းကြောင့်ကြခြင်းကို ခံနေရသကဲ့သို့ ထို့အတူ မိမိအသက်မွေးမှုကြောင်းဖြစ်သောအလုပ် အကိုင်, အကြံအစည်များသည် သူတပါးတို့နှင့် မလွတ်မကင်းဘဲ ရှိနေပါလျှင် မိမိသဘောရှိရာ မပြုမလုပ်ရဘဲ ဘက်တွဲမှီတွယ်ရသောသူ၏ အလိုသို့သာလိုက်ပါ၍နေရသဖြင့် ကိုယ်၏ကြပ်တည်းခြင်း,စိတ်၏ကျဉ်းမြောင်းခြင်းကိုခံနေရပြီးလျှင် ချမ်းသာခွင့်ကိုမရနိုင်ချေ။

သူတပါးနှင့် စပ်သော အသက်မွေးမှုမှုဆိုသည်မှာ အစိုးရဘက်မှဖြစ်စေ, သူဌေးဘက်မှဖြစ်စေ တလလျှင်မည်ရွေ့,မည်မျှဟူ၍ လခကြေးငွေနှင့် အလုပ်လုပ်ကိုင်လျက် စားသောက်နေထိုင်ကာ အသက်မွေးခြင်းစသည်များကို ဆိုလိုသည်ဖြစ်ကြောင်း၊ ထိုသို့အသက်မွေးမှုမှုများသည် မိမိကိုယ်နှင့် မိမိအစွမ်းသတ္တိများကို အရှင်သခင်တို့ထံ၌ လုံးလုံးပုံ၍ အပ်နှံပြီးလျှင် လပိုင်းအားဖြင့် ရောင်းစားသကဲ့သို့ ဖြစ်လေသောကြောင့် ထိုသူတို့၏ ကိုယ်,စိတ်များနှင့် အစွမ်းသတ္တိများသည် မိမိတို့ပိုင်နက်မဟုတ်ကြကုန်ဘဲ အရှင်သခင်တို့၏အပိုင်စာရင်းတွင်ထည့်သွင်း

၍ ထားလိုက်ရပေတော့သည် ဖြစ်ကြောင်း၊ ထိုသို့ဖြစ်လေသော ကြောင့် ထိုသူတပါးကိုမှီတွယ်၍ အသက်မွေးမြူရသောသူများသည် ကိုယ်အလိုရှိရာ စီးပွားရှာဖွေခြင်း, ကိုယ်အလိုရှိရာချမ်းသာအေးမြစွာနေထိုင်ခြင်း, ကိုယ်အလိုရှိရာ သွား,လာလှည့်ပတ်ခြင်းစသည်များကို မပြုလုပ်ရလေဘဲ အရှင်သခင်တို့နေရာချထားသော တာဝန်ကြီးများကိုသာလျှင် မိမိတို့ဦးခေါင်းထက်မှာ အမြဲတင်ထားလျက် အရှင်သခင်တို့၏ မျက်နှာအားရရှိသည့် အမှုများကိုသာလျှင် ပြုလုပ်ရွက်ဆောင်ကာ နေထိုင်ကြရလေသည်ဖြစ်ကြောင်း။

ထိုသို့နေထိုင်ရာ အရှင်သခင်တို့၏ အမိန့်ဩဇာသည် မိမိအသည်းနှလုံးမှာ စူးဝင်၍နေပြီးလျှင် ထိုဩဇာ,အာဏာကို မလွန်ဆန်ဝံ့ဘဲ အရှင်သခင်တို့ထားသောစည်းမျဉ်းများကို မကျော်နင်းဝံ့ဘဲ ကျဉ်းမြောင်းသောလမ်းဖြင့်သာ သွား, လာ နေထိုင်ကြရလေသည်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာတရားတော်အရ ရှေးအပရာပရိယဝေဒနီယ ကံအစွမ်းရှိ၍ ဤဘဝမှာ များစွာအကျိုးပေးရန် အခွင့်ရှိပါသော်လည်း ကျဉ်းမြောင်းသော စည်းကမ်းကလနားအတွင်းမှာ ကြပ်တည်းစွာနေထိုင်ရခြင်းတည်းဟူသော ပယောဂဝိပ္ပတ္တိ ယုတ်ညံ့သိမ်ဖျင်းလေသောကြောင့် ကံစွမ်းရှိသလောက် အကျိုးပေးခြင်းကို မခံစားရဘဲ စည်းကမ်းအတွင်းမှာသာ ထိုက်သင့်ရုံမျှနှင့် အကျိုးပေးခွင့်ကို ခံစံကြရလေသည်ဖြစ်ကြောင်း၊ ထို့ကြောင့် သူတပါးတို့ကိုမှီ၍ အသက်မွေးမြူရခြင်းသည်ကား မိမိ၏ကိုယ်,စိတ်နှင့် အစွမ်းသတ္တိများကိုသာ ချုပ်နှောင်၍ထားသည်မဟုတ်သေးဘဲ ရှေးကံ၏အစွမ်းသတ္တိကိုလည်း များသောအားဖြင့် ချုပ်နှောင်လျက်ထားလေသေးသည်-ဟူ၍ ဆိုရကြောင်း။

ဥပမာ။ ။သစ်ပင်နှင့်စင်များကိုအမှီရမှ စည်ပင်ကြီးပွားနိုင်သော မိကျောင်းနွယ်,ဂုံညင်းနွယ်စသော နွယ်ပင်များသည် မိမိတို့သတ္တိ အစွမ်းရှိသလောက်ကြီးပွားချင်သော်လည်း မှီတွယ်ရာဖြစ်သော သစ်ပင်ကို မလွန်ဆန်နိုင်ဘဲ ထိုမှီရာသစ်ပင် သဘောအတိုင်းသာ လိုက်ပါ၍ ကြီးပွားကြရလေသကဲ့သို့ဖြစ်လေကြောင်း၊ ကြက်ဆူပင်ကို မှီတွယ်ရသော မိကျောင်းနွယ်သည် အဘယ်မျှပင် ကြီးပွားချင်သော်လည်း

မိခိုရာကြက်ဆူပင်ကိုမလွှန်ဆန်နိုင်ဘဲထိုကြက်ဆူပင်နှင့်ထိုက်သလောက် သာလျှင် ကြီးပွား၍ နွယ်ရလေသည်ဖြစ်ကြောင်း၊ ထို့ကြောင့် သူတပါးနှင့် စပ်လျဉ်း၍ အသက်မွေးမြူရသောသူများသည် သစ်ပင်နှင့်စင်များကိုမှီတွယ်ကာ ကြီးပွားရသော နွယ်ပင်များနှင့်သဏ္ဌာန်တူလေသည်ဖြစ်ကြောင်း။

''**မင်းခ, ယောက်ျား ကမ်းနားသစ်ပင်**''ဆိုသောစကားပုံကဲ့သို့ထိုသူတို့၏အသက်မွေးမှုလုပ်ငန်းသည် တသက်နှင့် တကိုယ်မပျက်ဘူးဟု မဆိုသာဘဲ အထက်အရှင်သခင်တို့က တစုံတခုသော အရေးကိစ္စနှင့် နှစ်သက်ခြင်းမရှိလေသည်ရှိသော် ထိုအသက်မွေးမှု အလုပ်ကိုပင်ဖြုတ်၍ ပစ်ခြင်းကို ခံရတတ်လေသေးသည်ဖြစ်ကြောင်း၊ ထို့ပြင် အရှင်သခင်တို့၏ မျက်နှာကိုသာ အစဉ်မပြတ်မော်၍ ကြည့်နေကြရပြီးလျှင် တစုံတရာ မျက်နှာမသာရှိက ''ငါ့အပေါ်မှာ မည်သည့်အပြစ်ရှိလေသနည်း''ဟု တွေးတောရှုပ်ထွေး တပူနွေးနွေး တဆွေးဆွေးနှင့် စိတ်အေး၍ သက်သာခွင့်ကိုမရဘဲ စိုးရိမ်သောကများစွာဖြစ်ကြရလေသည် ဖြစ်ကြောင်း။

ထိုအရှင်သခင်တို့၏ မျက်နှာသာပေးခြင်းကို ရလေအောင်, ပြုံးရွှင်သောမျက်စိနှင့် မိမိတို့ကို ကြည့်ရှုရလေအောင်, သာယာစွာသော စကားဖြင့် မိမိတို့အပေါ်မှာပြောကြားလေအောင် အရာ,အထောင်မကသော အောက်ကျ,နောက်ကျခြင်းကို ခံ၍ အလိုရှိရာလိုက်ပါပြုကျင့်ရလေသည်ဖြစ်ကြောင်း၊ အလွန်တရာ ပညာရှိသည်ဟူ၍ ကျော်စောထင်ရှားသော မဟောသဓာ သုခမိန်သော်မှလည်း သူတပါးနှင့် စပ်လျဉ်းသော အသက်မွေးခြင်းဖြင့် နေထိုင်ရလေသောကြောင့် မိမိပညာစွမ်းရှိသမျှ ကြီးပွားခြင်းကို မရဘဲ ဒုက္ခ,ဒုက္ခ ငြိုငြင်ပင်ပန်းမှုများနှင့် တွေ့ကြုံရ၍ ဘဝကို ဖြုန်းတီး စွန့်လွှတ်လိုက်ရလေတော့သည်သာ ဖြစ်ကြောင်း။

သေချာစွာစဉ်းစားဆင်ခြင်၍ ကြည့်သည်ရှိသော် ထိုသို့သူတပါးကိုမှီတွယ်ကာ အသက်မွေးမြူမှုသည် လူဖြစ်၍လာသော ဘဝတခုကလေးမှာ အေးအေးသက်သာ လွတ်လပ်ကျယ်ဝန်းစွာ မနေ့,မထိုင်ရဘဲ မိမိ

တို့မှာရှိသည့် ခြေ,လက် အင်္ဂါ,နား,မျက်စိများနှင့်အစွမ်းသတ္တိများကို ရောင်းစားသောအားဖြင့် အရှင်သခင်တို့အထံမှာ ပုံ၍အပ်နှင်းလိုက်ပြီးလျှင် ထိုကိုယ်ပိုင်မဟုတ်သော ခြေ,လက်,နား,မျက်စိများနှင့် မရဲမဝံ့ ကြောက်ရွံ့ရွံ့နှင့်သာ အစာစားသောကျီးကဲ့သို့ တထိတ်ထိတ်တပြာပြာ နေထိုင်လျက် ဘဝကိုဖြုန်းတီးလိုက်ကြရလေသည် ဖြစ်ကြောင်း။

ဥပမာ။ ။မိမိတို့ ဘိုး,ဘွားမိ,ဘ ထံမှအမွေရပြီးဖြစ်သောလယ်မြေများကို သူတပါးထံမှာ ပေါင်နှံထားရာ ထိုလယ်မြေများအပေါ်တွင် ကိုယ်အလိုရှိရာ မပြုမလုပ်နိုင်ဘိသကဲ့သို့ အရှင်သခင်တို့ထံမှာ ပေါင်နှံထားဘိသကဲ့သို့ဖြစ်လေသော မိမိတို့၏ ခြေ,လက် အင်္ဂါ,နား,မျက်စိများနှင့် မည်သို့ ကြံစည်မည်,မည်သို့လုပ်ဆောင်မည်-ဟုအရဲစွန့်ကာ မပြုမလုပ်ဝံ့ကြဘဲ ကျဉ်းမြောင်း ကြပ်တည်းစွာနှင့် သခင့်မျက်နှာကို တမော်မော်ကြည့်လျက်သာ နေ့ကုန်ခံကာ နေထိုင်ကြရလေသည် ဖြစ်ကြောင်း။

ကျဉ်းမြောင်းစွာ ချောက်ကမ်း နှစ်ဘက်ညှပ်ထားသော တောင်ကြားလမ်းသို့သွားသောသူသည် မည်သည့်အရာဌာနကိုမျှ လှည့်ကာ, စောင်းကာ မကြည့်ဝံ့ဘဲ တည့်မတ်စွာကြည့်ခြင်းဖြင့် ခြေချော်, လက်ချော်မရှိအောင် အထူးဂရုစိုက်ကာသွားလာရလေသည်၊ အခွင့်မသင့်၍ သတိလစ်ကာ တိမ်းချော်သွားပါလျှင် နှစ်ဘက်ညှပ်လျက်ရှိသော ချောက်ထဲသို့သာ ကျရောက်တတ်လေသည်ဖြစ်ကြောင်း၊ ထို့အတူ အရှင်သခင်တို့၏ ဩဇာ,အာဏာအောက်မှာ နေထိုင်၍ မှီခိုစားသောက်ကြရသောသူများသည်လည်း ဩဇာ,အာဏာတည်းဟူသော တောင်ကြားလမ်းကျဉ်းပေါ်မှ ချော်၍မကျကြရအောင် အထူးသတိရှိစွာနှင့် နေထိုင်စားသောက်ကြရလေသည်။

အကယ်၍ သတိလစ်ဟင်းကာ ချော်ခြင်း, တိမ်းခြင်း ရှိခဲ့ပါလျှင် အသက်မွေးမှုအလုပ်မှ အထုတ်အနှင်ခံရခြင်း, ဒဏ်သင့်ခြင်းတည်းဟူသော ချောက်ကြီးထဲသို့ ပိုးကနဲကျသွားကြလိမ့်မည်သာ ဖြစ်လေသည်၊ ဤသို့သော အကြောင်းအချက်များကို မြော်မြင်လေသောကြောင့် ''သူတပါးတို့နှင့်စပ်၍ အသက်မွေးရခြင်းကား-ငြိုငြင်ခြင်း

တပါး'' ဟူ၍ စာဏကျဆရာကြီးဆိုလေသည်၊ ထိုသို့သူတပါးနှင့်စပ်သော အသက်မွေးမြူမှုဖြင့် အသက်မမွေးဘဲ ကိုယ်စွမ်း, ကိုယ်ကိုးစိုးစိုးပိုင်ပိုင် အသက်မွေးမြူနိုင်လေသည်ရှိသော် ကျယ်ဝန်းစွာနှင့် ရဲဝံ့ခံ့ညားစွာ နေထိုင်နိုင်ကြလေသည်၊ အယုတ်သဖြင့် အောက်တန်းကျသော ကူလီဝန်ထမ်းအလုပ်ကိုပင် လုပ်ရသည်ဖြစ်စေ၊ မိမိအထက်က ဩဇာ,အာဏာဖြင့် ဖိနှိပ်၍စည်းကမ်းထားသူမရှိပါလျှင် ကိုယ့်အလုပ်ကို ကိုယ်လုပ်ကိုင်သည်မည်သောကြောင့် လွတ်လပ်ကျယ်ပြန့်စွာ ရှိလေတော့သည်ဖြစ်ကြောင်း။

ထိုကူလီဝန်ထမ်းသမားသည် သွားလိုရာသွား, လာလိုရာလာ, ကိုယ်ကြံစည်ချင်သောအရာကိုသော်လည်း ကြံစည်ပြုလုပ်နိုင်လေသည်၊ ထိုသူ၏ဝင်ငွေများကို စည်းကမ်းသန့်ခြားခြင်းမရှိဘဲ အခွင့်အလှည့်သင့်သောအခါ များစွာရရှိနိုင်လေသည်၊ ထိုကူလီဝန်ထမ်းသမားအဖြစ်မှ ကံကောင်းထောက်မ,ပါက တစ,တစ ကြီးပွားသွားပြီးလျှင် သူဌေးကြီး, သူကြွယ်ကြီးများပင် ဖြစ်နိုင်ကြလေ၏၊ ထိုကဲ့သို့ကူလီဝန်ထမ်းသမားလောက်က စပြီးလျှင် ကိုယ့်အသက်ကို ကိုယ့်အလုပ်ဖြင့် မွေးမြူလုပ်ကိုင်၍ တစ, တစ ကြီးပွားလာသည်နှင့် ဥစ္စာပစ္စည်းရှင် အခေါ်ခံကြရသောသူများကိုလည်း မိတ်ဆွေအများတို့ကြားသိတွေ့မြင်ဘူးကြပေလိမ့်မည်။

ထို့ပြင် သေးငယ်သော ကုန်စုံဆိုင်ကလေးဖြင့် ကိုယ့်အသက်ကို ကိုယ်မွေးမြူရင်း လုပ်ကိုင်ရှာဖွေလာကြရာ ကာလအတန်ကြာလျှင် ကုန်ဆိုင်ကြီး, တိုက်ဆိုင်ကြီး, ကုမ္ပဏီကြီးများဖြစ်ပြီးလျှင် သူဌေးဘွဲ့ကြီးများနှင့် ခမ်းခမ်းနားနား လွတ်ကင်းကျယ်ပြန့်စွာ နေထိုင်နိုင်ကြရလေသည်၊ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာကျမ်းဂန်မှာ လာသောအတိုင်း ရှေးအခါ အနာထပိဏ်, ဝိသာခါ စသော သူဌေးကြီးတွေပြုလုပ်၍ နေထိုင်ကြကုန်သော သူတို့၏ အသက်မွေးမှုကိုကြည့်လျှင် ကိုယ့်အလုပ်, ကိုယ့်အကိုင်နှင့် ကိုယ့်အသက်ကို ကိုယ်မွေးမြူကြသော သူများဖြစ်သည်ကို သိရှိရကြောင်း၊ ထိုသို့လွတ်လပ်စွာနှင့် အနှောင့်အရှက်မရှိဘဲ ကိုယ့်အလုပ်နှင့် ကိုယ့်အသက်မွေးမြူသောသူများမှာ ရှေးကံဟောင်းများကိုလည်း အစွမ်းရှိသလောက်အကျိုးပေးနိုင်ရန် လမ်းဖွင့်၍ထားသည်နှင့်

တူသောကြောင့် အကန့်အသတ်, အဟန့်အတားမရှိဘဲ ကြီးကဲသော ကံစွမ်း၏အကျိုးကို ခံစားကြလေသည်။

ထို့ပြင် ထိုသူတို့၏လက်,ခြေ,နား, မျက်စိများသည် မည်သူအား နှင့်မျှမသက်ဆိုင် ကိုယ်စိုး, ကိုယ်ပိုင် ဖြစ်လေသောကြောင့် မိမိပြုလုပ် ကြံစည်လိုသောအရာများကို ကောင်းစွာကြံစည်လုပ်ကိုင်နိုင်လေသည် ဖြစ်ကြောင်း၊ ထိုသူ၏အလုပ်အကိုင်များအတွက် မည်သူကမှလာ၍ သြဇာ, အာဏာမပေးနိုင်သည့်ပြင် မိမိအလုပ်အကိုင်မှ နုတ်ပစ်ပယ်ချ ခြင်းကိုခံကြရမည်လည်း မဟုတ်ချေ၊ ထိုသူများသည် နွယ်ပင်များ ကဲ့သို့မဟုတ်ဘဲ မိမိတို့အလိုလို ပေါက်ရောက်ကြီးပွားနိုင်သော သစ်ပင် များနှင့်သာ တူလေသည့်ပြင် ပြန့်ကျယ်သော ခရီးလမ်းမကြီးမှာ ကြောက်လန့်ဘွယ်ရာမရှိဘဲ သွား,လာကြရသော သူများနှင့်လည်း တူ လေသည်၊ ထို့ကြောင့် ငြိုငြင်၍ ကျဉ်းမြောင်းကြပ်တည်း ဗျာပါရ ကြီးလှသော သူတပါးတို့နှင့် စပ်လျဉ်း ယှဉ်တွဲရသည့် အသက်မွေးမှု များကို တတ်စွမ်းနိုင်သမျှ ပယ်ရှားကြပြီးလျှင် ကျယ်ပြန့်၍စိတ်အေး ချမ်းသာသည့်ပြင် ကံအားလျော်စွာ အကျိုးပေးခွင့်ရ၍ ကြီးပွား ကြောင်းဖြစ်သည့် ကိုယ့်အလုပ်, ကိုယ့်အကိုင်များနှင့် လွတ်လပ်စွာ အသက်မွေးမြူမှုများကို လိုက်စား ကြံစည်သင့်ကြပေသည်။

၂။ "ဒုတိယငြိုငြင်ခြင်း"မှာ မိမိတို့နေရာ,ထိုင်ရာဟူ၍ အမြဲအစွဲ မရှိဘဲ နေထိုင်ခြင်းဖြစ်လေသည်၊ ထိုသို့နေထိုင်ရခြင်းသည်ကား စီးပွား ဖြစ်ထွန်းဘို့ အခြေအနေကိုမရနိုင်သည့်ပြင် အတည်မမြဲ ဖောက်လဲ ဖောက်ပြန် ဒုက္ခခံရခြင်းအကြောင်းပင်ဖြစ်လေ၏၊ မိမိတို့နေထိုင်ရန် အရိပ်အာဝါသမရှိလျှင် သူတပါးတို့အိမ်မှာသော်လည်း မှီခိုကပ်ရပ်၍ နေထိုင်ရ၏၊ ငှါးရမ်း၍သော်လည်း နေထိုင်ရ၏၊ မှီခိုကပ်ရပ်၍ နေထိုင် ရပါလျှင် သူတပါးတို့ကို မှီခို၍အသက်မွေးမြူရသော သူတို့ကဲ့သို့ပင် အိမ်ရှင်,တိုက်ရှင်တို့၏ မျက်နှာကိုသာလျှင် တမော်တည်းမော်၍ ကြည့် နေကြရပြီးလျှင် မျက်နှာမသာသည်ကို မခံဝံ့ဘဲ လွန်စွာ ဆင်းရဲငြိုငြင် ကြရလေသည်။

အိမ်ရှင်တို့၏ အရိပ်အာဝါသကို မှီခိုနေထိုင် ရပြန်သောကြောင့် ကျေးဇူးခံ, ကျေးဇူးစားဖြစ်၍ နေပြီးလျှင် ကျေးဇူးရှင်များကိုလည်း

**"အရိပ်နေနေ အခက်ချိုးချိုး"** ဆိုသကဲ့သို့ မဖြစ်ရအောင် တရားအားဖြင့် လွန်စွာဂိုဏ်းရှောင်ကြရပြန်လေသည်၊ မိမိတို့ပိုင်ဆိုင်သော နေရာမရှိသည့်အတွက်နှင့် ငှါးရမ်းနေပြန်ကလည်း မိမိတို့လုပ်ကိုင်၍ ရသမျှသော ပစ္စည်း ဥစ္စာထဲမှ ဝေခွဲ၍ အိမ်ရှင်တို့အား ပေးကမ်း ကြရပြန်လေသဖြင့် ရသင့်ရထိုက်သလောက် ကျေးဇူးမဖြစ်ထွန်းဘဲ စီးပွားလစ်ဟင်းခြင်းကိုခံရလေသည်။

ရန်ကုန်မြို့ပေါ်မှာ အိမ်ငှါး၍ နေထိုင်ကြရသော မိတ်ဆွေအများတို့သည် မိမိတို့ဝင်ငွေနည်းလျှင် နည်းသည့်အလျောက်, များလျှင် များသည့်အလျောက် ငွေများကို ပေးကမ်းပြီးလျှင် ငှါးရမ်း နေထိုင်ကြရသောကြောင့် ထိုအိမ်ငှါးနေခပေးရခြင်းတည်းဟူသော တာဝန်ကြီးကို လစဉ်လတိုင်းပင် ထမ်းရွက်ချိပိုးကာ နေကြရလေသည်၊ လပေါင်း, နှစ်ပေါင်း များစွာပေးဆောင်ရသော အိမ်ငှားခငွေများကိုစုပေါင်း၍ တွက်ချက်လျှင် တသက်လုံးစားသောက်ဘို့ရန် အရင်း, အနှီးကြီးတခု ပြုလောက်ပေလိမ့်မည်၊ ထို့ပြင် ငှါးရမ်းနေထိုင်ရသောအိမ်မှာ အမြဲအစွဲသဘောရှိတိုင်း နေထိုင်ရသည်မဟုတ်ဘဲ အိမ်ရှင်တို့သဘောမကျသောအခါဖြစ်စေ, အလိုရှိသောအခါဖြစ်စေ နှင်ထုတ်ခြင်းကိုပင် ခံရလေသေး၏။

ထိုအခါ နေရာဌာနအလိုက် မိမိတို့အခြေအနေတည်စိုက်ပြီးရှိသည်များကိုပင် အခြေဖျက်ကာ အနစ်နာခံ၍ ထွက်သွားကြရလေသည်။

ထို့ကြောင့် "အိုးအိမ်အပိုင်မရှိဘဲ နေထိုင်ရခြင်းသည် ဆင်းရဲ ငြိုငြင်၏" ဟူ၍ စာဏကျဆရာကြီးဆိုလေသည်။

မိမိပိုင်ဆိုင်သော အိုးအိမ်ရှိပါတပြီးကား အရိပ်အာဝါသအတွက် တစုံတရာပူပန်ညှိုးငယ်စရာမရှိသည့်ပြင် ထိုအိုးအိမ်အတွက်နှင့် အချက်တခု လုံလောက်ပြီး ဖြစ်လေသောကြောင့် အလုပ်, အကိုင်အားဖြင့် ပစ္စည်းရှာဖွေ၍ သိုမှီးစုဆောင်းရန် လွယ်ကူလေသည်၊ လူဖြစ်စဉ်အခါ အာဝါသသပ္ပါယနှင့် ပြည့်စုံ၍ ခိုလှုံနေထိုင်ရာဖြစ်သည့် အိုး,အိမ်များကို ရရှိလေအောင် လိုရင်းအချက်ကြီးတခု-ဟု အမြဲမှတ်ပိုက်ပြီးလျှင်

ထူထောင်ရန်သင့်လျော်ကြလေသည်၊ ထိုသို့ထူထောင်နိုင်ရန် အချက်မှာမူကား မိမိတို့ရရှိသော ပစ္စည်း ဥစ္စာများကို အစု,အပုံ, အထုပ်, အထည်ဖြစ်အောင် စုဆောင်းခြင်းဖြစ်လေသည်၊ ထိုသို့ဥစ္စာပစ္စည်း အထုပ်,အထည်ကို လက်၌သိမ်းပိုက်ထားနိုင်သောအခါ မိမိတို့ကိုယ်စိုး, ကိုယ်ပိုင် နေထိုင်ရန် အရိပ်အာဝါသထူထောင်ရန်လည်း ခဲယဉ်းတော့မည် မဟုတ်ချေ။

၃။ "ဥစ္စာပစ္စည်းအရင်းအနှီးမရှိဘဲ ကုန်သွယ်ရခြင်းသည် ငြိုငြင်၏"ဆိုသော တတိယငြိုငြင်ခြင်း၌ဆင်ခြင်ရန်မှာ အရင်းအနှီးဖြစ်သော ငွေသည် ကုန်သွယ်မှု၏အင်အား ဖြစ်သည့်ပြင် အခြေအမြစ်ကြီးလည်း ဖြစ်လေ၏၊ထိုအားနှင့်အခြေမူလဖြစ်သော ငွေရင်းကို ခိုင်ခံ့လုံလောက်စွာတည်ထောင်၍ ကုန်သွယ်ခြင်းအမှုကိုပြုလုပ်ရမှသာလျှင် ကုန်သည်တို့ တွက်ကိန်းအတိုင်း အမြတ်အစွန်းများကို ခံစားသုံးဆောင်ကြရလေသည်၊ ကုန်သည်တယောက်သည် ရပေါက်,ရလမ်း အမြတ်အစွန်းကိုမြင်စွမ်းနိုင်သောသတ္တိရှိသဖြင့်"မည်သည့်ကုန်မျိုးကို ယခုကဝယ်ယူသိုလှောင်၍ထားလျှင်မည်သည့်အချိန်ကာလတွင်မည်မျှလောက် အမြတ်အစွန်း ထွက်ရန်ရှိ၏" ဟူ၍ တွက်ကိန်းမိပါသော်လည်း ငွေရင်းမရှိပါက ထိုမြော်မြင်သောအတိုင်း မလိုက်ပါနိုင်ဘဲ ငုံ့၍သာနေလိုက်ကြရလေတော့သည်ဖြစ်ကြောင်း။

ထို့အတူပင် "မည်သည့် နိုင်ငံက ကုန်မျိုးကို မည်သည့်နိုင်ငံသို့ တင်ပို့ ရောင်းချလျှင် မည်မျှ အမြတ်,အစွန်း ထွက်လာဘို့ရှိ၏၊ မည်သည့်ကုန်မျိုးကို မိမိတို့နိုင်ငံသို့ယူဆောင်ရောင်းချရလျှင် မည်မျှအမြတ်, အစွန်းထွက်လာဘို့ရှိ၏"ဟူ၍ ရိပ်မိ, ဆင်ခြင်မိပါသော်လည်း ငွေရင်းမရှိက ထိုအကြံအစည်များကို ထမြောက်အောင် မကြံစည်နိုင်ဘဲ လက်လွှတ်ပစ်ထားလိုက်ရလေတော့သည်ဖြစ်ကြောင်း။

ကုန်သွယ်မှုမှာ ငွေရင်းသာပဓာနဖြစ်လေသောကြောင့် ငွေရင်းနည်းလျှင်နည်းသည့်အလျောက် ငွေရင်းများလျှင်များသည့်အလျောက် အမြတ်အစွန်း အနည်း,အများ ခြားနားလေသည်ဖြစ်ကြောင်း။

ဥပမာ။ "ဖျတ်ထိုး, ခေါင်းရွက်, အိတ်လွယ်, ပခုံးထမ်းဖြင့် ကုန်ရောင်းကြသော မိန်းမ,ယောကျ်ားတို့၏ ကုန်အရင်းငွေမှာ တနေ့လျှင် ၃-၄-မျှသာဖြစ်လေသောကြောင့် ၎င်းကုန်မှ မြတ်စွန်းသောငွေသည် ၇-ပဲ,၈-ပဲလောက်မျှသာဖြစ်ကြောင်း။

ထိုထက်ကြီးကျယ်စွာ အိမ်ဆိုင်, ဈေးဆိုင်, တိုက်ဆိုင်ကြီးများကို တရာ, တထောင်, တသောင်း စသည်ဖြင့် ငွေရင်းစိုက်၍ ရောင်းချကြသောအခါ တလလျှင် လေးငါးခြောက်ဆယ်,တရာ,နှစ်ရာ စသည်ဖြင့် မြတ်စွန်းကြလေသည်ဖြစ်ကြောင်း၊ ထို့ထက်ကြီးကျယ်စွာ ကုမ္ပဏီကြီးဖွင့်လှစ်၍ သိန်းပေါင်းများစွာ မ,တည်ရင်းနှီးပြီးလျှင် အကြီးအကျယ်ရောင်းဝယ်ဖောက်ကားခြင်း, ကြီးကျယ်သောစက်ကို တည်ထောင်ခြင်း, သင်္ဘောကုမ္ပဏီဖွဲ့ခြင်း,မီးရထားကုမ္ပဏီဖွဲ့ခြင်း, ကျောက်မီးသွေး,ရေနံ စသည်များကို တူးဖော်လုပ်ကိုင် ရောင်းဝယ်ဖောက်ကားခြင်းကိုပြုလုပ်ပါက တလ,တလလျှင် အမြတ်အစွန်းစာရင်းမှာ သိန်း, သောင်းများစွာပင် ထွက်ပေါ်လာလေသည်ဖြစ်ကြောင်း၊

ငွေရင်းများလျှင် အမြတ်အစွန်းအနည်းငယ်မျှကိုယူ၍ ရောင်းချသော်လည်း စုဆောင်း၍ရေတွက်သောအခါ များစွာသော အမြတ်အစွန်းတို့ကိုရရှိနိုင်လေသည်။

ဥပမာ။ "ကျွန်ုပ်တို့ရန်ကုန်မြို့အနီး သံလျင်ဘက်မှာရှိသော ရေနံစက်ကြီးမှ ထွက်လာသမျှသောရေနံဆီပုံးတို့ကို အလုံးစုံအုပ်ချုပ်၍ သိမ်းကျုံးယူငင်ပြီးလျှင် ရေနံဆီတပုံးမှာမှ ပိုက်ဆံတပဲအမြတ်ယူလျှင် တနေ့အဘို့မှာ ရေနံဆီပုံး ထောင်ပေါင်းများစွာရှိ၍ တလလျှင် ရေနံဆီပုံးသိန်းပေါင်းများစွာထွက်ရှိတွင်ကုန်လေသောကြောင့် အမြတ် အစွန်းစာရင်းသည်ကား တလလျှင်သောင်းပေါင်းများစွာထွက်ပေါ်ရရှိလိမ့်မည် ဖြစ်ကြောင်း၊ ထို့ကြောင့်ကုန်သွယ်မှု၌ အမြတ်အစွန်း အနည်း, အများမှာ ငွေရင်း၏ အနည်း,အများအတိုင်းသာလိုက်၍ ဖြစ်ရလေသည်-ဟူ၍ ကျွန်ုပ်တို့ပြဆိုခဲ့ကြောင်း၊ ရောင်းဝယ်၍နေသော အလုပ်အကိုင်နှင့်ငွေအားမမျှတလျှင် ထိုအရောင်းအဝယ်သည် ခါးတပိုင်းပြတ်၍ နေသောမြွေကဲ့သို့ အားပြတ်ခါ ပျက်စီးတတ်လေသည်၊ ယခုအခါ မည်သည့်ကုမ္ပဏီပျက်စီးလေသည်၊ မည်သည့်ဘဏ်တိုက် ပျက်စီးလေ

သည်-ဟုကြားသိရလေသမျှသည် ငွေအားကို မဖြည့်,မစွမ်းနိုင်သော ကြောင့်သာဖြစ်သည်၊ ကာလအတော်ကြာလျှင် ကုမ္ပဏီ အရောင်း အဝယ်နေရာကျတော့မည်ဖြစ်သော်လည်း ထိုကာလသို့ မတိုင်,မရောက် မီ ငွေအင်အားပြတ်လပ်သည်ဖြစ်က နေရာတကျမဖြစ်နိုင်ဘဲ ဆုံးရှုံး နစ်နာခြင်းကို ခံကြရလေ၏။

ထို့ကြောင့်တစုံတခုသောအရောင်းကြီး,အဝယ်ကြီး,ကုန်သည်ကြီး, ကုမ္ပဏီကြီးများဖွဲ့စည်းလုပ်ကိုင်မည်ဖြစ်လျှင် အကျိုးဖြစ်ထွန်းမည့် အချိန်ကာလသို့တိုင်ရောက်အောင် အားပေးနိုင်လောက်သည့် ငွေရင်း ကို ရှေးဦးစွာအသင့်ထားရှိစေရမည်ဖြစ်လေသည်၊ ကျွန်ုပ်တို့ မြန်မာ နိုင်ငံသားတို့သည် ကုန်သည်ကြီး, ကုမ္ပဏီကြီးများတို့၏ လုပ်ငန်းကို လိုက်ပါ၍ အကြီးအကျယ် မပြုမလုပ်နိုင်ဘဲရှိနေကြသည်မှာ ကုန်သွယ် မှု၏ အသက်သဘွယ်ဖြစ်သော ငွေရင်းအားနည်းခြင်းကြောင့်သာ ဖြစ် လေသည်၊အတော်အတန်မျှလောက်သောငွေရင်းနှင့် ကျွန်ုပ်တို့ မြန်မာ အမျိုးသားတို့မှာအစုစပ်ကုမ္ပဏီကြီးများဖွင့်လှစ်၍ကုန်သွယ်မှုကိုပြုလုပ် ရာ အကျိုးမဖြစ်ထွန်းကားမီ ငွေအားပြတ်လေသောကြောင့် ပျက်ကွက် လျက်သာရှိနေကြလေသည်၊ ထိုသို့ပျက်ကွက်မှုများအတွက် မည်သူ့ ကိုမျှ အပြစ်မတင်သာဘဲ ငွေအားကိုကျွန်ုပ်တို့ဆုံးခဏ်းတိုင်အောင် အသက်သွင်းကာ မပေးနိုင်သောကြောင့်ဖြစ်သည်-ဟူ၍သာ ဆင်ခြင် သင့်လေသည်ဖြစ်ကြောင်း။

ကျွန်ုပ်တို့ ပြဆိုခဲ့ပြီးသောအတိုင်း ကုန်သွယ်မှုသည် တိုင်းပြည် နိုင်ငံ ချမ်းသာကြောင်း, နိုင်ငံသားတို့ မျက်နှာထားရဲဝံ့စွာနှင့် နေနိုင် ကြောင်း, ကိုယ့်အလုပ်,အကိုင်ဖြင့် ကိုယ့်အသက်ကို လွယ်ကူကျယ်ဝန်း စွာမွေးမြူနိုင်ကြောင်းဖြစ်သည်-ဟူ၍ သဘောထားကြပြီးလျှင် ငွေအား လုံလောက်စွာ အသက်သွင်း၍ ကုန်သွယ်မှုများကို အားကျသင့်လေ သည်ဖြစ်ကြောင်း၊ ငွေအားကို ထူထောင်သောအခါ တစုံတဦး၏ လက် မှာရှိသော ငွေအားနှင့် မစွမ်းဆောင်နိုင်ပါက အမျိုးသားလူအများ တို့၏ လက်မှာရှိသော ငွေများနှင့်အားဆက်၍ အသက်ဖြည့်စွမ်းကြ ပြီးလျှင် တစုံတခုသောနေရာမှာ တစွန်းတစ-ပေါက်ရောက် အောင် မြင်စွာရှိအောင် ကြံထိုက်လှပေသည်ဖြစ်ကြောင်း။

ငွေပေါများ၍ ချမ်းသာသော အမျိုးသား ကံကြီးရှင်တို့ကလည်း အတ္တဟိတ-ဟုဆိုအပ်သော ကိုယ့်အကျိုးသက်သက်ကိုသာ ငဲ့၍ မျက်စိမှေးစွာနှင့် မကြည့်ကြဘဲ ပရဟိတ-သူတပါးအကျိုး,ဉာတတ္ထစရိယ-အမျိုးသားများအတွက် အကျိုးကိုကျင့်သုံးခြင်း၊ ဝံသာနုရက္ခိတ-အမျိုးအနွယ်ကိုစောင့်ရှောက်ခြင်း၊ ဤတရားများကို နှလုံးပိုက်သွင်းကြပြီးလျှင် "ငါကဲ့သို့ သောယောကျ်ားကောင်းတယောက်ရှိပါလျက် အဘယ်မှာ အမျိုးအနွယ်ကို ဆုတ်ယုတ်စေအံ့နည်း"ဟူသော သဘောမျိုးကိုထားပြီးလျှင် ငွေအားဖြင့် စောင့်ရှောက်သင့်လှပေသည်ဖြစ်ကြောင်း၊ ဆိုခဲ့ပြီးသောအတိုင်း ငွေအားဖြင့် အမျိုးသားကို စောင့်ရှောက်ထောက်ပံ့မည့်သူ လူစွမ်းကောင်းယောကျ်ားများပေါ်ထွက်လာပြန်သော အခါတွင်လည်း ထိုငွေများအပေါ်မှာသစ္စာနှင့်သမာဓိကို မြဲမြဲစွာထူစိုက်ပြီးမှ လုပ်ဆောင်ကြရာသည် ဖြစ်ကြောင်း။

**"ကတိသစ္စာ၊တည်သောခါမူ၊ဩဇာလေးနက်၊ ပေါ်ဆီတက်၍၊နွယ်မြက်သစ်ပင်၊ဆေးဘက်ဝင်၏"**ဟူ၍ ရှေးပညာရှိတို့စပ်ဆိုထားခဲ့သောအတိုင်း သစ္စာရှိလျှင် သစ်ပင်တို့သည်ပင်လျှင် အဆီဩဇာတက်ရလေသေး၏၊ ထို့ထက် အဘိုးထိုက်တန်သောငွေမှာမူကား-အဘယ်မှာ အဆီဩဇာ မတက်ဘဲ ရှိပါချေတုံအံ့နည်း၊ သစ္စာနှင့်သမာဓိကို စည်းမျဉ်းထား၍ လုပ်ကိုင်ခြင်းအားဖြင့် ငွေ၏အဆီဩဇာသည်လည်း တက်နိုင်လေသည်၊ သစ္စာမရှိပါလျှင် မြေဆီဩဇာဆုတ်ယုတ်၍ နွယ်မြက်သစ်ပင်တို့သည်လည်း အဆီအသားဆုတ်ယုတ်ကြသေး၏၊ ငွေမှာမူကား သစ္စာမရှိလျှင် အဘယ်မှာအဆီဩဇာ မဆုတ်ယုတ်ဘဲ ရှိပါချေတုံအံ့နည်း၊ငွေ၏အဆီဩဇာဆုတ်ယုတ်မှုဆိုသည်ကား—ငွေရင်းမှ မတိုး,မပွားသည့်ပြင် တနေ့တခြား ပျက်ပြားဆုတ်ယုတ်လေသည်ကို ဆိုလိုသည်။

တကြိမ်တခါ သစ္စာမဲ့သူက ကတိမတည်ဘဲ လိမ်လည်ကောက်ကျစ်လိုက်လျှင် ပျက်စီးနစ်နာခြင်းကို ခံရသူတို့က**"တခါသေဘူးလျှင် ပျဉ်ဘိုးနားလည်သည်"**ဆိုသောစကားကဲ့သို့ တခါနစ်နာခံရသဖြင့် နောက်ကိုလည်း ဤနည်းကဲ့သို့ပင် ဖြစ်လိမ့်ဦးမည်-ဟု သိရှိနားလည်နေကြပြီးလျှင် ကြောက်လန့်တတ်ကြ လေသည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျွန်ုပ်

တို့သည် ငွေရင်းအင်အား မြောက်မြားလှသောကြောင့် အသက်သွင်း ကြပြီးလျှင်သစ္စာ,ကတိ,သမာဓိခိုင်တည်စွာနှင့် နိုင်ငံသာယာ အမျိုးသား ချမ်းသာကြောင်းဖြစ်သော ကုန်သွယ်မှုများကို အားထုတ်ကြံစည်သင့် ကြလေသည်။

၄။ ''ဆင်းရဲနွမ်းပါးလျှင် အလုံးစုံငြိုငြင်၏'' ဟူသော စတုတ္ထ ငြိုငြင်ချက်အရ ဆင်ခြင်စဉ်းစားပြန်သော် ဆင်းရဲနွမ်းပါးသည်မှာ ပစ္စည်း ဥစ္စာမရှိ၊ စားရန်မဲ့, သောက်ရန်မဲ့, ဝတ်ရန်မဲ့သော အဖြစ်ကို ဆိုလိုသည်၊ ထိုသို့ဆင်းရဲနွမ်းပါးစွာဖြင့် နေထိုင်ရပါလျှင် လောကတွင် လူတယောက်လာ၍ဖြစ်ရပါသော်လည်း လူရာမဝင်ဘဲ အစစ,အရာရာ မှာ သူတကာတို့နှင့်တန်းတူအောင် မလိုက်ပါနိုင်ဘဲ အောက်ဆုံး အတန်းက နေရပြီးလျှင် ယုတ်ညံ့သိမ်ဖျင်းစွာသော အမှုကြမ်းကြီးများ ကိုကိုယ်ဖြင့်ရင်းနှီးအားထုတ်၍သာ အသက်ကိုမွေးမြူရလေတော့သည် ဖြစ်ကြောင်း၊ ထိုဆင်းရဲနွမ်းပါးမှု၏ အလုံးစုံငြိုငြင်ပုံများရှိလေသည့် အနက် ပညာသင်ကြားရေး၌ လူတန်းမစေ့ဘဲ ဖြစ်နေရသည့်အချက်မှာ သာ၍နစ်နာဘွယ်ကောင်းလေသည်။

ယခုခေတ်ကာလတွင် ပညာသင်ကြားရေး၌နသည် ငွေအားဖြင့် အရင်းခံကြရသောကြောင့် ဆင်းရဲနွမ်းပါးသောသူများသည် ငွေအင် အားမရှိလေသည့်အတွက် ပညာသင်ကြားသော ကျောင်းနားသို့ပင် မချဉ်းကပ်နိုင်ကြဘဲ ရှိလေ၏၊ ထိုဆင်းရဲနွမ်းပါးသော သူငယ်များမှာ မွေးဇာတိအားဖြင့် ပါလာသောပညာဓာတ်သည် လူချမ်းသာတို့၏ သားများမှာရှိသည့် ပညာဓာတ်ခံအောက် ယုတ်နိမ့်မည်မဟုတ်သော် လည်း ထိုပညာကိုကြီးပွားအောင် မမွေးမြူနိုင်သောကြောင့် အသက် ကြီးရင့်လာကြသောအခါ ပညာအတတ်ချင်း ကွာခြားကြလေသည်၊ ပဋိသန္ဓေပညာက မည်ကဲ့သို့ပင် အခံကောင်းစေကာမူ ပဝတ္တိအခါ ဆရာသမားတို့နှင့် သင်ကြားပြုပြင်ကာ မွေးမြူခြင်းမရှိပါက မည်သည့် နည်းနှင့်မျှ ကြီးပွားလေ့မရှိချေ။

ယခုအခါ အင်္ဂလိပ်စာပေပညာများသည် လွန်စွာထွန်းကားလေ သည့်အတိုင်း ထိုပညာများကိုသင်ကြားရန် သိပ္ပံကျောင်းသို့သွားရောက် နေထိုင်ရသောအခါ နေ့စဉ်, ရက်ဆက်ပင် ငွေကြေးကုန်ကျခြင်း

များကို ခံကြရကုန်၏၊ ထို့ကြောင့် ငွေအကုန်မခံနိုင်ဘဲ ဆင်းရဲသော သူတို့မှာ ပညာတတ်မြောက်ရန် လွန်စွာငြိုငြင်ရှာကြပေလိမ့်မည်၊ ယခုအခါ ပညာတတ်မြောက်၍ အိုင်-အေ, ဘီ-အေ အတန်းတိုင် ပေါက်ရောက် အောင်မြင်ကြသော သတ္တိသားများသည် များသော အားဖြင့် လူချမ်းသာတို့၏ သား, မြေးများသာ ဖြစ်ကြလေသည်။

ကျွန်ုပ်တို့နိုင်ငံမှတပါး အခြားသောနိုင်ငံသို့သွားရောက်၍ပညာသင် ကြားရန်အရေးသည်ကား ထိုထက်ပင် ငွေကုန်မှု ဝန်လေးလျက်ရှိ နေပြန်သောကြောင့် ဆင်းရဲနွမ်းပါးသောသူများကိုမဆိုထားဘိ၊ အ တော်အတန်မျှ ချမ်းသာကြွယ်ဝသောသူတို့ပင်သော်လည်း မတတ်စွမ်း နိုင်အောင်ပင် ရှိကြလေ၏။

ထို့ကြောင့် ဆင်းရဲနွမ်းပါးမှုသည် ပညာသင်ကြားခြင်း အားဖြင့် လည်း ငြိုငြင်ရလေသည်၊ "အသိပ္ပဿ ကုတော ဓနံ"ဟူ၍ လောက နီတိဆရာဆိုသောအတိုင်း ပညာကိုမသင်စွမ်းနိုင်၍ ပညာမဲ့နေပါလျှင် ပစ္စည်းဥစ္စာ ရရာ,ရကြောင်းများကိုမလုပ်ကိုင်နိုင်ဘဲ ဆင်းရဲတင်းလင်း နှင့်သာပေ၍ နေကြရလေတော့သည်၊ ထိုဥစ္စာပစ္စည်းကို ဖြစ်ထွန်း အောင် မကြံစည်နိုင်ပါက အစားအသောက်အတွက် ကျဉ်းကြပ်, အဝတ်တန်ဆာအတွက်ကျဉ်းကြပ်, လူရာမဝင် မျက်နှာမလှ ယုတ်နိမ့် လျော့ကျစွာဖြစ်ရသည်များကိုလည်း "အဓနဿ ကုတော သုခံ" ဟူ သောစကားနှင့်အညီ အကျယ်အားဖြင့်သိထိုက်လေသည်။

"အသုခဿ ကုတော ပုညံ"ဟူ၍ဆိုပြန်သောအတိုင်း ဥစ္စာပစ္စည်း ကင်း၍ ချမ်းသာခြင်းမရှိပါက တစုံတခုသော ကုသိုလ်ကောင်းမှုများ ကို မပြုမလုပ်နိုင်ဘဲ နောင်သံသရာအတွက် မျိုးစေ့များကို စိုက်ပျိုးထူ ထောင်ခြင်းကို မပြုလုပ်နိုင်ချေ၊ လှူဒါန်းခြင်းဒါနစသည်များကိုလည်း နွမ်းပါးသောသူတို့ ပြုလုပ်နိုင်ကြသည်မဟုတ်၊ ပစ္စည်းဥစ္စာ ချမ်းသာ ကြွယ်ဝသောသူတို့သာလျှင် ပြုလုပ်နိုင်ကြလေသည်၊ ကျွန်ုပ်တို့ဗုဒ္ဓမြတ် စွာ၏ လက်ထက်တော်ကစ၍ ယခုခေတ်ကာလသို့ တိုင်ရောက်အောင် အလှူဒါယကာ, ကျောင်းကြီးဒါယကာ, ဘုရားဒါယကာ, တန် ဆောင်းဒါယကာ, စရပ်ဒါယကာစသည်ဖြင့် အလှူရှင်ပြုလုပ်ကြကုန်

သောသူတို့သည်လည်း ပစ္စည်းဥစ္စာ နွမ်းပါးသောသူများမဟုတ်၊ ချမ်းသာကြွယ်ဝသောသူတို့သာ ဖြစ်ကြလေ၏၊ "**ကိုယ်မချိက အမိသော်လဲ သားတော်ခဲ့**"ဆိုသောစကားအတိုင်းမိမိမှာဝမ်းစာကိုမျှမလုံမလောက်ရှိနေပါလျှင် မည်သည့်နည်းနှင့်မျှ ခွဲချမ်းဝေဖန်၍ လှူဒါန်းခြင်းစသည်များကို ပြုလုပ်နိုင်လိမ့်မည်မဟုတ်ချေ။

အမျိုး,ဘာသာ, သာသနာရေးအတွက် တိုးတက်ထွန်းကား ပြန့်ပွားကြီးကျယ်အောင်ပြုလုပ်နိုင်လိမ့်မည်မှာ လွန်စွာကွာလှမ်းလှလေသည်၊ သစ္စာလေးပါးတရားကို မူလအရင်းထား၍ မှန်ကန်လှစွာသော ကျွန်ုပ်တို့ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို ဖြစ်ထွန်းအောင် ပြုစုရခြင်းအမှုသည်လည်း ပစ္စည်းအင်အားဖြင့် ပြုစုခြင်းသို့သာ အရင်းတည်စိုက်လေ၏၊ ပထမသင်္ဂါယနာတင်သော အဇာတသတ်မင်း, ဒုတိယသင်္ဂါယနာတင်သောကာလာသောကမင်း,တတိယသင်္ဂါယနာတင်သော ဓမ္မာသောကမင်း,ထိုအခိုက်အခါတွင် သာသနာကို လွန်စွာပြုစုသော ကနွှစ်ရှကာမင်းမှစ၍ သာသနာပြုစုကြသော မင်းများ၊ အနာထပိဏ်, စိတ္တသူကြွယ်, ဝိသာခါအစရှိသော သာသနာကိုပြုစုသည့် သူဌေး, သူကြွယ် စသည်များတို့သည် ဥစ္စာပစ္စည်းအင်အားကို အရင်းပြု၍သာလျှင် သာသနာဖြစ်ထွန်းရန်အလုပ်ကို ကြိုးကုတ်အားခဲကြလေသည်။

ပစ္စည်းဥစ္စာမရှိပါလျှင် သာသနာတော်အတွက် ထောက်ပံ့ကူညီရန်ကိုဝေးစွ၊"**ဆွမ်းတော်ထား၍ ဝမ်းတော်မှမဝ**" ဆိုသောစကားကဲ့သို့ သာသနာရေးနှင့်စပ်လျဉ်းလာသောအခါ မျက်နှာလွဲကာနေကြရလေသည်၊ ထို့ကြောင့်"ဆင်းရဲနွမ်းပါးမှုသည် အလုံးစုံအငြိုငြင်ဆုံးတည်း" ဟူ၍ စာဏကျဆရာကြီးမိန့်မှာခဲ့လေသည်၊ ထိုသို့ဆင်းရဲနွမ်းပါးမှုမှာ ယခုမျက်မှောက်ပစ္စက္ခမှာသာ အလုံးစုံငြိုငြင်သည်မဟုတ်သေး၊ ကျွန်ုပ်တို့ဗုဒ္ဓဘာသာ တရားနည်းလမ်းအားဖြင့် နောင်သံသရာစခန်းတွင်လည်း ပင်ပန်းငြိုငြင်ရလေ၏၊အကြောင်းမူကား ဆင်းရဲနွမ်းပါး၍ ကုသိုလ်ကောင်းမှုများကို မပြုနိုင်သောသူသည် "**မရှိလို့မလှူ၊ မလှူလို့မရှိ**" ဆိုသော စကားအတိုင်း နောင်သံသရာ ဘဝတပါးသို့ ပြောင်းသွားကြရလေသောအခါ ကုသိုလ်ကောင်းမှုအထုပ်,အထည်မပါလေ

သောကြောင့် ချမ်းသာမြင့်မြတ်သော အမျိုးဇာတ်၌ မဖြစ်ပွားရလေဘဲ ဆင်းရဲနွမ်းပါးသော ဘုံဘဝနှင့်သာ ကြုံတွေ့ရပြန်လေ၏။

''အပုညဿ ကုတော နိဗ္ဗာနံ''ဆိုသောအတိုင်း ကုသိုလ်ကောင်းမှုမရှိ၍ သံသရာဘဝအဆက်ဆက်မှာ ယုတ်ညံ့သေးသိမ်စွာ ဖြစ်ပါက သူတော်ကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံခြင်း စသောအကြောင်းနှင့် လွဲချော်ပြီးလျှင် နိဗ္ဗာန်သို့ရောက်ရန် အခြေခံ တရားများကို မထူထောင်နိုင်လေသောကြောင့် ''နိဗ္ဗာန်နှင့်ဝေး၊ ညားယန်းတေး'' ဆိုသော သူတို့အထဲတွင်သာ ပါဝင်ကြရလေသည်၊ထို့ကြောင့် အလုံးစုံငြိုငြင်ကြောင်းဖြစ်သည့် ဆင်းရဲနွမ်းပါးမှုများ၏ အဖြစ်သနစ်ကို တစ်,နှစ်အံကျ မြော်မြင်ကြကုန်ပြီးလျှင် ထိုဆင်းရဲနွမ်းပါးသောအဖြစ်မှ ယခုဘဝကပင် ကင်းလွတ်ကြရလေအောင် ပစ္စည်း ဥစ္စာများစွာကြွယ်ဝကြောင်း ဖြစ်သည့်အချက်များကို အားတက်သရော သဘောထက်သန်စွာနှင့် ကြိုးစားကာပြုလုပ်ရွက်ဆောင်နိုင်ကြရန် သင့်လျော်လှလေသတည်း။

ငြိုငြင်ရခြင်းအကြောင်း ၄-ပါးပြီး၏။

---

## ဂ။ ပျက်စီးခြင်းအကြောင်း ၄-ပါး

ဟေလာ ဟိ ကမ္မနာသာယ၊
ဗုဒ္ဓိနာသာယ နိဒ္ဒနံ။
ယာစနာ ဂဏနာသာယ၊
ကုလနာသာယ ဘောဇနံ။ ။

**အနက်**။ ။ဟိ၊စင်စစ်။ဟေလာ၊မြူးတူးပျော်ပါးခြင်းသည်။ကမ္မနာသာယ၊ မိမိအလုပ်အကိုင် အမှုကိစ္စပျက်စီးခြင်းငှာ။ ဟောတိ၊ ဖြစ်၏။ နိဒ္ဒနံ၊ ဥစ္စာ ပစ္စည်းမရှိခြင်းသည်။ ဗုဒ္ဓိနာသာယ၊ ဉာဏ်ပညာပျက်စီးခြင်းငှာ။ ဟောတိ၊ ဖြစ်၏။ ယာစနာ၊ တောင်းခြင်းအလေ့သည်။ ဂဏနာသာယ၊ဂုဏ်သတင်းပျက်စီးခြင်းငှာ။ဟောတိ၊ဖြစ်၏။ဘောဇနံ၊ တွေ့ရာ,မြင်ရာစားသောက်ခြင်းသည်။ ကုလနာသာယ၊ အမျိုး,အနွယ် ပျက်စီးနစ်နာခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

**ဆိုလိုရင်းမှာ။** ။ပျော်မြူးအားကြီးခြင်းသည် အလုပ် အကိုင် အမှုကိစ္စပျက်စီးဆုတ်ယုတ်ကြောင်းဖြစ်၏၊ ဥစ္စာပစ္စည်းမရှိခြင်းသည် ဉာဏ်ပညာပျက်စီးဆုတ်ယုတ်ကြောင်း ဖြစ်၏၊ တောင်းခြင်း အလေ့သည် ဂုဏ်ပျက်စီးခြင်းအကြောင်းဖြစ်၏၊ တွေ့ရာ,မြင်ရာ မဆင်မခြင် စားသောက်တတ်ခြင်းသည် အမျိုး,အနွယ် ပျက်စီးနစ်နာခြင်း အကြောင်း ဖြစ်၏-ဟူ၍ဆိုလိုသည်။

## ဆောင်ပုဒ်လင်္ကာ

၁။ ပျော်မြူးလွန်လျှင်၊အလုပ်ခွင်၊မှန်ပင်ပျက်ကြောင်းမှတ်။
၂။ ပစ္စည်းဥစ္စာ၊မဲ့ပြန်ပါ၊ပညာပျက်ကြောင်းမှတ်။
၃။ တောင်းခံတတ်ခြင်း၊ဂုဏ်သတင်း၊ပျက်ယွင်းဆုတ်ကြောင်းမှတ်။
၄။ မြင်တိုင်းမသွေ၊စားသောက်ချေ၊မျိုးဆွေပျက်ကြောင်းမှတ်။

## အဓိပ္ပါယ်အကျယ်

၁။ အထက်၌ဖော်ပြအပ်ပြီးသောအတိုင်း ပျက်စီးခြင်းအကြောင်း အချက်လေးရပ်တို့တွင် ပထမအချက်၌ မြူတူးပျော်ပါးခြင်းသည် မိမိစိတ်များကို **“ချည်ထိန်းမရှိသော ချည်ခင်,အတွယ်မရှိသော ဝါးစည်း”** ကဲ့သို့ ဖြစ်စေတတ်၍ ထိုစိတ်၌ချည်နှောင်၍ထားသော သတိနှင့်ဝီရိယများကို လွင့်ပါးပျောက်ဆုံးစေတတ်သောကြောင့် တစုံတခုသောအမှုကိစ္စ၌ ခိုင်မြဲစွာတည်စိုက်၍ထားရန် မတတ်နိုင်ချေ၊ ပျော်ပါးခြင်းဘက်သို့ လိုက်စားကြူးလွန်သောသူတို့၏စိတ်သည် ပေါ့လျော့ လွတ်လပ်စွာနှင့် ချောင်ချိသော အပျော်အပါးတို့၌သာလျှင် အစဉ်မပြတ်ကိုင်းရှိုင်းစီးသွန်၍နေလေသည်၊ ထိုပျော်ပါးမှုသည် လောကီရေး, လောကုတ္တရာရေးဟုဆိုအပ်သော အကျိုးနှစ်ပါးကိုပင်မွဲပြာကျအောင် အပြောင်တိုက်၍ လောင်မြိုက်ဖြူခါစေတတ်သည်၊ လောကီရေး ဆုတ်ယုတ်ပုံမှာ ပျော်ရွှင်မြူးတူးအားကြီးသောသူတို့သည် မိမိတို့လုပ်ဆောင်မြဲဖြစ်သည့်အသက်မွေး ဝမ်းကြောင်းအမှုကိစ္စ၊အလုပ်အကိုင်များကိုပင် သတိမပြု ဂရုမထားနိုင်ဘဲ အပျော်အပါး လိုက်စားသောအားဖြင့် ပျက်စီး ချို့ယွင်းစေတတ်လေသည်။

မိမိတို့အမှုကိစ္စများကို လျင်မြန်စွာပြီးစီးစေရမည်ဖြစ်သော်လည်း အချိန်ကာလကို နှောင့်နှေး, ဖင့်နွှဲစေပြီးလျှင် ကြာမြင့်စေတတ်သော

ကြောင့် အချိန်အခါနှင့် ထောက်ချင့်၍ ရသင့်,ရထိုက်သော အကျိုးစီးပွားများကို မရလိုက်ဘဲ ဆုံးရှုံးနစ်နာခြင်းများကို ခံကြရတတ်လေသည်၊ အပျော်အပါးဆိုသည်မှာ ပွဲလမ်းသဘင်တို့၌ စည်းကမ်းမဲ့သွားလာကြူးလွန်ခြင်း, အပေါင်းအဖော်တို့နှင့် စည်းကမ်းမဲ့ ဘက်တွဲ၍ အချိန်ဖြုန်းခြင်း, အကျိုးမရှိသော သမ္ဖပ္ပလာပစကားများကို တရယ်ရယ် တဟားဟား ပြောကြားနှီးနှောရ၍ အချိန်ဖြုန်းခြင်းစသည်များဖြစ်လေသည်။

ကျွန်ုပ်တို့မြတ်စွာဘုရားဟောကြားတော်မူအပ်သောတရားဒေသနာတို့၌ ပွဲလမ်းသဘင် ပျော်ရွှင်မြူးတူး အသွားကြူးသောသူကို "သဘာသိလိ"ဟူ၍ဆိုသည်၊ အပေါင်းအဖော်များနှင့် စည်းကမ်းမဲ့ပေါင်းသင်းယှဉ်တွဲကာပျော်ပါးမှုကို "သင်္ဂဏိကာရာမ"ဟူ၍ဆိုသည်၊ တစုံတရာအကျိုးမရှိသိမ်ဖျင်းသော သမ္ဖပ္ပလာပစကားတို့ဖြင့်ဝိုင်းဖွဲ့ကာရယ်ဟားပြောဆိုမှုကို "ဘဿာရာမ" ဟူ၍ဆိုသည်၊ ကို့ပြင် အစားအသောက်အတွက် တုပပြိုင်ဆိုင်ကာ သောက်စား၍ ပျော်ပါးခြင်း, အဝတ်တန်ဆာအတွက် တုပပြိုင်ဆိုင်ကာဝတ်စား၍ပျော်ပါးခြင်း,အစီးအနင်း အဆောင်အရွက်များနှင့် တုပပြိုင်ဆိုင်ကာ သွား,လာကျက်စားပျော်ပါးမြူးတူးခြင်း စသည်များကိုလည်း အပျော်အပါးတွင်းသို့သွတ်သွင်းအပ်လေသည်။

ယို့ပြင် ကြွေအန်,ဖဲ,ပုဆစ်,ထီ, အနီထောင်စသော ကစားမျိုးတို့ဖြင့် ပျော်ပါးကြူးလွန်ခြင်းတည်း-ဟူသော အက္ခဓုတ္တ၊ မူးယစ်ထိုင်းမှိုင်းစေတတ်သည့် သေရည်, သေရက်,ဘိန်း,ဘင်း,ကုတ်ကင်း စသည်များကို သောက်စားရှူရှိုက်၍ ပျော်ပါးကြူးလွန်ခြင်းတည်း-ဟူသော သုရာဓုတ္တ၊ မိမိတို့သားမယားတို့မှတပါး အခြားသော မိန်းမတို့နှင့် ပျော်ပါး ကြူးလွန်ခြင်းတည်း-ဟူသော ဣတ္ထိဓုတ္တ-များကိုလည်း ပျော်ပါးမှုစာရင်းဟွင်ထည့်သွင်းရလေ၏။

ပြဆိုအပ်ခဲ့ပြီးသော ပျော်ပါးမှုအမျိုးမျိုးတို့၏ အလုပ်ကို စာရင်းချုပ်၍ ကြည့်ရှုသင်ခြင်လျှင် ပုထုဇဉ်ဖြစ်သောလူတို့၏ မျက်စိ,နား, နှာခေါင်း, လျှာ,ကိုယ်,စိတ်-ဟူ၍ဆိုအပ်သော ဒွါရခြောက်ပါးတို့ကို

လောကီရေးအားဖြင့် ပျော်ပါးလေအောင် သွေးဆောင်သော အမှုကိစ္စတို့သာလျှင်ဖြစ်လေ၏။

ထိုသို့ဒွါရခြောက်ပါး တံခါးခြောက်တန်တို့ကို သတိဖြင့်ချုပ်တည်းပိတ်ဆို့၍မထားဘဲ ပျော်ပါးမှုအခွင့်နှင့်အစဉ်အမြဲဖွင့်လှစ်၍ ထားပါလျှင် ထိုသူမှာ တစုံတရာမျှကြီးပွားမည့်လမ်းပေါက်များမရှိဘဲ ပျက်စီးဆုတ်ယုတ်ကြောင်းဖြစ်သော အပေါက်အလမ်းတို့၏ အဝင်ဝမှာသာလျှင် အမြဲထာဝရ တည်၍နေရလေတော့သည်၊ အပျော်အပါးကြူးလွန်သောသူများသည် လောက၌ လူပေါ့,လူလေများဖြစ်နေကြပြီးလျှင် မည်သည့်နေရာမှာမှ ဌာန္တြေမရကြကုန်ဘဲ စိတ်သွားတိုင်းကိုယ်ပါသောသူတို့သာဖြစ်ကြလေသည်။

ဌာန္တြေရှိ၍ သမာဓိခိုင်ခံ့စွာနှင့် မိမိတို့အလုပ်ခွင်မှာ အမြဲပင်တည်တံ့စွာနေထိုင်ကြကုန်သော လူကြီး,လူကောင်းတို့က ထိုသူများကို "အပျော်သမား"ဟူ၍ အမည်ပေးပြီးလျှင် တစုံတခုသော အမှုကိစ္စ အရေးအရာတို့၌ အသုံးအစွဲပြုမည့်အစား မျက်နှာလွှဲဖယ်ကာထားလိုက်ကြလေသည်၊ ပွဲလမ်းသဘင်အတွက် အပျော်အပါးကြူးလျှင် ထိုသူတို့၏ မျက်စိများသည် ပွဲကပြသောသူတို့၏ အရုပ်အသွင်ကိုသာလျှင် ထင်မြင်နေ၍ ထိုသူတို့၏ နားများသည်ကား သီချင်းသံများနှင့် သမ္ဖပ္ပလာပစကားတို့ကိုသာ ကြား၍ နေတတ်လေသည်၊ ထိုသူတို့၏ ကိုယ်များမူကား ပွဲလမ်းသဘင်ရှိရာဆီသို့သာလျှင် အမြဲညွတ်ကိုင်း၍ နေတတ်လေသည်။

မိမိတို့၏ အကျိုးစီးပွားကို ရှက်ဆောင်ရန်ဖြစ်သော အလုပ်အကိုင်ထဲသို့မူကား-နား, မျက်စိ, ကိုယ်, စိတ်များကို ဆွဲငင်၍မရဘဲ အတင်းရုန်းကန်၍သာ နေတတ်လေသည်၊ သိင်္ဂါလသူဌေးသားကို မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ္တန်ဒေသနာတော်၌ ပွဲလမ်းသဘင်၏အပြစ်ခြောက်ပါးကို ထင်ရှားစွာ ဖော်ပြတော်မူခဲ့လေသည်။

အချို့သောသူတို့သည်ကား ထိုပွဲလမ်းသဘင်တို့၌ အပျော်အပါးကြူးလွန်သောကြောင့် ကုန်သွယ်မှုစသော အခြားအလုပ်အကိုင်ကောင်းများကိုပင် ပယ်ရှားပြီးလျှင် ကိုယ်တိုင်ပင်ဇာတ်သမားအဖြစ်

သို့ ဝင်ရောက်ကြလေသည်၊သဘင်ပွဲလမ်းဖြင့် ပျော်ပါးမှုသည် ကျွန်ုပ်တို့နိုင်ငံမှာ အခြားနိုင်ငံတို့ထက်သာလွန်၍ ထွန်းကားလွန်ကျူးလှသည် ဟူ၍ဆိုလျှင် လွဲနိုင်မည်မဟုတ်ချေ၊ အကြောင်းမူကား-အနောက်နိုင်ငံများတွင် ပြုလုပ်ကျင်းပလေ့ရှိသော ပွဲလမ်းသဘင်များသည်''မည်သည့်အချိန်မှ မည်သည့်အချိန်သို့အထိ'' ဟူ၍ ကန့်သတ်ပိုင်းခြားချက်နှင့် အအိပ်, အစားပျက်ခြင်း၊ အလုပ်အကိုင်ပျက်ခြင်းကို မဖြစ်ကြစေရန် ကျင်းပပြုလုပ်လေ့ရှိကြောင်း။

ကျွန်ုပ်တို့ နိုင်ငံမှာမူကား-နေဝင်က နေထွက်သည့်တိုင်အောင် ကပြသူကလည်း ကပြ၊ ကြည့်ရှုသူကလည်း ကြည့်ရှုကြပြီးလျှင် ညဉ့်အချိန်တခုလုံးကို ပျော်ပွဲထဲသို့ချ၍ ဖြုန်းတီးတတ်ကြလေရာ ထိုပွဲက အထွက်တွင် အစားပျက်,အအိပ်ပျက်,အလုပ်ပျက်နှင့် ခတ်လေးပါး ပျက်ပြားသည့်တိုင်အောင် မိမိတို့အကျိုးကို မိမိတို့အလကား မေတ္တာရိဆုံးရှုံးကြစေသည်၊ ယခုကာလခေတ်အခါမှာ ဉာဏ်ပညာ ပွင့်လန်းကြသည်အတွက် ၎င်းပွဲလမ်းသဘင်နှင့်စပ်၍ တော်တော်သက်သာခွင့်ကို ရသည်-ဟု ဆိုရသေး၏၊ ရှေးခေတ်အခါတို့၌မူကား-ယခုထက်ပင် ပွဲလမ်းသဘင်များကို ကြိုက်နှစ်သက်ကြသောကြောင့် နေ့လည်အခါများမှာပင် ပွဲမကြည့်ရမည်ကိုစိုးရိမ်သဖြင့် မှောင်ချ၍ ပွဲလမ်းသဘင် ကျင်းပပြုလုပ်လေ့ ရှိကြလေသည်-ဟု ကြားသိရကြောင်း၊ ကျွန်ုပ်တို့ မြန်မာဘုရင်မင်းတို့ လက်ထက်အခါတွင် ထိုပျော်ပွဲများကို အထူးအလေး ဂရုစိုက်လုတ်ပြီးလျှင် ပြုလုပ်ကျင်းပလေ့ရှိလေသည်။

ဘုရင်မင်းမြတ်၏ နန်းတော်မှာပင် ''ပွဲကြည့်ဆောင်'' ဟူ၍ နန်းဆောင်တခု အသီးအခြားပြုလုပ်ပြီးလျှင် နေ့စဉ်,ရက်ဆက် ပျော်ပွဲကျင်းပခြင်းကို ပြုလုပ်လေ့ရှိကြောင်း၊ ပျော်ပွဲသဘင်ကို နှစ်သက်လေသောကြောင့် ''သဘင်ဝန်'' ဟူ၍ အရာရှိတယောက် ခန့်ထားပြီးလျှင် စင်တော်ကြီး, စင်တော်ကလေး စသည်ဖြင့်လည်း သဘင်သည်များအတွက် ချီးမြှောက်အားပေးချက်ကို လမ်းဖွင့်ထားပြီးလျှင် ပျော်ပါးမှုအကျက် များစွာ လိုက်စားလေသည်၊ နန်းတော်ကြီးကပင် ပွဲလမ်းသဘင်ကို နှစ်သက်၍နေသောကြောင့် သားတော်, သမီးတော်, ဆွေတော်,မျိုးတော်,ဝန်ကြီး,ဝန်ထောက်, မိုလ်မှူး, စစ်ကဲ,အဝေးဝန်,

အမှုထမ်းတို့မှစ၍ တောသူ, တောင်သားများသို့တိုင်ရောက်အောင် ပွဲလမ်းသဘင်ကို ခင်မင်တွယ်တာစွာ ကျင်းပပြုလုပ်လေ့ရှိကြလေသည်။

ထိုသို့ ကျွန်ုပ်တို့မြန်မာနိုင်ငံတော်မှာ လုပ်ကိုင်ရရှိကြသော ကြေးငွေများကို လူအား, လူလေ,လူပျင်းတို့ လိုက်စားလေ့ရှိသော ပွဲလမ်းသဘင်အားဖြင့် ဖြုန်းတီး၍ပစ်ကြလေသောကြောင့် နိုင်ငံ၏ကြီးပွားကြောင်းဖြစ်သည့် အလုပ်ကြီး,အကိုင်ကြီးများကို မလုပ်မကိုင် မတည်မထောင်နိုင်ကြဘဲ ဖြစ်တတ်သမျှ သေးငယ်သော အခြေ, အနေနှင့်သာလျှင် နေထိုင်စားသောက်ကြရလေသည်၊ ပွဲသဘင်ကြူးလွန်လျှင် ကြီးကျယ်သောအလုပ်, အကိုင်များကို ကြံစည်လုပ်ကိုင်ကြရန် ဉာဏ်ပညာ မပေါ်မထွက်နိုင်ဘဲ ဝီရိယနှင့်ပညာများသည် သေးသိမ်သည်ထက် သေးသိမ်ပြီးလျှင် လူပေါ့, လူလေ, လူပျင်းအဖြစ်သို့ သာလျှင် သက်ဆင်းကျရောက်တတ်လေသည်၊ လူတို့၏ဓာတ်သဘောသည် ချမ်းသာကြွယ်ဝလာသောအခါတွင်ဖြစ်စေ၊ အားလပ်ခွင့်ရသောအခါတွင် ဖြစ်စေ၊ အပျော်, အပါးအမှုထဲသို့သာလျှင် လဲပြိုစိတ်ပါတတ်ကြလေသည်ဖြစ်ကြောင်း၊ ကြီးပွား၍ အထွတ်, အစွန်းသို့ ရောက်သောနိုင်ငံများသည်လည်း အတန်ကြာလျှင် ပျော်ပါးချင်သည့်စိတ်ဓာတ်က သွေးဆောင်ဆွဲငင်လာသောကြောင့် ပျော်ပါးရန် ပွဲလမ်းသဘင်ဘက်သို့သာ လဲပြိုကိုင်းညွတ်တတ်ကြလေ၏။

ကျွန်ုပ်တို့မြန်မာနိုင်ငံတော်သည် အလောင်းမင်းတရားကြီး လက်ထက်မှစ၍ အတော်အတန် အထိုက်အလျောက် ကြီးပွားထွန်းကားစပြုပြီးလျှင် အညွန့်, အညှောက်ထွက်ပြူလာသော်လည်း နောက်အခါ ထိုအပျော်အပါးမှုတွေက နှိပ်စက်လွှမ်းမိုးလာသောကြောင့် နိုင်ငံ၏အရေးထက် ပျော်ရွှင်မှုအရေး အားတက်ကြလေသဖြင့် ကြီးပွားမည့် အညွန့်အတက် မသန်မမာဘဲ ထီး,စည်,ဓရိုင်,နိုင်ငံကြီးတခုလုံး လက်လွတ် ဆုံးရှုံးသည့်တိုင်အောင် လျောကျနိမ့်ဆင်းရလေသည် ဖြစ်ကြောင်း၊ ဥပမာ-နန်းတော်တောင်စမုတ် ပွဲရှုဆောင်၌ ပွဲသဘင်ကို ခံစေရာ "ကျော်စွာ" ဆိုသောလူပျက်တယောက်က စကားတလုံးကို ပျက်လိုက်ရုံမျှနှင့် သဘောတော်ကျသောအခါ အသပြာထောင်ထုပ်ကို ဆုချလေသည်၊ အမှုတော်ကို သက်စွန့်ကြိုးပမ်းထမ်းဆောင်၍ နေ

သော အမှုထမ်းသားငယ်များ၏ တလလျှင် တဆယ်၊ ဆယ့်နှစ်ကျပ်စီ မျှဖြစ်သော ရိက္ခာများကိုမူကား ရံခါရံဖန် မပေးဘဲ လစ်ဟင်းလျက် ရှိစေသည်-ဟူ၍ကြားသိရလေသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင်သာမဟုတ်၊ ရှေးအခါကာလတွင် အိန္ဒိယနိုင်ငံကြီးသည် ကမ္ဘာပေါ်တွင် အကျော်, အမော်ကြီးပွားဘူးသော နိုင်ငံကြီးတခုဖြစ်ဘူးသော်လည်း နောက်အခါ နန်းတော်ကြီးများမှစ၍ အပျော်အပါး ပွဲလမ်းသဘင်များကို တစ,တစ အားကြီးစွာလိုက်စားလာကြသဖြင့် နိုင်ငံကြီးပွားကြောင်း ဖြစ်သည့်အမှုကိစ္စများကို လက်လွှတ်ပစ်ထားကြသည်နှင့် ကြီးပွားကြောင်း လမ်းပေါက်များသည် တနေ့တခြားကျဉ်းမြောင်းပြီးလျှင် နောက်ဆုံး၌ အိန္ဒိယနိုင်ငံတခုလုံး ပျက်ပြုန်းနိမ့်လျော့စွာနှင့် ကိုယ့်ဘာသာအလျောက် တည့်တည့် မတ်မတ် မရပ်နိုင်ဘဲ လဲပြိုခြင်းသို့သာ ရောက်ရလေသည်ဖြစ်ကြောင်း။

ထို့ပြင် ဥရောပတိုက်မှာ အပါအဝင်ဖြစ်သည့် ဣတာလီခေါ်သော ရောမနိုင်ငံကြီးသည် ရှေးအခါ ကမ္ဘာပေါ်တွင် ပြိုင်ဘက်တုပနိုင်သူ ကင်းကွာလျက် အခေါင့်ထက်အခေါင် အစွန်းထက်အစွန်းသို့ ရောက်သည့်တိုင်အောင် ကြီးပွားလေသော်လည်း နောက်အခါ ပျော်ပါးရွှင်မြူးခြင်းဘက်သို့လိုက်ပါကျက်စားကြသောကြောင့်တစ,တစကြီးပွားခြင်း တည်း-ဟူသော အထွတ်အစွန်းများသည် နိမ့်လျော့ကိုင်းရှိုင်းလာပြီးလျှင် နောက်အခါကိုယ့်ဘာသာအလျောက် တည်တံ့စွာရပ်တည်နိုင်ရုံမျှဖြစ်သည့်အခြေအနေနှင့်သာ တည်နေရလေတော့သည်ဖြစ်ကြောင်း၊ ထို့ကြောင့် "အပျော်အပါး လိုက်စားလွန်ကြူးမှုသည် ကြီးပွားကြောင်းဖြစ်သည့်အမှုကိစ္စ အလုပ်အကိုင်များကို ထိပါးနှစ်နာစေတတ်သည်" ဟူ၍ စာဏကျဆရာကြီးမိန့်ဆိုလေသည်။

လူတယောက်ထည်း အပျော်အပါးကြူးလျှင် ထိုသူနှင့် စပ်သော အလုပ်အကိုင်များသည် ပျက်စီးဆုတ်ယုတ်၏၊ တအိမ်သားစုအပျော်အပါးကြူးလျှင် ထိုအိမ်နှင့်စပ်လျဉ်းသော အလုပ်အကိုင်များသည် ပျက်စီးဆုတ်ယုတ်၏၊ တရွာလုံး အပျော်အပါးကြူးလျှင် ထိုရွာနှင့် စပ်လျဉ်းသမျှ အလုပ်အကိုင် ပျက်စီးဆုတ်ယုတ်၏၊ တမြို့သားစု အပျော်အပါးကြူးလျှင် ထိုမြို့နှင့် စပ်လျဉ်းသမျှအလုပ်အကိုင် ပျက်စီး

ဆုတ်ယုတ်၏၊ တနိုင်ငံသားစုအပျော်အပါးကြူးလျှင် ထိုနိုင်ငံနှင့် စပ်လျဉ်းသမျှအလုပ်အကိုင် ပျက်စီးဆုတ်ယုတ်၏-ဟု ပျော်ပါးမှုကို နယ်ဖြန့်၍ အနက်အပြားဆင်ခြင်သင့်လေသည်ဖြစ်ကြောင်း။

ပွဲလမ်းသဘင် မြူးရွှင်ပျော်ပါးမှုကို အလုပ်အကိုင် ပျက်စီးကြောင်းဆိုသော်လည်း ကာလအလိုက်, အချိန်အလိုက် သင့်တင့် မျှတစွာရှိအောင် ပျော်ပါးခြင်းကို ပျက်စီး ဆုတ်ယုတ်ကြောင်းဖြစ်သည်-ဟူ၍ မဆိုလိုချေ၊ **"တန်လျှင်ဆေး၊ လွန်လျှင်ဘေး"** ဟူ၍ဆိုသောအတိုင်း ပျော်ပါးမှုအတွက် စည်းကမ်းလွန်၍ စိတ်ရောကိုယ်ပါ ပြုပြီးလျှင် အလွန်အကြူး လိုက်စားပျော်ပါးမှုကိုသာ အလုပ်,အကိုင် ဥစ္စာစီးပွားပျက်စီးကြောင်း-ဟူ၍ဆိုလိုသည်ဖြစ်ကြောင်း။

ထို့ပြင် ပျော်ပါးမြူးတူးခြင်းသည် ဝီရိယတရားနှင့် ဆန့်ကျင်ဘက်ဖြစ်ပြီးလျှင် ပျင်းရိခြင်းတည်းဟူသော "အာလသျ" တရားနှင့် မိတ်ဆွေတော်၏၊ ထို့ကြောင့် အပျော်သမားသည် လူပျင်းများနှင့် မိတ်ဆွေဖွဲ့တတ်၏၊ ပျင်း၍တပျော်တည်း ပျော်ကာနေသော သူသည် ဝီရိယထက်သန်စွာနှင့် မပျင်းမရိ လှုံ့လရှိသောသူကို မိတ်ဆွေဖြစ်အောင် မဖွဲ့နိုင်လေ၊ အပျော်သမားနှင့် အပျင်းသမားတို့ တွေ့ဆုံပေါင်းမိသောအခါ တစုံတရာမျှ အလုပ်အကိုင်အတွက် အားမတတ်ကြဘဲ အချိန်ရှိသမျှ အားလပ်ကြသောကြောင့် တခုသောနေရာမှာ စုဝေး ထိုင်နေကြပြီးလျှင် တွေ့ကရ စပ်သမျှစကားတို့ကို တရယ်ရယ် တဟားဟားနှင့် ပြောကြားလျက် အချိန်ကိုဖြုန်းတီးတတ်ကြလေသည်။

ထိုသို့အကျိုးမဲ့ အချိန်ဖြုန်းတီးမှုကိုပင် "သင်္ဂဏိကာရာမ,ဘဿာရာမ" ဟူ၍ကျမ်းဂန်တို့၌ ဆိုလေသည်၊ ထိုသို့ အချိန်ဖြုန်းတီးစကားပြောအားကြီးကြသောသူတို့၏ ပေါင်းစည်းစုဝေးမိကြသောအခါတွင် ဖြစ်ပေါ်လာသော အကျိုးသည်ကား ပျော်ပါးမှုမှစ၍ သောက်စားယစ်မူးရန်များသာ ဖြစ်လေသောကြောင့် တစ,တစ သေရည်သေရက်သောက်ခြင်းစသော အမှုယုတ်များကိုပြုလုပ်တတ်ကြလေသည်။

ထိုအခါမှစ၍ အလုပ်ခွင်သို့ မဝင်ချင်ကြကုန်ဘဲ ရှေးအခါကာလက မိဘတို့အမွေရဖြစ်သော ဥစ္စာဓနရှိလျှင် အလုံးစုံဖြုန်းတီးကြ၍ ဥစ္စာ

ပစ္စည်းမရှိလျှင်လည်း မတရားသဖြင့် ပစ္စည်းဥစ္စာများကို ရှာဖွေကာ ဖြုန်းတီးကြလေသည်၊ နောင်ကာလ အတန်ကြာသောအခါ လူရာ မဝင်သည့်တိုင်အောင် နိမ့်ကျပျက်စီး၍ ရရှိကြသော မိမိတို့၏ မနုဿတ္တ လူ့ဘဝကို ပျော်ပါးခြင်း, သောက်စားခြင်း, ပျင်းရိခြင်းတို့နှင့်သာ ရောင်းချကာ ဆုံးရှုံးစေကြလေသည်၊ မြတ်စွာဘုရား လက်ထက်တော် အခါတွင် ကုဋေတရာ့ခြောက်ဆယ်မျှ အမွေရသော မဟာဓနသူဌေး သား၏ ခွက်လက်စွဲကာ တောင်းစားရသည့်တိုင်အောင် ပျက်စီးခြင်း သည်ကား-ပျော်ပါး, သောက်စားမှုကအစ ဖြစ်လေသည်-ဟူ၍ ဓမ္မပဒအဋ္ဌကထာတွင် ဆိုလေသည်။

ထိုသူဌေးသားသည် မိဘတို့မှ ကြွင်းကျန်ရစ်သော ပစ္စည်း ဥစ္စာ ပေါင်း ကုဋေရှစ်ဆယ်ကို တဦးတယောက်ထည်း အမွေခံရလေသော ကြောင့် ဤလောကတွင် ဘာတစုံတရာမျှ ပူပန်ကြောင့်ကြဘွယ်မရှိပြီ- အထင်နှင့် ငယ်ရွယ်စဉ်ကာလကပင် အခြားသော အလုပ်အကိုင်များ ဘက်သို့ စိတ်မပါဘဲ ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, ပွဲလမ်းသဘင် ပျော်ရွှင်မြူးတူးခြင်းတို့နှင့်သာ နေထိုင်လေသည်၊ ထိုသူဌေးသားကဲ့သို့ ကုဋေရှစ်ဆယ်မျှ အမွေရသော သူဌေးသမီး တယောက်သည်လည်း ထို့အတူ ကခြင်း, သီခြင်း, ပျော်ရွှင်ခြင်းတို့၌သာ စိတ်ပါ၍ သဘော တူသောကြောင့် ထိုသူနှစ်ဦးတို့ ထိမ်းမြားမင်္ဂလာကိုပြုကြလေသည်၊ ထိုသူဌေးသား, သူဌေးသမီး မောင်နှံစုံတို့သည် အိမ်ထောင်ဘက်ပြု သည့်နေ့ကစ၍ တစုံတရာမျှ လောကီရေးအတွက် ကြီးပွားဘွယ်ဖြစ်သည့် အမှုကိစ္စများကို ပြန်၍မကြည့်ကြဘဲ ပျော်ပွဲ, ရွှင်ပွဲတို့နှင့်သာ အချိန် ဖြုန်းကာ နေထိုင်ကြလေ၏။

နောင်ကာလ အတန်ကြာလေသော် အပျော်, အပါးဘက်မှ တဆင့် အသောက်အစားဘက်သို့ သက်ဝင်ယစ်မူးကြပြီးလျှင် သူတို့နှင့် သဘောတူရာ လူပျော်, လူပျင်းတို့နှင့် အသင်းအပင်းဖွဲ့စည်း၍ စည်း ကမ်းမဲ့ တရားလက်လွတ်နေထိုင်ကြရာတွင် **"ဝင်ပေါက်မိတ်ကွယ်၊ ထွက် ပေါက်ကျယ်"** ကြလေသောကြောင့် အသုံးအစွဲနှင့်မမျှဘဲ ဓနဥစ္စာ ကုဋေတရာ့ခြောက်ဆယ်တို့သည် တပြားတချပ်မျှ မကြွင်းမကျန်သည့် တိုင်အောင် ပျက်စီးကုန်ဆုံးလေသည်၊ ထိုအခါတွင် ရှေးက ပျော်ပါး

မြူးတူးလေသမျှ''ကြည်သာရွှင်ပျ၊ချမ်းသာကြလည်း၊ ဒုက္ခနောက်ဆုံးရှိချေ၏''ဟူ၍ဆိုသောအတိုင်း ဆင်းရဲပူပင် ငြိုငြင်ညည်းတွား တောင်းစား, ရမ်းစား ပြုလုပ်ခြင်းအားဖြင့်သာလျှင် အဆုံးသတ်ကြရလေသည်၊ ထို့သို့ ပျော်ပါးမှု၏ ကြီးကျယ်သော ပျက်စီးခြင်းလမ်းပေါက်ကြီးတခု ဖြစ်လေသောကြောင့်သာလျှင် ပွဲလမ်းသဘင်ပျော်ရွှင်မှု၌ ရှေးသူကြီးများက ''မစည်ကားအပ်သည့် အရပ်ငါးပါး''ဟူသောစကားကို ပြောကြားခဲ့ဘူးကြလေသည်။

မစည်ကားအပ်သည့် အရပ်ငါးပါးဆိုသည်မှာ–

၁။ ပွဲလမ်းသဘင်,

၂။ သေရည်သေရက်ဆိုင်,

၃။ လှတ်ရုံး,

၄။ ကစားဝိုင်း,

၅။ သုသာန်သင်းချိုင်းများ ဖြစ်သတည်း။

**ဆောင်ပုဒ်လင်္ကာ**

> ပွဲလမ်းရှင်ပြိုင်၊ သေရက်ဆိုင်နှင့်၊ မှုပြိုင်ရုံးပြင်၊ ကစားခွင်တည့်၊ ပူပင်သုသာန်၊ ရပ်ငါးဌာန်မှာ၊ကြွက်ညံများစွာ၊ မစည်ရာသည်။ ။လူ့ပဟာဆိပ်သုံးနည်းရာသော်။

ဤစကားရပ်ကား ပျော်ရွှင်မှုနှင့်စပ်၍ ပြဆိုအပ်သော စကားစုပေတည်း၊ပြဆိုအပ်သောအဓိပ္ပါယ်မှ ပြန်ဘက်အားဖြင့် ပျော်ပါးမြူးတူးမှု နည်းပါးစွာနှင့် ချုပ်တည်းသိပ်သည်းစွာ နေထိုင်မှုသည် အလုပ်အကိုင် ကြီးပွားစွာနှင့် ချမ်းသာကြောင်းဖြစ်သည်-ဟူ၍ ဆိုလိုသည်၊ ပျော်ပါးမြူးတူးခြင်းဘက်သို့ စိတ်မပါလျှင် ပျင်းရိခြင်း-တည်းဟူသော တရားဆိုးနှင့် လူပေါ့,လူပျင်းတို့ကို ပေါင်းသင်းခြင်း-တည်းဟူသော ဘေးများမှ ရှောင်ကွင်းနိုင်၏၊ ထိုအခါ ပညာရှိ၍ ဝီရိယကြီးရင့်သော သူတို့နှင့်သာ စိတ်သဘောတူညီစွာ ပေါင်းသင်းဆက်ဆံမိပြီးလျှင် ကိုယ့်အကျိုး ကိုယ့်စီးပွား,သူ့အကျိုး သူ့စီးပွားကို မြင်စွမ်းနိုင်သော အတ္တ-ဟိတဉာဏ်,ပရဟိတဉာဏ်များ ပေါ်ပေါက်လာပြီးလျှင် အာမြော်အမြင်ကြီးရင့်သော စိတ်သဘောအားဖြင့် မိမိပြုသင့်, ပြုထိုက်သော အမှုကိစ္စများကို ပြုလုပ်ဆောင်ရွက်သင့်ပေ၏။

ပျင်းရိသောအပြစ်ကို မြင်ပြီးဖြစ်သည်နှင့် ဝီရိယအစွမ်းထက်ရန် အကြောင်းအရာများကိုသာလျှင် ကောင်းစွာ ထူထောင်သင့်လေ၏။

ဝီရိယစွမ်းအား၏ အကျိုးကြီးကျယ်ပုံကို သိမြင်သော သူသည် "ကမ္မ" ဟု ဆိုအပ်သော အလုပ်ခွင်သို့ဝင်ပြီးလျှင် အကျိုးဖြစ်ထွန်း ရန်ကို သိမြင်သောဉာဏ်ဆရာနှင့် အလုပ် လုပ်ကိုင်လိမ့်မည်၊ထိုသို့လုပ် ကိုင်၍ လာသောအခါတွင် လောကီရေးနှင့်ဖြစ်စေ, လောကုတ္တရာ ရေးနှင့်ဖြစ်စေ ဒိဋ္ဌဓမ္မအကျိုးရ၍ မိမိမြော်မြင် ရည်ရွယ်ရင်းရှိသော အတိုင်း ကောင်းကျိုးချမ်းသာကို ခံစားရလေသတည်း။

**ဥပဒေသ။** ။အလုပ်ခွင်သို့ဝင်ရန် ပျင်းရိ၍ လူပျင်းတို့နှင့်သာ ပေါင်းမိ မှားတတ်သော အပျော်တရားကို ပယ်ရှားနိုင်သမျှ ပယ်ရှားချုပ်တည်းပြီးလျှင် အလုပ်ခွင်ထဲမှမထဘဲ ဝီရိယ ထက်သန်သောသူတို့နှင့် ပေါင်းသင်းကာ အမြော်အမြင် စိတ်သဘောထားကြီးစွာနှင့် သွား,လာ နေထိုင်သင့်သည်-ဟူ၍ ဆိုလိုသည်။

၂။ ဒုတိယပျက်စီးခြင်း အကြောင်းမှာ-ဥစ္စာမရှိက ပညာပျက်စီး ကြောင်းဖြစ်လေသည်၊ ပစ္စည်းဥစ္စာမရှိပါက အသိ,အလိမ္မာ,ဉာဏ် ပညာဖြစ်ထွန်းကြီးပွားရန် ငြိုငြင်ကြောင်းကို"ကိစ္စာ ဝုတ္တိ ပရာဓိနာ" စသောဂါထာတွင်လည်း ပြဆိုအပ်လေပြီ၊ ဤအရာ၌ ဥစ္စာပစ္စည်းမရှိ သည့်အတွက် ဉာဏ်ပညာပျက်စီးခြင်းမှာ-(၁)မရသေးသောပညာကို ရအောင်မပြုစွမ်းနိုင်မြင်း၊ (၂)ရရှိ, တတ်သိပြီးသောပညာကို အကျိုး ရှိအောင် အသုံးမချနိုင်ခြင်းအားဖြင့် နှစ်ပါးရှိလေသည်။

(၁) မတတ်, မသိသေးသော ပညာများကို တတ်သိ, ကျွမ်းကျင် ရန်အတွက် ဥစ္စာမရှိ၍ ပျက်စီးသည်ဆိုသည်မှာ-ယခုခေတ် အခါတွင် ပညာကို ရွှေ,ငွေနှင့်ချိန်စက်၍ လဲလှယ်ကာ ဝယ် ယူသကဲ့သို့ ဖြစ်နေသောကြောင့် ကြေး, ငွေ ဥစ္စာမရှိသော သူတို့၏ သမီး, သားများသည် ဝိပတ္တိကပ် ဆိုက်ရှာကြပြီး လျှင် ယခုခေတ်ကာလတွင် ထွန်းကားလျက်ရှိသော ဉာဏ် ပညာများကို မသင်မကြားဘဲ ရှိနေကြသည်မှာ မျက်မြင်

ဒိဋ္ဌပင်ဖြစ်ကြကြောင်း၊ အချို့သောသူတို့သည်ကား ကျွန်ုပ်တို့မြန်မာနိုင်ငံတွင်းမှာသာလျှင် ပညာသင်ကြားနိုင်သော အခြေအနေမျှသာရှိ၍ ဘိလပ်မြို့တော်မှာရှိသော ပညာများကို သွားရောက်သင်ကြားရန် အခြေခံမလုံလောက်ကြသည့်အတွက် အထက်အထက် ပညာများကိုသင်ကြားလိုသော်လည်း စိတ်ရှိတိုင်းကိုယ်မပါဘဲ ငုံ့၍သာနေထိုင်ကြရလေသည်။

ဥပမာ။ ။ဉာဏ်ပညာအကြံအစည်ကောင်း၍ဥပဒေနားလည်သော အမိန့်တော်ရရှေ့နေတယောက်မှာ မိမိဉာဏ်စွမ်းများနှင့် ဝတ်လုံတော်ရဖြစ်လျှင် အကျိုးထူးများစွာခံစားရလိမ့်မည်ဟု သိရှိသော်လည်း ဘိလပ်နိုင်ငံသို့သွားရောက်၍ ဝတ်လုံတော်ရအတတ်ကို မသင်နိုင်သည့်အတွက်ကြောင့် ဝတ်လုံအတန်းအဆင့်သို့မရောက်နိုင်ဘဲ နေမြဲနေထိုင်ကာ လုပ်ကိုင်စားသောက်ရလေသည်၊ ထိုသို့ ဉာဏ်ပညာအစွမ်းအစရှိပါလျက် ငွေအားနည်းသည့်အတွက် စိတ်ရှိတိုင်းကိုယ်မပါဘဲ ဖြစ်နေကြရစဉ်အခါ **''အုန္နမရှိလို့ မြီမတယ် နယ်နယ်မှတ်သလား''** ဆိုသော စကားပုံမျိုးနှင့်သာ ဖြေဆည်ကြရလေတော့သည်။

ဆေးပညာ၌ အတော်အတန်ဉာဏ်ပညာစူးရှသော မြန်မာဆရာဝန်ကလေးတဦးသည် ထို့ထက်ဌာနန္တရကြီးမြင့်၍ ငွေအဝင်များသော ဆရာဝန်ကြီးဖြစ်ရန် ဘိလပ်နိုင်ငံဆေးပညာသင် ကျောင်းကြီးများသို့သွား၍ သင်ကြားရန် အခြေခံမလုံလောက်သောကြောင့် တတ်စွမ်းသမျှနှင့်သာ တပေပေနေရလေတော့သည်။

၍သို့စသည်ဖြင့် ဥစ္စာအင်အား ပြည့်စုံလုံလောက်စွာ မရှိပါက မတတ်, မသိသေးသော ပညာများ တတ်မြောက် ကျွမ်းကျင်ရန် အမှန်ခဲယဉ်းပုံများကို ဉာဏ်သွားရှိသည့်အလျောက် သိသင့်လေသည်။

(၂) တတ်မြောက်ပြီးသောပညာအစွမ်း,အစရှိပါသော်လည်း ဥစ္စာပစ္စည်း မရှိပြန်က ထိုပညာကို မိမိစွမ်းနိုင်သမျှအကျိုး ခံစားရအောင် မပြုလုပ်, မရွက်ဆောင်နိုင်ဘဲ ရှိနေလေသည်။

ဥပမာ။ ။ရက်ကန်းစက်အတတ်၊ ဖန်ဘူး,ဖန်ခွက်အတတ် စသည် များကို တတ်ကျွမ်းသော သူတယောက်သည် မိမိမှာ ထိုအတတ်ပညာ များကို အသုံးချရန် စက်တည်ထောင်ဘို့, အဆောက်အဦကိရိယာ အမျိုးမျိုးဝယ်ဘို့ ငွေမရှိလျှင် ထိုပညာများကို ကိုယ်တိုင် လုပ်ကိုင်ခြင်း အားဖြင့် အသုံးမချနိုင်ဘဲ ပစ္စည်းဥစ္စာ လုံလောက်သောသူတို့ထံမှာ ထိုအတတ်ပညာကို လစဉ်ပုတ်ပြတ်ငွေနှင့် ရောင်းချ၍ လုပ်ကိုင်စား သောက်ကာ နေထိုင်ရလေသည်။

ကဗျာ, လင်္ကာ, စာပေ, ကျမ်းဂန်မှစ၍ အမျိုးမျိုးသောစာအုပ် များကို ရေးထုတ်နိုင်သော ဆရာပင်ဖြစ်စေ၊ မိမိရေးသားအပ်သော စာပေပညာများကို စာအုပ်အမျိုးမျိုး ရိုက်နှိပ်ထုထောင်ရင်းနှီးရန် ပစ္စည်းအခြေအနေမရှိပါက ထိုပညာများကို ပစ္စည်းဥစ္စာရှိသောသူ တို့ထံမှာ အလုံးစုံအပ်နှံလိုက်ရ၍ ဆရာပြုလုပ်သောသူတို့မှာ မပြောပ လောက်သော အကျိုးစီးပွားကလေးများကိုသာ အစ,အနမျှ ခံစား ကြရလေသည်၊ ယခုအခါ ကမ္ဘာနိုင်ငံတဝှမ်းလုံး ထိုဉာဏ်မျက်စိဖြင့် ဖွင့်၍ကြည့်လိုက်သည်ရှိသော် များသောအားဖြင့် ပညာတတ်မြောက် သောသူများသည် ဥစ္စာရှိသောသူတို့၏ လက်အောက်မှာသာ ခိုလှုံ၍ လုပ်ကိုင်စားသောက်ကာ နေကြရသည်ကို မိတ်ဆွေတို့တွေ့မြင်ကြလိမ့် မည်။ ။ဤကဲ့သို့ဖြစ်နေပုံသည် ကမ္ဘာလောကကြီး၏ ဆုတ်ကပ် အ ခါတွင် ဓမ္မတာလက်ရိုးတရားကဲ့သို့ ဖြစ်နေလေသဖြင့် ပညာနှင့်ဥစ္စာ နှစ်ပါးကို အားချင်းချိန်စက်၍ ကြည့်လိုက်လျှင် ပညာဘက်ကပေါ့၍ ဥစ္စာဘက်က လေးလံလေသည်။

"**တက်ကပ်မှာပညာ၊ ဆုတ်ကပ်မှာဥစ္စာ**" ဆိုသောအတိုင်း ယခုအခါ ဥစ္စာကသာလျှင် ပညာပေါ်သို့ လွှမ်းမိုး ထွန်းကားလျက်ရှိနေသော ကြောင့် တလောကလုံးမှာရှိသောလူတို့၏ မျက်နှာသည် ဥစ္စာဘက်သို့ သာလိုက်ပါမျော်ရှုလျက်ရှိနေကြလေသည်၊ပညာရှိသောသူတို့ကလည်း ကမ္ဘာလမ်းရိုးတရားကြီးအတိုင်း မလွန်ဆန်သာကြဘဲ ဥစ္စာရှိသူတို့၏ လက်အောက်ငယ်သားအနေနှင့်သာ မိမိတို့ပညာကို ဥစ္စာအောက် တွင်သွင်းထား၍ မျှတနေထိုင်လောက်ရုံ ဖြစ်သည့်အခြေအနေနှင့်သာ နေထိုင်ကြရလေသည်။

ဥစ္စာရှိလျှင် သျှိုပေါက်၍ ရှိန်းပြီးသောကြောင့် ပညာရှိသောသူတို့၏အထက်က ခံ့ညားစွာနေထိုင်ပြီးလျှင် "အညွန့်သမား" ပြုလုပ်ကာ ပညာဉာဏ်ညွန့်တို့ကိုခူး၍ချမ်းချမ်းသာသာ သွား,လာနေထိုင်ကြလေသည်၊ဤအချက်ကိုရည်၍ စာဏကျဆရာကြီးသည်ပင်"ဓနံ သဗ္ဗပယောဇနံ" ဟူသောစကားကို မိန့်ဆိုလေသည်။ ။ဓနံ၊ ဥစ္စာပစ္စည်းသည်။ သဗ္ဗပယောဇနံ၊ အလုံးစုံသောအကျိုးကိုပြီးစေ၏။

ဟိတောပဒေသမည်သော သင်္သကရိုက်ကျမ်းတွင်လည်း—

"ဓနေန ဗလဝါ လောကေ၊
ဓနာ ဘဝတိ ပဏ္ဍိတော"ဟူ၍ဆိုလေသည်။

လောကေ၊ ဆုတ်ကပ်သမယ ယခုကာလ၌။ ဓနေန၊ ဥစ္စာကြောင့်။ ဗလဝါ၊ ခွန်အားနှင့်ပြည့်စုံသည်။ ဘဝတိ၊ ဖြစ်၏။ ဓနာ-ဓနေန၊ ဥစ္စာကြောင့်။ ပဏ္ဍိတော၊ ပညာရှင်သည်။ ဘဝတိ၊ ဖြစ်နိုင်၏။

ဤအဓိပ္ပါယ်စုကို ရည်၍ မကြာမီကာလက မြန်မာပညာရှိတယောက် ရေးစပ်အပ်သော ငွေဂုဏ်ဘွဲ့တေးထပ်တပုဒ်မှာ အောက်ပါအတိုင်းဖြစ်လေသည်။

**တေးထပ်**

ခုခေတ်မှာငွေရှိမှ၊ပြေအသိကျော်တာ၊ ငွေမရှိချော်ပါလျှင်၊ ဖော်သဟာ ရှောင်ရှား။ ။ငွေဒွေးမှအရေးယူသည်၊အလေးမူ ငုံ့လို့ဝပ်တွား။ ။ငွေမဲ့လို့မွဲသူကို၊ အကဲတူမထား၊ ပညာတွေဘယ်လောက်များစေတော့၊ အုဌ်ကြားပေါက်မြက်ထင်။ ။ဆင်းရဲသူပညာရှိပေမဲ့၊"နင်ဘာသိ"ပြောဆိုကြချင်၊ထိပေါက်လို့ငွေစမြင်လျှင်၊ ခဏပင်ပညာရှိနိုင်ငဲ့၊ ကော်ရင်ဂျီ့ဖြစ်ပစေ၊ ငွေကြောင့်ရှိသေ။ ။ငွေအိတ်နှင့်ထုချေလျှင်၊ အမှုတွေအောင်ကိန်းပလေး။

ထို့ပြင် စာဆိုတော်ပညာရှိ ဘိုးသူတော် ဦးမင်းရေးသော ကာလဘွဲ့လေးချိုးကား အောက်ပါအတိုင်းဖြစ်လေသည်။

**လေးချိုး**

အမှန်သာမှားတော့တယ်၊ အခါးချိုကြတဲ့ ကာလဉာဖ်။ ။
မြွေမှုကားပျောက်၊ ဖားသာ မောက်လို့၊ ထက်အောက်ကယ်

ပြောင်းပြန်၊ လူမှတရား၊ ငွေစများမှ၊ စကားသာမှန်တော့တယ်၊ ကျမ်းဂန်က ပေစာကို၊လူတကာ ကဗျာရေးလို့၊ တေးဆိုကြပြန်။ ။ငွေနှင့်ခဲမ၊ ဟန်ခိုးပြလို့၊ ဌာနကပ်ပါး၊ ကျားနှင့်နွားလည်း၊ ဆားနှင့်ဆပ်ပြာ၊ ဤအရာကို၊ ပမာပုံဆောင်၊ သူတော်ညှိုးလို့၊ လူဆိုးသာ အောင်တော့တယ်၊ တဘောင်သံမှာ၊ ပြောင်းပြန်ကာလခေတ်ပေပ။ ။လူပဏ္ဍိတ်၊ နောက်ဆုံးကျလို့၊ ဗာလရှေ့သွား၊ ငွေစများ၍၊ တရားမညီ၊ တဘီးသာလည်တော့တယ်၊ ရွှေနီနှင့် ခပ်ပြာကို၊ ပြိုင်လာလျှင် ပဏ္ဍာမဲ့သူက၊ ရှုံးတဲ့ကာလ။

ဤသို့စပ်ဆိုအပ်သော လင်္ကာစကားများသည်ကား ပညာနှင့်ဥစ္စာနှစ်ပါးတို့၏အကြောင်းကို ခေတ်ကာလအလိုက် နှိုင်းယှဉ်၍ပြသောစကားများဖြစ်လေသည်၊ မည်သည့်နေရာမှာမဆို လောကီရေးနှင့်စပ်ဆိုင်လာလျှင် ပညာထက် ဥစ္စာကသာလွန်၍မျက်နှာရှိလေသည်၊ ဥစ္စာအင်အားနှင့်ဆောင်ရွက်လုပ်ကိုင်လျှင် များသောအားဖြင့် မပြီးမြောက်သောအရာဟူ၍မရှိ၊ အလုံးစုံပြီးမြောက်လေသည်ချည်းသာဖြစ်တတ်လေ၏၊လောကုတ္တရာဘက်သို့ကျလျှင်မူကား ပညာသည် ဥစ္စာထက်သာလွန်ကဲမိုးနိုင်လေသည်၊ လောကုတ္တရာဘက်သို့ တသန်တည်းလိုက်ပါတော့မည်ဆိုပါလျှင် ရှိရှိသမျှသော လောကီဥစ္စာရတနာအစုစုတို့ကို အမှုမထားဘဲ စွန့်လွှတ်ရလေတော့သည်။

ထို့ကြောင့် အလောင်းတော်ကြီး သုမေဓာမှစ၍ ရှေးကာလအခါ လောကုတ္တရာသမားအဖြစ်ကို လိုလားနှစ်သက်ကြကုန်သောပြည့်ရှင်မင်းအပေါင်း,သူဌေး- သူကြွယ်အပေါင်းတို့သည် မိမိတို့စိုးပိုင်နက်ဖြစ်သော ပြည်ထောင်တိုင်းကား, သားမယား ခြွေရွေ ပစ္စည်းတွေကို အာလယပြတ်ကင်းစွာနှင့်စွန့်လွှတ်၍ တောထွက်တော်မူကြသော ထုံးစံရှိလေသည်၊ ပစ္စည်း ဥစ္စာ ဖွေရှာစုဆောင်းရန်အလုပ်ကိုစက်ဆုပ်ရွံရှာကြလေသည်။

လောကုတ္တရာနှင့်မဘက်သော လောကီဘက်၌မူကား ထိုကဲ့သို့မဟုတ်ဘဲ ပစ္စည်း,ဥစ္စာများကို အားတက်သရော စုဆောင်းရှာမှီးကြရသည်၊ပစ္စည်းဥစ္စာရှိမှ လောကတွင် အစစတင့်တယ်၍ မျက်နှာကြီး

ပြီးလျှင် ပညာစွမ်းထက် ဥစ္စာအစွမ်းထက်သောကြောင့် ဥစ္စာမရှိလျှင် ပညာပင်ရှိစေကာမူ ဤလောကမှာ မတင့်မတယ်ဘဲ မျက်နှာငယ်တတ်လေသည်၊ ထို့ကြောင့် စာဏကျဆရာကြီးသည် "ဥစ္စာကင်းမဲ့ပါက ပညာမထွန်းကားနိုင်ဘဲ အရာရာမှာ အောက်ကျ, နောက်ကျစွာနှင့် နစ်နာဆုတ်ယုတ်တတ်သည်" ဟူ၍ ဆိုလေသည်၊ ပြန်ဘက်အဓိပ္ပါယ်အားဖြင့် "ပစ္စည်းဥစ္စာရှိလျှင် မတတ်, မသိသေးသောပညာများကို တတ်သိထိုးထွင်းနိုင်သည့်ပြင် တတ်သိကျွမ်းကျင်ပြီးဖြစ်သည့် ပညာများကိုလည်း တိုးပွားကြီးကျယ်လေအောင် မိမိတတ်မြောက်သောအတိုင်း အကျိုးခံစားရလေအောင် ရှက်ဆောင်ပြုလုပ်နိုင်သည်"ဟူ၍ ဆိုလိုသည်။

ပညာကို ဥစ္စာဖြင့် တန်ဆာဆင်လျှင် အတိုင်းထက်အလွန်ပင် တင့်တယ်မြင့်မြတ်၍ ဂုဏ်ဒြပ်ရှိစေနိုင်သည်။

၃။ "တောင်းရမ်းခြင်းသည် ဂုဏ်သိရ်ပျက်စီးကြောင်း" ဟူ၍ဆိုသော တတိယအချက်အရ တောင်းခြင်းတည်းဟူသော "ယာစနာ" တရားကိုစဉ်းစားဆင်ခြင်သင့်လေသည်၊ ကျမ်းဂန်တို့၌ တောင်းတတ်သောသူကို"ယာစက" အတောင်းခံရသောသူကို"ယာစိတ"တောင်းခြင်းကို"ယာစနာ" ဟူ၍ဆိုလေသည်၊"တောင်းတတ်, တောင်းအပ်, တောင်းခြင်း"ဟူ၍ ဆိုလိုသည်။

တောင်းခြင်းအလေ့ဝါသနာသည် တောင်းတတ်သောသူ၏ ဂုဏ်သိရ်ကြက်သရေများကိုပျက်စီးစေတတ်၏၊ တောင်းတတ်သောသူတို့၏ အလေ့သည် မိမိကိုယ်စွမ်းကို အားကိုး အားထားပြုလုပ်လေ့မရှိဘဲ သူတပါးတို့၏ အခြေအနေ, စီးပွားဥစ္စာ, လာဘ်လာဘကို မြော်လင့်ကာ တမော့မော့နေတတ်၏၊ ကိုယ်စွမ်းအားနှင့် အလုပ်လုပ်ရမည်ကို ကားရှက်၏၊ သူတပါးကိုမြော်၍ လက်တဖြန့်ဖြန့်နှင့် တောင်းရမည်ကို မရှက်ချေ ၊ထိုသို့ သူတပါးတို့ကိုသာ မှီခိုအားကိုးလိုသော စိတ်ဓာတ်ခံအရင်းရှိနေသဖြင့် ကိုယ်စွမ်းအားကိုမူကား ထွားကျိုင်းကြီးပွားအောင် မပြုလုပ်, မကြိုးစားဘဲ အမြဲပင် ဖိနှိပ်ချိုးနှိမ်၍ ထားတတ်လေသည်၊ မည်သည့်အရာမှာမဆို မိမိစွမ်းအားနှင့် ပြုလုပ်၍မဖြစ်ထွန်းသော စီး

ပွားချမ်းသာမျိုးသည် အားကိုးလောက်သည်မဟုတ်ဘဲ ဖောက်လဲဖောက်ပြန်ဖြစ်တတ်လေ၏။

တောင်းတတ်သော အလေ့စရိုက်၏ အုပ်ချုပ်လွှမ်းမိုး၍ထားသော အတိုင်း တုံးအောက်မှာ ပိပြား၍နေသော သစ်ပင်ကဲ့သို့ စိတ်ဓာတ် အဇ္ဈာသယများသည် ပိပြားသေးသိမ်နေပြီးလျှင် ဝီရိယစွမ်းအားများကိုလည်း အလုံးစုံအညွန့်, အညှောက်တုံးအောင်သတ်ဖြတ်၍ ထားလေသည်၊ စိတ်နေ, စိတ်ထား သေးသိမ်ပိပြားစွာနှင့် ဝီရိယ အညွန့်ကျိုး၍နေသောသူတို့မှာ လောက၌ချမ်းသာခြင်း, ကြီးပွားခြင်းများနှင့် မည်သည့်အခါမျှ မကြုံကြိုက်နိုင်ဘဲ တနေ့တခြား အောက်ကျသည်ထက်အောက်ကျ,ဆုတ်ယုတ်သည်ထက် ဆုတ်ယုတ်တတ်လေသည်။

ဒိဋ္ဌမျက်မြင်အားဖြင့်လည်း တောင်းစားသောသူတို့၏ အထင်အပေါ် အကျော်အစောဖြစ်သည်ကို တွေ့ကြရန် အမှန်ခဲယဉ်းကြပေလိမ့်မည်၊ များသောအားဖြင့် တောင်းရမ်း စားသောက်လေ့ရှိသောသူတို့သည်ကား လူပျင်းများ, ဘိန်းစားများ, ဒုက္ခိတများတို့သာလျှင် ဖြစ်တတ်ချေသည်၊ ထိုတောင်းစားသူတို့၏အတွက် ဤလောကမှာ တစုံတရာမျှ အကျိုးမဖြစ်ထွန်းဘဲ ဝီရိယရှိစွာနှင့် ကိုယ့်စွမ်းအားပေါ်မှာတည်၍ နေကြကုန်သောသူတို့၏ လုပ်စား,ကိုင်စားများပင်လျှင် ထိုသူတို့အပေါ်သို့ ဖိတ်ယိုသက်လျောကျရလေသေးသည်၊ ကမ္ဘာလောကကြီးမှာ အမျိုးမျိုးသောအလုပ်ကို ကိုယ်စီ,ကိုယ်ငှ ဝိုင်းဝန်းကူညီ၍ လုပ်ကြရကြောင်းကို ဆိုခဲ့သောနည်းလမ်းနှင့် ထောက်စာလျှင် ထိုတောင်းစားသူများသည် ကမ္ဘာပေါ်မှာရှိသော အလုပ်သမားတို့၏ စာရင်းတွင် မတင်သွင်းနိုင်ဘဲ ''ယူမိ လူလျှံတွေ''ဟူ၍သာလျှင် ဆိုထိုက်လေသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံမှာသာလျှင် ဗုဒ္ဓမြတ်စွာ၏တရားတော်ထွန်းပေါ်တည်ရှိလေသောကြောင့် သဒ္ဓါတရားကောင်းကြသဖြင့် တောင်းစားသူများကို အလှူခံစာရင်းတွင် တင်သွင်းပြီးလျှင် ကရုဏာနှင့်သဒ္ဓါပေါက်ရောက်ကြသည့်အတိုင်း သူတောင်းစားများကို ''အလှူခံပုဂ္ဂိုလ်ကြီးတွေ'' ဟူ၍ ခေါ်ဆိုသမုတ်ကြလေသည်၊ အနောက်နိုင်ငံသားတို့

သည်မူကား ထိုသို့သဘောမထားကြကုန်ဘဲ ခြေ,လက်သန်စွမ်းစွာ နှင့် တောင်းရမ်းစားသောက်သော သူများကိုမြင်တိုင်း မျက်မုန်းကျိုး ကြပြီးလျှင် အစိုးရဥပဒေဖြင့် အပြစ်ဒဏ် ပေးခြင်းများကိုပင် စီရင် ကြလေသည်။

စင်စစ်အမြင်ကျယ်ဝန်းစွာနှင့် ကြည့်ရှု ဆင်ခြင်လိုက်သောအခါ ဤကမ္ဘာမြေကြီးပေါ်တွင် လူသားတယောက်ဟူ၍ ဖြစ်ပေါ်လာသော အခါ ကိုယ်စွမ်းရည်သတ္တိများကို နှိမ်ချိုးဖုံးလွှမ်း၍ ထားပြီးလျှင် သူ တပါးကိုမှီခို၍ အသက်မွေးမှုခြင်း အလုပ်ကို စက်ဆုပ်ရွံရှာလျက် ကိုယ့်စွမ်းအင်ရှိသလောက် "ဤကမ္ဘာပေါ်မှာ ငါလည်းအလုပ်သမား တဦးဖြစ်သည်" ဟူ၍ အမြော်အမြင်ကြီးစွာ မိမိတို့အစွမ်းသတ္တိပေါ် မှာ တည့်တည့် မတ်မတ်ရပ်၍ နေထိုင်သင့်လေသည်၊ ဓမ္မပဒ ပါဠိ တော်၌—

"အတ္တာ ဟိ အတ္တနော နာထော၊
ကော ဟိ နာထော ပရော သိယာ"—

ဟူသောစကားဖြင့် ကိုယ့်ကိုသာလျှင် ကိုယ်ကိုးကွယ်ရာရှိသည်၊ သူ တပါးသည်ကား အဘယ်မှာ ကိုးကွယ်ရာဖြစ်လေအံ့နည်း-ဟူ၍ ဟော ကြားတော်မူလေသည်။

**အနက်။** ။အတ္တာ၊ မိမိကိုယ်သည်။ ဟိ၊ စင်စစ်။ အတ္တနော၊ မိမိ၏။ နာထော၊ ကိုးကွယ်ရာတည်း။ ပရော၊ သူတပါးသည်။ နာကော၊ ကိုးကွယ်ရာဟူ၍။ ကောသိယာ၊ အဘယ်မှာဖြစ်နိုင်ပါအံ့နည်း။

**၁။ ကိုယ့်ကိုကိုယ်သာ၊ ကိုးကွယ်ရာ၊ မှန်စွာအားထားကြ။**
**၂။ မြင်ပသူမှာ၊ ကိုးကွယ်ရာ၊ မှန်စွာမရှိကြ။**

"ကိုယ့်ရှင်ကိုသာ ကိုးကွယ်ရာ" ဟူသော ရှေး ပေါရာဏစကား လည်းရှိလေသည်၊ ဆိုလိုရင်းအဓိပ္ပါယ်မှာ မိမိမှတပါး မည်သူကိုမျှ အားကိုး, အားထားမပြုဘဲ လူတယောက် ဖြစ်ပေါ်လာသည်ကစ၍ လောကဓမ္မတာအတိုင်း လုပ်ကိုင်စားသောက် လူလားမြောက်နိုင်ကြ ရန် ခြေ, လက် အင်္ဂါ, နား, မျက်စိစသော ရုပ်များနှင့် ဉာဏ်,ဝီရိယ တည်းဟူသော နာမ်မျိုးစေ့များပါလာသဖြင့် ထိုကိုယ်တွင်းတရားများ

ကိုသာ အားထားပြီးလျှင် သူတပါးတို့၏ စားလုံး, စားပေါက်ကို မကောက်မယူဘဲ မိမိတို့ဘာသာအလျောက် လူလားမြောက်အောင် နေထိုင်သင့်သည်ဟူ၍ ဆိုလိုသည်၊ ထိုသို့နေထိုင်ခြင်းအားဖြင့် ကြီးပွားဖြစ်ထွန်းလာသော ဥစ္စာ, စည်းစိမ်, ဂုဏ်သိရ်, ကြက်သရေများသည်ကား ကိုယ်စွမ်းအားနှင့် ကိုယ်ထူထောင်၍ ရသောကြောင့် ဤလောကထဲမှာ ရဲတင်းသောမျက်နှာနှင့် မည်သူ့ကိုမျှမမှီမတွယ်ရဘဲ လွတ်လပ်ကျယ်ပြန့်စွာ နေထိုင်နိုင်လေသည်ဖြစ်ကြောင်း။

"တောင်းခြင်း" ဆိုသောအရာမှာ သူတောင်းစားများကဲ့သို့ ခွက်လက်စွဲကိုင်ကာ တောင်းခြင်းမျှကိုသာဆိုလိုသည် မဟုတ်ဘဲ သူတပါးတို့၏ စားလုံး, စားပေါက်များကိုမှီခိုလိုသူနှင့် ဥစ္စာ, စည်းစိမ်, ဂုဏ်သိရ်, ကြက်သရေရှိသော သူတို့၏ အနားမှာ မှီခိုကပ်ရပ်ကာ တမော့မော့မျှော်၍ နေခြင်းကိုလည်း တောင်းခြင်း တမျိုးဟူ၍ပင် ဆိုလိုကြောင်း၊ ထိုသူများသည်လည်း ကိုယ်စွမ်းကိုအားမကိုး မိမိအညွန့်အညွှာကို နှိမ်ချိုးသောသူတို့-ဟူ၍သာလျှင် ဆိုထိုက်လှလေသည်၊ ကမ္ဘာပေါ်တွင် အလုပ်သမားအနေနှင့် လူရာမဝင်သည့်လူပိုလူလျှံများဟု ဆိုလိုသည်၊ တောင်းခြင်းအမှုသည် မိမိဂုဏ်သိရ်ကို ယုတ်လျော့စေသည့်ပြင် သူတပါးကိုလည်း အနှောင့်အရှက် ပေးပြန်လေသည်၊ ဥပမာ-တစုံတယောက်သောသူ့ထံမှာတောင်းခံလာလျှင် အကြောင်းမညီညွတ်ရှိနေသောကြောင့် တောင်းသောအတိုင်းပေးရန် အခွင့်မသင့်လျှင် စိတ်ထဲမှာ အနှောင့်အရှက်ဖြစ်ပေါ်လာ၍ သင့်လျော်စွာ ပြောဆိုလျက်လွှတ်လိုက်ရလေသည်၊ထိုတောင်းသူ၏မျက်နှာကို နောက်တခါထပ်မံ၍ မကြည့်ချင်ဘဲရှိတတ်လေသည်။

တောင်းသောသူတို့၏ စကားများသည် ကြီးသူ၏စိတ်နှလုံးမှာ ချမ်းသာကြည်ရွှင်ခွင့်ကိုမပေးဘဲ သူတို့၏အဖြစ်, အပျက် ဆင်းရဲပုံ, ခက်ခဲပုံများကိုသာ ပြောကြားညည်းတွား တတ်ကြသဖြင့် အတောင်းခံရသော သူ၏စိတ်ကို ဆင်းရဲဒုက္ခပေးသကဲ့သို့ဖြစ်လေသည်၊စတုကနိပါတ် ဗြဟ္မဒတ္တဇာတ်၌-

"ယာစနံ ရောဒနံ အာဟု"။ ။ယာစနံ၊ တောင်းခြင်းကို။ ရောဒနံ၊ ငိုကြွေးခြင်းဟူ၍။ အာဟု၊ ဆိုကြကုန်၏။

ဤသို့ ဆိုသောစကား ရှိလေသောကြောင့် တောင်းခြင်းကို အတောင်းခံရသူ၏ ရှေ့မှာ ပူဆာငိုကြွေးသည်-ဟူ၍ ဆိုရကြောင်း ထိုဇာတ်တော်၌ပင် တောင်းသောအတိုင်း မပေးပြန်ကလည်း အတောင်းခံရသူက တဖန်ပြန်၍ ငိုကြွေးသည်နှင့်တူ၏-ဟူ၍ ဆိုပြန်သေးသည်၊ သို့ဖြစ်၍ တောင်းသောသူနှင့် တောင်း၍မပေးနိုင်သောသူနှစ်ဦးတို့သည် တယောက်နှင့် တယောက် အပြန်,အလှန် ငိုကြွေးကြသည်-ဟူ၍ ဆိုလိုကြောင်း။

ထို့ပြင် သတ္တနိပါတ် အဋ္ဌိသေနဇာတ်၌လည်း—

"ယာစကော အပ္ပိယော ဟောတိ၊
ယာစံ အဒဒ မ ပ္ပိယော"—

ဟူ၍ ဆိုသည်။ ။ယာစကော၊ တောင်းသောသူသည်။အပ္ပိယော၊ မုန်းအပ်သည်။ ဟောတိ၊ဖြစ်၏။ ယာစံ၊ တောင်းအပ်ပါလျက်။အဒဒံ၊ မပေးဘဲနေပြန်ကလည်း။ အပ္ပိယော၊ အမုန်းခံရသည်။ ဟောတိ၊ဖြစ်၏။

ဤသို့ဆိုသောကြောင့် တောင်းသောသူကိုလည်း အတောင်းခံရသောသူက မုန်းတတ်၏၊ တောင်းပါလျက် မပေးဘဲနေပြန်ကလည်း အတောင်းခံရသူကို တောင်းသူကမုန်းပြန်လေ၏၊ ထို့ကြောင့် တောင်းခြင်းအမှုသည် တောင်းတတ်, တောင်းအပ်သူနှစ်ဦးလုံးတို့၏ အမုန်းခံရသောတရားဖြစ်သည်-ဟူ၍ ဆိုအပ်လေသည်၊ ထို့ကြောင့် မိမိဂုဏ်ကို ပျက်စီးစေရုံမျှမက အမုန်းအဖတ်တင်ကြောင်းဖြစ်သော တောင်းခြင်းအမှု၏ ကမ္ဘာမြေပေါ်မှာ ထွန်းကားနေသည်ကို များစွာစက်ဆုပ်ရွံရှာဘွယ် ကောင်းလေသည်ဖြစ်ကြောင်း။

ထိုတောင်းခံခြင်းတည်းဟူသော "ယာစနာ" တရားကို လောကကြီးပေါ်မှာ ဖြစ်ထွန်းနေသည့်အတွက် စက်ဆုပ်ဘွယ်ရှိသည်-ဟူ၍ ဆိုသော်လည်း လောကုတ္တရာဘက်သို့ လိုက်ပါသူမဟုတ်ဘဲ လောကီသမား သား, မယား, အိုး, အိမ်နှင့် နေထိုင်ကြသောသူတို့၏ တောင်းခြင်းကိုသာ ဆိုရလေသည်၊ လောကုတ္တရာဘက်သို့ လိုက်ပါ၍ သံသရာကို ငြီးငွေ့ကြကုန်သော ရသေ့, ရဟန်း စသည်တို့မှာမူကား ပစ္စည်းရှာဖွေခြင်းကိစ္စကို အလျဉ်းရှောင်ကြဉ်ကြလေသောကြောင့် ထိုပုဂ္ဂိုလ်များအတွက် တောင်းရမ်းရှာမှီးခြင်းကို အပြစ်မဆိုတိုက်

ပေ၊ ထိုပုဂ္ဂိုလ်မြတ်များသည်ကား ကုသိုလ်ကောင်းမှု၏ စိုက်ပျိုးရာ လယ်တာ မြေကောင်းကြီးတွေသဘွယ် ဖြစ်သည်-ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသောကြောင့် လှူဒါန်းသောသူတို့မှာ များစွာ အကျိုးကြီးကျယ်ခြင်းကို ခံစားကြရလေသည်။

ရသေ့,ရဟန်းတို့နှင့်စပ်သော ပေးကမ်းမှုအရာကို ဝေါဟာရတမျိုး ပြောင်းလွှဲပြီးလျှင် လှူသည်, အလှူခံသည်-ဟူ၍သာ ပြောဆိုလေ့ရှိကြ ကြောင်း၊ အချို့သောသူတို့သည် မိမိတို့ကစင်စစ် လောကုတ္တရာသမား မဟုတ်ဘဲ သောနုတ္တရ မူဆိုး၏ဉာဏ်ကို အတုခိုးပြီးလျှင် လောကုတ္တရာ သမားအသွင်အပြင်နှင့် အသက်မွေးမှု ချောင်ချိစွာရှိလေအောင် ကြံဆောင်တောင်းရမ်းတတ်ကြ လေသည်ဖြစ်ကြောင်း၊ ထိုသူများသည် ကား ရိုးရိုးတောင်းစားသော သူများထက်ပင် ယုတ်မာ၍ လောကုတ္တ ရာသက်သက်ဖြစ်သော ပုဂ္ဂိုလ်များ၏ဂုဏ်သိရ်ကိုပင် မှေးမှိန်ညစ်နွမ်း အောင်ပြုလုပ်ကြပြန်လေသည် ဖြစ်ကြောင်း။

အချို့သောသူများသည်ကား မိမိတို့မှာပစ္စည်းဥစ္စာ လုံလောက် စွာနှင့် တည်တံ့စွာနေထိုင်ကြသည်ဖြစ်ပါလျက် လိုချင်မျက်စိကျယ်သ ဖြင့် သူတပါး၏ ပစ္စည်းများကို အနည်းငယ်မပြောပလောက်သည်ကို ပင်ဖြစ်စေ၊ မရ,မကတောင်းတတ်ကြလေသည်၊ ထိုသူများသည် စိတ် သဘောသေးသိမ်စွာနှင့် သူတပါးအရှိန်ကို အနည်းငယ်ခိုလှုံလိုသော စိတ်ဓာတ်ရှိကြလေ၏၊ အကယ်၍ပင် ထိုသူများတောင်းသောအတိုင်း ပေးလိုက်ရသော်လည်း မျက်ကွယ်သို့ကျရောက်သောအခါ ထိုသူ၏ တောင်းတတ်သော အလေ့အလာနှင့်စပ်၍ စကားစပ်မိသောအခါ အပြစ်စကား ပြောကြားမိကြလေသည်၊ တောင်းခြင်းအမှုသည် လူ မုန်းတတ်သော တရားမျိုးတခုဖြစ်လေသောကြောင့် တကြိမ်, နှစ်ကြိမ် တောင်းသောအခါ ကြည်ရွှင်စွာ ပေးကမ်းနိုင်သော်လည်း အကြိမ် များလျှင် ထိုသူနှင့်မတွေ့ချင်အောင် မုန်းထားတတ်ကြလေသည်၊ ထို့ကြောင့် ရှေးသူကြီးတို့သည် **''သဗ္ဗါလွန်း ဆွမ်းတော်တော်ရပ်''** ဟူသောစကားပုံကို မိန့်ဆိုတော်မူကြလေကုန်သည်။

ဤသို့ ပြဆိုအပ်ပြီးသော တောင်းခြင်းအမျိုးမျိုးများကို ထောက် ထားဆင်ခြင်ပြီးလျှင် ဂုဏ်ယုတ်ကြောင်း, လူမုန်းကြောင်းဖြစ်သည့်

ပြင် မိမိခြေ, လက် အင်္ဂါတို့နှင့် ဝီရိယစွမ်းများကို နှိမ်ချိုး၍ လော
က၌ ကြီးပွားဘွယ်မဟုတ်သော တောင်းခြင်းအမှုကို စက်ဆုပ်ကြပြီး
လျှင် ကိုယ့်စွမ်းအားပေါ်မှာ မျက်နှာရဲရင့်စွာနှင့် အတည်အတံ့ရပ်၍
နေနိုင်ကြောင်း၊ ကမ္ဘာလောကပေါ်တွင် အသုံးကျသောလူတဦးဟု
စာရင်းပေါက်ကြောင်း၊ မိမိအစွမ်းရှိသမျှ ကြီးပွားကြောင်းဖြစ်သည့်
သူတပါး၏ အရှိန်မခို ကိုယ့်ကိုအားကိုး ကိုယ့်ဒူးကိုယ်ချွန်တရားမျိုးကို
ကြိုးစား၍စိတ်ပါသင့်လေသည်။

၅။ စတုတ္ထဖြစ်သော ပျက်စီးကြောင်းအရ တွေ့ရာ, မြင်ရာ စား
သောက်ခြင်းဆိုသော စကားသည် များသောအားဖြင့် ဟိန္ဒူလူမျိုး
တို့နှင့်သာ စပ်ဆိုင်သော အချက်ဖြစ်လေသည်၊ ကမ္ဘာလောကမှာရှိ
သော လူအမျိုးမျိုးတို့တွင် ဟိန္ဒူလူမျိုးသည် ဘာသာဝါဒ, ဇာတိဝါဒ
နှင့်စပ်၍ များစွာအယူသည်းကြသော လူမျိုးတို့ဖြစ်လေသည်၊ သုဒ္ဒ,
ဝေဿ,ခတ္တိယ, ဗြာဟ္မဏဟုဆိုအပ်သော ဟိန္ဒူလူမျိုး လေးမျိုးရှိလေ
သည်အနက် ဗြာဟ္မဏလူမျိုးသည် ဇာတ်အကြီးဆုံး, အယူဝါဒအရင့်
သည်းဆုံးဖြစ်၏၊ အခြားလူမျိုးတို့ပြုလုပ်စီမံအပ်သော အစာဘောဇဉ်
ဖြစ်လျှင် ဇာတ်ကိုစောင့်ရှောက်သောအားဖြင့် အသက်ပင်သေစေကာ
မူ မစားဘဲရှောင်ကြဉ်တတ်ကြကုန်၏၊ အခြားသောလူမျိုးတို့ပြုလုပ်
အပ်သော အစာဘောဇဉ်တို့ကို စားသောက်မိလျှင် ဇာတိဝါဒနှင့်
ချွတ်ချော်တိမ်းပါး၍ အမျိုးဇာတ်ပျက်လေ၏၊ အမျိုးဇာတ်ပျက်သော
အခါ မည်သူကမျှအပေါင်းအဖော် အဘက်အစပ်မပြုလုပ်ကြဲဘဲ မျက်
နှာလွှဲကြပြီးလျှင် မျောက်သစ်ကိုင်းလွတ်သကဲ့သို့ ဖြစ်လေ၏။

အဘပင်ဖြစ်သော်လည်း ဇာတ်ပျက်သော သား, သမီးကို ပြန်၍
မကြည့်ချေ၊ ထို့ကြောင့် အမျိုးဇာတ်ကို စောင့်ရှောက်သောအားဖြင့်
တွေ့ရာ, မြင်ရာ အစာဘောဇဉ်ကိုမစားဘဲ အမျိုးဇာတိတူမျှသော
သူအချင်းချင်းသာလျှင် စားဘော်,သောက်ဘက် ပြုလုပ်ကြလေသည်၊
ဤအကြောင်းအချက်ကိုရည်၍ "တွေ့ရာ, မြင်ရာ အစာဘောဇဉ်ကို
စားသောက်ခြင်းသည်အမျိုးပျက်စီးကြောင်းဖြစ်သည်" ဟူ၍ စာဏက္ကျ
ဆရာကြီးဆိုလေသည်၊ ကျွန်ုပ်တို့ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာ
ဘုရားသည်ကား ထိုကဲ့သို့သော ဇာတိဝါဒများကို နှစ်သက်တော်မမူ

သဖြင့် သာသနာတော်ရိပ်ကို ခိုလှုံသက်ဝင်လာကြသော ရဟန်းတော်များအား မည်သည့်ဇာတ်က ဝင်လာသည်ဖြစ်စေ၊ ထိုအစားအစာများအတွက်နှင့် အမှတခုဂရုစိုက်ကာ ပညတ်ချက်ကို မထားဘဲ တွေ့တွေ့သမျှ, ရရသမျှနှင့် မျှတစွာ စားသောက်ကြရန်ကိုသာ ခွင့်ပြုတော်မူလေသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံမှာ ထိုကဲ့သို့ဇာတိဝါဒမရှိလေသောကြောင့် မည်သည့်အစာဘောဇဉ်ကို စားသောက်သည်ဖြစ်စေ၊ ဇာတ်ပျက်သည်, အမျိုးပျက်သည်-ဟူ၍ မဖြစ်နိုင်ချေ၊ သို့ရာတွင် တွေ့ရာ, မြင်ရာတို့၌ လျှာကို မချုပ်တည်းနိုင်ဘဲ စားသောက်ခြင်းသည် မိမိဂုဏ်ပျက်စီးခြင်းကိုသော်လည်း ဖြစ်စေတတ်၏၊ တစုံတရာရောဂါဥပဒ်ဖြစ်ပေါ်ခြင်းကိုလည်း ဖြစ်စေတတ်လေသည်။

"**အစားအတွက်နှင့် အရှက်ရတတ်သည်**" ဆိုသောအတိုင်း တွေ့ရာ, မြင်တိုင်း လူရှေ့,သူရှေ့မရှောင် သင့်,မသင့်မစဉ်းစားဘဲ သောက်စားကြူးလွန်သောသူသည် လူများအပေါင်းတို့၏ ပြစ်တင်ကဲ့ရဲ့ခြင်းကို ခံရတတ်လေသည်၊ "**အစားမတော်လျှင်တလုပ်၊ အသွားမတော်လျှင်တမဟုတ်**"ဆိုသောအတိုင်း ရသတဏှာရောင့်တက်၍ လျှာကိုအလိုလိုက်သဖြင့် မသင့်,မလျော်သည်ကိုစားမိလျှင် တလုပ်စာလောက်မျှနှင့် ဒုက္ခကြီးကျယ်စွာတွေ့ကြုံမိရတတ်လေသည်၊ ချွေတာခြင်း နည်းလမ်းအားဖြင့် အစားအသောက်မျိုးနှင့် စပ်၍ဆိုလျှင် ယခုခေတ်ကာလအခါ အစားအစာအတွက် ဇာတိဝါဒသို့လိုက်၍ စားသောက်ကြသောသူများတို့သာ ငွေကုန်ကြေးကျမှာ အလွန်ပင်နည်းပါးကြလေသည်။

**ဥပမာ**။ ။ယခုခေတ်ကာလအခါ ဥရောပတိုက်, အမေရိကတိုက်တခွင်တို့မှ ကမ္ဘာမြေပြင်ပေါ်မှာ အနှံ့အပြားကဲ့သို့ အစားမျိုးစုံ, အသောက်မျိုးစုံတို့ကို ဆန်းကြယ်စွာ ပြုလုပ်ရောင်းချရန် သင်္ဘောကြီး, ငယ်တို့ဖြင့် တင်ပို့လျက်ရှိနေကြလေသည်။

"**မသိုးထမင်း,မသိုးဟင်း**"ဆိုသော ရှေးပေါ်ရာဏ စကားအတိုင်း သေတ္တာအမျိုးမျိုးတို့ဖြင့် ထည့်သွင်း၍ ကာလအရှည်ခံအောင် စီမံပြုလုပ်ရောင်းချသော မုန့်အထွေထွေ၊ ငါးသေတ္တာ, ဝက်ပေါင်,သိုးလျှာ,

အမဲသား, ပဲ့စေ့သနပ်, ချိချဉ် စသော ဟင်းမျိုးအထွေထွေ၊ နို့ဆီ, ဆော်ဒါ, လီမင်နစ်စသော သောက်ဘွယ်အထွေထွေတို့သည် ယခုအခါ ကျွန်ုပ်တို့မြန်မာ နိုင်ငံတော်တခုလုံးကို လွှမ်းဖုံးအုပ်ချုံတော့မည်ကဲ့သို့ များစွာရောက်ရှိကြလေသည်၊ ကျွန်ုပ်တို့မြန်မာအမျိုးသားတို့၏ ခံတွင်းက မည်သည့်လူမျိုးက ပြုလုပ်သော အစာမဆို မငြင်းပယ်ဘဲ လက်ခံတတ်သောကြောင့် ထိုအမျိုးမျိုးသော စားဖွယ်, သောက်ဖွယ်တို့ကို စားသောက်တတ်ကြလေသည်။

အလကား သက်သက်မဲ့ စားသောက်ရန်လည်း အခွင့်မရ၊ ငွေနှင့်ပေးဝယ်မှ စားသောက်ကြရသဖြင့် အခြားနိုင်ငံမှ ရောက်လာကြသော **"မသိုးထမင်း, မသိုးဟင်း"** ခေါ်ထိုက်သည့် အစာအာဟာရများကို အဘိုးကြီးမြင့်စွာပေး၍ ဝယ်ယူကြလေသည်၊ ထိုအခါ ကျွန်ုပ်တို့ အမျိုးသားတို့၏ လက်တွင်းမှာရှိသောငွေများသည် လျှာကိုအလိုလိုက်၍ရသတဏှာအကြိုက်ပြုလုပ်ကြရသောကြောင့် နိုင်ငံတွင်းမှထွက်သွားကြပြီးလျှင် အခြားလူမျိုးတို့၏ လက်တွင်းသို့ ကူးပြောင်းခိုဝင်ကြလေသည်။

ဤကဲ့သို့အခြားနိုင်ငံမှဖြစ်သည့် အစား, အစာတို့ကို တစ, တစ စားသောက်လာကြသဖြင့် အခြားနိုင်ငံမှဖြစ်သော အစာပေါ်မှာ လျှာလယ်ကြပြီးလျှင် မိမိတို့နိုင်ငံဖြစ် အစာများကိုပင် မုန်းယောင်မူပြီးလျှင် အလှူအတန်းများ၌ ဖြစ်စေ၊ လက်ထပ်မင်္ဂလာပွဲများ၌ ဖြစ်စေ၊ ဆွမ်းတော်ကြီး တင်ပွဲများမှာဖြစ်စေ၊ မိမိနိုင်ငံဖြစ်အစာ, အာဟာရ, မုန့်, ဘောဇဉ်များကို အသိမှုမလုပ်ကြဘဲ အခြားနိုင်ငံဖြစ် မုန့်,ယိုစသည်များဖြင့်သာလျှင် ပွဲတွင်းမှာအသုံးပြုလုပ်ကြလေသည်၊ပြဆိုအပ်ပြီးသော ပွဲလမ်းများအနက် တပွဲ,တပွဲမှာ ကျွန်ုပ်တို့ မြန်မာအမျိုးသားတို့၏ လက်တွင်းမှ ထွက်သွားလေသော ငွေသည် ရာပေါင်းများစွာပင်ရှိကြပေလိမ့်မည်။

ထိုသို့အစား, အသောက်အတွက်နှင့် နိုင်ငံမှ ငွေထွက်ခြင်းအမှုသည် မည်သည့်အစာ, အာဟာရမျိုးမဆို စားသောက်တတ်သော အလေ့အလာ ရှိသောကြောင့်သာဖြစ်သည်-ဟူ၍ စီစစ်ကြံစည်ထိုက်

လေသည်၊ တွေ့ရာ, မြင်ရာကို မစားမသောက်ကြသော ဟိန္ဒူလူမျိုးတို့နိုင်ငံမှာမူကား အခြားနိုင်ငံမှဖြစ်သည့် အစာ,အာဟာရများသည် ထိုကဲ့သို့ စီးနင်းလွှမ်းမိုးခွင့်ကို ရကြသည်မဟုတ်ချေ၊ ထိုကဲ့သို့သော ဇာတိဝါဒကြီးက တားဆီးကာကွယ်လျက်ရှိနေသောကြောင့် အစာ, အာဟာရများအတွက် တိုင်းပြည်မှငွေထွက်ခွင့်ကို မပေးကြကုန်ဘဲ လုံခြုံသိပ်သည်းစွာ ချွေတာနိုင်ကြလေကုန်သည်။

ဟိန္ဒူလူမျိုးတို့ ထုံးစံဝါသနာသည် အစား, အစာကို မဆိုထားနှင့်ဦး၊ ၎င်းတို့ကိုးကွယ်သော စန္ဒီ, ပရမိသွာ, မဟာပိဿဏိုး-စသော နတ်များကို ပွဲပြု၍တင်သကြသောအခါ စံပယ်,နှင်းဆီ-စသော တိုင်းရင်းဖြစ်ပန်းများကိုသာ နတ်တို့က နှစ်သက်သည်-ဟု အယူရှိကြရင်း အတိုင်း အခြားတိုင်းပြည်မှဖြစ်သည့် ပန်းထူး, ပန်းဆန်းများကိုပင် တင်မြှောက်ပသရန် နတ်များကလက်မခံဟု ငြင်းပယ်ကြလေသည်၊ ဤကဲ့သို့ချွေတာခြင်း နည်းလမ်းအားဖြင့် ဆင်ခြင်လျှင် တွေ့ရာ,မြင်ရာ မစား,မသောက်ခြင်း အလေ့ဇာတ်သည် ငွေထွက်သက်သာ၍ တွေ့ရာမြင်တိုင်း မရှောင်မလွဲ "အစားပက်စက်" သော အလေ့သည်ကား ငွေထွက်လမ်း ကျယ်ဝန်းလေသည်-ဟု သိရ၏၊ "မင်္ဂျိမပင်ိုပဒါ" ဟု ဆိုအပ်သော အလယ်လမ်းအားဖြင့် စားရေး, သောက်ရေးအရာတွင်လည်း မည်သည့်အရာဌာနမှာမဆို ကာလ, ဒေသ, ဥတုသပ္ပါယနှင့် တိုင်းထွာ၍ မျှတစွာစားသောက်သင့်လေသတည်း။

ပြဆိုအပ်ပြီးသော အချက်ကြီးလေးပါးကို ပြန်ဘက်အားဖြင့် အကျဉ်းချုပ်လိုက်သည်ရှိသော် ပျော်ရွှင်မှုကိုချွေတာခြင်းသည် အလုပ်, အကိုင်တည်တံ့ကြီးပွားကြောင်းဖြစ်၏၊ ပစ္စည်းဥစ္စာ, အထုပ်အထည်လက်ကိုင်ရှိခြင်းသည်ပညာတိုးပွားကြောင်းဖြစ်၏၊အလုပ် လုပ်ကိုင်ရမည်ကိုရှက်၍ လက်ဖြန့်ကာ တောင်းရမည်ကို မရှက်သောတရားများပယ်ရှား၍ သူတပါးအရှိန်ကိုမခိုဘဲ ကိုယ်စွမ်းအားနှင့် ရဲရဲဝံ့ဝံ့ ရိုးရိုးသားသား လုပ်ကိုင်ခြင်းသည် ဂုဏ်တိုးတက်ကြောင်းဖြစ်၏၊ တွေ့ရာ, မြင်ရာ မစား,မသောက်ဘဲ လျှာကိုနိုင်အောင်ချုပ်တည်းခြင်းသည်အမျိုးအနွယ်စောင့်ရှောက်၍ ချွေတာခြင်း နည်းကျစွာနှင့် ငွေထွက်ပေါက်ကျဉ်းမြောင်းကြောင်းဖြစ်၏-ဟူ၍ အဓိပ္ပါယ်ရရှိလေသည်။

### ဆောင်ပုဒ်လင်္ကာ

၁။ ပျော်ပါးချင်တည်း၊ အလုပ်ကြီး၊ ငွေလည်းတည်ကြောင်းမှတ်။
၂။ ပစ္စည်းဥစ္စာ၊ ပေါများစွာ၊ ပညာတိုးကြောင်းမှတ်။
၃။ တောင်းလှေ့မဘက်၊ကိုယ်စွမ်းထက်၊ ဂုဏ်တက် မြင့်ကြောင်းမှတ်။
၄။ တွေ့တိုင်းမစား၊ လျှာကိုတား၊ မျိုးသားခိုင်ကြောင်းမှတ်။
ပျက်စီးခြင်းအကြောင်း ၄-ပါးပြီး၏။

## ၉-ပညာရှိလက္ခဏာ ၃-ပါး

မာတာဝ ပရဒါရေသု၊
ပရဒဗ္ဗေသု လေဍ္ဍုဝ။
အတ္တာဝ သဗ္ဗသတ္တေသု၊
ယော ပဿတိ သ ပဏ္ဍိတော။ ။

**အနက်။** ။ယော၊ အကြင်သူသည်။ ပရဒါရေသု၊ သူတပါးတို့၏ သား, မယားတို့၌။ မာတာဝ၊ ကိုယ့်မိခင်ကဲ့သို့။ ပဿတိ၊ ရှုမြင်နိုင်၏။ ပရဒဗ္ဗေသု၊ သူတပါးတို့၏ ဥစ္စာပစ္စည်းတို့၌။ လေဍ္ဍုဝ၊ လွင့်ပစ်လိုက်သော အုဋ်,ကျောက်ခဲကဲ့သို့။ပဿတိ၊ရှုမြင်နိုင်၏။ သဗ္ဗသတ္တေသု၊ အလုံးစုံသောသတ္တဝါတို့၌။အတ္တာဝ၊ မိမိကိုယ်ကဲ့သို့။ ပဿတိ၊ရှုမြင်နိုင်၏။ သ-သော၊ ထိုသူကို။ ပဏ္ဍိတော၊ မြော်မြင်နိုင်ဘိ ပညာရှိပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုသမုတ်အပ်၏။

**ဆိုလိုရင်းမှာ။** ။အကြင်ပုဂ္ဂိုလ်သည် သူတပါး၏ ချစ်မယား၌ ကိုယ့်မိခင်ကဲ့သို့ သဘောထားနိုင်၏၊ သူတပါးပိုင်နက်ဖြစ်သော ဥစ္စာပစ္စည်းတို့၌ လွှင့်ပစ်အပ်သော ခဲကဲ့သို့ သဘောထားနိုင်၏၊ အလုံးစုံသော သတ္တဝါတို့၌ ကိုယ့်ကိုယ်ကဲ့သို့ သဘောထားနိုင်၏၊ ထိုသူကို ပညာရှိ, လူလိမ္မာခေါ်ထိုက်၏-ဟုဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

၁။ သူ၏သက်ထား၊ချစ်မယား၊ စိတ်ထားကိုယ့်မိခင်။
၂။ သူပိုင်နှစ်လို၊ဥစ္စာတို့၊ ခဲသို့မှတ်ယူထင်။
၃။ ရှိရှိများစွာ၊သတ္တဝါ၊ ပမာကိုယ့်အသွင်။
၄။ သုံးချက်ပိုင်ပိုင်၊မှတ်ထင်နိုင်၊ ကြီးခိုင်ပညာရှင်။

## အခန်းငါးအကျယ်

၁။ ကောင်းသော သဘောအားဖြင့် ထင်မြင်မှတ်ပိုက်ရန်အချက် ၃-၃ ဖော်ပြရာ ပထမအချက်အရ''သူတပါးတို့၏ သား,မယားများ အပေါ်တွင် ကိုယ့်မိခင်ကဲ့သို့မှတ်ထင်ရမည်''ဟူ၍ဆိုခြင်းမှာ သူတပါး တို့၏ သား,မယားအပေါ်၌ လျှပ်ပေါ်လော်လည်မတည်ကြည်ဘဲတွယ် တာတပ်မက်ခြင်းတည်းဟူသော ပရဒါရကံ-အပေါက် အလမ်းကြီး ကိုပိတ်ဆို့ခြင်းဖြစ်လေသည်၊သူတပါးတို့၏သား,မယားတို့၌ လောဘ တဏှာ လျှပ်ပေါ်မှုကြောင့် မျက်မှောက်ဒိဋ္ဌဖြစ်သော ရာဇဝတ်ပြစ် ဒဏ်အားဖြင့် ကြီးမားနက်နဲကြောင်းကို ဗုဒ္ဓဘာသာမှစ၍ ကမ္ဘာအနှံ့ အပြားတွင်ရှိသော ဘာသာကြီးဟူသမျှတို့ကပင် ညွှန်ပြ ပညတ်လျက် ရှိလေသည်။

သို့ရာတွင် ပုထုဇဉ် ဟူသမျှတို့၏သန္တာန်မှာရှိနေသော တဏှာ လောဘဓာတ်ကို ကင်းပြတ်အောင် မပယ်,မသတ်နိုင်သည့်အတွက် ကြောင့် ထိုပရဒါရကံသည် အကြွင်းမဲ့ပျောက်ပ ဆိတ်သုဉ်းသည်-ဟူ၍ မရှိလေဘဲ တဏှာနှိုးဆော်ခြင်းကို ခံရသောသူတို့အပေါ်မှာ မကြာ မကြာဖြစ်ပေါ်တတ်လေသည်၊ ထိုသို့ပရဒါရကံ၏ ကမ္ဘာနိုင်ငံပေါ် မှာ ဖြစ်ပေါ်၍ နေခြင်းအကြောင်းရင်းမှာ တဏှာသာလျှင်ဖြစ်သည် ဟူ၍ ဆင်ခြင်သင့်လေသည်၊ ရူပတဏှာ-အစရှိသော တဏှာခြောက် တန်ရှိလေသည့်အနက် သာယာဘွယ်အနေအားဖြင့် ရှုမြင်တတ်သော ရူပတဏှာသာလျှင် အကြောင်းရင်းဖြစ်ပြန်လေသည်၊ ဖြစ်ပုံမှာ သူတပါးတို့၏ သား,မယားကို တွေ့မြင်သောအခါ စာလာကျဆရာကြီး ၏ စကားအတိုင်း ကိုယ့်မိခင်ကဲ့သို့ မှတ်ထင်ရပါမည်ကို မျက်စိမြင်ပုံ လမ်းလွဲသွားပြီးလျှင်တဏှာတရားရှေ့ဆောင်ဖြားယောင်းသည့်အတိုင်း ကိုယ့်သား,မယားလောက်နီးနီး အထင်ကြီးပြီးလျှင် မတော်,မတရား ပြစ်မှားစွန်းငြိတတ်ကြလေ၏။

အကယ်၍ ကိုယ့်အမိကဲ့သို့သာ ဖြောင့်မတ်စွာ တသန်ထည်းမှတ် ထင်၍ထားပါလျှင် မွေးသည့်မိခင်အပေါ်မှာ စိတ်နေ,စိတ်ထားဖြောင့် သားတော်မှန်သကဲ့သို့ မသင့်,မမြတ်,မကြံအပ်သော အကြံဆိုးများကို ကြံစည်တွေးတောကာ ကာမပိတက်ပြန့်ပြောမည်မဟုတ်ချေ၊ မျက်စိ

သည် အလင်းနှင့် ကြိမ်ကြိုက်သောအခါ မှန်သောအတိုင်း မြင်တတ်သော်လည်း တဏှာတရားသည်ကား ထိုကဲ့သို့မြင်ဟပ်သော အလေ့မရှိ၊ အစဉ်မပြတ်အကန်းအတိသာဖြစ်၏၊ တဏှာသူကန်း၏ အလိုသို့လိုက်ပါသောသူများသည်လည်း ပညာအဆင်အခြင်မှ ကင်းကြကုန်ပြီးလျှင် အမှားမှား,အယွင်းယွင်း ကုန်း,ကျင်း, ဆူးငြောင့်,လမ်းကွေ့များသို့သာ တိမ်းပါးချော်ချွတ်စွာကျရောက်တတ်လေသည်။

သို့ဖြစ်၍ သူတပါး၏သား,မယားကို တွေ့မြင်ရာ တဏှာသူကန်း၏ သွေးဆောင်ဖြားယောင်းချက်ဖြင့် အရှက်, အကြောက်ကင်းကွာလျက် အလွန်တရာဆိုးယုတ်လှစွာသော ပရဒါရကံကြီးကို မှားယွင်းပြုကျင့်တတ်လေသည်၊ **''အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိ''** ဆိုသောစကားပုံအတိုင်း မြင်ဖန်များ၍ နီးနှောဆက်ဆံဖန်များလျှင် **''တခွင့်မကြံ တခွင့်ကြံ''**ဆိုသကဲ့သို့ ပေါင်းဆုံ ငြိစွန်းတတ်လေသည်မှာ ဓမ္မတာတရားပင်ဖြစ်ကြောင်း။

> ''ရာဂေါ မေတ္တာယ ဝဍ္ဍေတိ''။ ။ရာဂေါ၊ တပ်မက်သာယာတတ်သော ရာဂတရားသည်။ မေတ္တာယ၊ မေတ္တာယောင်ယောင်။ ဝဍ္ဍေတိ၊ လှည့်ပတ်ဖြားယောင်းတတ်၏။

ဤသို့ဆိုသော ဝဍ္ဍနာစကားနှင့်အညီ မရိုးမဖြောင့် သာယာချစ်ခင်တတ်သော တဏှာရာဂသည် ရိုးသားဖြောင့်မတ်စွာ ချစ်ခင်တတ်သော မေတ္တာယောင်ယောင် ဟန်ဆောင်လှည့်ဖြားတတ်၏၊မေတ္တာနှင့် တဏှာသည် သဘောချင်းနီးစပ်လျက်ရှိနေသောကြောင့် ပိုးမှလိပ်ပြာဖြစ်၍ လာဘိသကဲ့သို့ မေတ္တာမှတဏှာသဘောသို့ ပြောင်းကူး၍ လာတတ်ချေသည်၊ ရှေးဦးပထမအခါ မေတ္တာဆိုသော်လည်း နောင်ကာလရှည်မြင့် အချိန်ရင့်လေသောအခါ တဏှာရုပ်ပြောင်းတတ်သည် ဟုဆိုလိုသည်၊ ထိုသို့ တဏှာနှင့်မေတ္တာ ရုပ်ပြောင်း,နာမ်ကွာ ပြုလုပ်တတ်သောကြောင့် သူတပါးတို့၏သား,မယားဆိုလျှင် များစွာနီးနှောဆက်ဆံရန် မျက်စိနှင့်စိတ်ကို အခွင့်မပေးဘဲ ဝေးစွာရှောင်ကြဉ်ခြင်းသာလျှင် သင့်လျော်လေသည်၊ ထို့ပြင် ကျမ်းဂန်များ၌လည်း ''သူတပါး၏ သား,မယားကို သာယာသောကြည့်ခြင်းဖြင့် ကြည့်ရှု၍ နေရ

သောထက် မျက်စိစုံလုံးကန်းခြင်းကမြတ်သေးသည်”ဟူ၍လည်း ဆိုကြလေသေးသည်။

ပရာဘဝသုတ္တန်၌—

“ဒုဿတိ ပရဒါရေသု၊တံ ပရာဘဝတော မုခံ”—

ဟူ၍ လာရှိပြန်လေသည်။

**အနက်**။ ။ပရဒါရေသု၊ သူတပါးတို့၏ သား,မယားတို့၌။ဒုဿတိ၊ တစုံတခုသောနည်းအားဖြင့် ပြစ်မှားစွန်းငြိ၏။ တံ၊ ထိုသူတပါးတို့၏ သား,မယားတို့၌ ပြစ်မှားစွန်းငြိခြင်းသည်။ ပရာဘဝတော၊ လောကီ, လောကုတ္တရာ အကျိုးနှစ်ဖြာပျက်စီးခြင်း၏။ မုခံ၊ အကြောင်းမုခအဝင်ဝပေတည်း။

ဤသို့ပြဆိုအပ်သည်နှင့်အညီ သူတပါးတို့၏ သား,မယားတို့၌ မတော်,မတရားကြည့်ရှုခြင်းမှစ၍ပြစ်မှားစွန်းငြိခြင်းများသည် လောကီ, လောကုတ္တရာ ပစ္စုပ္ပန်, သံသရာ အကျိုးနှစ်ဖြာ ပျက်စီးကြောင်းပင်မှန်လေသည်၊ တမလွန်သံသရာ အကျိုးဆုတ်ယုတ်နစ်နာပုံမှာ “ဒု,သ, န,သော” ခေါ်သော သူဌေးသား လူမိုက်ကြီးလေးဦးတို့ကဲ့သို့ ရှည်လျားစွာသော ကာလပတ်လုံး အပါယ်ငရဲတို့၌ ဒုက္ခကြီးစွာ, ပြင်းပြပူလောင်စွာ ခံစားလျက် ဖြစ်လေရာရာဘဝတိုင်း ပုလ္လိင်နှင့်ပြည့်စုံသော ယောကျာ်း၏အဖြစ်ကို မရနိုင်ဘဲ မိန်းမသော်၎င်း, နပုံးပဏ္ဍုက်သော်၎င်း ဖြစ်တတ်လေသည်၊ တိရစ္ဆာန်ဘဝမှာဖြစ်ရသော်လည်း အောက်တန်းကျသော အမ,ဇာတိ၌သာလျှင် ဖြစ်ရတတ်လေသည်၊ မျက်မှောက်ပစ္စက္ခအားဖြင့် သူတပါးတို့၏ သား, မယားတို့၌ ပြစ်မှားစွန်းငြိသောသူတို့သည် မတော်, မတရား လော်မာကွေ့လည် မတည်ကြည်သော စိတ်ရှုး,စိတ်ရိုင်းတို့ဖြင့်သာလျှင် အချိန်ကိုဖြုန်းတီးရလေ၍၊ မိမိ၏လုပ်ငန်းဆောင်တာများကိုပင် လက်လွှတ်ပစ်ထား၍ ဥစ္စာစီးပွားအတွက်လည်း မကြံမစည်နိုင်ဘဲ အစွဲ, အမြဲ ပြင်းထန်သော ဥပါဒါန် ရမ္မက်အပူကြောင့် အသက်ရှူမဖြောင့်အောင်ပင် စိုးနှောင့်ဗျာပါရကြီးစွာနှင့် ပူဆာစိုးရိမ်ရတတ်လေသည်။

**ဥပမာ**။ ။ကောသလမင်းကြီးသည်“ပြာသာဒ်မယ်” ဟုခေါ်ကြသော သူတပါး၏ သား,မယားအပေါ်၌ စွန်းငြိစွဲလမ်းသောကြောင့်

အိပ်၍မျှမပျော်နိုင်ဘဲ ဧရဲကအော်သော အသံကြီးလေးပါးကို ကြားရ၍ တတွန့်တွန့် တလိမ်လိမ်နှင့် အချိန်ရှိသမျှ စိတ်ဒုက္ခရောက်ခြင်းကို အပြင်းခံရလေသည်၊ တရံတခါ မသင့်,မလျော်သော သွားခြင်းဖြင့် သွားမိ၍ လက်နက်ဘေးဒဏ်ထိပြီးလျှင် မလှတမအသက်သေဆုံးခြင်းကိုလည်း ခံရတတ်လေသည်၊ ထိုမှုပြစ်နှင့် စပ်လျဉ်း၍ မင်းမှု, မင်းဒဏ် အသင့်ခံရလျှင်လည်း မိမိခံစားရသော သုခဝေဒနာနှင့် မတန်မရာ နစ်နာငြိုငြင်လှစွာသော ထောင်ဒဏ်များနှင့်လည်း တွေ့ကြုံရတတ်ချေတည်။

ထို့ပြင် ပရဒါရကံကို လွန်ကြူးမိသော သူတယောက်သည် မျက်မှောက်ဘဝမှာပင် ဂုဏ် သိက္ခာသေးငယ်၍ ထိုအမှုကို ပြုခဲ့မိသော နာမည်တံဆိပ်သည် မိမိဦးထိပ်ပေါ်က မဆင်းဘဲ သူတပါးတို့၏ အတင်းပြောကာ တံတွေး-ထွေးခြင်းများကိုလည်း ခံရတတ်လေသည်၊ **"သက်ရှည်သော်လည်း ဘုန်းမကြီး၊ ဘုန်းကြီးသော်လည်း သက်မရှည်"** ဆိုသကဲ့သို့ဖြစ်တတ်လေသည်၊ ဤကဲ့သို့သော အပြစ်ဘေးများကိုမြင်သောကြောင့်"သူတပါးတို့၏ သား,မယားအပေါ်တွင်ကိုယ့်မိခင်ကဲ့သို့ သဘောထားရမည်"ဟူ၍ စာဏကျဆရာကြီး မိန့်ဆိုလေသတည်း။

ဤကဲ့သို့ သူ့သား,မယားတို့၌ မိခင်ကဲ့သို့ထင်မှတ် ရမည့်အကြောင်းကိုလည်း "ပြည်ကြီးမျက်ရှု၊ သူ့သက်စုဉ်၊ စဏ္ဍုပေါ်လျော်၊ စွန်းတပ်လောဘ၊ ဆန္ဒထွေးရှုပ်၊ ခေတ်ပင်လှုပ်လည်း၊ ကောင်ပုပ်အသွင်၊ မိခင်မှတ်ပိုက်"ဟူ၍ ဝိဓုရပျို့၌ တွင်းသင်းဝန်ကြီးစပ်ဆိုလေသည်။

၂။ "သူတပါး ဥစ္စာပစ္စည်းကိုပစ်စွန့်အပ်သော ခဲ,အုဋ္ဌ,ကျောက်ကဲ့သို့ မှတ်ထင်နှလုံးသွင်းရမည်"ဆိုရာ၌–လူတို့သဘောသည် စွန့်ပစ်အပ်သော အုဋ္ဌ,ကျောက်,ခဲကိုမြင်ရာတွယ်တာလိုချင်ခုံမင်နှစ်သက်ခြင်းမရှိ မျက်စိနှင့်မျှဂရုစိုက်၍ မကြည့်ဘဲ ရှောင်လွှဲ၍သွားတတ်လေသည်၊ ထိုနည်းအတူ သူတပါးတို့သိမ်းပိုက်အပ်သော ပစ္စည်းဥစ္စာများကို ခဲလုံးကဲ့သို့သဘောထားနိုင်ပါလျှင် သာယာခင်မင် လိုချင်တပ်မက်မည်မဟုတ်ဘဲ မျက်နှာလွှဲကြရမည်သာဖြစ်လေ၏၊ အုဋ္ဌ,ကျောက်,ခဲ ကဲ့သို့ မထင်နိုင်ဘဲ အမြတ်တနိုးထင်၍နေပါလျှင် ထိုသူတပါးတို့၏ ဥစ္စာကို

ရလိုခြင်း,သိမ်းပိုက်လိုခြင်း စသော အလိုဆိုးတရားတို့၏ နှိပ်စက်ခြင်းကို ခံရမည်သာဖြစ်လေသည်၊ ထိုသို့သူတပါး ဥစ္စာပစ္စည်းပေါ်၌ အလိုချင်ပြင်ထွက်၍ တပ်မက်လွန်းအားကြီးပါလျှင် မရရအောင်လိမ်လည်၍ယူငင်ခြင်း,ခိုးဝှက်၍ယူခြင်း စသောခိုးခြင်းနှစ်ဆယ့်ငါးပါးတို့တွင် တပါးပါးဖြင့်ကိုယ့်လက်တွင်းသို့ကျလေအောင် အရယူဆောင်လိမ့်မည်။

ထိုသို့သူတပါး၏ ပစ္စည်းဥစ္စာကို မတော်, မတရားယူငင်သိမ်းပိုက်ခြင်းသည် အပြစ်ဝန်လေးလံလှစွာသော အဒိန္နာဒါနကံကြီးဖြစ်လေ၏၊ ထိုအဒိန္နာဒါနမှုဖြင့် အလေ့အကျင့် ပြုလုပ်စားသောက်သော သူများကို "ခိုးသူ" ဟူ၍ခေါ်ဆို၏၊ ထိုထက်လောဘဇောကြီးရင့်ထက်သန်စွာနှင့် မြို့ရွာကို တိုက်ဖျက်လုယူသောသူများကို"ဒမြ"ဟူ၍ဆို၏၊ လောဘကြီး, လောဘသေးကိုလိုက်၍ ခိုးသူကြီး, ခိုးသူကလေးများပင်ဖြစ်ကြလေသည်၊ တိုင်းပြည်ကိုစိုးပိုင်သော ဘုရင်မင်းတို့၏ လောဘသည်ကား ရွှေ,ငွေ ပစ္စည်းသာမန်မျှကို အလိုချင် ခုန်ကျော်ပြီးလျှင် မြို့နယ်,ခရိုင်,နိုင်ငံဒေသများကိုပင်စစ်သည်တပ်သား အင်အားကြီးစွာနှင့် တိုက်ခိုက်ယူငင်ခြင်းကို ပြုကြလေသည်၊ ထိုသို့သူ့ဥစ္စာပစ္စည်းကို ကိုယ့်ဥစ္စာပစ္စည်းဖြစ်လေအောင် မတရားသဖြင့် ခိုးခြင်းနည်းလမ်းများနှင့် မလွတ်ဘဲယူငင်ခြင်း၏အကြောင်းမှာ သူတပါးဥစ္စာပစ္စည်းကို သာယာတပ်မက်သော လောဘဇောအစွန်းထွက်သောကြောင့် ဖြစ်သည်-ဟူ၍ ဆိုအပ်လေသည်။

မိမိပိုင်နက် အဖြစ်သို့ ရောက်အောင် ခိုးယူခြင်း မပြုစေကာမူ သူတပါး၏ပစ္စည်းဥစ္စာတစုံတခုကိုမြင်လျှင်"ငါ့ဟာဖြစ်လျှင် ကောင်းလေစွ" ဟု စိတ်ညွတ်ရုံမျှနှင့် အဘိဇ္ဈာမနောကံတွင်းသို့ သက်ဆင်းပါဝင်လေသည်၊ထိုအဘိဇ္ဈာကံကစပြီးလျှင် တဆင့်တဆင့် အကြီအစည်ရင့်၍ ခိုးယူခြင်းတည်းဟူသော အဒိန္နာဒါနသဘောသို့ ကူးပြောင်းတတ်လေသည်၊သူတပါးဥစ္စာကိုမြင်လျှင် လိုချင်တတ်သောသူတို့၏ စိတ်သဘောသည် ကိုယ့်ဝီရိယစွမ်းအားကို ကိုယ်မကိုးစားဘဲ အဇ္ဈာသယ-ဆန္ဒသေးသိမ်စွာနှင့် အလွန်တရာ ယုတ်ညံ့သောသူတို့သာဖြစ်လေသည်၊ တိုင်းပြည်နိုင်ငံကြီးပွားကြောင်းများနှင့် ဖီလာဆန့်ကျင်သောကြောင့် ထိုအဒိန္နာဒါနသမားများကို "ပြည်လှေး,ပြည်မွှား၊ ပြည်ဆူး, ပြည်'

ကြောင့်”တို့ ဟူ၍သာ ဆိုရလေသည်၊ ထိုသို့ အဒိန္နာဒါနိသမားများ အတွက် တရားသဖြင့် လုပ်ကိုင်စားသောက်သောသူတို့မှာ အနှောင့် အရှက်ဖြစ်နေပြီးလျှင် အေးချမ်းကြည်သာစွာ လုပ်ကိုင်ခွင့်မရဘဲ အမြဲ ကြောင့် ကြလျက်သာရှိနေကြကုန်၏။

သူတပါးဥစ္စာကိုမြင်လျှင်သမင်ကိုကျားဆွဲသည့်ပမာလွန်စွာလောဘ ဇောရောင့်တက်သောခိုးသူများကို ရန်သူမျိုးငါးပါးမှာ သွင်းထား ခဲ့သည်ကို ထောက်ထားလျှင် မည်သူတဦးတယောက်ကမျှ နှစ်သက်အပ် သည်မဟုတ်ဘဲ အမြဲနိစ္စ,ထာဝရပင်‘‘ကမ္ဘာ့ရန်သူကြီးတွေ’’ဟူ၍ ဆို ထိုက်လေသည်၊ ကမ္ဘာတည်ဦးစအခါ သစ္စာ,ကတိရှိကြသည်နှင့် တ ယောက်၏ ဥစ္စာကို တယောက်ကမြင်လျှင် ခဲ,အုပ်,ကျောက် ထင်ကြ၍ ယူငင်ခိုးဝှက်ခြင်း မရှိကြလေသောကြောင့် မိမိတို့အထက်က အစိုးရ မင်းမထားဘဲ တရားသဖြင့်အေးကြည်ချမ်းမြစွာနေထိုင်ကြရလေသည်၊ နောက်အခါ လောဘဇောရင့်သန်လာသဖြင့် မြင်မြင်ရာရာ တွယ်တာလို ချင်သော တရားဆိုးအတွက် သစ္စာ,ကတိ ပျက်ကွက်ကြပြီးလျှင် သူ့ဥစ္စာ ကို ခိုးတတ်သောလူဆိုးသူဆိုးများ ပေါ်ပေါက်လာသောအခါမှ ကိုယ့် အထက်က အစိုးရခန့်ထားပြီးလျှင် ဝန်လေးကျပ်တည်းစွာ နေထိုင်ကြ ရလေသည်၊ထို့ကြောင့် လူများအပေါင်းတို့သည် မိမိဦးခေါင်းပေါ်က အစိုးရအုပ်ချုပ်သူ တင်ပြီးလျှင် အစဉ်တစိုက် နေထိုင်ရခြင်းအကြောင်း ရင်းမှာ ခိုးသူများဖြစ်လေ၍ ထိုခိုးသူများကို ကမ္ဘာ၏ ရန်သူကြီးတွေ ဟူ၍ ဆိုအပ်လေသည်။

ထိုခိုးသူလူဆိုးများအတွက် တရားသဖြင့် ရှာမှီးအပ်သော လူကောင်း သူကောင်းများ၏ ပစ္စည်းများသည် ဘေးအန္တရာယ်နှင့် မလွတ်ကင်းကြ ရှာဘဲ မတရားသဖြင့် သက်သက်သာသာနှင့် ဥစ္စာပစ္စည်း ခိုးဝှက်သော သူတို့လက်တွင်းသို့ သက်ဆင်းကျရောက်မည်လော-ဟု တပူန္ဒေးန္ဒေး စိတ်မအေးရဘဲပင် ရှိရှာကြလေ၏၊ မတရားသဖြင့်ရရှိသော ပစ္စည်း များသည် မျက်မှောက်ပစ္စုပ္ပန်အားဖြင့်လည်း တရားသဖြင့်အသုံး ခံခြင်းမှ ငြိမ်းပယ်ပြီးလျှင် တမလွန်ဘဝမှာလည်း မတရားသည့်အ လျောက် မှောက်မှောက်မှားမှား ဆင်းရဲများစေတတ်သော အကျိုး ယုတ်ကိုသာ ဖြစ်ပွားစေတတ်သည်၊ထို့ကြောင့်‘‘မတရားသဖြင့် ဥစ္စာ

ပစ္စည်းကိုရ၍ ကြွယ်ဝချမ်းသာခြင်းထက် တရားသဖြင့်နေ၍ ဥစ္စာ ပါးရှား ဆင်းရဲသားဖြစ်ရခြင်းက မြတ်သေးသည်''ဟူ၍ ပညာရှိကြီး တို့ မိန့်ဆိုတော်မူကြလေသည်။

ထိုအဒိန္နာဒါန်သမားတို့သည် ကမ္ဘာလောကကြီးပေါ်မှာ အလျဉ်းကွယ်ပျောက်ပါလျှင် အလုံးစုံသောလူအပေါင်းတို့သည် လူကြီး, လူကောင်းတို့သာလျှင် ဖြစ်နေကြ၍ တစုံတရာမျှ စိုးရိမ်ကြောင့်ကြဘွယ် မရှိဘဲ ကမ္ဘာဦးကာလမှာကဲ့သို့ ချမ်းသာအေးမြစွာနေထိုင်သွား,လာ နိုင်ကြပေလိမ့်မည်၊ထို့ပြင် ချိန်စဉ်းလဲခြင်း, တောင်းစဉ်းလဲခြင်း, အသ ပြာစဉ်းလဲခြင်း, စကားစဉ်းလဲခြင်း-စသော အစဉ်းလဲ, အကောက် ကျစ်ချိုးတို့ဖြင့် သူတပါးဥစ္စာပစ္စည်းတို့ကို တနည်းနည်းဖြင့် ရရှိအောင် မြှိက်ချူ၍ ယူခြင်းကိုလည်း နိုးခြင်းတပါး-ဟူ၍ပင် ဆိုအပ်လေသည်၊ ကမ္ဘာ၏ရန်သူကြီးတွေဖြစ်ကြကုန်သော အဒိန္နာဒါန်သမားတို့၏အပြု အမူများသည် ပစ္စုပ္ပန်,သံသရာ အကျိုးနှစ်ဖြာ ဆုတ်ယုတ်နစ်နာပုံမှာ မျက်မှောက်ဘဝတွင်လည်း များသောအားဖြင့် ချမ်းသာကြွယ်ဝသော ပစ္စည်းရှင်, ဥစ္စာရှင်-ဟု အခေါ်မခံရဘဲ နာမည်ဆိုးကြီးတန်းလန်းနှင့် ပင် အသက်မွေးမှုရ၍ အခွင့်အလှည့်မသာသောအခိုက်တွင် မင်း ဘေး, မင်းဒဏ်ကြီးစွာခံရလျက် ဒုက္ခနယ်တွင်းသို့ သက်ဆင်းကြရ သည်။

တမလွန်လောကမှာလည်း ဒုက္ခပင်လယ်ဝေကြီးဖြစ်သော အပါယ် ဘုံမှာ စုန်ချည်,ဆန်ချည်နစ်မျောပြီးမှ လူ့လောကတွင် ဖြစ်လာသော် လည်း ပစ္စည်းဥစ္စာချို့တဲ့၍ မွဲပြာကျခြင်း, စားရန်မဲ့,သောက်ရန်မဲ့ တတောင့်တတရှိရခြင်း, မိမိပိုင်သောဥစ္စာပစ္စည်းများကို ရန်သူမျိုးငါး ပါးဘေးသင့်၍ ပျောက်လွင့်ကုန်ဆုံးခြင်း-စသည်တို့နှင့် တွေ့ကြုံရတတ် လေသည်၊ဤသို့သောအပြစ်ကို မြင်သောကြောင့် ကမ္ဘာလောကကြီး ၏အကျင့်ဆိုး,အကျင့်ယုတ် ရန်သူမျိုးတပါးပြတ်ရလေအောင် စာဏ ကျ ဆရာကြီးက ''သူတပါးဥစ္စာကိုမြင်လျှင် ခဲ, အုဋ်, ကျောက်အသွင် မှတ်ထင်သဘောပိုက်ကြရမည်''ဟူ၍ မိန့်မှာလေသတည်း။

၃။ ''အလုံးစုံသော သတ္တဝါအပေါင်းတို့၌ မိမိကိုယ်နှင့် ထပ်တူ သဘောထားရမည်'' ဟူသော တတိယ အချက်၌– ကိုယ်တူထပ်

မျှကျင့်ရမည် ဆိုသည်မှာ အတ္တဟိတ, ပရဟိတ ဟုဆိုအပ်သောအကျိုး နှစ်ပါးကို မခြားမနားကျင့်ဆောင်ကြစေရန် ပြအပ်သောအချက်ဖြစ် လေသည်၊ လောကီဘက်မှာဖြစ်စေ, လောကုတ္တရာဘက်မှာဖြစ်စေ အ ရာရာတိုင်းမှာ ကိုယ်နှင့်ထပ်တူ ထပ်မျှ ထမ်းပိုးထမ်းအနေထားနိုင်ခြင်း သည် များစွာသော သူတော်ကောင်းတို့ နှစ်သက်အပ်သည့် တရား မြတ်ဖြစ်ပေသည်၊ ကျွန်ုပ်တို့ဗုဒ္ဓဘာသာကျမ်းဂန်များတွင် ပုဂ္ဂိုလ် လေးမျိုးရှိကြောင်းနှင့် ပြဆိုလေသည်မှာ—

၁။ မိမိအကျိုးကိုသာ ကျင့်သောသူ,

၂။ သူတပါးအကျိုးကိုသာ ကျင့်သောသူ,

၃။ အကျိုးနှစ်ပါးလုံးကို မကျင့်သောသူ,

၄။ မိမိအကျိုး,သူတပါးအကျိုးနှစ်ပါးလုံးကို ကျင့်သောသူ—

ဟူ၍ ပုဂ္ဂိုလ်လေးမျိုး ရှိလေသည်။

ထိုပုဂ္ဂိုလ်လေးမျိုး ရှိလေသည့်အနက် စတုတ္ထဖြစ်သော အကျိုး နှစ်ပါးလုံးကို ကျင့်သောပုဂ္ဂိုလ်သာလျှင် အမြတ်ဆုံးဟူ၍ပြဆိုအပ်လေ သည်၊ ''အလုံးစုံသောသတ္တဝါတို့၌ ကိုယ်တူထပ်မျှ ကျင့်ရမည်'' ဆို သော စာဏကျဆရာကြီး၏ စကားသည်လည်း ထိုစတုတ္ထပုဂ္ဂိုလ်ကို သာရည်ရွယ်၍ ပြဆိုအပ်သောစကားပင်ဖြစ်သည်၊ အမြော်အမြင်ကြီး စွာနှင့် စိတ်နေသဘောထား မြင့်မြတ်သောသူတို့ကိုသာလျှင် ကိုယ်တူ ထပ်မျှ ကျင့်ခြင်းတည်းဟူသော အလေ့ကိုလိုက်ပါနိုင်ကြလေသည်၊ အမြော်အမြင် နည်းပါးတိုတောင်းစွာနှင့် အဇ္ဈာသယ ဓာတ်ခံမရင့် သန်,မမွန်မြတ်သောသူတို့သည်ကား သူတပါးတို့၏အကျိုးစီးပွားကို မငဲ့နိုင်ဘဲ ကိုယ့်ရင်ပပ်အောက်သို့သာ ယက်တတ်သော လိပ် သတ္တဝါကဲ့သို့ ကိုယ့်အကျိုး, ကိုယ့်စီးပွား, ကိုယ့်အတွက်များကိုသာ ငဲ့ကွက် ရှုမြော်တတ်ကြလေသည်။

ထိုသို့ကိုယ့်အကျိုးသက်သက်ကိုသာ မြော်မြင်တတ်သော ဉာဏ် ပညာရှိ၍ သူတပါး၏ အကျိုးစီးပွားဘက်မှာ ပညာမျက်စိပိတ်ကွယ်၍ နေပါမူကား အတ္တဟိတသမားသက်သက်သာဖြစ်နေပြီးလျှင် ကြီးမား သော အကျိုးစီးပွားကိုဖြစ်ထွန်းအောင် မရွက်ဆောင်နိုင်ချေ၊ ကြီး မားသော အကျိုးစီးပွားဆိုသည်မှာ တိုင်းကျိုး,ပြည်ကျိုး, အမျိုးသား

အကျိုး, သာသနာတော်အကျိုးများဖြစ်သည်ဟု ဆိုလိုကြောင်း၊ "**မည်သူသေသေ၊ ငါ-ပေမာလျှင် ပြီးရော**" ဆိုသောစကားပုံမျိုးကဲ့သို့ သူတပါးပျက်စီး၍ အမျိုးပါပြုန်းတီးစေကာမူ "ငါ့မှာဘာမျှအတွက်မရှိ၊ ငါချမ်းသာကြီးပွားလျှင်, ငါ့တအိမ် ချမ်းသာလုံလောက်လျှင် ပြီးတော့သည်" ဟူ၍ သဘောထားပြီးလျှင် သူတပါးတို့၏အကျိုးကို သည်ပိုးဆောင်ရွက်ရန် တွန့်ဆုတ်ရှောင်လွှဲသော စိတ်နှလုံးကိုသာ မွေးမြူတတ်လေသည်။

ဤကဲ့သို့ ကိုယ်ကောင်းကြံ၍ ကိုယ်သက်သာခံပြီးလျှင် မိမိအကျိုးသက်သက်နှင့် ကိုယ့်ရင်ပပ်အောက်သို့ ယက်တတ်သောသူတို့များပြားလာသောအခါ ထိုနိုင်ငံသည် အမျိုး, ဘာသာ, သာသနာနှင့်တကွလောကီစီးပွားဥစ္စာတို့ပါ တနေ့တခြား လျော့ပါးဆုံးရှုံးတတ်လေသည်၊ ယခုအခါ ကြီးပွားလျက်ရှိနေကြသော ဥရောပနိုင်ငံ, အမေရိကံနိုင်ငံများနှင့် ဂျပန်နိုင်ငံများတို့သည် ဤကဲ့သို့ကိုယ်ကျိုးသက်သက်ကိုသာငဲ့ကွက်၍ ကိုယ်ကောင်းကြံတတ်သော တရားမျိုးကို များသောအားဖြင့် ပြုလုပ်လေ့မရှိကြဘဲ ကိုယ့်အကျိုးနှင့်အမျိုးသားအကျိုး, တိုင်းကျိုး,ပြည်ကျိုးများကိုသည်ပိုးရွက်ဆောင်ရန် ထက်သန်သောစိတ်ရှိကြလေသည်၊ ထိုသို့ အဇ္ဈာသယဓာတ်ခံ ကြီးရင့်ကြလေသောကြောင့် ထိုသူတို့၏နိုင်ငံသည် တစ,တစ ကြီးပွားလာပြီးလျှင် ကမ္ဘာပေါ်မှာ ဥဒါန်းတွင်လောက်အောင် ကြီးကျယ်ထွန်းကားကြလေပြီ ဖြစ်လေ၏။

အကျိုးနှစ်ပါးကို ရွက်ဆောင်သော လူကြီး,လူကောင်းတယောက်သည် လောကမှာ ဖြစ်ထွန်းပေါ်ပေါက်၍လာသောအခါ ထိုသူနှင့်စပ်လျဉ်းသမျှသောသူတို့မှာ ချမ်းသာခွင့်ကိုရ၍ အမျိုးမျိုးသော ကြီးပွားခြင်းဖြင့် ကြီးပွားကြလေသည်၊ ဥပမာ-အချိန်သင့်သောအခါ၌ ကောင်းမွန်စွာ ရွာသွန်းအပ်သော မိုယ်းကြီးသည် လူတို့၏စိတ်နှလုံးနှင့် ရုပ်ဓာတ်များကို အေးမြစေခြင်း, မြေဩဇာကို တိုးတက်စေခြင်း၊ သစ်ပင်, အသီး, အနှံတို့ကို ဖြစ်ထွန်းစေခြင်း စသောအကျိုးများကို ရွက်ဆောင်သကဲ့သို့တည်း၊ ကမ္ဘာမြေပြင်တခုလုံးပေါ်မှာ အနှံ့အပြားဖြန့်၍ ကြည့်ရှုနိုင်ကြသော အမြင်ကျယ်ဝန်းသူများကပြောကြလေသည်မှာ ဤမြန်မာနိုင်ငံသားတို့သည် အမျိုးသားတို့

ကြီးမားဖြစ်ထွန်းစေရန် ကိုယ့်အကျိုး,သူ့အကျိုးနှစ်ပါးကို လိုလားနှစ်သက်ခြင်း များစွာမရှိကြ၊ "မည်သူပင်ပျက်ပျက် ငါ့အတွက်ကောင်းလျှင်ပြီးရော"ဆိုသော စိတ်ထားမျိုးနှင့်သာလျှင် အမှတ်တမဲ့နေထိုင်တတ်ကြလေသည်၊ ထို့ကြောင့် ကြီးပွားခြင်းအနေသို့မရောက်နိုင်ကြဘဲ ယုတ်ယုတ်ပျက်စီးလျက်သာ ရှိနေကြလေသည်။

ဤသို့ပြောဆိုကြသောစကားကို မှားသည်ဟုမဆိုသာ၊ မှန်ကန်စွာရှိပေသည်-ဟူ၍ဝန်ခံထိုက်လေသည်၊ အကြောင်းမူကား ကျွန်ုပ်တို့ မြန်မာအမျိုးသားတို့သည် ကိုယ့်အမျိုးသားထဲက ကြီးပွားလာစပြုသည် ရှိသော် အချင်းချင်း မနာလို, မရှုစိတ်သောသူတို့သာ များကုန်၏၊ တနည်းနည်းအားဖြင့် ထိုကြီးပွားမည့်အညွန့်အညှောက်ကို ချိုးပစ်လိုသော ဆန္ဒရှိကြကုန်၏၊ ဂုဏ်တု,ဂုဏ်ပြိုင်များကို အမျိုးသား အချင်းချင်းမှာသာ ပြုလုပ်လေ့ရှိကြကုန်၏၊ အခြားလူမျိုးကွဲများကိုမူကား အားကျမည်, ပြိုင်ဆိုင်မည်-ဟူ၍သဘောမထား၊ "ငါတို့နှင့်အမျိုးမှ မတူဘဲကိုး"ဟူ၍ သဘောထားတတ်ကြလေသည်။

ဥပမာ။ ။အခြားမြန်မာလူမျိုးတယောက်က အဘိုးတန်စိန်လက်စွပ်ကြီးစသည်များကို ဝတ်ဆင်၍လာလျှင် မျက်စောင်းထိုးကာ ငဲ့ကြည့်ပြီးလျှင် မနှစ်သက်သော အမူအရာဖြင့် ဂုဏ်တု,ဂုဏ်ပြိုင်သဘောထားပြီးလျှင် "ငါလည်း မဝတ်နိုင်သလော" ဟု ပြိုင်ဆိုင်လိုသောစိတ်ရှိကြကုန်၏၊အခြားကုလားလူမျိုးများက မည်သည့်ရတနာကြီးကိုဝတ်ဆင်၍လာသော်လည်း "ငါနှင့်ဘာမျှမဆိုင်" ဟု သဘောထားပြီးလျှင် အနည်းငယ်မျှ တုပြိုင်ရန်အလိုမရှိကြချေ၊ ထိုနည်းအတူ အခြားမြန်မာလူမျိုးတယောက်က ရထားပိုင်ကြီးစီးလာလျှင် "ငါလည်းမစီးနိုင်သလော"ဟု ဖွင့်၍မပြောသော်လည်း စိတ်သဘောကပြိုင်ဆိုင်တတ်ကြကုန်၏၊ ထိုသို့ဝတ်ဆင်, စီးနင်းရသောသူများကလည်း အခြားလူမျိုးတောထဲသို့ဖြတ်သန်းသွားသောအခါ ကြွားဝါလိုသည့်စိတ်မရှိ၊ မြန်မာလူမျိုးအချင်းချင်းထဲသို့ ဖြတ်သန်းသွားလာသောအခါ အနေ, အထိုင် တမျိုးပြောင်းပြီးလျှင် ဦးခေါင်းတမော့မော့နှင့်ကြွားဝါကာ သွားတတ်လေသည်။

ကောင်းမွန်စွာ ဝတ်ဆင်၍သွားသော မြန်မာလူမျိုးတယောက်သည် မြန်မာလူပုံထဲသို့ရောက်လျှင် ဟန်တမျိုးကြွား၍ သွားချင်၏၊ အခြားသောလူမျိုးထဲသို့ ရောက်သွားလျှင် သာမည စိတ်ထားဖြင့် ရိုးရိုးသာသွားလာ၏၊ ထို့ပြင် မြန်မာအမျိုးသားတဦးက အကြံအစည်တခုကြံစည်ကာ အလုပ်တည်ဖွင့်၍ အကျိုးဖြစ်ထွန်းသည်ကို မြင်လျှင် တယောက်ကလည်း ထိုအလုပ်မျိုးကို အတုလိုက်ခါအပြိုင်အဆိုင်ပြုလုပ်တတ်ကြပြန်၏၊ ဤသို့စသည်ဖြင့် ဂုဏ်တု, ဂုဏ်ပြိုင်ခြင်း၊ ပြောင်ပြောင်လက်လက်ဖြစ်ထွန်းသည်ကို မနာလို,မရှုစိတ်ဖြစ်ခြင်းများသည် အမျိုးသားအချင်းချင်းအလယ်လယ်ထဲမှာသာလျှင် သပွတ်အူသဘွယ် ရှုပ်ပွေစွာဖြစ်နေကြသောကြောင့် မည်သူ့ကိုမျှ ကူပင့်အားပေးမည်, ချီးမြှောက်စောင်မမည်-ဟူ၍ သဘောမထားနိုင်ကြဘဲ ကိုယ်ကောင်းလျှင်ပြီးရောအနေနှင့် နေထိုင်တက်ကြလေသည်။

အချင်းချင်း ပြိုင်ဆိုင်လိုသော သဘောရှိသူမှာ မည်သည့်အခါမှ သူတပါးကို ကိုယ်နှင့်ထပ်တူထပ်မျှဖြစ်အောင် ကျင့်ဆောင်သည်ပိုးလိမ့်မည် မဟုတ်ချေ၊ ပြိုင်ဆိုင်ဘက်ဖြစ်သူ၏ပျက်စီးစေရန် စိတ်တွင်းကရည်သန်ပြီးလျှင် အမှန်ပျက်ပြားသည်-ဟူ၍ ကြားသိရလျှင် များစွာဝမ်းသာ ဝမ်းမြောက်ခြင်းဖြစ်တတ်လေ၏၊ ထို့ကြောင့် ကျွန်ုပ်တို့ မြန်မာအမျိုးသားတို့သည် ''**ကိုယ့်တပ်က ကိုယ့်မြန်တိုက်**'' ဆိုသကဲ့သို့ငှင်း, ''**ကိုယ့်ရူ သူ့ဘက်သား**''ဆိုသကဲ့သို့ငှင်း ဖြစ်နေကြသောကြောင့် အမျိုးဇာတိနှင့်တကွ တိုင်းပြည်နိုင်ငံ ချမ်းသာရန်အချက်မှာ ကိုယ်ကောင်းသက်သက်ကြံ၍နေသောတရားဆိုး ထွန်းကားသမျှ ကာလပတ်လုံး အမျိုးသားချင်းချင်း ဂုဏ်တု,ဂုဏ်ပြိုင် ပြုနေသမျှကာလပတ်လုံးမြော်လင့်ဘွယ်ရာ အတော်ဝေးကွာသေးသည်-ဟူ၍ ဆိုထိုက်လေ၏။

သို့ရာတွင် ယခုခေတ်အခါ အတော်အတန် အခြေသစ်,အနေသစ် တမျိုးပြောင်းလာသကဲ့သို့ဖြစ်ကြပြီးလျှင် အမျိုးဇာတိ၏ အမိ, အဘ သဘွယ်ဖြစ်သော တိုင်းနိုင်ငံသခင် ဘုရင်မရှိသည့်အတွက် မိတဆိုး, ဘတဆိုးဖြစ်နေကြသော သား, သမီးများသည် အားကိုးရာမဲ့သည့်အတွက်ညီညွတ်လုံးစည်းကြသကဲ့သို့ မိမဲ့,ဘမဲ့ဖြစ်၍နေကြသော ကျွန်ုပ်တို့မြန်မာအမျိုးသားတို့သည် ကိုယ့်အဖြစ်ကို ကိုယ်အတော်အတန် သိ

လာကြသောကြောင့်၎င်း, ဉာဏ်ပညာလည်း အတော်အတန်ပွင့်လင်း၍ လာကြသောကြောင့်၎င်း, ဝိသာနုရက္ခိတတရားအကြောင်းနှင့် ကောင်းစွာချဲ့ထွင်ကာ ရေးသူက-ရေး, ဟောသူက-ဟော ပြုလုပ်ကြသောကြောင့်၎င်း အမျိုးသားများကို ညှာတာစောင့်ရှောက်လိုသောစိတ်ကလေးများ အတော်အတန် ပေါ်ပေါက်လာကြပြီ-ဟူ၍ ဆိုသင့်လေသည်။

ထိုသို့ အမျိုးသားများကို ညှာတာသောစိတ်ဖြစ်လာသည်ကစ၍ တစ,တစ ရင့်သန်လာကြပြီးလျှင် ဇာတ်တူသားချင်းချင်း ဂုဏ်တု,ဂုဏ်ပြိုင်မပြုလုပ်ခြင်း,ဇာတ်တူသားချင်းချင်း ကြီးပွားသည်ကို ရှုမြင်လိုခြင်းစသော တရားကောင်းများသည် ထွန်းကားလာ၍ ကိုယ့်အကျိုး,သူ့အကျိုး, အမျိုးသားအကျိုးများကို သည်ပိုးရွက်ဆောင်ကြလိမ့်မည်ဟူ၍ မြော်လင့်ဘွယ်ရှိလေသည်၊ထိုသို့ကိုယ့်အကျိုး, သူ့အကျိုးသည်ပိုးရွက်ဆောင်သည့်တရားကို "သမာနတ္တတာ" ဟူ၍လည်း ကျမ်းဂန်များ၌ ပြဆိုလေသည်၊ ဤသမာနတ္တတာတရား ထွန်းကားလာသောအခါ သူတပါးပျက်စီးမည့်အရေးကိုမြင်လျှင် ကြည့်ရှု၍မနေနိုင်ဘဲ ဝင်ရောက်ကာကွယ်လိုသောစိတ်ဖြစ်၏၊ သူတပါးကြီးပွားလာသည်ကို မြင်သောအခါ အဘိဇ္ဈာ မဖြစ်၊ ဝမ်းမြောက်ရွှင်လန်းစွာ မုဒိတာတရားဖြစ်၏။

ထို့ပြင် တစုံတခုသော အမှုကိုမိမိပြုလုပ်မည်ရှိရာ သူတပါးနစ်နာမည်ဆိုလျှင် ကိုယ်ကျိုးပင်ဖြစ်သော်လည်း မပြုချေ၊သူတပါးလည်း မနစ်နာ, ကိုယ်မှာလည်းအကျိုးရှိသောအမှုကိုသာ ကြံစည်၍ပြုလုပ်တတ်လေသည်၊ ပြောဆိုမှုအရေးအရာတွင်လည်း သူတပါးနားခံသာ၍ အကျိုးလည်းရှိသော စကားတို့ကိုသာ ပြောကြားတတ်လေသည်၊ ကိုယ့်အကျိုးသက်သက်ကိုသာ ပြုလုပ်၍ သူ့အကျိုးမဖြစ်လျှင်သာ ရှိရမည်၊ သူတပါးအကျိုးကို ရွက်ဆောင်လျှင် များသောအားဖြင့် ကိုယ်ကျိုးလည်းပါဝင်လေသည်။

ဥပမာ။ "မျက်စိလည်လမ်းမှား၍နေသောသူတယောက်ကို လမ်းမှန်ဘို့ညွှန်ပြကာ သူ့အကျိုးကို ရွက်ဆောင်လျှင် တစုံတရာပစ္စည်းဥစ္စာကို မရစေကာမူ ထိုလမ်းမှားသူ၏ ကျေးဇူးတင်ကို ခံရ၍ မေတ္တာ

စူးရှခြင်းကိုလည်း ရရှိလေသည်၊ သို့ရာတွင် သူတပါးအကျိုးကို ရွက်ဆောင်သည့်အတွက် ကိုယ့်အကျိုး နစ်နာပျက်စီးသွားမည်ဖြစ်လျှင် အကျိုးနှစ်ပါး မပြီးစီးသောကြောင့် လျစ်လျူရှုကာ နေသင့်လေသည်။

ဥပမာ။ "သူနှစ်ဦး အငြင်းအခုံဖြစ်ပွားရှိနေရာ တဦးဘက်သို့လိုက်ပါ၍ ထိုသူ၏အကျိုးကိုရွက်ဆောင်လျှင် တဘက်သား မခံသာသည့်ပြင် မိမိမှာလည်း နစ်နာမည်ဖြစ်လျှင် ကမ္ဘာဿကာ-သဘောထား၍ လျစ်လျူရှုလိုက်ရာ၏၊ ယခုဆိုလိုရင်းစကားမှာ ကိုယ့်အကျိုး, သူ့အကျိုး နှင့်စပ်၍ ဆိုလျက်ရှိနေသောကြောင့် အကျိုးနှစ်ပါးပြီးစီးမည်အတွက်ကိုသာ ဉာဏ်ဖြင့်ဆင်ခြင်၍ ပြုရန်သင့်လေသည်၊ အချို့သော အလုပ်, အကိုင်ကြီးများသည် ကိုယ့်အကျိုးစီးပွားအနေနှင့် ပြုလုပ်သော်လည်း သူတပါးတို့၏အကျိုးစီးပွားများသည်လည်းသက်ဆိုင်ပါဝင်လေသည်။

ဥပမာ။ "အာဖရိကတိုက်နှင့် အာရှတိုက် စပ်ဆက်လျက်ရှိနေသော မြေပြင်ကိုဖြတ်သန်းပြီးလျှင် "ဆွစ်" ခေါ်သော တူးမြောင်းကြီးကို ကုမ္ပဏီဖွဲ့ကာ တူးဖောက်လုပ်ကိုင်လိုက်သည့်အတွက် ထိုကုမ္ပဏီများမှာလည်း နှစ်ရှည်,လများအကျိုးစီးပွား ဖြစ်ထွန်းပြီးလျှင် ရေလမ်းခရီးဖြင့် ကုန်သွယ်ခြင်း, သွား-လာခြင်းကို ပြုလုပ်ကြကုန်သော လူများအပေါင်းတို့သည်လည်း ရှေးအခါကာလမှာကဲ့သို့ အာဖရိကတိုက်ကြီး တခုလုံးကို ဝေးလံကြာမြင့်စွာ ကွေ့ကောက်၍မသွားရဘဲ ထို"ဆွစ်"တူးမြောင်းကိုဖြတ်သန်းပြီးလျှင် ခရီးလမ်းအကျဉ်းချုံးလျက် အရှေ့နိုင်ငံ, အနောက်နိုင်ငံသို့ အလျင်အမြန် သွားရောက်နိုင်ကြသော အကျိုးများကို ခံစားကြရလေသည်၊ ကျွန်ုပ်တို့ ဗိဋ္ဌမျက်မြင်အားဖြင့် မြန်မာနိုင်ငံမှာ မီးရထားကုမ္ပဏီ ဖွင့်လှစ်လုပ်ကိုင်သည့်အတွက် မီးရထားကုမ္ပဏီတို့မှာ အတ္တဟိတ-ဟု ဆိုအပ်သော ကိုယ့်အကျိုးစီးပွားများသည် နှစ်ရှည်, လများ တိုးပွားပြီးလျှင် အလုံးစုံသောနိုင်ငံသားတို့သည်လည်း ရှည်လျားဝေးလံသောခရီးကို ဆောလျင်စွာနှင့် ပေါက်ရောက်သွားလာနိုင်ကြသည်။

ထို့ပြင် ဆန်စက်, သစ်စက်, ဝါဂွမ်းစက်, မီးခြစ်စက်, ရေနံစက် စသည်များကို တည်ထောင်ဖွင့်လှစ်ရာ စက်ပိုင်ကုမ္ပဏီတို့မှာလည်း အတ္တဟိတ အကျိုးပွားတိုး၍ ထိုအလုပ်ကို မှီခိုလုပ်ကိုင်ကြရသော လူ

အများတို့မှာလည်း အလုပ်,အကိုင်ရခြင်းစသော အကျိုးစီးပွားတို့နှင့် ပြည့်စုံကြလေကုန်သည်၊ သို့ဖြစ်၍ "အချို့သော အလုပ်,အကိုင်ကြီးတို့သည် ကိုယ့်အကျိုး, သူ့အကျိုးနှစ်ပါးစုံကို ပြီးစီးစေတတ်သည်" ဟူ၍ ဆိုခဲ့ပေကြောင်း၊ ဤကဲ့သို့ အကျိုးစီးပွားနှစ်ပါးကို ဖြစ်ထွန်းစေတတ်သော အလုပ်,အကိုင်ကြီးများကို တည်ထောင်ဖွင့်လှစ် လုပ်ကိုင်ခြင်းအားဖြင့်လည်း တိုင်းပြည်နိုင်ငံ ကြီးပွားကြောင်းဖြစ်လေသည်။

ကိုယ့်အကျိုး, သူ့အကျိုး နှိုင်းယှဉ်စာနာသော တရားကို "ကိုယ်ချင်းစာ" ဟူ၍လည်း ခေါ်ဆိုကြလေသည်၊ "ကိုယ်နှင့်နှိုင်း မရှိင်းဘူး၊ ကိုယ်နှင့်စာ-မနာဘူး" ဆိုသောစကားအရ-မည်သည့် အရာမှာမဆို သူတပါးတို့အပေါ်မှာ ကိုယ်ချင်းစာနာသော တရားတခုကို အမြဲအစွဲ လက်ကိုင်ပြု၍ထားပါလျှင် မိမိနှင့်စပ်လျဉ်းသမျှသော လူများအားလုံးတို့သည် နစ်နာခြင်းမရှိကြဘဲ ကိုယ်ချင်းစာနာမှု၏အရှိန်ကို မှီကိုးကြရသဖြင့် အထိုက်အလျောက် ချမ်းသာကြီးပွားကြလေသည်၊ ကိုယ်ချင်းစာတရားရှိသောသူမှာ မေတ္တာတရားသည်လည်း အလိုအလျောက်အားဖြင့် တည်တံ့လာသောကြောင့် မည်သည့်အခါတွင်မျှ သူတပါးကို မနစ်နာစေဘဲ အများချမ်းသာလေအောင်သာလျှင် ကြံစည်တတ်လေသည်။

ဘုရားအလောင်းတော်ဖြစ်သော ယောက်ျားအာဇာနည် ပုဂ္ဂိုလ်ကြီးတို့သည်မူကား ဖြစ်လေရာရာဘဝတိုင်းမှာပင် ကိုယ်ကောင်းကြံကာ သူတပါးကို နစ်နာစေလိုသည့် စိတ်မရှိဘဲ ကိုယ်ချင်းစာတရားဖြင့် အများကောင်းဘို့ကိုသာ စီမံပြုလုပ်တော်မူကြလေသည်၊ ဤကဲ့သို့ ကိုယ်ချင်းစာတရားမျိုးကို လက်ကိုင်ပြုထားပြီးလျှင် ကိုယ့်အကျိုး,သူ့အကျိုး မြော်မြင်သော စိတ်ဆန္ဒဖြင့် ပြုလုပ်နေထိုင်ကြပါလျှင် တိုင်းနိုင်ငံချမ်းသာ၍ အမျိုး, ဘာသာ, သာသနာထွန်းကားခြင်း ဖြစ်ပေလိမ့်မည်၊ ဤသို့သောအကျိုးစီးပွားကြီးကို မြော်ခေါ်သဖြင့် "အလုံးစုံသော သူများအပေါ်မှာ ကိုယ်ကဲ့သို့ သဘောထားရမည်" ဟူ၍ စာဆိုဆရာကြီးမိန့်ဆိုလေသည်၊ဤအဓိပ္ပါယ်ကိုရည်၍ ရှေးဆရာမြတ်တို့သည်လည်း-"မုန်း,ချစ်,လျစ်လျူ၊သုံးပါးသူကို၊ကိုယ်တူထပ်မျှ၊ကျင့်ကောင်းစွာတည်း" ဟူ၍ စပ်ဆိုတော်မူကြလေသည်။

ပြဆိုအပ်ပြီးသောအတိုင်း—
(၁) သူ့သား,မယားတို့ အပေါ်တွင် ကိုယ့်မိခင်ကဲ့သို့ မှတ်ထင်နိုင်ခြင်း,
(၂) သူ့ဥစ္စာပစ္စည်းအပေါ်တွင် အုန်း, ကျောက်, ခဲကဲ့သို့ မှတ်ထင်နိုင်ခြင်း,
(၃) အလုံးစုံသော သူများအပေါ်တွင် ကိုယ်တိုင်ကဲ့သို့ မှတ်ထင်နိုင်ခြင်း—

၍အချက်သုံးပါးနှင့် ညီညွတ်သောသူသည်ကား လူအပေါင်းတို့ မှီခိုအားကိုးရာ ပညာရှိလူကြီးတယောက် ဆိုထိုက်လေသတည်း။

ပညာရှိလက္ခဏာ ၃-ပါးပြီး၏။

---

## ၁၀—အဆင်းရှိလျက် ပညာမဲ့သော် မတင့်တယ်ကြောင်း

ရူပယောဗ္ဗနသမ္ပန္နာ၊
ဝိသာလကုလသမ္ဘဝါ။
ဝိဇ္ဇာဟီနာ န သောဘန္တေ၊
နိဂ္ဂန္ဓာ ဣဝ ကိံသုကာ။ ။

**အနက်။** ။ယေ၊ အကြင်သူတို့သည်။ရူပယောဗ္ဗနသမ္ပန္နာ၊ အဆင်း, အရွယ်ကောင်းခြင်းနှင့် ပြည့်စုံကြသည်ဖြစ်၍။ ဝိသာလကုလသမ္ဘဝါ၊ မြင့်မြတ်ကြီးကျယ်သော အမျိုးအနွယ်မှ ပေါက်ပွားကြကုန်သည်။စေ-ဘဝေယျုံ၊ အကယ်၍ ဖြစ်စေကုန်ဦးတော့။တေ၊ထိုသူတို့သည်။ ဝိဇ္ဇာ-ဟီနာ၊ အတတ်ပညာမှချို့တဲ့ကြကုန်သည်ရှိသော်။ နသောဘန္တေ၊ လူ၏အလယ်၌ မတင့်တယ်ကြလေကုန်၊ ယထာ၊ ဥပမာဆို အဘယ်လိုနည်းဟူမူကား။ နိဂ္ဂန္ဓာ၊အနံ့မရှိ အဆင်းမျှသာရှိကုန်သော။ ကိံသုကာဣဝ၊ ပေါက်ပန်း,ပေါက်ပွင့်တို့ကဲ့သို့တည်း။

**ဆိုလိုရင်းမှာ။** ။အကြင်သူသည် အရွယ်, အဆင်းနှင့် ပြည့်စုံစေဦးတော့၊ အမျိုး, အနွယ် ကြီးကျယ်မြင့်မြတ်ခြင်းနှင့် ပြည့်စုံစေဦးတော့၊ ပညာမှ ကင်းမဲ့ခဲ့ပါလျှင် အနံ့မရှိ အဆင်းအရောင်မျှသာရှိသော ပေါက်ပွင့်တို့ကဲ့သို့ လောကကြီးအလယ်မှာ မတင့်တယ်လေကုန်-ဟု ဆိုလိုသည်။

**ဆောင်ပုဒ်လင်္ကာ**

၁။ ရောင်ဆင်းအရွယ်၊ မျိုးအနွယ်၊ အကယ်ပြည့်စုံစေ။
၂။ ပညာဉာဏ်စ၊ မဲ့တုံက၊ လျော့ကျဂုဏ်ကင်းလေ။
၃။ အသွေးနီမြန်း၊ ပေါက်ပွင့်ပန်း၊ နှိုင်းတမ်းပုံမသွေ။

**အဓိပ္ပါယ်အကျယ်**

ဤလောက၌ ကြီးကျယ်သော အမျိုးကောင်း,အနွယ်ကောင်း၌ဖြစ်၍ အရုပ်အဆင်းတင့်တယ်, အချိန်အရွယ်တင့်တယ်သော်လည်း လူတို့ တတ်သင့်, တတ်ရာဖြစ်သော ပညာသိပ္ပများကို မတတ်မကျွမ်းပါလျှင် လူတမ်းမစေ့သောသူကဲ့သို့ ဖြစ်နေပြီးလျှင် ပရိသတ်ပွဲဘောင်သို့ ဝင်ရောက်လေသောအခါ မည်သည့်ဌာနမှာမှ အရာမကွင်ဘဲ ဖြစ်တတ်လေသည်၊ အမျိုး အနွယ်ဂုဏ်,အဆင်း အရွယ်ဂုဏ်အားဖြင့် အပေါ်ယံမျှတွင်သာ ကြည့်ရှုလျှင် ထိုသူကို လွန်စွာအထင်ကြီးတတ်ကြကုန်၏၊ အထင်ကြီးသည့် အလျောက် ထိုသူက အမြင်မကြီးလေသောကြောင့် အနီးသို့ချဉ်းကပ်၍ ပေါင်းသင်းဆက်ဆံသည်ရှိသော် ထိုသူ၏စရိုက်မျိုးစုံကိုသိ၍ နောင်သောအခါ ပယ်ခွာရှောင်လွှဲရန်သာရှိလေသည်။

ပေါက်ပွင့်သည် အရောင်, အဆင်းအားဖြင့် ခြင်းခြင်းနီ၍ လွန်စွာ ရှုချင်စဖွယ်ရှိ၏၊ ပေါက်ပွင့်ကို မမြင်ဘူးသောသူတို့သည် ပင်လုံးကျွတ်ပွင့်၍နေသော ပေါက်ပင်ကို တွေ့မြင်သောအခါ ဤပန်းပင်ကြီးကား အလွန်တရာလှပတင့်တယ်၏၊ ဤကဲ့သို့ လှပတင့်တယ်သောပန်းသည် အနံ့အရသာနှင့်လည်း ပြည့်စုံလိမ့်မည်အထင်နှင့် ပေါက်ပင်သို့ ချဉ်းကပ်လျက် ပေါက်ပန်းကို ဆွတ်ခူး၍ နမ်းရှုပ်ကြရာ ဘာတစုံတရာမျှ အနံ့အရသာမရှိသည့် အတွက် **''အရောင်အဆင်းသန်ပြန်လျက် အနံ့မရှိသောပန်း''**ဟုပြောဆိုကြပြီးလျှင် ထိုပေါက်ပင်မှ ခွာကြကုန်လိမ့်မည်သာဖြစ်၏၊ ပြဆိုခဲ့ပြီးသော စကားကိုထောက်၍ အမျိုးအနွယ်နှင့်ပြည့်စုံခြင်း, အရွယ်အဆင်းနှင့်ပြည့်စုံခြင်းများသည် ပညာနှင့် ပြည့်စုံခြင်းကဲ့သို့ တင့်တယ်ကောင်းမြတ် ချီးမွမ်းအပ်သည် မဟုတ်ဘဲ ယုတ်ညံ့သိမ်ဖျင်းလေသည်-ဟူ၍ သိထိုက်လေသည်။

ဤလောက၌ မာန်တက်ခြင်း အမျိုးမျိုးရှိလေသည့်အနက် အမျိုးဇာတ်အားဖြင့် မာန်တက်ခြင်းကို ဇာတိမာန-ဟူ၍ဆိုသည်၊ ဤဇာတိ

မာနဖြင့် မာန်တက်ပုံမှာ ''ငါ၏အမျိုးကား မင်းမျိုး, စိုးမျိုးဖြစ်သည်၊ ငါ၏အမျိုးကား သူဌေး,သူကြွယ်မျိုးဖြစ်သည်၊ ငါတို့အမျိုးကား မြင့်မြတ်သည်၊ ကြက်သရေရှိသည်''ဟူ၍ အထင်အမြင်မြင့်မောက်ကြွားဝါပြီးလျှင် အခြားတပါးသောသူများကို မခံ့မညား မထီလေးစားပြုမူတတ်လေသည်၊ ထိုသို့ဇာတိမာန်ယစ်၍နေလျှင် မိမိထက်အောက်ကျသည်ဟုထင်သောသူတို့ထံမှာ ကောင်းမွန်သော ပညာနိဿယများရှိစေကာမူ မသင်ကြားချင်, နည်းမခံချင်တတ်ဘဲရှိလေ၏၊ ထိုအခါ တတ်သင့်-တတ်ထိုက်,သိသင့်-သိထိုက်သောပညာများကို မရလိုက်ဘဲ အလဟဿအချိန် ကုန်ဆုံးခြင်းခံရလေ၏၊သည်ကိုရည်၍—

> ''မိမိကိုယ်ကို မြင်းမိုရ်မာန၊ ယုံလွန်းကလည်း၊ မုချဆက်ဆက်၊ ပညာပျက်၏''—

ဟူ၍ စိန္တကျော်သူ စပ်ဆိုလေသည်၊ ထို့ပြင် ဇာတိမာန်ယစ်သည့်အတွက်နှင့် အခြားသောသူများကလည်း မိမိအပေါ်၌ မုန်းထားခြင်းကိုပြုတတ်ကြကုန်၏၊ မာန်မာနမည်သည် မိမိကိုယ်ကိုသာ အထင်အမြင်ကြီး၍နေစေသော်လည်း စင်စစ်အားဖြင့် ကိုယ့်ကို ဂုဏ်ယုတ်အောင် နှိမ့်ချခြင်းဖြစ်စေ၏၊ မည်သူမျိုးမဆို မာနတံခွန် တလူလူနှင့် စိတ်မြင့်၍နေလျှင် တရွေ့ရွေ့လျောကျ နိမ့်ဆင်းမည်သာ အမှန်ဖြစ်၏၊ ထို့ကြောင့် သြဝါဒထူးပို့၌—

> ''သူ့ထက်မြတ်လို၊ ငါ၏ကိုယ်ဟု၊ မောက်မိုမြင့်မား၊ မာန်စောင်လွှားက၊ သူ့အားနှိပ်နင်း၊ ဆိုးမခြင်းလျှင်၊ မယွင်း မကွက်၊ ရှင်းရှင်းပျက်၏'' ဟူ၍၎င်း,
>
> ''ငါသာ ငါပြင်၊ ငါမမြင်၊ဘုရင်တဆူ၊မြင့်လိုမူကား၊ ထိုသူသူ့အောက်၊ နိမ့်ခြင်းရောက်၏၊''ဟူ၍၎င်း—

စပ်ဆိုလေသည်။

[ဤကား ဇာတိမာန်နှင့် စပ်၍ဆိုသောစကားရပ်ပေတည်း။]

ရူပမာန—ဆိုသည်ကား မိမိအရောင်, အဆင်း လှပတင့်တယ်ခြင်းကြောင့်ဖြစ်သော အထင်အမြင် မောက်မြင့် ကြီးမားမှုပေတည်း၊ အ

ဆင်းလှသောသူတို့သည် မိမိကိုယ်ကာယ အသွင်,အပြင်ကို တပြုပြု တပြင်ပြင်နှင့်သာ အရုပ်,အဆင်းအတွက် မာနတက်ပြီးလျှင် မိမိကဲ့သို့ အရုပ်,အဆင်း မရှိသောသူများကို မထီမဲ့မြင် အမှတ်မထင် ပြုလုပ်တတ်ကြ၏၊ မိမိအဆင်းကိုသာ မိမိအားကိုးတခုပြုလုပ်ပြီးလျှင် အခြားကိစ္စများအတွက် အမှုလစ်ဟင်း ပေါ့လျော့တတ်၏၊ သို့ရာတွင် ထိုအရုပ်, အဆင်းသည် မိမိတို့ ထင်မြင်အားကိုးသလောက် အားကိုးရာ ရောက်သည်မဟုတ်ဘဲ ထိုအရုပ်,အဆင်းက မိမိအပေါ်မှာသာလျှင် ပြန်၍ဝန်တက်တတ်လေသည်၊ အကြောင်းမူကား ထိုအရုပ်,အဆင်းများအတွက် မာနတက်ခြင်းကိုရ၍ ထိုအဆင်းကိုစောင့်ရှောက်ရခြင်း, တသသပြုပြင်ရခြင်း စသည်တို့ကြောင့်တည်း။

သို့ရာတွင် အမျိုးဇာတ်ကောင်းစွာနှင့် အဆင်းရုပ်ဝါ, ကြန်အင်္ဂါ ညီညွတ်ပြီးလျှင် ပညာဖြင့်ထပ်မံ၍ တန်ဆာဆင်အပ်ပါမူကား သာ၍ ပင် တင့်တယ် ကောင်းမြတ်ပေလိမ့်မည်၊ ထို့ပြင် ဘောဂမာန-ဟူ၍ ဆိုအပ်သော မာန်ယစ်မူးခြင်းတမျိုးလည်း ရှိလေသေး၏၊ ထိုမာန်ယစ်ခြင်းသည်ကား မိမိမှာအသုံးအဆောင်မှစ၍ စည်းစိမ် ဉစ္စာပေါများစွာရှိပါလျှင် ထိုစည်းစိမ် ဉစ္စာအတွက်ကြောင့် မာန်တက်ခြင်းအမျိုးမျိုး ဖြစ်ရလေ၏၊ ဉစ္စာတည်းဟူသော မာန်မာနသည်ကား အခြားသော မာန်ယစ်ခြင်းတို့ထက် တိုးတက်သာလွန်၍ ထက်မြက်သည်ဟူ၍ ပညာရှိတို့ဆိုကြကုန်သည်၊ လူသားစင်စစ်ကို မဆိုထားဘိ တိရစ္ဆာန်ပင်ဖြစ်သော်လည်း ပစ္စည်း ဉစ္စာ ပြည့်စုံလာခြင်းနှင့်စပ်၍ များစွာ မာန်မာနတက်လေ့ရှိကြောင်းကို မဟောသဓာဇာတ်တွင် လာရှိသော ပုတ်သင်ညို၏ဝတ္ထုဖြင့်သိရာ၏။

ရှေးအခါက မင်းကြီးထွက်တော်မူလာသောအခါတိုင်း တံခါးတိုင်ပေါ်မှသက်ဆင်း၍ ဦးခေါင်းညိမ့်ခါ အရိုအသေပြုနေကျဖြစ်သည့် ပုတ်သင်ညိုသည် တနေ့သောအခါ ရွှေတပဲဝက်ကိုလည်ပင်းမှာ ဘယက်သဖွယ် ပြုအပ်ဆွဲဆင်စေအပ်သည့်အခါမှစ၍ ရှေးကကဲ့သို့ မင်းကြီးကို မခစားဘဲ မထီမဲ့မြင်ပြုလုပ်လေသည်၊ ထိုသို့ပြုလုပ်ခြင်းမှာ ရွှေတပဲဝက်တည်းဟူသော ဉစ္စာအတွက် မာန်မာနတက်ပြီးလျှင် ''ငါ

ထက်သာသူ "မရှိဘူး" ဟူသော အထင်ကြွားခြင်းကြောင့် ဖြစ်လေသတည်း။

ဤအဓိပ္ပါယ်ကိုရည်၍ မဟောသဓာဇာတ်၌—

အလဒ္ဓပုဗ္ဗံ လဒ္ဓါန၊
အမုမာသံ ကကဏ္ဍကော။
အတိမညတိ ရာဇာနံ၊
ဝေဒေဟံ မိထိလဂ္ဂဟံ။ ။

ဟူ၍ဆိုလေသည်။

**အနက်။** ။ကကဏ္ဍကော၊ ပုတ်သင်ညိုသည်။ အလဒ္ဓပုဗ္ဗံ၊ ရှေးက မရဘူးသော။ အမုမာသံ၊ ရွှေတပဲဝက်ကို။ လဒ္ဓါန၊ ရလေသောကြောင့်။မိထိလဂ္ဂဟံ၊မိထိလာပြည်ကြီးကိုအစိုးရသော။ဝေဒေဟံရာဇာနံ၊ ဝိဒေဟရာဇ်မင်းကြီးကိုပင်။ အတိမညတိ၊ မထီမဲ့မြင်ပြုလုပ်မိလေ၏။

ဤသို့လျှင် တိရိစ္ဆာန်မှစ၍ ဥစ္စာပရိဘောဂအတွက် မာနတက်တတ်ကြောင်းမှာ လောကဓမ္မတာ-ဟူ၍ပင်ဆိုထိုက်လေသည်၊ သို့ရာတွင် ထိုမိမိပစ္စည်း ဥစ္စာများကို လှူဒါန်းစွန့်ကြဲခြင်းအားဖြင့်သော်၎င်း, တစုံတရာ လောကကြီးပွားဘွယ်ရာသော အကြောင်းအားဖြင့်သော်၎င်း, ဉာဏ်ပညာတိုးတက်ဘွယ်ရာ အကြောင်းအားဖြင့်သော်၎င်း အသုံးအစွဲပြုလုပ်ပါလျှင် အကျိုးရှိလေသည်သာဖြစ်၍၊ထို့ကြောင့် ပစ္စည်း ဥစ္စာပေါများကြွယ်ဝွေးမှုအတွက် မာန်မာနတက်၍ ယစ်မူးရန်မဟုတ်ပေ၊ထိုပစ္စည်းဥစ္စာများကို တစုံတရာအကျိုးရှိမည့် လောကီနည်းလမ်းအားဖြင့်၎င်း, လောကုတ္တရာ နည်းလမ်းအားဖြင့်သော်၎င်း အသုံးပြုရန်သာဖြစ်သည်-ဟူ၍ ဆင်ခြင်သင့်လေသည်။

ထိုမှတပါး ဇာ္ဈသရိယမာန-ဆိုအပ်သော မာန်ယစ်ခြင်းတမျိုးလည်း ရှိလေသေး၏၊ဇာ္ဈသရိယမာန-ဆိုသည်မှာ သူတပါးတို့အပေါ်မှာ အစိုးရခြင်းကြောင့်ဖြစ်သော မာနပေတည်း၊မိမိ ဩဇာ,အာဏာ,အရာ,အထူး,ဂုဏ်သိရ်ဖြင့် ကြီးကျယ်သောသူတို့သည် "ငါကား ပြုလုပ်လိုသောအတိုင်း ပြုလုပ်နိုင်သောအစွမ်းသတ္တိရှိ၏၊ တန်ခိုးနှင့်ပြည့်စုံ၏" ဟူ၍ မာန်တက်ပြီးလျှင် မိမိလက်အောက်ဖြစ်သောသူတို့အပေါ်မှာ

ဂရုစိုက်လေ့မရှိ၊ အမှုထားလေ့မရှိဘဲ အမှတ်မဲ့ မဆိမ့်ဖြင့်ပြုလုပ်တတ်လေ၏၊ တရံတခါ စိတ်နှင့်မတွေ့လျှင် အဂတိလေးပါး လိုက်စား၍ မတရားသဖြင့် အာဏာကိုအသုံးပြုကာ စီရင်နှိပ်ကွပ်တတ်လေ၏၊ ဝွဿရိယမာန တည်ရှိလျှင် မမှားတန်သော နေရာ၌ မှားယွင်းခြင်း, မနှိပ်ကွပ်သင့်ရာ၌ နှိပ်ကွပ်ခြင်း-စသည်များကို ''ငါပြုလျှင်ပြီးရော'' ဟူသောအနေနှင့် အရမ်းမဲ့လုပ်တတ်လေ၏၊ တံစိုးလက်ဆောင် စားမှုတည်းဟူသော အပြစ်ဘေးကြီးများသည် ဝွဿရိယမာန်ရှိသောသူတို့အားများစွာသင့်ရောက် ကပ်တိုက်တတ်လေသည်၊ထိုဝွဿရိယမာန်သည် မိမိတို့ရာထူးဌာနန္တရ အမျိုးမျိုးသို့လိုက်၍ အကြီး, အငယ် အဆင့်ဆင့်ရှိလေသည်။

အစိုးရခြင်း အာဏာကျယ်ဝန်းကြီးမားလာလျှင် ကြီးမားသည့်အလျောက် မာန်မာနလည်း ကျယ်ဝန်းကြီးမားလာလေသည်၊သို့ရာတွင် ထိုအစိုးရအမှုကို မာနဘက်သို့မသက်မဆင်းစေဘဲ တရားသဖြင့် လမ်းဖွင့်၍ အသုံးချလျှင်လည်း ကောင်းမြတ်ခြင်းသို့ ရောက်လေ၏၊ တရားသဖြင့် မြင့်မြတ်ရာဘက်သို့ဆွဲ၍ အာဏာကိုအသုံးချပုံမှာ မိမိတို့ဩဇာ, အာဏာအောက်တွင် ခိုလှုံ၍နေသောသူတို့အပေါ်၌ အဂတိလေးပါး မလိုက်စားဘဲ စီရင်ဆုံးဖြတ်ပြီးလျှင် မိမိဩဇာ, အာဏာရှိသည့်အလျောက် ထိုသူတို့၏ အကျိုးရှိမည့်နေရာများနှင့် ကြီးပွားချမ်းသာမည့်အချက်တို့ကို လမ်းညွှန်ပြုပြီးလျှင် စေခိုင်း, ဆုံးမပါက ငယ်သားတို့၏အပေါ်မှာ တရားသဖြင့်ဩဇာ,အာဏာကိုအသုံးပြုရာကျရောက်လေသည်၊ ထိုသို့မိမိတို့ဩဇာ, အာဏာကို မြင့်မြတ်သောအနေအားဖြင့် အသုံးပြုစေလိုသောကြောင့် ရှေးပညာရှိကြီးတို့က နာယကဂုဏ်ခြောက်ပါးကို ပညတ်၍ထားတော်မူခဲ့ကြပေသည်။

နာယကဂုဏ်ခြောက်ပါးကား-''သည်းခံ,နိုးကြား၊ရှေ့သွား ထကြွ၊ မှုတ,ညာတာ၊ ကြည်ရှုရာ၊ခြောက်ဖြာ နာယကဂုဏ်ထူးတည်း'' ဟူ၍ ဓမ္မဆိုအပ်သောအတိုင်း—

(၁) ခမာ-သည်းခံခြင်း,
(၂) ဇာဂရိယာ-နိုးကြားခြင်း,

(၃) ဥဋ္ဌာနံ-ရှေဆောင်ပြုလုပ်ကာ ထကြွလုံ့လဝီရိယရှိခြင်း,
(၄) သံဝိဘာဂေါ-ဝေဘန်မျှတခြင်း,
(၅) ဒယာ-သနားညှာတာ ကရုဏာရှိခြင်း,
(၆) ဇုက္ခနာ-ငယ်သားတို့၏ အကျိုးစီးပွားကို ကြည့်ရှုခြင်း–
ဤကား-နာယကဂုဏ် ခြောက်ပါးပေတည်း။

ဤခြောက်ပါးကို အကြီးအကဲပြုလုပ်သောသူ, အာဏာရှင်ပြုလုပ်သောသူတို့ ကျင့်ဆောင်သုံးစွဲရန် ဖြစ်သည်-ဟူ၍ ရှေးပညာရှိတို့က ပညတ်တော်မူခဲ့ပေသည်၊ ဤဂုဏ်ခြောက်ပါးနှင့် ညီညွတ်စွာ မိမိတို့ ဩဇာ,အာဏာကို အသုံးပြုပါလျှင် များစွာသောငယ်သားအပေါင်းတို့မှာ ချမ်းသာကြီးပွားခြင်းကို ရရှိကြပေလိမ့်မည်၊ ဤသို့ ပြဆိုအပ်ပြီးသည့်အတိုင်း ဇာတိမာနစသည်တို့ဖြင့် မာန်တယစ်ယစ်ဖြစ်၍ ပညာမရှိဘဲ ကြီးပွား၍နေသောသူများကို ရည်၍"အဆင်းသာရှိလျက် အနံ့အသက်မရှိသော ပေါက်ပန်းနှင့်တူသည်" ဟူ၍ စာဏကျဆရာကြီး မိန့်ဆိုလေသည်။

ဤစကားနှင့်အညီ စတုဓမ္မသာရ-မည်သော ကိုးခဏ်းပျို့၌"အင်္ဂါပဋ္ဌင်၊သွင်ပြင်ရုပ်ဝါ၊ ပြည့်စုံပါလည်း၊ နံ့သာလှိုင်ခြင်း၊ ဂုဏ်နံ့ကင်းမူ၊ အဆင်းလှဆန်း၊လူ့ပေါက်ပန်းဟု၊သွမ်းမှန်းသိထွေ၊ကဲ့ရဲ့လေအံ့" ဟူ၍ ရှင်ရဋ္ဌသာရ စပ်ဆိုတော်မူလေသည်၊ တိလ္လာ့ကပျို့၌လည်း-"ပဘဿရ၊ လှမြတ်လှသား၊ ရူပနိကာယ်၊ တင့်တယ်စေကာ၊ သမ္ဘာစာရ၊ သိပ္ပကင်းလွတ်၊ သတင်းချွတ်မူ၊ ပွင့်ဝတ်နီမြန်း၊ တင့်ဆန်းလှပ၊ ကိံသုကဟု၊ ပုပ္ပစတေ၊ ဖြစ်တို့ချေလိမ့်" ဟူ၍ စပ်ဆိုလေသည်။

ထိုကဲ့သို့အမျိုးဇာတ်ကောင်းမွန်၍ အဆင်းပြင်လျာ ရုပ်ဝါတင့်တယ်ပေါကြွယ်ဓနလောက ပြည့်စုံသဖြင့် မိဘတို့အရှိန်ကိုခိုလှုံ၍ ခမ်းနားကြီးကျယ်စွာ နေထိုင်ရပါသော်လည်း မိမိအစွမ်းသတ္တိ အကြံအစည်မျိုးဖြင့် ရရှိအပ်သည့် စည်းစိမ်ချမ်းသာ မဟုတ်လေသောကြောင့် ထိုသူကို ချီးမွမ်းထိုက်သည်မဟုတ်ချေ၊ဥပမာ-သူဌေး,သူကြွယ်နှင့် ဘုရင်မင်းမြတ်တို့ ကောင်းမွန်ဆန်းကြယ်စွာ ဆောက်လုပ်၍ထားအပ်သော ဘုံနန်းပြာသာဒ်အပေါ်မှာ နားနေရသော ကျီးနှင့်သာတူလေသည်၊ ဤအဓိပ္ပါယ်ကိုရည်၍ ဟတ္ထိပါလပျို့၌–

“ဘိုးဘွားမိဘ၊ သူကြီးမ၍၊ မလှမညိုး၊ မစိုးမရိမ်၊ နက်စည်း
စိမ်သို့၊ရွှေအိမ်ဘုံမြင့်၊ ခုနစ်ဆင့်ထက်၊နေလင့်ကစား၊ဂြာသာ
ဖျားဝယ်၊ နားသည်ကျိုးမျှ၊ ပမာကျလိမ့်”—
ဟူ၍ စပ်ဆိုလေသည်။

ထို့ကြောင့် အမျိုးဇာတိကောင်းမြတ်စွာနှင့် အဆင်းအင်္ဂါပြည့်စုံသော သူတို့သည် မာန်ယစ်ခြင်းစသော မကောင်းမှုဘက်သို့ လဲ၍ မသွားစေဘဲ မိမိတို့ရရှိကြသော အမျိုးဇာတ်စသည်များကို အလူးပင် တိုးတက်စေခြင်းငှါ မိမိတို့ကိုယ်ကိုဉာဏ်ပညာဖြင့် တန်ဆာဆင်ကြရာ၏၊ ထိုသို့မိမိကိုယ်ကို ပညာဖြင့် တန်ဆာဆင်အပ်သည်ရှိသော် ထိုသူသည် အဆင်း, အနံ့နှစ်ပါးနှင့် ပြည့်စုံသော စံပယ်, စကား, ခရား, နှင်းဆီ, သရဖီ,ယုဇန-စသော ပန်းတို့နှင့်တူ၍ တွေ့မြင်သူအပေါင်းတို့၏ ရိုသေ မြတ်နိုး အားကိုးယုံကြည်ခြင်းကို ခံရလေ၏၊ထို့ကြောင့် ကိုးခန်းပျို့၌ ပင်—

“ရုပ်အားလျောက်ပတ်၊ ဂုဏ်ညီညွတ်မူ၊ဆင်းမြတ်နံ့ကျော်၊
ပန်းနွယ်လျော်ဟု၊ပေါင်းဘော်ကြချင်၊ကျွမ်းဝင်ကြလို၊ကြည်သို
ကြလင့်၊ဘုန်းတန်းပွင့်လျက်၊ချိုးမြှင့်လက်ပါး၊ဦးထိပ်ထား၏”

ဟူ၍ စပ်ဆိုတော်မူလေသည်၊မိမိကိုယ်ကာယကို တန်ဆာဆင်ခြင်းသည် လောကီရတနာအားဖြင့် တန်ဆာဆင်ယင်ခြင်း, ပညာရတနာအားဖြင့် တန်ဆာဆင်ယင်ခြင်း, အလုပ်အကိုင် အကြံအစည်များကို လုံ့လဝီရိယစိုက်ထုတ်ကာပြုလုပ်ခြင်းအားဖြင့်တန်ဆာဆင်ခြင်း-ဟူ၍ သုံးပါးရှိလေရာ ရွှေ,ငွေ ရတနာစသည်တို့ဖြင့် တန်ဆာဆင်ယင်ခြင်းကား အခွင့်အားလျော်စွာ, အချိန်ကာလအရွယ်အားလျော်စွာသာ လျှင် ဆင်ယင်အပ်သည်မည်၏၊ ထိုရွှေ,ငွေ ရတနာတို့ကို ဝတ်ဆင်ခြင်း အားဖြင့်လည်း မြင်သောသူတိုင်းက ချီးမွမ်းကြလိမ့်မည်မဟုတ်၊ တချို့ တခါမြင်ကြသော သူတို့ကပင် ကဲ့ရဲ့တတ်ကြလေသေး၏၊ ထိုရွှေ, ငွေ ရတနာများကို ဝတ်ဆင်ရသည့်အတွက်နှင့် များစွာဂုဏ်တက်၍ တင့် တယ်လာသည် မဟုတ်ချေ၊ ပညာအားဖြင့်သော်၎င်း, ဝီရိယ အစွမ်း အားဖြင့်သော်၎င်း တန်ဆာဆင်ယင်အပ်သည်ရှိသော်မည်သည့်အချိန်

အရွယ်နှင့် မသင့်လျော်သည်ဟု မဆိုသာတော့ဘဲ တန်ဆာဆင်နိုင်တိုင်း ဂုဏ်တက်၍ မြင့်မြောက်တင့်တယ်လေသည် သာဖြစ်၏။

ဤလောက၌ မိမိ၏ချမ်းသာခြင်း, ကြီးပွားခြင်း, ကျော်စောခြင်း, အကြီးအစည် ထမြောက်ခြင်းများသည် အဆင်းအရောင်အတွက်နှင့်သော်၎င်း, အဝတ်တန်ဆာ အတွက်နှင့်သော်၎င်း ဖြစ်ပေါ်လာသည် မဟုတ်၊ မိမိတို့၏ အသိ, အလိမ္မာ, ဉာဏ်, ပညာ, ဝီရိယစွမ်းအားတို့ဖြင့်သာလျှင် ကြီးပွားချမ်းသာခြင်းဖြစ်နိုင်ကြကုန်သည်၊ အဆင်းရုပ်ဝါပင် များစွာမတင့်တယ်စေကာမူ ပညာနှင့်ဝီရိယတို့ဖြင့် မိမိကိုယ်ကို တန်ဆာဆင်နိုင်ပါမူကား ကြီးပွားချမ်းသာ၍ များစွာသောသူတို့၏ ချီးမွမ်းခြင်းကို ခံရလေသည်၊ ထို့ကြောင့်—

> "မညစ်မညူး၊ ဉာဏ်ရောင်မြူးအံ့၊ အထူးပြင်လျာ၊ မလှပါလည်း၊ ရသာချိုမြ၊ ပနသတို့၊ တကွရောပြွမ်း၊ အခြင်းစွမ်းက၊ ချီးမွမ်းမြောက်စား၊ သူသနား၏"—

ဟူ၍ ကိုးခန်းပျို့၌ စပ်ဆိုလေသည်၊အဆင်း,အခြင်းဟူ၍ပြောဆိုရိုးစကားနှစ်ခုရှိသည်မှာ အဆင်းသည်ကား အပေါ်ယံဗန်းပြဖြစ်သည့်မျက်နှာပန်းမျှသာဖြစ်၍ အခြင်းဆိုသည်မှာ အတွင်းသန္တာန်မှာရှိသော ဉာဏ်,ဝီရိယများကို ခေါ်ဆိုရလေသည်၊ အဆင်းကို မျက်စိမြင်ရုံနှင့် သိနိုင်၏၊ အခြင်းကို မျက်မြင်အားဖြင့်သိနိုင်သည် မဟုတ်ပေ၊ အရေးအခွင့်ရှိသောအခါ ပြုလုပ်ကြံစည်ခြင်း, ဉာဏ်ထုတ်ခြင်းအားဖြင့် သိနိုင်လေသည်၊ အဆင်းသာရှိ၍ အခြင်းမရှိသောသူကို "ကျီးအာသီးနှင့်တူသည်"ဟူ၍ နီတိကျမ်းတို့၌ဆိုလေသည်၊အခြင်းသာရှိ၍ အဆင်းမရှိပါက"ပိန်းနဲသီး-ဒူးရင်းသီးများနှင့်တူသည်"ဟူ၍ ဆိုသည်၊ အဆင်း, အခြင်းနှစ်ပါးနှင့်ပြည့်စုံပါမူကား သရက်သီးနှင့်၎င်း စကား,နှင်းဆီ သရဖီ,ပန်းစသည်တို့နှင့်သော်၎င်း တူသည်-ဟူ၍ဆိုကြလေသည်။

ထို့ကြောင့် မိမိတို့အမျိုးအနွယ်, အဆင်း အရောင် တင့်တယ်ပြီးရှိလျှင်လည်း တိုးတက်၍ တင့်တယ်မြင့်မြတ်သည်ထက် တင့်တယ် မြင့်မြတ်လေအောင် ပညာနှင့် ဝီရိယ-တည်းဟူသော တန်ဆာများကို ဆင်ယင်ကြကုန်ရာ၏၊ အဆင်းနှင့် မပြည့်စုံသော သူတို့သည်လည်း အ

ခြင်းနှင့် ပြည့်စုံလေအောင် မိမိတို့ကိုယ်ကို ဉာဏ်ပညာ,ဝီရိယတို့ဖြင့် တန်ဆာဆင်ယင်ကြရာသတည်း။

**ဆောင်ပုဒ်လင်္ကာ**

၁။ အခြင်း,အဆင်း၊ ဤနှစ်သင်း၊ အခြင်းလိုရင်းပေ။
၂။ အခြင်းနှင့်ပင်၊ တန်ဆာဆင်၊ ဂုဏ်အင်တိုးတက်လေ။
၃။ အဆင်းတင့်တယ်၊ အခြင်းကြွယ်၊ ဆိုဘွယ်မရှိချေ။
၄။ အဆင်းလည်းလှ၊ အနံ့ရ၊ ပန်းမျှားပုံမသွေ။
အဆင်းရှိလျက် ပညာမဲ့သော် မတင့်တယ်ကြောင်း ပြီး၏။

---

## ၁၁။ ပညာနှင့်တူသောမိတ်ဆွေမရှိ-စသောအကြောင်း

နစ ဝိဇ္ဇာသမော ဗန္ဓု၊
နစ ဗျာဓိသမော ရိပု။
နစ အတ္တသမော ဪဟော၊
နစ ကမ္မာပရံ ဗလံ။

**အနက်။** ။လောကေ၊ လောက၌။ဝိဇ္ဇာသမော၊အတတ်ပညာနှင့် တူသော၊ ဗန္ဓု၊ အဆွေအမျိုးမည်သည်။ နစအတ္ထိ၊ မရှိသည်သာလျှင်တည်း။ ဗျာဓိသမော။အနာရောဂါနှင့်တူသော။ရိပု၊ ရန်သူမည်သည်။ နစအတ္ထိ၊ မရှိသည်သာလျှင်တည်း။ အတ္တသမော၊မိမိကိုယ်နှင့်တူသော။ ဪဟော၊ ချစ်ခြင်းမည်သည်။ နစအတ္ထိ၊ မရှိသည် သာလျှင်တည်း။ ကမ္မာပရံ၊ မိမိအလုပ်အကိုင် အမှုကိစ္စမှတပါးသော။ ဗလံ၊ ခွန်အား မည်သည်။ နစအတ္ထိ၊ မရှိသည်သာလျှင်တည်း။

**ဆိုလိုရင်းမှာ။** ။အတတ်ပညာနှင့်တူသောမိတ်ဆွေ ခင်ပွန်း မရှိ၊ အနာရောဂါနှင့်တူသောရန်သူ မရှိ၊ မိမိကိုယ်၌ ချစ်ခြင်းနှင့်တူသော အချစ်မျိုး မရှိ၊ မိမိအလုပ်အကိုင်ထက်လွန်ကဲသောခွန်အား မရှိ-ဟူ၍ ဆိုလိုသည်။

**ဆောင်ပုဒ်လင်္ကာ**

၁။ ပညာကဲ့သို့၊ မိတ်ဆွေတို့၊ ယှဉ်ဘို့တူမရှိ။
၂။ အနာနှင့်မျှ၊ အသွင်တူ၊ ရန်သူဘယ်မရှိ။
၃။ ကိုယ်နှင့်အတူ၊ ချစ်ခင်သူ၊ နှိုင်းယှူဘယ်မရှိ။
၄။ လုပ်ကိုင်နှင့်မျှ၊ အသွင်တူ၊ အား-ဟူ၍ မရှိ။

## အဓိပ္ပါယ်အကျယ်

၁။ ဤကဲ့သို့အတုအဘက်မရှိသော အချက်လေးပါးကို စာဏကျ ဆရာကြီးပြဆိုရာတွင် ပထမအချက်၌"အတတ်ပညာနှင့်တူသော မိတ်ဆွေမရှိ" ဟူ၍ဆိုရာတွင် မိတ်ဆွေ-ဟူသည်မှာ တစုံတရာမိမိတွင် အကြောင်းကိစ္စ ရေးကြီး,ခွင့်ကျယ်ရှိသည်ဖြစ်စေ၊ ကြေးငွေဥစ္စာနှင့် စပ်လျဉ်း၍ မပြည့်မစုံဘဲ လိုအပ်သောအရာတွင်ဖြစ်စေ၊ ဘေးဥပဒ် အန္တရာယ်နှင့် တွေ့ကြုံ၍နေသည်ဖြစ်စေ-ထိုအခိုက်အခါများတွင် အားကိုးရာရ၍ ကိုယ်ဘိရင်ဘိ နှုတ်,လက်ကူပင့်ကာ စောင့်ရှောက်သော သူကို "မိတ်ဆွေ" ဟူ၍ဆိုရလေသည်၊ ထိုမိတ်ဆွေဟူသမျှတို့တွင် အတတ်ပညာသည် အမြတ်ဆုံး,အလွန်ကဲဆုံးသော မိတ်ဆွေဖြစ်လေ၏၊ ပညာနှင့်တူသော မိတ်ဆွေမရှိဟူ၍ ဆိုလိုရင်းပင်တည်း၊ လောက၌ရှိသော မိတ်ဆွေများသည် ဘယ်မျှလောက်ပင် ကောင်းသည်ဖြစ်စေကာမူ အခါခါအကြိမ်ကြိမ် ထောက်ပံ့ကူညီရဖန်များလျှင် ညည်းတွားပြီး နောက်သို့ တွန့်ဆုတ်လျက် ခွာတတ်ကြကုန်၏၊ **"သဒ္ဓါလွန်း ဆွမ်းတော်တော်ရပ်"** ဆိုသောစကားပုံအတိုင်း အကူအညီ တောင်းရဖန်များလျှင်လည်း တောင်းခံရသူကို အားနာရှက်နိုးဖြစ်လာပြီးလျှင် အဖန်ဖန် အကူအညီမတောင်းဝံ့ဘဲ အရှုံ့ရှုံ့ရှိရလေ၏။

မိတ်ဆွေပြုလုပ်သောသူမှာလည်း ကိုယ့်ဝန် ကိုယ့်တာ,ကိုယ့်ဆောင်ဘွယ်ရာတွေနှင့်ဖြစ်နေပြန်လေသောကြောင့် မည်သည့်အချိန်အခါမဆို အလိုက်မသိဘဲ အကူအညီတောင်းခံရန်လည်း ခဲယဉ်းလှလေ၏၊ မိတ်ဆွေတဦးက အထူးသဖြင့် ကိုယ့်အပေါ်မှာ ကျေးဇူးပြု၍ထားလျှင်လည်း သူ့ကျေးဇူးကို တုံ့ပြန်သောအားဖြင့် ကျေးဇူးကြွေးကိုဆပ်နိုင်မှလည်း လောကဓမ္မတာအားဖြင့် ဖွယ်ရာယဉ်ကျေးလျက် တရားရှိသူဟူ၍ ချီးမွမ်းခြင်းကို ခံရတတ်၏၊ ထိုသို့မဟုတ် ကျေးဇူးသိတတ်သော "ကတညုတာ" မင်္ဂလာတရားတော်ပျက်ကွက်စွာနှင့် သူ့ကျေးဇူးကို သာခံ၍ ကိုယ့်ကျေးဇူးကိုမပြန်ဘဲနေလျှင် မည်မျှလောက်ရင်းနှီးချစ်ခင်သော မိတ်ဆွေကြီးပင်ဖြစ်စေကာမူ ပေါင်းသင်းမိ၍ အတော်ကြာလျှင် တယောက်ခေတ်သဘောကို တယောက်သိကြ၍ မေတ္တာအစေးပြယ်ပြီးလျှင် မိတ်ပျက်တတ်ကြလေသည်။

"**အချစ်ကြီး-အမုန်းကြီး**" ဆိုသောစကားပုံအတိုင်း ရှေးအခါက ချစ်ခင်လေသမျှသော မေတ္တာစိတ်တို့သည် နောက်အခါ မုန်းသော ဒေါသစိတ်တို့ ဖြစ်ပေါ်ရန် အကြောင်းခံမူလတို့သာ ဖြစ်လေကုန်၏၊ ထို့ကြောင့် လောက၌ မိတ်ဆွေတို့ဝတ်တရားသည် အလွန်များပြား၍ ကျေကုန်အောင် ဆောင်ရွက်ရန်ခဲယဉ်းသည်ဟု ရှေးသူဟောင်းတို့ အကြောင်းမြော်မြင်စွာနှင့်မိန့်ဆိုတော်မူကြလေကုန်သည်၊ထိုလောက မိတ်ဆွေတို့သည် မိမိကိုယ်ကာယမှ အခြားတပါးဖြစ်သောကြောင့် ဗဟိဒ္ဓမိတ်ဆွေတို့သာဖြစ်ကြကုန်၏၊ အတွင်းမိတ်ဆွေမဟုတ်၊ အပ မိတ်ဆွေတို့ဟူ၍ ဆိုလိုသည်၊ ပညာတည်းဟူသော မိတ်ဆွေသော်ကား ပြဆိုပြီးသော လောကမိတ်ဆွေကဲ့သို့ ဗဟိဒ္ဓမိတ်ဆွေ မဟုတ်ကုန်၊ အလွန်အတွင်းကျသော အဇ္ဈတ္တမိတ်ဆွေစစ်, မိတ်ဆွေရင်းတို့သာ ဖြစ်ကြလေကုန်၏၊ အကြောင်းကိုဆိုသော် အကတ်ပညာ မည်သည် အခြားပြင်ပမှာတည်လေသည် မဟုတ်၊မိမိစိတ်ခတ်အတွင်းမှာ တည် ၍တတ်ကျွမ်း လိမ်မာမှုပင် ဖြစ်လေသောကြောင့်တည်း။

ထိုသို့ မိမိကိုယ်တွင်းမှာတည်သော အဇ္ဈတ္တဥစ္စာပစ္စည်းဖြစ်လေ သောကြောင့်ပင်လျှင် အတတ်ပညာကို ဥစ္စာပစ္စည်းများကဲ့သို့ ခိုးသူ, ဒမြတို့ တိုက်ခိုက်ခိုးယူနိုင်သည်မဟုတ်ချေ၊ ထို့ကြောင့် အတတ်ပညာ သည် အတွင်းမိတ်ဆွေ, အတွင်းဥစ္စာဟူ၍လည်း ဆိုရလေ၏၊ ဤ အဓိပ္ပါယ်ကိုရည်၍—

> "မြဲစွာမှတ်လေ၊ တတ်မြောက်ချေက၊ ရွှေ,ငွေမတူ၊ ခိုးယူ မရ၊ ဤလောက၌၊ ပညာ့အရာ၊မိတ်ကြီးသာတည့်၊ခန္ဓာပြောင်း ကြွ၊ နောင်ဘဝလည်း၊ သုခမြားမြောင်၊ ချမ်းသာဆောင်သည်၊ လူ့ဘောင်မှတ်လော့ တသင်းတည်း"—

ဟူ၍ လောကနီတိပျို့တွင် နေကျွံးမင်းထင်ကျော်ခေါင် စပ်ဆိုလေ သည်၊အတတ်ပညာတည်းဟူသော အဇ္ဈတ္တမိတ်ဆွေကြီးကို အပြုံးကိုင်ဖွဲ့ ထားရင်းရှိပါလျှင် မည်သည့်အခါမျှ ကိုယ်ကပြန်၍ ကျေးဇူးဆောင် ရသည်မရှိဘဲ ပညာတည်းဟူသော မိတ်ဆွေကသာလျှင် အသက်ထက် ဆုံး အကျိုးကျေးဇူးဆောင်လျက် ချမ်းသာခွင့်ကိုပေးလေတော့သည်။

လောကမိတ်ဆွေများကဲ့သို့ တစုံတရာအားနာရခြင်း,ထောက်ညှာရခြင်းမရှိဘဲ အမြဲပင်ပညာမိတ်ဆွေ၏ ထောက်ပံ့ချက်ကို ရဲဝံ့စွာ ခံယူနိုင်လေ၏၊ ဗဟိဒ္ဓဖြစ်သော လောကမိတ်ဆွေများသည် တခါတရံ အကြောင်းမသင့်,အခွင့်မသာသောအခါ မိတ်ပျက်ခြင်း တည်းဟူသော ဘေးကြီးနှင့် တွေ့ကြုံကွဲပြားတတ်လေသေး၏၊ မိမိသန္တာန်မှာဖွဲ့အပ်ပြီးသော ပညာမိတ်ဆွေသည်ကား ထိုကဲ့သို့ပျက်စီးခြင်းမရှိလေဘဲ အမြဲပင်မဟာမိတ်ဖြစ်လျက် သေသောအခါတိုင်မှပင် ကွဲကွာလေသည်။

သို့ရာတွင် ပညာတည်းဟူသော အတွင်းမိတ်ဆွေကို အလိုလိုမဖွဲ့ဘဲနှင့် ရရှိနိုင်ကြသည်မဟုတ်ချေ၊ မိမိကမိတ်ဆွေဖြစ်အောင် အားထုတ်ကာဖွဲ့နိုင်ပါမှလည်း မိတ်ဆွေအဖြစ်သို့ရောက်နိုင်လေသည်၊ ဥပမာ-ဤလောက၌ရှိသော မိတ်ဆွေများသည်လည်း အလကားသက်သက်လာ၍ မိတ်ဆွေဖြစ်ကြသည်မဟုတ်၊ အနာခံထိုက်သော အရာတွင် အနာခံဖြစ်၍ ''ပစ္စုပ္ပန္နဟိတေန ဝါ'' ဆိုသောအတိုင်း မျက်မှောက်ဒိဋ္ဌအားဖြင့် အကျိုးတခုကိုဆောင်ရွက်၍ဖြစ်စေ၊ ဤကဲ့သို့ပြုလုပ်ရင်းနှီးကာ ဖွဲ့စည်းပါမှ မိတ်ဆွေအဖြစ်သို့ ရောက်နိုင်ကြလေသည်။

ထို့အတူ ထိုပညာတည်းဟူသော မိတ်ဆွေသည်လည်း အလိုလိုမိမိသန္တာန်မှာလာရောက်၍ မိတ်ဆွေဖြစ်လာသည် မဟုတ်၊ မိမိကအပင်အပန်း,အနွမ်းအရိခံကာ မိတ်ဆွေဖွဲ့ပါမှ ပညာနှင့်မိတ်ဆွေဖြစ်ခွင့်ကိုရရှိလေသည်၊ ပညာနှင့်မိတ်ဆွေ ဖွဲ့ရခြင်းသည် လောကမှာရှိသော မိတ်ဆွေများကိုဖွဲ့စည်းရသည်ထက် ခဲယဉ်း၍ ပင်ပန်းနွမ်းရိခြင်းကို ခံရကြလေ၏၊ ပညာနှင့်မိတ်ဆွေဖွဲ့သည်ဆိုသောအရာသည် အခြားမဟုတ်၊ ပညာသင်ကြားခြင်းကိုပင်ဆိုလိုသည်၊ မိမိသန္တာန်သို့ မသက်ဝင်သေး, မကျွမ်းကျင်သေး,မတတ်သိသေးသော ပညာများကို မိမိသန္တာန်မှာ သက်ဝင်၍ ကျွမ်းကျင်စွာရှိအောင် လေ့ကျက်မှုကို ပညာသင်ကြားသည်-ဟူ၍ ဆိုရလေသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံမှာ ယခုခေတ်ကာလတွင် ရှေးအခါကဲ့သို့ မြန်မာဘာသာ ပညာသက်သက်ကို မိတ်ဆွေဖွဲ့ကာအသက်မွေးကြရန်

ကျပ်တည်းလှသဖြင့် အင်္ဂလိပ်ပညာများကို တတ်ကျွမ်းပါမှ အသက် မွေးလှပသောကြောင့် ထိုအင်္ဂလိပ်ပညာများနှင့် မိတ်ဆွေဖြစ်ကြရလေ အောင် အထူးပင်သင်ကြားအားထုတ်ကြရလေသည်၊ ထိုအင်္ဂလိပ် ပညာကိုလည်း ယခုအခါ သာမညတတ်ကျွမ်းရုံမျှနှင့် ကောင်းမွန်ကြီး ကျယ်သောအလုပ်,အကိုင်များကို မရနိုင်သောကြောင့် အိုင်-အေ,ဘီ- အေ ခေါ်သည့် အတန်းများသို့ကျရောက်အောင်ပင် သင်ကြားကြရ လေသည်၊ ထို့ထက်တဆင့်စွမ်းနိုင်ပါလျှင် အင်္ဂလန်နိုင်ငံသို့သွား၍ ကြီးမားမြင့်ချွန်သော အင်္ဂလိပ်ပညာများကိုပင် သင်ကြားကြရလေ သည်၊ ထိုသို့သင်ကြားသောအတိုင်း တတ်မြောက်လာကြပါက လော ကတွင် လှလှအသက်မွေးခွင့်ကိုရ၍ မိမိတို့ ကြံစည်လုပ်ကိုင်လိုသမျှ မျက်စိအမြင် ပွင့်လင်းကြလေ၏။

ဆိုခဲ့ပြီးသော အင်္ဂလိပ်ပညာများနှင့် အကျွမ်းတဝင် မိတ်ဆွေကြီး ဖြစ်ရလေအောင် သင်ကြားခြင်းအားဖြင့် မိတ်ဆွေဖွဲ့ရသော တာဝန် သည် မည်မျှလောက် ကြီးမားပါသနည်းဆိုလျှင် မိတ်ဆွေတို့ တွေ့မြင် ကြသောအတိုင်း အသက်ငါးနှစ်, ခြောက်နှစ်အရွယ်က စ၍ အသက် နှစ်ဆယ်, နှစ်ဆယ့်ငါးနှစ်လောက်တိုင်ရောက်အောင် နေ့စဉ်အပင် အပန်း, အရိအနွမ်း စရိတ်ပန်း ကိုယ်ကြေခြင်းကိုခံလျက် သင်ကြား ရှာကြရလေသည်၊အချို့သော လုလင်ပျိုတို့မှာလည်း အင်္ဂလိပ်ပညာနှင့် မိတ်ဆွေဖွဲ့ရန် ခဲယဉ်းသောကန္တာရကြီးကို ကူးခပ်နေရင်းပင် မကျန်း မမာခြင်းဖြစ်၍ အဆုံးစွန်တတ်မြောက်အောင် မသင်ကြားနိုင်ဘဲ ရှိကြ လေသည်၊ အချို့သောလုလင်ပျိုတို့မှာလည်း စာကိုကြည့်ရှုခြင်းအား ဖြင့် မျက်စိကိုအသုံးချရလွန်းအားကြီးသောကြောင့် အချိန်မတန်ဘဲ မျက်မှန် ဆောင်ရခြင်းများကိုလည်း မလွဲသာ,လွဲသာ ပြုလုပ်ရှာကြရ လေသည်။

သတ္တိသားတယောက် ကောင်းကောင်းကြီး ပညာတတ်မြောက် လေအောင် မိခင်,ဘခင်တို့မှာလည်း တရင်း,တနှီး ပြုလောက်သည့် ရွှေ,ငွေဘဏ္ဍာများကို စွန့်လွှတ်၍ အကုန်အကျခံကြရလေသည်၊သို့ဖြစ် ၍ ပညာနှင့်မိတ်ဆွေဖွဲ့ရခြင်းသည် လောကမှာရှိသော မိတ်ဆွေများ ကို ရင်းနှီးစွာရှိအောင် မိတ်ဆွေဖွဲ့ရခြင်းထက် ခဲခက်ကျပ်တည်းသည်

ဟူ၍ ကျွန်ုပ်တို့ပြဆိုခဲ့ပေသည်ဖြစ်ကြောင်း၊ သို့ရာတွင် ထိုသို့ခဲယဉ်းသော ကန္တာရခရီးခဲကြီးကို ကူးခပ်လျက် ခဲခဲယဉ်းယဉ်း ပညာသင်ကြားခြင်းကိုမပြုမလုပ်ဘဲ နေထိုင်ရန်လည်း အမှန် မသင့်လျော်ချေ၊ အကြောင်းမူကား- ပညာမတတ်ပြန်ပါက လောကမှာ အသက်မွေးသိမ်ငယ်လျက် လူတို့အလယ်တွင် မတင့်တယ်သောကြောင့် ပေတည်း၊ သင်ကြားအားထုတ်ခြင်း အားဖြင့် ပညာနှင့်မိတ်ဆွေဖွဲ့ရမည့် အချိန်ကာလသည်ကား ပထမအရွယ်-ဟု ဆိုအပ်သော လုလင်ပျိုအခိုက်၌ဖြစ်လေသည်။

ငယ်ရွယ်ပျိုမျစ်သော သူတို့၏စိတ်များသည် ပြုပြင်တိုင်းရလွယ်၍ ရုပ်သန်သည့်အတိုင်း ပညာလည်းသန်မြန်သည်တကြောင်း၊ ထွေထွေရာရာ ပြုလုပ်ဆောင်ရွက်ဘွယ်ရာကိစ္စနှင့် စိတ်မများနိုင်သေးသည်တကြောင်း၊ ထိုအကြောင်းများကြောင့် ပထမအရွယ်သည် ခက်ခဲသော ကန္တာရကြီးကို ကူးခပ်လျက် အတတ်ပညာနှင့် မိတ်ဆွေဖွဲ့ရန် အသင့်လျော်ဆုံး ဖြစ်လေသည်၊ ငယ်ရွယ်နုမျစ်သော အချိန်ကာလတွင်မှ အတတ်ပညာများကို မသင်ကြား,မဆည်းပူးခဲ့ဘဲ ပျင်းရိလျက် အပျော်အပါးလိုက်စားကာ အချိန်ကုန်ခံခဲ့ပါလျှင် ကြီးလာသောအခါ ပညာလက်မဲ့ဖြစ်နေ၍ အသက်မွေးရန်လည်း မတင့်တယ်၊ ပရိသတ်အလယ်တွင်လည်း မခံ့ညားဖြစ်နေသည်ရှိသော် နောင်တကြီးစွာရ၍ တွေးတောဆင်ခြင်တိုင်း ပူပန်ရတတ်လေသည်၊ထို့ကြောင့် ကိုးခန်းပျို့၌—

"သကျရုပ်၊ ကြံကြံသမျှ၊တောင့်တရာရာ၊တတ်ကောင်းစွာသား၊ ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စကို၊ ငယ်ကမသင်၊ ပျော်ပါးလွင်မူ၊ အကြင်သူအား၊ စကားခြေတင်၊ သဘင်မပြု့၊ ခံတွင်းမဲ့သို့၊ ချို့တဲ့ပညာ၊ ညှိုးမျက်နှာနှင့်၊ ရှိရှာလန့်ထိတ်၊အသံဆိတ်၏၊ တိတ်တိတ်မနေ၊ ဆိုပါချေလည်း၊ မပြေမပြစ်၊ အထစ်ထစ်လျှင်၊ ကျစ်လစ်မရှိ၊ အငြိုငြိုတည့်" -

စသည်ဖြင့် ဆိုလေသည်၊ ပုတ္တောဝါဒ ပျို့တွင်လည်း—

"ကျောင်းမှာမကြီး၊နွယ်ဖျားသီးသည်၊ဘူးသီးမွေးနှု၊လက်သတ်ပြုသို့၊ ရမှုပညာ၊ ငယ်ရွယ်စွာက၊ ဆရာထက်ကြပ်၊ မ

ဆည်းကပ်မိ၊ နှမ်ိနှမြော၊ လွန်လှမောဟ၊ အိုသောကာလ၊ နောင်တရလိမ့်၊ သောကမကင်းဘွယ်သာတည်း''—

ဟူ၍ စပ်ဆိုလေသည်၊ လူတို့တွင် ပထမအရွယ်, ဒုတိယအရွယ်, တတိယအရွယ်-ဟူ၍ အရွယ်သုံးပါးပိုင်းခြားလျက်ရှိရာ ပထမအရွယ်တွင် ပညာကိုရှာဖွေစုဆောင်းရာ၏၊ ဒုတိယအရွယ်တွင် ပစ္စည်း ဥစ္စာကိုရှာဖွေစုဆောင်းရာ၏၊ တတိယအရွယ်တွင် နောင်ဘဝကူးကောင်းမွန်ရန် တရားဓမ္မကို ရှာမှီးရာ၏၊ထိုအချက်သုံးပါးတွင် တပါးပါးကိုမျှ မရလိုက်ပါလျှင် လူဖြစ်ကျိုးမနပ်ဘဲ လူ့ဘုံမှာလာ၍ လူဖြစ်ရခြင်းသည် လူပိုသက်သက် မြေလေး,မြေမွှားအဖြစ်နှင့်သာလျှင် နေထိုင်ရလေ၏၊တစုံတရာမျှ လောကမှာအသုံးကျတော့မည် မဟုတ်ချေ၊ ထို့ကြောင့် လောကနီတိပျို့၌—

''သွန်သင်ဘွယ်ရာ၊ ငယ်စဉ်ခါက၊ ပညာမရ၊ ဒုတိယတွင်၊ ဥစ္စာမဲ့ထ၊ ကြီးရင့်လှလည်း၊ ဓမ္မမပျော်၊ ကျင့်ယွင်းငံချော်မူ၊ မှည့်ပျော်သက်ကြီး၊ သေချိန်နီးသော်၊ ကိုယ်ထီးလက်ချ၊ သုံးမကျတည်း''—

ဟူ၍ စပ်ဆိုလေသည်၊ ထို့ကြောင့် ပညာနှင့်မိတ်ဆွေဖွဲ့ခိုက်ဖြစ်သည့် ပထမအရွယ်တွင် ကိုယ်,စိတ်နွမ်းနယ်ခြင်းကို ဂရုမထားဘဲ ရှည်လျားစွာမြော်မြင်လျက် အတတ်ပညာကို သင်ကြားကြရာ၏၊ ငယ်ရွယ်စဉ်အခိုက်က ပညာတတ်မြောက်မှု၏ အကျိုးကျေးဇူးကိုလည်း—

''ပထမအရွယ်၊ ငယ်သော်ကတည်း၊ သိပ္ပခေါင်အား၊တတ်မြောက်မြားမူ၊တောသားရန်အောင်၊ခြင်္သေ့ဘောင်သို့၊ မရှောင်မညှာ၊ တင်းတင်းမာ၍၊ ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်''—

ဤသို့စသည်ဖြင့်ကိုးခန်းပျို့တွင်စပ်ဆိုလေသည်၊ပြဆိုအပ်ပြီးသောအတိုင်း ပထမအချက်အရ အစွမ်းတွမိတ်ဆွေဖြစ်သည့်အတတ်ပညာများကို သင်ကြားဆည်းပူးခြင်းအားဖြင့်မိတ်ဆွေဖွဲ့စည်းကြရာသတည်း။

၂။ ''အနာရောဂါနှင့်တူသောရန်သူမရှိ''ဟူသော ဒုတိယအချက်၌ ရန်သူဆိုသည်ကား မိမိ၏ အကျိုးယုတ်, အကျိုးမဲ့ဟူသမျှကို ပြုလုပ်ကြံစည်တတ်သော သူများကို ဆိုလိုသည်၊ မိမိ၏ အကျိုးယုတ်,အကျိုးမဲ့ကို

ပြုလုပ်တတ်သော အရာဟူသမျှတွင် အနာရောဂါသည် အလွန်ကဲဆုံး, အဆိုးဝါးဆုံးဖြစ်လေ၏၊ လောက၌ရှိသော ရန်သူဟူသမျှကို ငြိုးသူ ရန်ဘက်မှန်း သိသောအခါကာလကစ၍ ဝေးစွာ ရှောင်ကြဉ်တတ်, သတိပြုတတ်လေသောကြောင့် ထိုရန်သူများသည် မိမိအပေါ်မှာ အကျိုးယုတ်, အကျိုးမဲ့ပြုလုပ်ရန် ခဲယဉ်းကြလေ၏၊ ထိုရန်သူများသည် လည်း မိမိ၏ ပြင်ပ-ဗဟိဒ္ဓတွင် ရှိနေကြသောကြောင့် အပရန်သူတို့ မည်ကုန်၏၊ အကယ်၍ ရန်သူပင်ဖြစ်စေကာမူ တစ,တစ ထိုသူ၏စိတ် ကြိုက်သို့လိုက်၍ ပေးကမ်းချီးမြှောက်ခြင်း,ကိုယ်ကအနာခံခြင်းများနှင့် ဆက်ဆံလေသောအခါ တဖန် မိတ်ဆွေအဖြစ်သို့ သက်ရောက်နိုင်လေ သေး၏။

ရောဂါအနာ-တည်းဟူသောရန်သူသည်ကား ထိုကဲ့သို့မဟုတ်ချေ၊ မိမိအဇ္ဈတ္တကိုယ်တွင်းသန္တာန်မှာ ခိုဝင် ကိန်းအောင်းလျက်ရှိနေသော ကြောင့် အတွင်းရန်သူ အစစ်ကြီးတွေမည်ကုန်၏၊ သေမင်းကို မိတ် ဆွေဖွဲ့ရန်မရနိုင်ဘိသကဲ့သို့ သေမင်း၏ တမန်ဖြစ်သော အနာရောဂါ ကိုလည်း မည်သည့်နည်းနှင့်မျှ ကိုယ့်ဘက်သို့ ပါအောင် မိတ်ဆွေမဖွဲ့ နိုင်ချေ၊ ရောဂါဥပဒ်ဖြစ်ပေါ်လာခြင်းအကြောင်းမှာ အခြားက ဝင် ရောက်လာသည်မဟုတ်ချေ၊မိမိကိုယ်တွင်းသန္တာန်မှာရှိသည့် အသား, အသွေး,သလိပ်,သည်းခြေ,လေဓာတ်စသည်တို့ကသာဖြစ်ပေါ်၍ လာ လေသည်၊ အကျဉ်းချုပ်အားဖြင့်ဆိုလျှင် မိမိကိုယ်တွင်းမှာ ရှိသော ဓာတ်ကြီးလေးပါးတို့၏ မညီ, မညွတ်မှုကြောင့်ပင် ရောဂါဥပဒ်ဖြစ် ပေါ်လာသည်ဟုဆိုရ၏။

ကိုယ်တွင်းမှာရှိသော ဓာတ်ကြီးလေးပါးတို့၏ မညီ,မညွတ်မှုသည် များသောအားဖြင့် ဥတု, အာဟာရတို့ကြောင့်သာလျှင် ဖြစ်ရလေ၏၊ အအေး,အပူနှစ်ပါးကို ဥတုဟုဆိုသည်၊ စားသောက်သမျှသော အစာ ကို အာဟာရ-ဟူ၍ဆိုသည်၊ ဥတုဖောက်ပြန်ခိုက်နှင့် ကြုံကြိုက်လျှင် ကိုယ်တွင်းမှာရှိသော ဓာတ်ကြီးလေးပါးတို့သည် အချင်းချင်းသင့်တင့် ညီညွတ်ခြင်းမရှိကြဘဲ ကွဲလွဲသောင်းကျန်းကြလေကုန်၏၊ ထိုအခါ တစုံ တခုသော အနာရောဂါ ဖြစ်ပေါ်လာကြ၏၊ထိုအနာရောဂါကို"ဥတုဇ နာ" ဟူ၍ခေါ်လေသည်၊ မသင့်မတင့်သောအစာ, အာဟာရကို စား

မိလေသောအခါတွင် ထို့အတူ ခါတ်ကြီးလေးပါး ဖောက်ပြန်လျက် အနာ ရောဂါဖြစ်ပေါ်၍လာ၏၊ ထိုအနာကို "အာဟာရဇ နာ"ဟူ၍ ခေါ်လေသည်။

ထို့ပြင် စိတ္တဇ နာ,ကမ္မဇ နာများလည်း ရှိလေသေး၏၊စိတ္တဇ နာ-ဆိုသည်မှာ တစုံတယောက်သောသူသည် မိမိချစ်ခင်နှစ်သက်အပ်သော အရာကိုမရသောကြောင့် သောက,ဗျာပါဒဖိစီး ဥပါဒါန်ကြီးပြီးလျှင် အသည်းနှလုံးမှာမီးစွဲ၍ ဆင်းရဲဒုက္ခတွင်းသို့ဆင်းရလေ၏၊ ကိုယ်ကာယ၏ ပိန်ကြုံနွမ်းရိခြင်းမှစ၍ ရောဂါဥပဒ်များကိုရလေ၏၊ အချို့သောသူမှာကား ဥစ္စာပစ္စည်းပျက်ပြားသော ဘောဂဗျသနတရား, ဆွေမျိုးဉာတိ ဆုံးပါးသော ဉာတိဗျသနတရားများနှင့် တွေ့ကြုံ၍ စိတ်နှလုံး တတုန်တုန်,တခိုက်ခိုက်ဖြစ်ပြီးလျှင် ကြီးစွာသော ဆင်းရဲဒုက္ခနှင့် တွေ့ကြုံ၍ မဖြေ,မဆည်နိုင်အောင်ရှိလေ၏၊ထိုအခါ တစုံတရာသောရောဂါသည် မိမိကိုယ်ထက်မှာဝင်လာ၍ ဖိစီးနှိပ်စက်လေ၏၊ ဤရောဂါမျိုးကို"စိတ္တဇ နာ"ဟူ၍ခေါ်လေသည်၊"ကမ္မဇ နာ"ဆိုသည်ကား ရှေးမကောင်းမှုကံအတွက်ကြောင့် ဝမ်းတွင်းကဖြစ်စေ၊ နောက်ကာလမှာ ဖြစ်စေ-ဖြစ်ပေါ်သော အနာရောဂါမျိုးပေတည်း။

ပြဆိုအပ်ပြီးသောအနာရောဂါမျိုးတို့တွင် တစုံတခုသောရောဂါက လာ၍ နှိပ်စက်လျှင် ကြောင်ဖါးလက်သို့ရောက်သော ကြွက်သူငယ်, ကျားလက်ဝယ်ရှိသော သမင်ကဲ့သို့ ကြည်လင်ချမ်းသာခွင့်ကိုမရဘဲ ရန်သူ၏လက်တွင်းသို့ သက်ဆင်းကျရောက်လေသည် မည်၏၊ တစုံတရာ ရောဂါဖိစီးနှိပ်စက်ခြင်းကို ခံနေကြရသောအခါ ဥစ္စာပစ္စည်းရှိသော်လည်း ရှိကျိုးမနပ်၊ ထိုဥစ္စာပစ္စည်းများကို မခံစားနိုင်ချေ၊ တစုံတရာ ကုသိုလ်ကောင်းမှုကို ကာယကံမြောက်ထကြွ၍ လုပ်ကိုင်လိုသော်လည်း မလုပ်ကိုင်နိုင်ဘဲ ရှိလေ၏၊ လောကီအရေးအတွက် အလွန် အကျိုးဖြစ်ထွန်းကြီးပွားမည့်အလုပ်, အကိုင်ကို လမ်းမြင်၍ လုပ်ချင်ပါသော်လည်း မလုပ်,မကိုင်နိုင်ဘဲရှိလေ၏၊ ကာမဘုံသားဖြစ်သည့်အလျောက် ကာမဂုဏ်ခံစားလိုသော်လည်း မခံစားနိုင်ဘဲရှိလေ၏၊ မိမိကိုယ်,လက်, အင်္ဂါများသည် ကိုယ့်အလိုဆန္ဒနှင့်ဆန့်ကျင်ဘက်ဖြစ်ပြီးလျှင် လက်မှိုင်ချကာနေရလေ၏။

ထို့ကြောင့် ရောဂါဥပဒ်နှင့်တွေ့ရမှုသည် အရှုံးတကာတို့တွင် အနစ်နာဆုံးသော အရှုံးကြီး-ဟူ၍ဆိုရလေသည်၊ ဗျသနတရားငါးပါး တို့တွင်လည်း "ရောဂဗျသန"ဟူ၍ ဆုံးရှုံးခြင်းတပါးထည့်သွင်းကာ မြတ်စွာဘုရားဟောကြားတော်မူရလေ၏၊ ရောဂါဥပဒ်တို့မှ ကင်းရှင်း၍ ကျန်းမာခြင်းအမှုသည်ကား လာဘ်ရခြင်းတကာတို့ထက် အသာ လွန်ဆုံးသောလာဘ်ရခြင်းကြီး-ဟူ၍ မြတ်စွာဘုရားဟောကြားတော် မူလေသည်၊ အနာရောဂါ ကင်းရှင်း၍ ကျန်းမာခြင်းသည် ဓမ္မ,အတ္ထ, ကာမ,မောက္ခ-ဟူ၍ဆိုအပ်သော သတ္တဝါတို့လိုလားအပ်သည့် စတုဝဂ္ဂ တရားလေးပါးတို့၏ ပြည့်ကြောင်းဖြစ်လေသည်၊ အနာရောဂါရှိလျှင် ပြဆိုအပ်ခဲ့ပြီးသော အကျိုးတရားလေးပါးတို့ကို သတ်ဖြတ်တတ်လေ သည့်အကြောင်းနှင့် ဥတုဘောဇနကျမ်းနိဂုံးတွင် ပညာရှိအမတ် ရွှေပြည်ဝန်ကြီးက အောက်၌ပါသော ဂါထာဖြင့် မိန့်ဆိုလေ၏။

ဓမ္မတ္ထ ကာမ မောက္ခာနံ၊
အရောဂျံ မူလ မုတ္တမံ။
ရောဂါ တေသံ ပဟန္တာရော၊
သေယျသော ဇီဝိတဿ စ။ ။

**အနက်။** ။အရောဂျံ၊ အနာကင်းရှင်း ကျန်းမာခြင်းသည်။ဓမ္မတ္ထ- ကာမမောက္ခာနံ၊ ကိုယ်ကျင့်တရား,လောကီအကျိုးစီးပွား,ကာမဂုဏ် ခံစားခြင်း, သံသရာမှထွက်မြောက်ခြင်း-ဟူသော စတုဝဂ္ဂတရားလေး ပါးတို့၏။ ဥတ္တမံ၊ အမြတ်ဆုံးသော။ မူလံ၊ အကြောင်းရင်းကြီးပေ တည်း။ ရောဂါ၊ အနာရောဂါတို့သည်ကား။ တေသံ၊ထိုစတုဝဂ္ဂတရား လေးပါးတို့ကို။ပဟန္တာရော၊ သတ်ဖြတ်ဖျက်ဆီးတတ်ကုန်၏။ သေယျ- သော၊ မွန်မြတ်သော။ ဇီဝိတဿစ၊ အသက်ကိုလည်း။ ပဟန္တာရော၊ သတ်ဖြတ်တတ်လေကုန်၏။

**ဆိုလိုရင်းမှာ။** ။ကျန်းမာခြင်းသည် ဓမ္မ,အတ္ထ,ကာမ,မောက္ခ-ဟု ဆိုအပ်သော စတုဝဂ္ဂတရားလေးပါးတို့၏ ပြည့်စုံကြောင်းဖြစ်၏၊ ရော ဂါအနာသည် ထိုစတုဝဂ္ဂတရားလေးပါးကိုလည်း ဖျက်ဆီးတတ်၏၊ မြတ်သောအသက်ကိုလည်း သတ်ဖြတ် ဖျက်ဆီးတတ်၏-ဟူ၍ ဆိုလို သည်။

စတုဝဂ္ဂ တရားလေးပါးတို့တွင်—

၁။ ဓမ္မ-ဆိုသည်ကား ကိုယ်ကျင့်တရားပေတည်း၊ (သီလ-ကိုဆိုလိုသည်။)

၂။ အတ္ထ-ဆိုသည်ကား ဥစ္စာပစ္စည်းမှစ၍ လောကီ၌လိုလားအပ်သော အကျိုးစီးပွားကိုဆိုလိုသည်။

၃။ ကာမ-ဆိုသည်ကား ကာမဘုံသားတို့ လိုက်စား မြူးတူးကြသော ကာမဂုဏ်ခံစားမှုကိုဆိုလိုသည်။

၄။ မောက္ခ-ဆိုသည်ကား သံသရာဝဋ်မှကျွတ်လွတ်ခြင်းကို ဆိုလိုသည်၊ (နိဗ္ဗာန်ဖြစ်သည်။)

ရောဂါဥပဒ်ရှိနေလျှင်ကိုယ်ကျင့်တရားကိုလည်း မဖြည့်နိုင်၊လောကီအကျိုးစီးပွားကိုလည်း မကြိုးစားနိုင်၊ကာမဂုဏ်များကိုလည်း မခံစားနိုင်၊ သံသရာဝဋ်မှကျွတ်လွတ်ရန် နိဗ္ဗာန်ချမ်းသာကိုလည်း ရအောင်မစွမ်းဆောင်နိုင်ချေ-ဟူ၍ ဆိုလိုသည်၊ သို့ဖြစ်၍ ရောဂါဥပဒ်ကိုအဆိုးဆုံးသောရန်သူကြီး, အတွင်းရန်သူကြီး-ဟူ၍ ဆိုရလေ၏။

၃။ "ကိုယ်နှင့်တူသောအချစ်မရှိ"ဟူသောတတိယအချက်၌-လောက၌ ရှိရှိသမျှချစ်အပ်သော အရာဟူသမျှတို့တွင် မိမိတို့ကိုယ်ကဲ့သို့ မည်သည့်အရာကိုမျှ ချစ်ခင်သည်မဟုတ်ချေ၊ လူများအပေါင်းတို့သည် ရွှေ, ငွေ, ရတနာ, လယ်, ယာစသည်များကို ချစ်ခင်သည်ဆိုရာ၌ စင်စစ်အရင်းသို့ လိုက်၍စီစစ်လျှင် မိမိစံစားဘို့, မိမိကောင်းဘို့, မိမိချမ်းသာဘို့ရည်ညွှန်းချက်ဖြင့်သာလျှင် ချစ်ခင်ကြကုန်၏၊ တစုံတရာမျှ ကိုယ်ခံစားဘွယ်မရှိပါလျှင် ချစ်ခင်ကြမည်မဟုတ်ချေ၊ **"သည်ယုန်ကိုမြင်၍ သည်ချုံကိုထွင်"** ဆိုသောစကားကဲ့သို့ ကိုယ်ချမ်းသာဘို့အတွက် ကိုယ့်ဘက်သို့ ယက်သောအနေအားဖြင့်သာလျှင် ရွှေ, ငွေ, ရတနာတို့ကို ချစ်ခင်လေသည်၊ သား, မယားကိုချစ်ခင်သည် ဆိုရာ၌လည်း ထို့အတူပင် ကိုယ်ချမ်းသာသုခကိုခံစားဘို့အတွက် ကိုယ့်ဘက်သို့ယက်သောအနေအားဖြင့်သာလျှင် ချစ်ခင်လေသည်။

မိမိကိုယ်၌ သာယာသောဘဝတဏှာရှိလျှင် ထိုကိုယ်ကာယအတွက် အမျိုးမျိုးသော အရာဝတ္ထုတို့ကိုလည်း သာယာချစ်ခင်ရလေ၏။

မိမိကိုယ်၌ သာယာတွယ်တာသော ဘဝတဏှာမှ ကင်းရှင်းပြီးသော ရဟန္တာပုဂ္ဂိုလ်တို့မှာမူကား မည်သည့်အရာဝတ္ထုကိုမျှ ချစ်ခင်တွယ်တာသည်ဟူ၍ မရှိချေ၊ ကိုယ်ခန္ဓာ၌ တွယ်တာခြင်း အကြောင်းရင်းခံမိလျှင် မိမိချစ်ခင်သော ကိုယ်ခန္ဓာအတွက် ကိုယ့်ဘက်သို့ယက်လျက် စုံမက်ချစ်ခင်ဘွယ်ရာအမျိုးမျိုးတို့ ပေါ်ပေါက်လာလေသည်၊ချစ်ခင်ဘွယ်ရာ အမျိုးမျိုးတို့ကိုမြင်လျှင် မိမိလက်တွင်းသို့ ရရှိလေအောင် အလုပ်, အဆောင်အမျိုးမျိုးတို့ကိုလည်း ကြံစည်ရလေ၏၊ ထိုအခါ အမျိုးမျိုးသော ဒုက္ခတို့နှင့်တွေ့ကြုံရလေ၏၊ အလုံးစုံသော ဆင်းရဲဒုက္ခဟူသမျှသည် လောဘတဏှာသာလျှင် အကြောင်းရင်း, အမြစ်မူလရှိလေ၏။

ကိုယ်နှင့်တူသော အချစ်မရှိကြောင်းများကိုလည်း ကျွန်ုပ်တို့ ဗုဒ္ဓဘာသာကျမ်းဂန်တို့တွင်"နတ္ထိ အတ္တသမံ ပေမံ"ဟူ၍၎င်း၊"အတ္တသမံ ပေမံ နတ္ထိ" ဟူ၍၎င်း ဆိုလျက်ရှိလေ၏။

"အတ္တသမံ ပေမံ နတ္ထိ"ဆိုသောအတိုင်း မိမိနှင့်အတူ ချစ်သူမရှိလျှင် ကိုယ့်ကိုယ်ကိုချစ်ကျိုးနပ်အောင် ပြုလုပ်ရန်မှာ ယုတ်မာသော အကုသိုလ်တို့မှ ရှောင်ကြဉ်ရလေသည် ဖြစ်ကြောင်း၊ ထိုသို့ မိမိချစ်သောကိုယ်နှင့် ဒုစရိုက်တို့ကိုမယှဉ်တွဲစေဘဲ ကြဉ်ဖယ်၍ထားလိုက်လျှင် သည်ဘဝတွင်သာမဟုတ်၊ဘဝတိုင်းအေးမြချမ်းသာ၍ မိမိကိုယ်ကို မိမိချီးမြှောက်ရာကျလေသည်၊ ထိုသို့မဟုတ်၊မိမိကိုယ်ကိုချစ်သည့်အတွက်နှင့် တသက်လျာမျှကိုသာ မြော်မြင်၍ တဘဝကောင်းစားရုံ, ချမ်းသာရရုံအတွက် ထင်မိထင်ရာ ပြုချင်တိုင်း,ကျင့်ချင်တိုင်းလျှောက်၍ ပြုလုပ်လျှင် ဒုစရိုက်တို့နှင့်အလိမ်းလိမ်း, အကျုံကျုံဖြစ်ပြီးကာလ နောင်သံသရာမှာမွန်းနစ်ရလေ၏၊ ထိုသို့ဖြစ်ခြင်းကား မိမိကိုယ်ကိုမချစ်၊ မိမိကိုယ်ကိုနှစ်ရာကျလေ၏၊ ဓမ္မပဒပါဠိတော်တွင်လည်း---

အတ္တာနဉ္စေ ပိယံ ဇညာ၊
န နံ ပါပေန သံယုဇေ။—

ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူလေသည်။

**အနက်**။ ။အတ္တ ၁နံ၊မိမိကိုယ်ကို။ ပိယံ၊ ချစ်၏ဟူ၍။ စေဇညာ၊ အကယ်၍သိငြားအံ့။ နံ၊ ထိုမိမိချစ်သောကိုယ်ကို။ ပါပေန၊ မကောင်းမှုဒုစရိုက်နှင့်။ နသံယုဇေ၊ မယှဉ်စေရာ။ ။ကိုယ့်ကိုယ်ကို ချစ်လျှင် မကောင်းမှုကို မပြုနှင့်ဟူ၍ ဆိုလိုရင်းဖြစ်သည်။

၄။ "မိမိအလုပ်အကိုင်နှင့်တူသော ခွန်အားမရှိ"ဟူသော စကားအချက်၌ လောကီတွင် ကြီးပွားမှုအတွက်, အသက်မွေးမှုအတွက်နှင့် ပြုလုပ်နေကြသော အမှုကိစ္စများကို ကိုယ့်အလုပ်ဟူ၍ ဆိုသည်၊ "**အသက်မွေးမှုတခုခု**"ဟူ၍ဆိုသောစကားပုံအတိုင်း လူ-ဟူ၍ဖြစ်လာသောသူများသည် မိမိတို့တသက်ပတ်လုံး စားသုံးတည်နေရန်အတွက် ဖြစ်သည့် အလုပ်,အကိုင်တခုခုကို လက်ကိုင်ထားရမြဲဖြစ်လေသည်၊ ထိုစကားပုံအရ လူဖြစ်သူများမှာ ကိုယ့်အသက်ကို ကိုယ်မွေးရန် အလုပ်, အကိုင်တခုခုရှိစေကြရမည်-ဟူ၍ ဆိုလိုသည်၊ ထို့ပြင်လည်း "**အသက်မွေးမှုတခုပညာကိုယ်စီပါ**"ဟူသောစကားပုံလည်းရှိလေသေး၏။

ကျွန်ုပ်တို့မြန်မာလူမျိုးဖြစ်သည့် ရှေးသူဟောင်းတို့၏ စကားပုံအရကိုဆိုလျှင် အသက်မွေးမှုတခုခု အလုပ်, အကိုင်ရှိပါမှ လူပြီသာသည်၊ အသက်မွေးရန် ဉာဏ်ပညာ ကိုယ်စီပါမှ လူပြီသည်၊ အသက်မွေးမှုအလုပ်, အကိုင်မရ၊အသက်မွေးစရာ ပညာတစုံတခုမျှမရှိလျှင် လောကပေါ်မှာလူဖြစ်၍လာသော်လည်း လူရာမဝင်, လူတန်းမစေ့ဟူ၍ဆိုထိုက်လေသည်ဖြစ်ကြောင်း၊နေ့စဉ်မလည်မပတ်ရသော စက်ကရိယာများသည် ပျက်စီးခြင်းသို့ရောက်လေဘိသကဲ့သို့ ဉာဏ်, ဝီရိယအစွမ်းဖြင့် အလုပ်ခွင်သို့ဝင်၍အလုပ် မလုပ်, မကိုင်ဘဲ နေသောသူများသည်လည်း ပေါ့ပျက်လေလွင့်ခြင်းသို့ရောက်တတ်လေ၏၊ အလုပ်ကိုလူတို့၏ ခွန်အားဗလ-ဟူ၍ဆိုရခြင်းအကြောင်းမှာ အလုပ်, အကိုင်ရှိပါမှ ယှလှအသက်မွေးနိုင်သည့်ပြင် သူတပါးကိုလည်း အားလားကိုရခြင်းမှကင်းရှင်းလွတ်လပ်စွာနှင့် ကိုယ်အလိုရှိရာ နေကိုင်နိုင်သောကြောင့် အားကိုးလောက်သောအစွမ်းသတ္တိအင်အား ဗလဟူ၍ ဆိုရလေသည်။

**ဥပမာ**။ ။ဤလောက၌ခွန်အားဗလနှင့်ပြည့်စုံသော သူတယောက်သည် မည်သူ့အားကိုမျှ မကြောက်မရွံ့ရဘဲ ရဲကင်းတည်တံ့စွာ ပိုက်

စွမ်းနှင့်ရပ်တည်နိုင်ဘိသကဲ့သို့ ထို့အတူ အလုပ်အကိုင်တည်းဟူသော အင်အား,သတ္တိရှိသောသူတို့သည်လည်း သားမယားကျွေးမှု,အသက်မွေးမှုအတွက်နှင့် မည်သူကိုမျှတမော့မော့မျှော်ကာ အားမကိုးရဘဲ ကိုယ့်ကိုယ်ကို အားကိုး၍ နေထိုင်နိုင်လေသည်ဖြစ်ကြောင်း။

ကာယဗလ,ဉာဏဗလ,ဘောဂဗလ-ဟူ၍ အား-သုံးပါးရှိသည်ဟု ဆိုသောစကားအရ ဘောဂဗလဟုဆိုအပ်သောပစ္စည်းဥစ္စာနှင့် ပြည့်စုံခြင်းအားသည် အလုပ်အကိုင်တည်းဟူသော ကမ္မဗလအားပေါ်မှာ သာမှီတွယ်လျက်ရှိလေ၏၊အလုပ်အကိုင်တည်းဟူသော အင်အားရှိပါမှ ဥစ္စာပစ္စည်းနှင့် ပြည့်စုံခြင်းတည်းဟူသော အင်အားကို ရရှိနိုင်လေသည်၊ အလုပ်, အကိုင်တည်းဟူသော အားကို လျော့ချလိုက်လျှင် ''တနေ့တခြား ရေနည်းငါး''ဆိုသကဲ့သို့ ဘောဂဗလ-ဟု ဆိုအပ်သော ပစ္စည်းဥစ္စာ အင်အားသည်လည်း လျော့ပါးဆုတ်ယုတ်လေ၏။

ကမ္ဘာပေါ်၌ဖြစ်လာကြသော လူတို့၏ သဘောဓမ္မတာမှာ အသက်နှင့်အလုပ်သည် စပ်သွယ်ပေါင်းစည်းလျက် ဖြစ်လေ၏၊ အသက်ရှင်သည်နှင့်တပြိုင်နက် အလုပ်လည်းပူးတွဲလျက်ပါလာ၏-ဟူ၍ဆိုလိုသည်၊ အလုပ်ပြတ်လျှင် အသက်လည်းမတည်တံ့နိုင်ဘဲ သေကြေပျက်စီးခြင်းသို့ ရောက်ဘွယ်အကြောင်းရှိလေသည်။

ဥပမာ။ ။မွေးဖွားခါစဖြစ်သော ကလေးသူငယ်တို့မှာ မသန်မမာ သေးသောကြောင့် အသက်ရှူရှိုက်တတ်ရုံမျှသာဖြစ်သည့် အလုပ်များကိုသာလုပ်ကိုင်လေသည်၊ ထိုအခါ သူငယ်၏အလုပ်ကို အမိဖြစ်သူက ဝင်၍ ကူညီထောက်ပံ့သောအားဖြင့် အသက်ရှည်စေရန် နို့ရည်တိုက်ကျွေးခြင်း၊အညစ်အကြေးသုတ်သင်ခြင်း၊ ကြမ်းပိုး, မှက်, ခြင်-မှစ၍ ဘေးအန္တရာယ်အမျိုးမျိုးကို စောင့်ရှောက်ခြင်းစသည့် အမှုကိစ္စ အလုပ်အကိုင်များကို လုပ်ကိုင်ကြရလေ၏။

အတော်အတန်ကြီးပြင်းလာသောအခါ ထမင်း, ဟင်း, အစား, အစာများကို သူ့လက်နှင့်သူယူ၍စားတတ်သဖြင့် မိဘတို့ကခွံ့၍ပေးခြင်းများကို မပြုမလုပ်ရချေ၊ထို့နောက် အသက်မွေးရန် ဉာဏ်ပညာ အတတ်အမျိုးမျိုးတခုခုကို မတတ်, တတ်အောင် သိပ္ပံကျောင်းသို့သွား

ပြီးလျှင် သင်ကြားခြင်းအလုပ်ကို ပြုလုပ်ရလေ၏၊ ပညာသင်ကြားမှုကိုလည်း အလုပ်တွင်ထည့်သွင်းရ၏၊ ထို့ကြောင့် အထက်ကပြဆိုခဲ့သော အား-သုံးပါးအနက် ဉာဏဗလ-ဟုဆိုအပ်သော ပညာဉာဏ်အားသည်လည်း ကမ္မဗလ-ဟုဆိုအပ်သော အလုပ်ပေါ်တွင် တည်လျက် ရှိသည်-ဟုဆိုထိုက်ပြန်လေ၏၊ အကတ်ပညာ သင်ကြားပြီး၍ကျောင်းမှ ထွက်လာသောအခါ ကိုယ့်ပညာနှင့် ကိုယ့်အလုပ်နှင့်သို့ဝင်ပြီးလျှင် အသက်မွေးမြူရန် အလုပ်, အကိုင်ကို လုပ်ကိုင်ရလေ၏။

ပညာတတ်မြောက်ပြီးသည့်အခါ၌ ထိုသူ၏အသက်မွေးမှုသည် မိဘတို့တာဝန်နှင့် ကင်းပြီးလျှင် ကိုယ်အလုပ်စွမ်းကို ကိုယ်အားကိုးလျက် ရပ်တည်နေထိုင်ရမည့်အခါဖြစ်လေ၏၊ အထူးအထွေ ပညာမတတ်မြောက်သောသူတို့သည်လည်း လူလားမမြောက်ခင် မိခင်,ဘခင်တို့၏ အရှိန်ကိုခိုလှုံ၍ လူလားမြောက်သောအခါ ကိုယ့်အစွမ်းကိုကိုယ်အားကိုးလျက် တောင်သူ,လယ်ယာလုပ်ကိုင်ခြင်းစသော အလုပ်,အကိုင်များနှင့် အသက်မွေးမြူရလေ၏၊ ထို့နောက် အိမ်ထောင်ဘက်သားမယားရှိပြီးလျှင် အိုးသီး, အိမ်သီး နေထိုင်ကာ ကိုယ့်ကိစ္စထက်သား,မယားကိစ္စများဘက်ပြီးလျှင် အသက်မွေးမြူရလေ၏၊ ယောကျ်ားတို့တာဝန်ကိစ္စမှတပါး မိန်းမတို့၏ အလုပ်တာဝန်များလည်းရှိလေသေး၏၊ မိန်းမတို့အလုပ်,အကိုင်ဆိုသည်မှာ အိမ်ထောင်မှုပရိဘောဂ,အပြုအပြင် အလုံးစုံကို အကုန်ကျွမ်းကျွန်နားလည်စွာ သေသေသပ်သပ်ပြုတတ်ခြင်း, အသုံးအစွဲချွေတာစွာနှင့် လင်ယောကျ်ား၏ အပူကိစ္စဝတ်တရားများကို အလိုက်သိစွာ ကျေကုန်အောင် ရှက်ဆောင်ခြင်းစသည်များဖြစ်ကြလေသည်၊ ဩဝါဒထုံးပျို့၌--

"မိန်းမဟူသည်၊ အရည်အရုပ်၊ အလုပ်အဆောင်၊ အိမ်ထောင်သိမ်းဆည်း၊စောင့်စည်းကိုယ်,နှုတ်၊မြတ်,ယုတ်ကြပ်း,၊ သိအောင်ပြုလေ့"--

ဟူ၍ မိန်းမတို့အလုပ်တာဝန်ကို စပ်ဆိုရေးသားလေသည်၊ ထို့ပြင် မိန်းမတို့၏ အားခွန်ဗလကား အရွယ်,အဆင်း ကောင်းမြတ်တင့်တယ်ခြင်း-ဟူ၍လည်း ရှင်းဩဝါဒထုံးပျို့၌ပင်--

''ကြမ္မာနည်းရှား၊မိန်းမအားမှု၊ပျိုထွားရွယ်ဆင်း၊လှပခြင်း တည်း''—

ဟူ၍ ဆိုလေသည်၊လောကနီတိ၌''ဣတ္ထီနဥ္စ ဓနံ ရူပံ''ဟူ၍ဆိုသော အတိုင်း မိန်းမတို့၏ ဥစ္စာပစ္စည်းကား အဆင်းလှခြင်းပေတည်း။

ထို့ကြောင့် မိန်းမတို့မှာလည်း အားခွန်ဗလနှင့် ဓနဥစ္စာများရှိလေသောကြောင့် ကိုယ့်တာဝန်နှင့်ကိုယ် လုံလောက်ပါလျှင် အလုပ်တည်းဟူသောအင်အားနှင့် ပြည့်စုံသည်-ဟူ၍ ဆိုထိုက်ပေ၏၊ ထို့ကြောင့် လူတို့သည်သေဆုံး၍သွားသည့်တိုင်အောင် အလုပ်ကိစ္စပြီးဆုံးသည်မဟုတ်ဘဲ အလုပ်မတုံးခင် အသက်ကသာဆုံး၍ သွားလေသည်၊ ထို့ကြောင့်အသက်နှင့်အလုပ် ပူးတွဲယှဉ်ပြိုင်လျက်ရှိနေကြသော လူတို့၏ အသက်သည် ကျဉ်းမြောင်းတိုတောင်း၍ အလုပ်တည်း ဟူသော အင်အားကသာလျှင် ရှည်လျားကျယ်ဝန်းလေသည်၊ ကောင်းမွန်ခိုင်ခံ့သောအလုပ်တခုကိုတည်ထောင်၍ပြုလုပ်လိုက်သောအခါ ပထမလုပ်ကိုင်သူ၏ အသက်ဆုံး၍ သွားသော်လည်း ထိုသူ၏ အလုပ်မှုကား လောကပေါ်တွင် အဖတ်တင်၍ ကျန်ရစ်လေ၏၊ လူကြီး,လူကောင်း တယောက်၏ ကမ္မဗလ-တည်းဟူသော အားအစွမ်းသည် တဦးတည်း အတွက်သာ အားဖြည့်စွမ်းသည်မဟုတ်ဘဲ လူအများတို့၏ အင်အားကိုလည်း ဖြည့်စွမ်းတတ်လေ၏။

ထို့ကြောင့် အလုပ်,အကိုင်သည် လူ၏အား-ဟူ၍သာ မဆိုထိုက်ဘဲ ရွာ၏အင်အား, မြို့၏အင်အား, နိုင်ငံ၏အင်အား, အမျိုးသား၏အင်အား-ဟူ၍လည်း ဆိုထိုက်လေ၏၊ လူတယောက်မှာ အလုပ်, အကိုင် အားသန်စွမ်းလျှင် တအိမ်လုံးချမ်းသာကြီးပွား၏၊ ရွာသားတစု အလုပ်,အကိုင် အားသန်စွမ်းလျှင် တရွာလုံးကြီးပွားချမ်းသာ၏၊ မြို့သားတစု အလုပ်အင်အားထက်သန်လျှင် တမြို့လုံး ကြီးပွားချမ်းသာ၏၊ နိုင်ငံသားစု အလုပ်အားထက်သန်လျှင်တနိုင်ငံလုံးချမ်းသာကြီးပွား၏၊ လူမျိုးတစု အလုပ်စွမ်းအားထက်သန်လျှင် ထိုတမျိုးသားလုံး ကြီးပွားချမ်းသာ၏-ဟူ၍ဆိုလိုသည်။

တကမ္ဘာလုံးကိုလွှမ်းခြုံ၍ဆိုလျှင် ကမ္မဗလ-တည်းဟူသော အလုပ်အင်အားသည် ကမ္ဘာ၏အင်အား-ဟူ၍လည်း ဆိုရလေ၏၊ထို့ကြောင့်

အမျိုးသားတို့ ကြီးပွား, ချမ်းသာကြစေလိုပါမူ အလုပ်အင်အား-ဟု ဆိုအပ်သော ကမ္မဗလကို မွေးမြူနိုင်သမျှ ယက်သပ်မွေးမြူ၍ထားကြရာ၏၊ တတိယအချက်နှင့် စပ်ဘက်ဆိုပြန်လျှင်လည်း ကိုယ်စီ, ကိုယ်ငှ မိမိကိုယ်ကို ချစ်ခင်ကြသည်ဖြစ်ပါလျှင် ချမ်းသာစွာ အသက်မွေးမြူနိုင်ကြောင်း၊ ဘောဂဗလ-ဟုဆိုအပ်သော ဥစ္စာစီးပွား အင်အား တိုးတက်ကြောင်းဖြစ်သည့် အလုပ်အကိုင်များကို ကိုယ်စီကိုယ်ငှ ကြိုးစား၍ လုပ်ကိုင်ကြရာသတည်း။

ပညာနှင့်တူသောမိတ်ဆွေမရှိ-စသောအကြောင်းပြီး၏။

---

## ၁၂။ အရံ့,အကာ ၄-ပါး

သမုဒ္ဒါဝရဏာ ဘူမိ၊
ပါကာရာဝရဏံ ဃရံ။
နရိန္ဒာဝရဏာ ဒေသာ၊
စရိယာဝရဏာ ထိယော။ ။

**အနက်။** ။ဘူမိ၊ မြေအပြင်သည်။ သမုဒ္ဒါဝရဏာ၊ သမုဒ္ဒရာလျှင်ဝန်းဝိုင်းကာရံခြင်းရှိ၏။ ဃရံ၊ အိမ်ယာတိုက်တာသည်။ ပါကာ-ရာဝရဏံ၊ တံတိုင်း, ဝင်း, ခြံလျှင် အရံ့,အကာရှိ၏။ ဒေသာ၊ အရပ်မျက်နှာ မြို့ရွာနိုင်ငံဟူသမျှသည်။ နရိန္ဒာဝရဏာ၊ ပြည့်ရှင်မင်းလျှင် အရံ့, အကာရှိ၏။ ထိယော၊ မိန်းမတို့သည်။ စရိယာဝရဏာ၊အကျင့်စာရိတ္တကောင်းခြင်းလျှင် အရံ့, အကာရှိကုန်၏။

**ဆိုလိုရင်းမှာ။** ။မြေအပြင်၏အရံ့,အကာကား သမုဒ္ဒရာပင်လယ်သာတည်း၊ တိုက်တာ, အိမ်ယာတို့၏ အရံ့,အကာကား တံတိုင်း, ဝင်း, ခြံသာတည်း၊ အရပ်မျက်နှာ မြို့, ပြ, ပြည်, ရွာတို့၏ အရံ့,အကာကား မင်းပင်လျှင်တည်း၊ မိန်းမတို့၏ အရံ့,အကာကား အကျင့်စာရိတ္တကောင်းခြင်းပင်တည်း-ဟူ၍ ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

၁။ သမုဒ္ဒရာ၊ မြေမျက်နှာ၊ ရံကာဝိုင်းဝန်းမှီ။
၂။ အိမ်ကိုပတ်ဝိုင်း၊ စည်းတံတိုင်း၊ ရံဆိုင်းကာလေသိ။
၃။ မြို့,ပြ,ပြည်,ရွာ၊ ရပ်မျက်နှာ၊ ရာဇာကာရံ၏။
၄။ ကျင့်မူကောင်းခြား၊ မိန်းမအား၊ ရံတားကာကွယ်မှီ။

## အဓိပ္ပါယ်အကျယ်

၁။ မြေမျက်နှာပြင်သည် အလွန်ပင်ကျယ်ဝန်းသော်လည်း သမုဒ္ဒရာ ကာရံဝိုက်သိုင်းလျက် ရှိလေ၏၊ ထို့ကြောင့် သမုဒ္ဒရာသည် မြေ၏ တံတိုင်းသဖွယ်ဖြစ်၏၊ သမုဒ္ဒရာကာရံခြင်းအားဖြင့် မြေအပြင်သည် လုံခြုံ၏-ဟူ၍လည်း ဆိုလိုသည်။

၂။ တိုက်, တာ, အိမ်, ယာ, ကျောင်း, ကန်တို့၏ အကာအရံမှာ တံတိုင်း, စောင်ရန်း, စည်းရိုး, အမှတ်အသား, အပိုင်းအခြားများ ဖြစ်၏၊ တံတိုင်း, စောင်ရန်း ကာရံခြင်းအားဖြင့် တိုက်တာ, အိမ်ယာ များသည်လုံခြုံ၏။

၃။ ကမ္ဘာ့မြေအပြင်၌ အလုံးစုံသော မြို့ပြခရိုင် နိုင်ငံမြို့ရွာများ ကို ပြည်ပိုင်, တိုင်းပိုင်ဖြစ်သောအစိုးရမင်းတို့က ကာရံလျက်ရှိ၏၊ ထို့ ကြောင့် ပြည့်ရှင်မင်းသည် တိုင်းပြည်နိုင်ငံ၏ မဟာရံတံတိုင်းကြီးဖြစ်၏၊ မင်းကေရာဇ်- တည်းဟူသော တံတိုင်းကြီး၏ကာရံခြင်း အားဖြင့် တိုင်းပြည်နိုင်ငံများသည် နိုင်ငံခြားတို့၏ ဘေးအန္တရာယ်တို့မှ လုံခြုံ ချမ်းသာ၏။

၄။ အကျင့်စာရိတ္တကောင်းမွန်စင်ကြယ်၍ မိန်းမတို့ဖွယ်ရာ သမာဓိ တည်ကြည်စွာနှင့် နေထိုင်သိမ်းဆည်း သိပ်သည်းကျစ်လစ်ပြေပြစ်သိမ် မွေ့ ဣန္ဒြေ့ရင်ဖြစ်မှုသည် မိန်းမတို့၏ တံတိုင်းအကာအရံမည်၏၊ မိန်း မတို့နှင့်စပ်ဆိုင်သည့် အကျင့်စာရိတ္တများနှင့် ညီညွတ်လုံခြုံစွာ နေထိုင် သောမိန်းမများကို မိန်းမကောင်း, မိန်းမမြတ်, မိန်းမလိမ္မာတို့ဟူ၍ ကျမ်းဂန်များ၌ ချီးမွမ်းကြလေကုန်သည်၊ အကျင့်စာရိတ္တတည်းဟူသော တံတိုင်း, အကာအရံတို့ဖြင့် လုံခြုံစွာနေထိုင်စောင့်စည်းနိုင်သော မိန်းမ တို့သည်ကား မည်သူမျှ စောင့်ရှောက်သိမ်းဆည်းခြင်းငှါ ထိုက်သည် မဟုတ်ဘဲ ပကတိအားဖြင့် လုံခြုံသော မိန်းမမြတ်တို့မည်ကုန်၏။

အသီတိနိပါတ် မဟာကုဏာလဇာတ်, မိန်းမကိုကြွတ်နှင့်ငုံ၍ထား သော ဒါနဝဘီလူးဇာတ်, မုဒုပါဏိဇာတ်စသည်တို့၌ မိန်းမတို့ကိုလုံခြုံ အောင်စောင့်ရှောက်ခြင်းငှါ ခဲယဉ်းကုန်၏၊ ဝမ်းတွင်းမှာငုံ၍ထား သော်လည်း မလုံခြုံနိုင်-စသည်ဖြင့် မိန်းမတို့၏ စောင့်ရှောက်ခြင်းငှါ ခဲယဉ်းစွာသောအဖြစ်တို့ကို များစွာဆိုကြကုန်၏။

သဗ္ဗိ တ္တိယော ကရေ ပါပံ၊
လာဘမာနေ နိဝါတကေ။ ။

**အနက်။** ။နိဝါတကေ၊ ဆိတ်ငြိမ်ရာ, ဆိတ်ငြိမ်ခွင့်ကို။လာဘမာနေ၊ ရသည်ရှိသော်။ သဗ္ဗိတ္တိယော၊ အလုံးစုံသောမိန်းမတို့သည်။ ပါပံ၊ မကောင်းမှုကို။ ကရေ၊ ပြုလေရာ၏။—

ဟူ၍ ဆိတ်ငြိမ်ရာကိုရသည်ရှိသော် မိန်းမတို့သည် မကောင်းမှုကို ပြုတတ်ကြကုန်၏၊ ရေထဲ၌ငါး၏သွားရာလမ်းကို သိစွမ်းနိုင်ခဲဘိသကဲ့သို့ မိန်းမတို့၏ စိတ်သဘော အကြံအစည်, အကွေ့အလည်, ပရိယာယ်မာယာများကို လွန်စွာသိနိုင်ခဲလှ၏-ဟု ဆိုကြကုန်၏၊ဝိဓုရပျို့၌လည်း—

''ရပ်ချောင်ခန်းဝါ၊ ဆိတ်ငြိမ်ရာသို့၊အခါမလျော်၊ ရောက်လတ်သော်လျှင်၊ ပျက်ချော်မိန်းမ၊ ဒုသီလတို့၊ စာရသွေလွဲ၊ ဖောက်ပြန်မြဲရှင့်''—

ဟူ၍စပ်ဆိုလေ၏၊ ထိုကဲ့သို့ မိန်းမတို့မည်သည် ဆိတ်ကွယ်ရာကိုရက အကျင့်စာရိတ္တဖောက်ပြန်လျက် ကျင့်ကြံခွတ်ချော်တတ်လေသည်-ဟုဆိုသော်လည်း အကျင့်စာရိတ္တသီလ, ဋ္ဌရွေတည်းဟူသော တံတိုင်းကာရံဝိုင်းဆီးကာလျက်မရှိသော မိန်းမတို့သာလျှင် အကျင့်ပျက်စီးတတ်လေသည်၊ အကျင့်စာရိတ္တ သီလ, ဋ္ဌရွေတည်းဟူသော တံတိုင်းကို ရံဝိုင်းကာဆီး၍ထားသော မိန်းမတို့သည်မူကား ထိုကဲ့သို့ ဖောက်ဖောက်ပြန်ပြန် ကျင့်ကြံကြမည်မဟုတ်ပေ၊ ထိုစကားမှန်၏၊ အမရာ, ကိန္နရီ, မဒ္ဒီ, သမ္ဗုလ, တော်လေးဝ ဝင်သည် ဟု ဆိုရသောမိန်းမတို့သည်ကား ဆိတ်ငြိမ်ခွင့်ကိုရသော်လည်း မိန်းမတို့၏အကျင့်သီလတည်းဟူသော အရံ့,အကာ၏ခိုင်မြဲခြင်းကြောင့် မှားယွင်း ဖောက်ပြန်သော အကျင့်ကို ကျင့်ကြသည်မဟုတ်ချေ၊ အမရာဒေဝီကို မဟောသဓာဆောင်ကြဉ်း၍ မြို့တံခါးဝမှာထားပြီးလျှင် မင်းချင်းယောကျ်ားတို့ကို စုံစမ်းစေသောအားဖြင့် ဖြားယောင်းသွေးဆောင်စေရာ အကျင့်သီလတံတိုင်းကြီးခိုင်လုံသောကြောင့် ဆိတ်ငြိမ်ခွင့်ကိုရသော်လည်း မကောင်းမှုကိုမကျင့်ချေ။

စန္ဒကိန္နရီမည်သော ကိန္နရာမကို တောအရပ်မှာ အတင်းအကြပ်ဗြဟ္မဒတ်မင်းကြီး ဖြားယောင်းသော်လည်း အကျင့်တံတိုင်းကြီး လုံခြုံ

သဖြင့် ဖောက်ဖောက်ပြန်ပြန် မကျင့်ကြံချေ၊ မဒ္ဒီဒေဝီသည်လည်း ဝက်ပါတောင်ဇွမ်း ချောင်ကမ်းလျှိုလျှို မြောင်ထိုထိုမှာ ချဉ်,ချိုသစ်သီးများကို ရှာမှီးခြင်းကိစ္စဖြင့် ဆိတ်ငြိမ်ခွင့်ကိုရသော်လည်း သီလတံတိုင်းကြီး ကာဆီးလျက် ရှိလေသောကြောင့် မကောင်းမှုကို မပြုလေ၊ သမ္ဗုလမိဖုရားသည်လည်း သစ်သီးရှာသွားစဉ် ဖြားယောင်းသွေးဆောင် ပါအောင် ဆွဲငင်သော ဒါနောဘီလူးနှင့် ဆိတ်ငြိမ်ခွင့်ရရာတွင် အချင်းချင်း တွေ့ကြသော်လည်း အကျင့်တံတိုင်း ရံဝိုင်းကာဆီး အပ်သည်ဖြစ်၍ မကောင်းမှုကို မပြုချေ။

ထို့ကြောင့် “မိန်းမတို့၏ အကာ,အရံ တံတိုင်းကြီးသည်ကား အကျင့်သီလအာစာရပင်ဖြစ်သည်”ဟူ၍ စာဏကျဆရာကြီးဆိုလေသည်၊ အကျင့်သီလ အာစာရလုံခြုံခြင်းမရှိပါမူကား မုဒုပါဏိ ဇာတ်တော်မှာ ဘုရင်မင်းမြတ်တပါးသည် မိမိ၏ သမီးတော်ကို အပါးတွင်ထား၍ လက်မလွှတ်ဘဲ အမြဲစောင့်စည်း၍ ထားသော်လည်း မိန်းမတို့မာယာဖြင့် ကြံစည်လော်မာ၍ မင်းသားတပါး၏နောက်သို့ လိုက်မိအောင် လိုက်ပါလေသည်၊ နှုတ်တွင်ငုံထားသော ဒါနောဘီလူး၏ မယားကဲ့သို့ ရနိုင်သမျှ အကွက်ရှာပြီးလျှင် ယုတ်မာသောအကျင့်ကို ကျင့်တတ်လေသည်။

တလောကလုံးကိုခြုံ၍ များသောအားဖြင့် ပြောဆိုရလျှင် အကျင့်အာစာရ-တည်းဟူသော တံတိုင်း၏ ခိုင်မြဲလုံခြုံသော မိန်းမတို့သည်ကား နည်းပါးစွာ ဖြစ်တတ်ကုန်၏၊ ပြေ့ပျောင်းပါလွယ်သော သဘောနု,သဘောသေး ရှိကြသည့်အတိုင်း ဆိတ်ငြိမ်ရာဌာနတွင် တစုံတဦးသော ယောကျ်ားက စကားအပြော,အဆို ကောင်းကောင်းနှင့် ဖြားယောင်းသွေးဆောင်ပြီးလျှင် အကျင့်တံတိုင်းကြီးကို ဖျက်ဆီးတတ်ကြကုန်၏။

ဇာတ်တော်၌ အလွန်တရာ ဋ္ဌန္ဒေသိက္ခာ ကြီးလှစွာသော သစ္စကပါဝိ ပရိဗိုဇ်မသည်ပင်လျှင် မည်သူတဦးတယောက်မျှ သွေးဆောင်၍မရဟု စိတ်ချ၍နေကြစဉ် ဘုရားအလောင်းတော် သေသောက်ကြူး၏ ဖြားယောင်းသွေးဆောင်ခြင်းဖြင့် မိမိ၏ အကျင့်သီလ-အာစာရတည်းဟူသော တံတိုင်းကိုဖျက်ဆီးပြီးလျှင် သေရည်သေရက်အိုးကို

နောက်ကရွက်၍ လိုက်ပါဘူးလေသည်၊ ဤကဲ့သို့ မိန်းမတို့၏သဘော သည် ဤလောကအတွင်းမှာ ထင်လင်းစွာပေါ်လောပေါ်၍ နေသော ကြောင့် မိန်းမတို့ကို ယောကျ်ားများကဲ့သို့ ပေါက်လွှတ်ချောင်ချိစွာ ထားခွင့်မရဘဲ အခါမပြတ်ပင် အစောင့်အရှောက်နှင့် မကင်းအောင် အကျဉ်းသမားတို့ကဲ့သို့ ထားကြရကုန်သည်။

ထို့ကြောင့် ကျမ်းဂန်တို့၌ မိန်းမဟူသမျှကို. မာတုရက္ခိတာ-အမိ စောင့်သောမိန်းမ, ပိတုရက္ခိတ- အဘစောင့်သော မိန်းမ-စသည်ဖြင့် ရက္ခိတကိုယ်စီနှင့် အမည်တံဆိပ်ပေး၍ ထားကြရကုန်သည်၊ အစောင့် အရှောက် တံတိုင်းကြီးကိုယ်စီနှင့် လုံခြုံစွာထားကြရသည်-ဟု ဆိုလို သည်၊ အမိ, အဘအစရှိသော အစောင့်အရှောက်များသည် ပြင်ပက နေ၍ စောင့်ရှောက်နိုင်သည်သာဖြစ်၍ အားမကိုးထိုက်ချေ၊ တရားက စောင့်ရှောက်ခြင်းသည်သာလျှင် အတွင်း - အဇ္ဈတ္တသန္တာန်ကနေ၍ စောင့်ရှောက်သည်မည်သောကြောင့် လုံခြုံသောစောင့်ရှောက်ခြင်း မည်ကုန်၏၊ မိန်းမတို့မှာ တဘဝလုံး ကိုယ်အလိုရှိရာ ယောကျ်ားတို့ ကဲ့သို့ လွတ်လပ်စွာမနေရကြောင်း၊အစောင့်အရှောက် မပြတ်ကြောင်း နှင့် သက္ကတဘာသာ ဟိတောပဒေသကျမ်းတွင်—

ပိတာ ရက္ခတိ ကောမာရေ၊
ဘတ္တာ ရက္ခတိ ယောဗ္ဗနေ။
ပုတ္တော တု ဇိဏ္ဏကေ ကာလေ၊
နိံတ္ထိ သဆန္ဒ မံရဟတိ။ ။

**အနက်။** ။ကောမာရေ၊ကုမ္မာရီရွယ် ငယ်သောသူငယ်မကို။ပိတာ၊ ဘခင်သည်။ ရက္ခတိ၊ စောင့်ရ၏။ ယောဗ္ဗနေ၊ အပျိုပျိန့်ရွယ်သို့ ရောက်သောကညာကို။ ဘတ္တာ၊ မောင်ဖြစ်သူက။ ရက္ခတိ၊ စောင့် ရ၏။ ဇိဏ္ဏကေ ကာလေ၊ အိုသောအခါကာလ၌။ ပုတ္တော၊ သားက။ ရက္ခတိ၊ စောင့်ရ၏။ ဣတ္ထိ၊ မိန်းမဟူသမျှသည်။ တု၊ စင်စစ်။ သဆန္ဒံ၊ မိမိအလိုဆန္ဒရှိတိုင်း နေထိုင်ခွင့်ကို။နအရဟတိ၊တဘဝလုံးမထိုက်ချေ။

ကုမ္မာရီရွယ်အခါတွင် ဘခင်က စောင့်ရှောက်ရ၏၊ အပျိုကညာ ခေတ်တွင် မောင်ကစောင့်ရှောက်ရ၏၊ အိုမင်းသောအခါ သားက

စောင့်ရှောက်ရ၏၊ မိန်းမတို့မှာ မည်သည့်အခါမျှ အလိုဆန္ဒရှိတိုင်း မနေထိုက်-ဟူ၍ဆိုလိုသည်။

လင်ယောကျ်ားဖြစ်သောသူသည်ကား မိမိအသက်ရှိသမျှတသန္တာန်လုံး စောင့်ရှောက်ရ၏၊ ထိုအစောင့်အရှောက်များသည်လည်း ပြင်ပက စောင့်ရှောက်ရသည်ဖြစ်၍ စင်စစ်လုံခြုံစေနိုင်သည်မဟုတ်ချေ၊ စင်စစ်မှာ အတွင်းဖြစ်သော ဆန္ဒ, အကျင့်သီလအာစာရတို့က စောင့်ရှောက်မှသာလျှင် လုံခြုံနိုင်လေသည်။

အကျဉ်းချုပ်အားဖြင့် မိန်းမတို့၌ အစောင့်အရှောက်ဖြစ်သော တရားမှာ ဟိရီ,ဩတ္တပ္ပ တရားနှစ်ပါးမျှသာ ဖြစ်လေသည်။

၁။ မကောင်းမှုကို ပြုကျင့်ရန်မှ ရှက်ခြင်းကို ဟိရီ-ဆိုသည်။

၂။ မကောင်းမှုကို ပြုကျင့်ရန်မှ ကြောက်လန့် ထိတ်ပြာခြင်းကို ဩတ္တပ္ပ-ဆိုသည်။

ထိုတရားနှစ်ပါးသည် မိန်းမတို့၏ခိုင်မြဲလုံခြုံသော တံတိုင်းစောင်ရန်းကြီးမည်၏၊ ထိုကဲ့သို့ တံတိုင်းနှစ်ထပ်ကာရံ၍ ထားအပ်ပါလျှင် ထိုမိန်းမသည် လုံခြုံ၍မကောင်းမှုကို ပြုကျင့်ရန်လမ်းကိုမြင်မည်မဟုတ်ချေ။

နတ္ထိ လောကေ ရဟောနာမ၊
ပါပကမ္မံ ပကုဗ္ဗတော။ ။

**အနက်။** ။လောကေ၊ လောက၌။ ။ ပါပကမ္မံ၊ မကောင်းမှုကို။ ပကုဗ္ဗတော၊ ပြုသောသူအား။ ရဟောနာမ၊ ဆိတ်ကွယ်ရာမည်သည်။ နတ္ထိ၊ မရှိ။

ဤဓမ္မပဒပါဠိတော်အတိုင်း မကောင်းမှုကိုပြုရန် လောကမှာတစုံတရာမျှ ဆိတ်ကွယ်ရာမရနိုင်၊လောကပါလနတ်မှစ၍ သိကြသည်ချည်းသာဖြစ်၏-ဟူ၍ ဆိတ်ကွယ်ရာ မရသော လောကကြီး၏အဖြစ်ကို စင်စစ်တွေးတော သဘောပေါက်နိုင်ပါလျှင် လုံခြုံစွာ ကာရံအပ်သော တံတိုင်းကြီးကို ကာဆီး၍ထားသည်မည်၏၊ မိန်းမဝတ်ငါးပါးတို့တွင် မိမိလင်ယောကျ်ားမှတပါး အခြားသောယောကျ်ားတို့၌ မပြစ်မှားရခြင်းဟူသော ဝတ်တရားသည်လည်း မိန်းမတို့မှာ လုံခြုံစွာသော တံတိုင်း

တခုဖြစ်၏၊ တော်လေးဝဝင်သော မိန်းမများကဲ့သို့ ချီးမွမ်းဘွယ်ရာ လိမ်မာသော မိန်းမကောင်း, မိန်းမမြတ်အဖြစ်သို့ ရောက်လိုပါလျှင် ပြဆိုအပ်ပြီးသော တရားတံတိုင်းတို့ကို ရံဆိုင်းကွယ်ကာ၍ ထားရာ၏။

သိဂ်ါလောဝါဒသုတ်မှလာသော မိန်းမတို့ဝတ်တရားမှတပါး မိန်းမမြတ်ဖြစ်ကြောင်း အကျင့်တရားကောင်းများကိုလည်း သံယုတ်ပါဠိတော်စသည်မှာ များစွာဟောကြားတော်မူ၏၊ သဂါထာဝဂ္ဂသံယုတ်၌ ကောသလမင်းကြီးအား မိန်းမတို့၏ ကျင့်ဝတ်တရားကောင်း လေးပါးကို ဟောကြားတော်မူသည်မှာ—

၁။ သီလဝတီ-အကျင့်သီလ- အာစာရနှင့်ပြည့်စုံခြင်း,
၂။ မေဓာဝိနီ-အမြော်အမြင်ဆင်ခြင်လိမ်မာမှုနှင့်ပြည့်စုံခြင်း,
၃။ သဿုဒေဝါ-ယောက္ခမကို အိမ်ဦးနတ်ကဲ့သို့ ကိုးကွယ်ခြင်း,
၄။ ပတိဗ္ဗတာ-အသက်ခန္ဓာနှင့်တကွ လင်ယောကျ်ားသို့ အပ်နှင်း၍ လင့်အလိုအတိုင်းသာ ပြုကျင့်ခြင်း။

ဤလေးပါးတို့တွင်—

၁။ ပထမအကျင့်သီလနှင့် ပြည့်စုံခြင်း-ဆိုသည်မှာ လော်မာခြင်းအမျိုးမျိုးတို့မှ ကင်းရှင်း၍ ကိုယ်အမူအရာ၏ နူးညံ့သိမ်မွေ့ခြင်း, ပိယဝါစာ-သာယာချိုမြ ပြောတတ်လှသော နှုတ်အမူအရာ၏ နူးညံ့ပြေပြစ်ခြင်း, ကြမ်းတန်း ရှန့်ရင်းသော စိတ်နေစိတ်ထား သဘောထားမှ ကင်း၍ နူးညံ့သိမ်မွေ့ ပြကတေ့ကောင်းမွန်မြင့်မြတ်သော စိတ်ဓာတ်နှင့်ပြည့်စုံခြင်းများကို သီလရှိသည်-ဟူ၍ဆိုသည်၊ ထိုအကျင့်သီလနှင့်ပြည့်စုံသောမိန်းမဖြစ်ခဲ့ပါလျှင် တစုံတရာမျှ လင်ယောကျ်ား၏စိတ်ကို နှောင့်ရှက်ခြင်းမပြုသည့်ပြင် ကိုယ်အမူအရာကိုမြင်ရတိုင်း, နှုတ်အမူအရာကိုကြားရတိုင်း, သဘောထားကိုသိရတိုင်း ယောကျ်ား၏ချစ်ခြင်းတည်းဟူသော ပိယဓာတ်သည် အမြဲမပြတ် မိမိဆီသို့ ဆွဲငင်၍နေသည်မည်၏။

၂။ ဒုတိယအဆင်အခြင် ဉာဏ်ပညာနှင့် ပြည့်စုံခြင်း-ဆိုသည်မှာ မဟောသဓာ၏ ကြင်ရာဖြစ်သော အမရာဒေဝီကဲ့သို့ လောကီနှင့်စပ်ဆိုင်သော အမှုကိစ္စဟူသမျှတို့ကို မည်သို့စီမံလျှင် မည်သို့အကျိုးရှိ

သည်၊ မည်သို့ ကြံစည်လျှင် မိမိလင်ဖြစ်သူမှာ မည်သို့ဘုန်းကြက်သရေ ကြီးမား၍ စီးပွားဖြစ်ထွန်းမည်၊ မည်ကဲ့သို့အိမ်ထောင်မှုကိစ္စကို စီမံဆောင်ရွက်လျှင် မည်ကဲ့သို့အတွက်နည်းပါး၍ စီးပွားတိုးတက်မည် စသောအားဖြင့် လောကီရေးနှင့်စပ်လျဉ်း၍ဆင်ခြင်တွေးတောနိုင်ခြင်းကိုလည်း ပညာနှင့်ပြည့်စုံသည်-ဟူ၍ ဆိုထိုက်လေသည်။

ကောသလမင်းကြီး၏ မိဖုရားဖြစ်သော မလ္လိကာဒေဝီသည် အရှင်သခင်ဖြစ်သောမင်းကြီးမှာ "ဒု, သ, န, သော" ဟူသော အသံဆိုးကြီးလေးပါးကိုကြားရာ ပုဏ္ဏားလိမ်တို့လျှောက်တင်ချက်ဖြင့် သတ္တဝါအများကိုသတ်ဖြတ်လျက် ယဇ်နတ်ပူဇော်မည်ရှိလေရာ လျင်မြန်စွာ မြတ်စွာဘုရားထံသို့ ခေါ်ဆောင်လျက် ယဇ်နတ်ပူဇော်မှုကိုဖျက်ဆီး၍ ကုသိုလ်ကောင်းမှုဘက်သို့ သွေးဆောင်ဘိသကဲ့သို့ငှ၊ ဝိသာခါသည် သာသနာတော်၌ မကြည်ညိုသော မိမိလင်ဖြစ်သူ ပုဏ္ဏဝဍ္ဎနနှင့်တကွ ယောက္ခမ မိဂါရသူဌေးကြီးတို့ကို မှားသောဒိဋ္ဌိဘောင်မှ ဆွဲဆောင်ကယ်ထုတ်၍ ဗုဒ္ဓမြတ်စွာ၏ သာသနာသို့သက်ဝင်ယုံကြည်လေအောင် သွေးဆောင်ဘိသကဲ့သို့ငှ၊ လောကုတ္တရာဘက်, ကုသိုလ်ကောင်းမှုရေးဘက်နှင့် စပ်လျဉ်းသည့် ဒါန, သီလ-စသော ကောင်းမှုဘက်၌ မိမိ လင်ယောက်ျား၏အကျိုးကို သည်ပိုးရွက်ဆောင်ရန် စီမံကြံဆနိုင်ခြင်းကိုလည်း ပညာနှင့်ပြည့်စုံသည်ဟူ၍ ဆိုရလေ၏၊ ထိုကဲ့သို့လိမ်မာ တတ်သိ ဉာဏ်ပညာစွမ်းရှိသောမိန်းမတို့နှင့် ပေါင်းသင်းဆက်ဆံရသောယောက်ျားတို့သည် ပစ္စုပ္ပန်,သံသရာ နှစ်ဖြာသောကျေးဇူးတို့နှင့် ပြည့်စုံလျက် မယားကောင်း၏လင်ဖြစ်ကျိုးနပ်လေ၏၊ ဤအဓိပ္ပါယ်ကို ရည်၍ ကိုးခဏ်းပျို့၌—

"လူမှတ်,ပေးမှတ်၊တည်မြဲဝတ်လည်း၊မချွတ်စေရ၊ကိုယ်တိုင်မလျက်၊ ရွှေကပြုရှောင်း၊ ကုသိုလ်ဟောင်းတွင်၊ ထပ်လောင်းအသစ်၊ အကျိုးလစ်ကုန်၊ သဒ္ဓါဟုန်ဖြင့်၊ ခုံနှင့်ပန်းတောင်း၊ တန်ဆောင်း,ဆီမီး၊ ထီးတံခွန်က၊ စသည်ကောင်းမှု၊ ဆယ်ဝတ္ထုဖြင့်၊ ယခုလည်းကောင်း၊ နောင်လည်းကောင်းဆင့်၊ ကောင်းသင့်မနား၊ ပွားလေလေလျှင်၊ ချစ်ဆွေမိမြတ်၊ ကြံစည်

တတ်၏၊ လင်ဝတ်, လင်စား၊ ကုန်သောအားဖြင့်၊ မယား ကောင်းလင်၊ ဖြစ်ကျိုးအင်သည်။ ။အိမ့်ရှင်ကျေးဇူးလွန်၏ တည်း''—

ဟူ၍ မိန်းမကျေးဇူးနှင့်စပ်၍ ရှင်ရဋ္ဌသာရ စပ်ဆိုတော်မူလေသည်၊ ဤကဲ့သို့လောကီ, လောကုတ္တရာ ပညာအဆင်အခြင်ဖြင့် ပြည့်စုံသော မိန်းမသည်ကား ယောကျ်ားတည်းဟူသော လှေသင်္ဘော၏ ပဲ့တက်သဘွယ်ဖြစ်ပြီးလျှင် ယောကျ်ားတိမ်းပါးမည့် အရာကိုလည်း ဖြောင့်မတ်စေနိုင်၏၊ ဘေးဖြစ်မည့်အရာကိုလည်း ချမ်းသာအောင် ရွက်ဆောင်တတ်လေသည်။

၃။ ယောက္ခမကို အိမ်ဦးနတ်ကဲ့သို့ ကိုးကွယ်ခြင်း—ဟူသော တတိယအချက်မှာ အိန္ဒိယနိုင်ငံက ထုံးစံအတိုင်းသာလျှင် ဟောတော်မူခြင်းဖြစ်လေသည်၊ အိန္ဒိယနိုင်ငံမှာ လက်ထပ်, ထိမ်းမြားပြုလုပ်ကြသောအခါ မယားဖြစ်သောသူသည် လင်၏မိဘအိမ်သို့ လိုက်ပါရမြဲမမှတာဖြစ်သည်၊ထိုအခါကစ၍ ကိုယ့်မိဘနှင့်ခွဲခွာပြီးလျှင် လင်၏မိခင်, ဘခင်တို့ကိုသာလျှင် ကိုယ့်မိခင်, ဘခင်အရင်းနှင့်မခြားမနား သဘောထားလျက် ရိုသေကျိုးနွံစွာ လိုက်နာပြုကျင့်ရမြဲဖြစ်သည်။ ။မိန်းမတို့၏ အာဝေဏိက ဒုက္ခငါးပါးတွင်လည်း မိဘတို့နှင့်ခွဲခွာ၍ လင်၏အိမ်သို့ လိုက်ရခြင်းကို ဒုက္ခတပါး-ဟူ၍ ဟောကြားချက်ရှိလေသည်၊ ကျွန်ုပ်တို့မြန်မာနိုင်ငံမှာမူကား လင်၏မိဘအိမ်သို့ လိုက်ပါရမည်-ဟူ၍ အတည်တကျ ထုံးစံမရှိချေ၊ သင့်လျော်စွာသာလျှင် နေထိုင်၍သွားကြကုန်၏၊ အကယ်၍ လင်၏မိဘအိမ်သို့ လိုက်ပါနေထိုင်လျှင်လည်း ယောက္ခမတို့ကို အိမ်ဦးနတ်ကဲ့သို့ ကိုးကွယ်မြတ်နိုးစွာနှင့် နေထိုင်ခြင်းသည် မိန်းမမြတ်လက္ခဏာတွင် အပါအဝင်ဖြစ်ချေသည်။

၄။ အသက်နှင့်တကွ လင်ကိုပုံယုံအပ်နှင်း၍ လင်နှင့်ကိုယ်သာကွဲသော်လည်း စိတ်ထားမကွဲစေဘဲ လင်၏အလိုအတိုင်းကျင့်ကြံခြင်းကား စတုတ္ထမြောက်ဖြစ်သော ပတိဗ္ဗတာဂုဏ်ဖြစ်လေ၏၊ လင်ဆင်းရဲသောအခါ မိမိ၏ချမ်းသာကိုမရှာဘဲ (ကိုယ်ကောင်းမကြံဘဲ) အတူတကွ ဆင်းရဲခြင်း,လင်ချမ်းသာလျှင် မိမိလည်း ချမ်းသာရွှင်ပျခြင်း,ရေးကြီးခွင့်ကျယ်ရှိလေသောအခါ လင်နှင့်အတူတကွ ရပ်တည်ခြင်း, လင်နှင့်

ကွေ့ကွင်း၍ နတ်ချမ်းသာနှင့်တူသော စည်းစိမ်ကို ရစေကာမူ မနှစ်သက်ဘဲ ရဲရဲဝံ့ဝံ့ သက်စွန့်ကြိုးပမ်း လင်၏အမှုကို ထမ်းဆောင်ခြင်းများကား ပတိဗ္ဗတာဂုဏ်များပေတည်း၊သည်ကိုရည်၍ ကိုးခဏ်းပျို့၌–

"လင်မှကွေ့ကွာ၊ နတ်ချမ်းသာဖြင့်၊ သူဇာရည်တူ၊ ဖြစ်စိမ့်ဟူလည်း၊ မီးပူအသွင်၊ ကြောက်ဘွယ်ထင်အံ့"–

ဟူ၍ စပ်ဆိုလေသည်၊ ဝေဿန္တရာဇာတ်၌ မဒ္ဒီဒေဝီသည် သူ၏အရှင်သခင် ဝင်္ကပါမြိုင်ခွင်သို့ ထွက်မည်ရှိရာ ထီးနန်းချမ်းသာဖြင့် နေရစ်ပါ-ဟု တောင်းပန်ကြပါသော်လည်း ပတိဗ္ဗတာဂုဏ်နှင့် ပြည့်စုံသောကြောင့် တောင်းပန်စကားကို နားမနာဘဲ ဝင်္ကပါတောင်ယံသို့ မောင်နှံစုံလိုက်ပါလေသည်၊ သမ္ဗုလမိဖုရားသည်လည်း သူ၏ခင်ပွန်းယောကျ်ားဖြစ်သူ သောတ္တိသေနမင်းကြီးသည် နူနာစွဲကပ်သဖြင့် တောရပ်သို့ထွက်သွားရာ ထီးနန်း ချမ်းသာဖြင့် တကိုယ်တည်း မစံရစ်ဘဲ ပတိဗ္ဗတာဂုဏ်နှင့် ပြည့်စုံသောကြောင့် တောတောင်သို့ လိုက်သွား၍ ပြုစုကျွေးမွေးလေသည်။

၌ကဲ့သို့ဖြစ်သည်ကို **"အေးလျှင်အတူ ပူလျှင်အမျှ၊ ချမ်းသာတူ ဆင်းရဲဘက်၊ ကောင်းတူ ဆိုးဘက်"** ဟူ၍ ဆိုကြလေသည်၊ ထို့ပြင်တပါး-ယောကျ်ား၏စကားကို မသွေမလှန် နာခံလိုက်နာခြင်း, ယောကျ်ားနှစ်သက်မည့်အမှုများကိုသာပြုလုပ်ခြင်း,မည်သည့်အခါမဆိုယောကျ်ား၏ မျက်နှာအရိပ်အကဲကိုသာကြည့်၍ မျက်နှာရိပ်ဖြင့်သာ အလိုက်သိပြီးလျှင် ယောကျ်ား၏သဘောနှင့် လိုက်လျောညီစွာ ပြုလုပ်ခြင်းသည်လည်း ပတိဗ္ဗတာဂုဏ်ပင်မည်၏၊ မိန်းမတို့မည်သည် တစုံတဦးသော ခင်ပွန်းယောကျ်ားနှင့် ထိမ်းမြားလိုက်သည်ကစ၍ မိမိအသက်နှင့်တကွ ရုပ်ခန္ဓာများကို ယောကျ်ားတို့သို့ လုံးလုံးပုံအပ်နှင်းခြင်းဖြင့် မိမိကိုယ်, မိမိစိတ်ဟု သဘောမထားရဘဲ လင်ယောကျ်ား စိုးပိုင်သောကိုယ်,စိတ်ဟု လုံးလုံးစိတ်ကို ဆုံးဖြတ်၍ ထားခြင်းသည်လည်း ပတိဗ္ဗတာဂုဏ်ပင်မည်၏။

ထိုစကားမှန်၏၊ဝင်္ကပါတောင်ယံတွင်သိကြားမင်းလာ၍ ဝေဿန္တရာမင်းကြီးထံမှာ မဒ္ဒီဒေဝီမိဖုရားကို လှူပါ–ဟု အလှူခံလေသောအခါ

မင်းကြီးက မဒ္ဒီမိဖုရားကိုလှူလိုသောသဘောနှင့် တိုင်ပင်တော်မူရာတွင် မဒ္ဒီဒေဝီကအောက်၌ပါသော ဂါထာဖြင့်မိမိကိုယ်ကိုအပ်နှံလေသည်။

ကောမာရီကာ ဟံ ဘရိယာ၊
သာမိကော မမ ဣဿရော။
ယဿ မိစ္ဆေ တဿ မံ ဒဇ္ဇာ၊
ဝိက္ကိဏေယျ ဟနေယျ ဝါ။ ။

**အနက်။** ။သာမိ၊ သခင်သက်နှံ့ လောင်းဝေဿန်။အဟံ၊အကျွန်ုပ် မဒ္ဒီဒေဝီသည်ကား။ ကောမာရီကာ၊ ကုမ္မာရီရွယ် ငယ်ငယ်ကလေးက နှီးရင်းချစ်ခင်၍လာသော။ ဘရိယာ၊ မယားဦးပါတည်း။ သာမိကော၊ သခင်သည်။ မမ၊ အကျွန်ုပ်ကို။ ဣဿရော၊ အသက်ပါ,ကိုယ်ပါဆိုင် ၍ ပိုင်နိုင်အစိုးရသော အရှင်ပါတည်း။ ယဿ၊ အကြင်သူသည်။ မံ၊ အကျွန်ုပ်ကို။ ဣစ္ဆေ၊ အလိုရှိ၍ အလှူခံငြားအံ့။ တဿ၊ ထိုအလှူခံ ပုဂ္ဂိုလ်အား။ မံ၊ အကျွန်ုပ်ကို။ ဒဇ္ဇာ၊ လှူလိုမူလည်း ပေးလှူတော်မူ လော့။ ဝိက္ကိဏေယျဝါ၊ သခင်ဘုရား ရောင်းစားလိုမူလည်း ရောင်း စားပါလော့။ ဟနေယျဝါ၊ သတ်လိုမူလည်း သတ်ပါလော့။

"နာရီ ရူပံ ပတိဗ္ဗတာ"ဟူသော လောကနီတိ။ ။"မိန်းမတို့မှာ၊ ဆင်းရုပ်ဝါကား၊လင်အားမြတ်နိုး၊ရိုသေကျိုးတည်း"ဟူသောလောက နီတိပျို့နှင့်အညီ လင့်အလိုသို့ လိုက်၍ရိုသေကျိုးနွံခြင်း-တည်းဟူသော ပတိဗ္ဗတာဂုဏ်သည် မိန်းမတို့၏ အဆင်းမည်၏။

ပြဆိုအပ်ပြီးသော ဂုဏ်ထူးလေးပါးနှင့် ပြည့်စုံသော မိန်းမကို မြတ်သော မိန်းမ-ဟူ၍ ကောသလမင်းကြီးအား မြတ်စွာဘုရားဟော ကြားတော်မူသည်၊ ထိုကဲ့သို့ ဂုဏ်ထူးနှင့်ပြည့်စုံသော မိန်းမတို့မှာ သားကောင်းရတနာ ထူးမြတ်စွာထွန်းကားတတ်သည်-ဟူ၍လည်းဆို သည်၊ဤကဲ့သို့သီလစသော ဂုဏ်ကျေးဇူးနှင့်ပြည့်စုံသောမိန်းမ ရတနာ ရှိသော ယောက်ျားသည် ကြက်သရေမင်္ဂလာ ချမ်းသာကောင်းကျိုး စည်းစိမ်အမျိုးမျိုးတို့နှင့် ပြည့်စုံသည်ဟူ၍—

သီလဂုဏောဟိ သမ္ပန္နာဂတမာတုဂါမေ ဂေဟေ ဝသန္တေ
သာမိကဿ သောတ္ထိ ဟောတိ။—

ဟူ၍ ဒသနိပါတ်မဟာမင်္ဂလဇာတ် အဋ္ဌကထာတွင်ဆိုသည်။

**အနက်။** ။သီလဂုဏောပေတ၊အကျင့်သီလဂုဏ်ကျေးဇူးတို့နှင့်။သမ္ဗန္ဓာ-ဂတမာတုဂါမေ၊ ပြည့်စုံသောမိန်းမသည်။ ဂေဟေ၊ အိမ်၌။ ဝသန္တေ၊ အိမ်ရှင်မိန်းမအဖြစ်ဖြင့် နေလာသည်ရှိသော်။သာမိကဿ၊အရှင်သခင်လင်ယောကျ်ားဖြစ်သောသူအား။ သောတ္ထိ၊ ကောင်းကျိုး ချမ်းသာမင်္ဂလာအများ အလွန်တိုးပွားသည်။ ဟောတိ၊ ဖြစ်၏။

ထိုမှတပါး မဟာသုဒဿနသုတ္တန်စသည်တို့၌ မိန်းမမြတ်ကို ဟောကြားရာတွင်–

၁။ အဆင်းလှခြင်း,
၂။ ကိုယ်အတွေ့ကောင်းမြတ်ခြင်း,
၃။ ကိုယ်အငွေ့ကောင်းမြတ်ခြင်း,
၄။ အနံ့ကောင်းမြတ်ခြင်း–

ဟူ၍ ကိုယ်ကာယ၏ ကောင်းမြတ်ခြင်းလက္ခဏာလေးပါး။

၁။ ရှေးဦးစွာထကြွခြင်း,
၂။ နောက်ချန်၍ အိပ်-စားခြင်း,
၃။ အမှုရှိတိုင်း ပန်ဆိုမြွက်ကြားခြင်း,
၄။ လင်ယောကျ်ားနှစ်သက်ဘွယ်ကိုသာလျှင် ကျင့်ခြင်း,
၅။ မိမိလင်မှတပါး အခြားသောယောကျ်ားတို့၌ စိတ်မျှမပြစ်မှားခြင်း–

ဟူ၍ အကျင့်,အမူအရာ လက္ခဏာငါးပါး။

၁။ ချစ်ဘွယ်သော စကားကိုပြောကြားခြင်း,
၂။ ပြီးခြင်းရှေးရှိသော စကားကိုဆိုခြင်း–

ဟူ၍ နှုတ်အမူအရာလက္ခဏာနှစ်ပါး စသည်များကို ဆိုလေသည်။

### ကိုယ်ကာယ၏ ကောင်းခြင်းလက္ခဏာ ၄–ပါး

ထိုဝတ်တရားများအနက်–

၁။ အဆင်းလှခြင်း-ဆိုသည်မှာ နိမ့်,မြင့်,မည်း, ဖြူ,ဆူ, ကြုံခြင်း-တည်းဟူသော မိန်းမတို့၏ အပြစ်ဒေါသ ခြောက်ပါးတို့မှ ကင်းစင်၍ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံပြီးလျှင် စိတ်ကိုစွဲလမ်းစေအောင် ဆွဲ

ဆောင်နိုင်စွမ်းသော အဆင်းကို အဆင်းကောင်းသည်ဟူ၍ ဆိုသည်၊ အထက်ဆံဖျားမှ အောက်ခြေဖဝါးတိုင်အောင် လက္ခဏာကျမ်း တတ်သူတို့ ရှုကြည့်စစ်ဆေးကြသော်လည်း အပြစ်မထင် သန့်ရှင်းစင် ခြင်း, လနှင့်တူသော မျက်နှာအလယ်တွင် တင့်တယ်ကြည်လင် သမင် ပျိုမ၏မျက်စိနှင့်တူသော မျက်စိရှိခြင်း, ချိပ်ရည်ပမာ, ပဒုမာကြာနီ အလား, ပတ္တမြားအသွေး တွေးတွေးနီမြန်းသော နှုတ်ခမ်းနှင့် လက် ဖဝါး, ခြေဖဝါးရှိခြင်းစသည်ဖြင့် မိန်းမတို့၏ ရူပလက္ခဏာကိုများစွာ ဆိုကြလေကုန်၏။

၂။ ကာယသဏ္ဌာ-ဟုဆိုအပ်သော ကိုယ်အတွေ့ကောင်းခြင်း-ဆို သည်မှာ အကြိမ်များစွာ ဖတ်အပ်သော ဝါဂွမ်းစိုင်ကို ကိုင်ရသော အလားကဲ့သို့ အရေ,အသားနူးညံ့မှုကို ဆိုသည်။

၃။ ကိုယ်အတွေ့ကောင်းခြင်း-ဆိုသည်မှာ ဟေမန္တ ဆောင်းအခါ တွင်နွေး၍ ဂိမှန္တ နွေလအခါတွင် အေးသောအတွေ့ရှိသည်ကိုဆိုသည်၊ ထိုသို့သောဂုဏ်နှင့် ပြည့်စုံသောမိန်းမကို "သာမာ" မည်သည်ဟူ၍ ကျမ်းဂန်တို့၌ ဆိုလေသည်၊ ထို့ကြောင့် ထောမနိဓိ အဘိဓာန်ကျမ်း ကြီး၌—

သီတကာလေ ဘဝေ ဥဏှာ၊
ဂိမှေ စ သုခသီတလာ။
တတ္တကဥ္စနဝဏ္ဏာဘာ။
သာ ထိ သာမာတိ ကိတ္တိတာ။ ။

**အနက်။** ။ယာ၊ အကြင်မိန်းမသည်။သီတကာလေ၊အေးမြသော ဟေမန္တဆောင်းအခါ၌။ ဥဏှာ၊ နွေးသောကိုယ်တွေ့ရှိသည်။ ဘဝေ၊ ဖြစ်၏။ ဂိမှေစ၊ ပူသောနွေကာလ၌မူကား။ သုခသီတလာ၊ ချမ်းသာ အေးမြသောကိုယ်တွေ့ရှိ၏။တတ္တကဥ္စနဝဏ္ဏာဘာ၊ဦးသစ်စအခါ ကဏ္ဍနာ ရောင်, ဝင်းပြောင်သစ်လွင်သော အဆင်းရှိ၏။သာ ထိ၊ထိုမိန်းမကို။ သာမာတိ၊ သာမာ-မည်၏ဟူ၍။ကိတ္တိတာ၊ ပြောကြားအပ်၏။

ဤသာမာဂုဏ်နှင့်ပြည့်စုံသော မိန်းမမျိုးကို "သာမာဝတီ" ဟူ၍ လည်း ရှေးအခါ အိန္ဒိယနိုင်ငံတွင် မှည့်ခေါ်လေ့ရှိကြသည်။

၄။ အနံ့ကောင်းခြင်း-ဆိုသည်မှာ "ကာယတော စန္ဒနဂန္ဓော ဝါယတိ၊ မုခတော ဥပ္ပလဂန္ဓော"ဆိုသည်နှင့်အညီ တကိုယ်လုံး၏အနံ့သည် စန္ဒကူးနံ့ကဲ့သို့ မွှေးကြိုင်၏၊ ခံတွင်းအနံ့သည် ကြာညိုပန်းကဲ့သို့ မွှေးကြိုင်၏။

[ဤကားကိုယ်ကာယနှင့်စပ်သော ဂုဏ်လေးမျိုးပေတည်း။]

**အကျင့်အမူအရာလက္ခဏာ ၅-ပါး**

၁။ လင်၏ရှေးဦးစွာထကြွခြင်းသည် ပုဗ္ဗုဋ္ဌာယိနိဂုဏ်မည်၏၊ရှေးဦးစွာထကြွခြင်းဆိုသည်မှာ နံနက်အိပ်ရာထသည့်အခါ အစဉ်မပြတ်ရှေးဦးစွာထကြွ၍ မျက်နှာသစ်ရေစသည်များနှင့် စားဖွယ်- သောက်ဖွယ်များကို အရံသင့်ပြင်ဆင်ထားရှိခြင်း,တခုသောနေရာ၌ မောင်နှံစုံထိုင်၍နေကြရာ သွားမည်ရှိသောအခါ ယောက်ျား၏ ရှေးဦးစွာထ၍ရပ်နေခြင်းများကို ပုဗ္ဗုဋ္ဌာယိနိဂုဏ်ဆိုသည်။

၂။ လင်၏နောက်ချန်ကာ ပြုလုပ်ခြင်းကို ပစ္ဆာနိပါတိနိဂုဏ် ခေါ်သည်၊ နောက်ချန်ရခြင်းဆိုသည်မှာ ညဉ့်အိပ်စက်သောအခါ ရှေးဦးစွာ မအိပ်သေးမူ၍ ယောက်ျားအိပ်ပျော်မှအိပ်စက်ခြင်း,စားသောက်သောအခါ ရှေးဦးစွာမစားမူ၍ နောက်ချန်ကာစားသောက်ခြင်း,တစုံတခုသောနေရာ၌ အတူတကွထိုင်ကြမည်ရှိရာ ရှေးဦးစွာလင်ကထိုင်ပြီးမှ မိမိထိုင်နေခြင်းများကို ပစ္ဆာနိပါတိနိဂုဏ်ဆိုသည်။

၃။ မည်သည့်ကိစ္စမျိုးမဆို ပြုကျင့်ဘွယ်ရှိက လင်မသိလျှင် တစုံတရာမျှမပြုလုပ်ဘဲ အခွင့်ရှိတိုင်း ပန်ကြားခြင်းသည်၊ကိံကာရပဋိဿာဝိနီဂုဏ်မည်၏၊ တစုံတခုသောအမှုကို မိမိပြုပြင် တတ်သော်လည်း လင့်အတွက် ဆရာစားချန်ထားပြီးလျှင် "သခင်ဘယ်သို့ ပြုရပါမည်နည်း"ဟူ၍ ပန်ကြားခွင့် ယူမှုကို ဆိုလိုသည်။

၄။ လင်၏မျက်နှာ အရိပ်အကဲကိုကြည့်၍ နှစ်သက်ဘွယ်ရာကို ပြုခြင်းသည် မနာပစာရိနီ ဂုဏ်မည်၏။

၅။ မိမိခင်ပွန်းယောက်ျားမှတပါး အခြား ယောက်ျားများကို မျက်တောင်ကိုပင့်၍မျှ ဖွင့်ကာမကြည့်ခြင်း, မိမိအချစ်ကို သူတပါး

အပေါ်မှာမခွဲဝေခြင်းကို အနုတိစာရိနိဂုဏ်ပေါ်သည်၊ ဤအနုတိစာရိနိဂုဏ်ကိုရည်၍ ကိုးခဏ်းပျို့၌—

"ခင်ပွန်းဖြစ်စ၊ ရှေးမဆွက၊ ဤမျှလောက်အောင်၊ အိမ်ရှေ ထောင်လည်း၊သားမောင်တို့မယ်၊မိဘုန်းကြွယ်ကား၊ ရယ်ရယ် မြူးမြူး၊ သူတထူးသို့၊ မကူးနှလုံး၊ တချောင်းသုံးသည်၊ သက်ဆုံး ချစ်တိုင်းမှန်၏တည်း"—

ဟူ၍ ရှင်မဟာရဋ္ဌသာရစပ်ဆိုတော်မူသည်။

[ပြဆိုအပ်ပြီးသည်ကား အကျင့်အမူအရာ လက္ခဏာကောင်း ၄ါးပါး ပေတည်း။]

နှုတ်အမူအရာလက္ခဏာ ၂-ပါး

၁။ နှုတ်အမူအရာ၌ ချစ်ဘွယ်ကောင်းသော စကားကိုဆိုခြင်းမှာ စကားအရာ အင်္ဂါလေးတန်နှင့်ညီညွတ်၍ ကြားရသောအခါ နှလုံး သက်သာသော စကားကိုဆိုခြင်းပေတည်း၊ နားချမ်းသာသောစကား, အပြစ်မဲ့သောစကားကိုဆိုလိုသည်။

၂။ ပြုံးခြင်းရှေးရှိသောစကားကို ဆိုတတ်ခြင်းသည် ပုဗ္ဗာဘိလာပီ ဂုဏ်မည်၏၊ မည်မျှလောက် ချစ်ခင်ဘွယ်သော စကားကို ဆိုတတ်သော်လည်း မျက်နှာထားပုံမှာ မကြည်မလင်ဘဲ မျက်နှာ ထားဆိုး ပုပ်သိုးသိုးနှင့်ပြောလျှင် အပြစ်မကင်းစင်သေး၊ မျက်နှာ ထားချိုသာစွာနှင့် မပြောမီကအလျှင်တင်ကူး၍ ပြုံးလျက်ပြောခြင်း သည် ယဉ်ကျေး၍ အများနှစ်သက်ကြပေသည်၊ ထို့ကြောင့် ပြုံးခြင်း ရှေးရှိသော စကားကိုဆိုခြင်းသည်ကား ဂုဏ်အင်္ဂါတပါး-ဟူ၍ ဆို လေသည်။

[ဤကား နှုတ်နှင့်ဆိုင်သောဂုဏ်များပေတည်း။]

ဤသို့ပြဆိုအပ်ပြီးသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသောမိန်းမသည် ကား"ရတနာတပါး" ဟူ၍ ခေါ်ဆိုထိုက်သည့်ပြင် ??အတွက်လိုပြ သော အကျင့်စာရိတ္တတံတိုင်းကြီးကို ကာပိုင်း၍ထားသည်မည်၏၊ ပြဆို အပ်ပြီးသော ဂုဏ်များကိုရည်ရွယ်၍ ပညာရှိတို့က အောက်??ပါသော တေးထပ်ကို ရေးစပ်ကြလေ၏။

**တေးထပ်**

"လှရုပ်သွင်-ဆန်းမူလာ၊စန်းရူပမြတ်စွာ၊ဂွမ်းဟူလဖဿာ၊ နတ်ကညာအသွေး။ ။နွေဂိမှအငွေ့ခံလျှင်၊ရေ့သဏ္ဍာန် ချမ်းမြလို့အေး။ ။ဟေမန္တပြောင်းအလာ၊ဆောင်းအခါကိုယ်နွေး၊ ကောင်းသာမာဂုဏ်သူဌေးဟာမို့၊ ကြိုသေးက-မက်ရန်။ ။ လင့်အရင်အစောထပါလို့၊ သဘောကျ-ကျင့်တတ်လေပြန်။ ။ အိပ်,စားမှု နောက်ချန်တယ်၊ ကြောက်ဟန်လိုထံပါးက၊ ပန်ကြားလျက် ပြုံးလေ့ဝါစာ၊ သုံး၍သာယာ။ ။လင့်ပြင်ဖြင့် မကြည့်ရှာသည်၊ ဘရိယာခေါင်ဆုံးပလေး"။

ထိုမှတပါး သက္ကဋကျမ်းတို့၌ မယားကောင်းလက္ခဏာ လေးပါးကို ပြပြန်သည်မှာ—

သာ ဇာယာ ယာ ဃရေ ဒက္ခာ၊
သာ ဇာယာ ယာ ပဇာဝတီ။
သာ ဇာယာ ယာ ပတိပ္ပါဏာ၊
သာ ဇာယာ ယာ ပတိဗ္ဗတာ။ ။

**အနက်။** ။ယာ၊ အကြင်မိန်းမသည်။ ဃရေ၊ အိမ်မှုကိစ္စ၌။ ဒက္ခာ၊ လိမ်မာကျွမ်းကျင်၏။ သာ၊ ထိုမိန်းမသည်။ ဇာယာ၊ မယားကောင်းမည်၏။ ယာ၊ အကြင်မိန်းမသည်။ ပဇာဝတီ၊ သားကောင်းရတနာဖွားမြင်၏။ သာ၊ ထိုမိန်းမသည်။ ဇာယာ၊ မယားကောင်းမည်၏။ ယာ၊ အကြင်မိန်းမသည်။ ပတိပ္ပါဏာ၊ လင်ကိုသာလျှင် အသက်ကဲ့သို့မှတ်ထင်၏ ။ဝါ၊ လင်သို့အသက်ကိုအပ်နှင်း၏။ သာ၊ ထိုမိန်းမသည်။ ဇာယာ၊ မယားကောင်းမည်၏။ ယာ၊ အကြင်မိန်းမသည်။ ပတိဗ္ဗတာ၊ လင့်အလိုသို့လိုက်၍ လုပ်ကျွေးပြုကျင့်၏။ သာ၊ ထိုမိန်းမသည်။ ဇာယာ၊ မယားကောင်းမည်၏။

အိမ်မှုလိမ်မာသော မိန်းမ, သားကောင်းရတနာဖွားမြင်သော မိန်းမ, လင်သို့မိမိအသက်ကို အပ်နှင်းသောမိန်းမ, လင့်အလိုအတိုင်းကျင့်သောမိန်းမသည် မယားကောင်း မယားမြတ်မည်၏-ဟူ၍ ဆိုလိုသည်၊ ဤအဓိပ္ပါယ်ကိုရည်၍—

"အိမ်ထောင်ရေးမှု၊အပြုလိမ်မာ၊သားလျှာဖွားမြင်၊ လင်
အားသက်နှင်း၊ ထံရင်းခစား၊ ဤလေးပါးကား၊ မယား
ကောင်းတို့ဂုဏ်ထူးတည်း"—

ဟူ၍ စပ်ဆိုလေ၏။

ဤလက္ခဏာတို့တွင် သား, သမီး ထွန်းကားခြင်းကို မိန်းမ
ကောင်းလက္ခဏာတွင်တပါး အပါ အဝင်ပြုလုပ်သည်မှာ သား,သမီး
အမွေခံအမျိုး အညွန့်,အဆက်,အနွယ်မရှိက အညွန့်တုံးတိဖြစ်သော
သစ်တုံးကဲ့သို့ လောကမှာ မတင့်တယ်ချေ၊"ပုတ္တပယောဇနာ ဒါရာ"
ဟူ၍စာဏာကျဆရာကြီးဆိုသည်။ ။ဒါရာ၊ အိမ်သူမယားတို့ မည်သည်။
ပုတ္တပယောဇနာ၊ သား,သမီးအကျိုးရှိကုန်၏။ ။သား,သမီးရခြင်း
အကျိုးငှါအိမ်သူမယားရှာရသည်-ဟူ၍ဆိုလိုသည်၊သား,သမီးအညွန့်
အခက်မရှိက လောကမှာ မတင့်တယ်ကြောင်းကို စတုဓမ္မသာရပျို့၌-

"စိုးကောင်း,မင်းကောင်း၊ထီးဆောင်းစည်တီး၊မှူးကြီးမတ်
ရာ၊ မဟာသူဋ္ဌေး၊ ပေး၍မကုန်၊ ရတုံမည်၊ ကျောက်သံပတ္တမြား၊
ရွှေ, ငွေများကို၊ မီးတားစောင်ရံ၊ ဝန်းသည့်ခြံနှယ်၊ ပတ်မိ
ဘွယ်တိ၊ ပစ္စည်းရှိလည်း၊ မိမိမွေနှစ်၊ ခံရစ်မည့်သူ၊ မြေး,သား
ဟူသား၊လူတို့အညွန့်၊ ခက်မပြန့်က၊ ဘုန်းကြန့်လူယုတ်၊လူသစ်
ငုတ်ဟု၊ရှုတ်ရှုတ်ချချ၊ သမိုက်ကြလျက်၊ တသက်မျှသာ၊ကောင်း
စားပါအံ့၊ နောင်လာမပွား၊ မှတ်သောအားဖြင့်" ဟူ၍ငင်း,
"သားမဲ့,မြေးမဲ့၊အင်ချို့တဲ့သည်၊ဖြစ်ခဲ့ရကား၊စီးပွားစဉ်ဆက်၊
ခက်လက်ချို့အင်၊ ညွန့်မရှင်သော်၊ လူတွင် လူယုတ်၊ သစ်ငုတ်
လည်းကောင်း၊ ဆိုအပ်ရှောင်းသား၊ အကြောင်းတထွေ၊
ဝံနှယ်လေ၏"ဟူ၍ငင်း—

စပ်ဆိုတော်မူသည်။

ထိုမှတပါး မိန်းမတို့၏ ကျင့်ဝတ်တရားခုနစ်ပါးကို ပြပြန်သည်မှာ—

၁။ အစားအသောက်ကို ကျွေးမွေးရာ, ဝတ်စားတန်ဆာတို့ကို
ဆင်ယင်စေရာ၌ မိခင်ကဲ့သို့ ပြုမူခြင်း,

၂။ ရှက်,ကြောက်သင့်ရာတွင် နှမရင်းကဲ့သို့ ပြုမူခြင်း,

၃။ လင်၏အမှုကို ဆောင်ရွက်ရာနှင့် ခစားလုပ်ကျွေးရာတွင် ကျွန်မကဲ့သို့ ပြုမူခြင်း,

၄။ ဘေးရန်ရောက်သောအခါ အဘော်,အဘက်ရသောမိတ်ဆွေကောင်းကဲ့သို့ ပြုမူခြင်း,

၅။ အိပ်ရာဝင်သောအခါ ချစ်ခင်မျက်နှာ နှစ်သက်ဘွယ်ရာ ပြုမူခြင်း,

၆။ ပွဲသဘင်သို့ ဝင်သောအခါ တင့်တယ်သော မျက်နှာကိုထားခြင်း,

၇။ လင်က-မောင်းမဲသောအခါ ပြန်၍ဒေါသမထားဘဲ ကြည်လင်စွာ မျက်နှာထားခြင်း—

ဤခုနစ်ပါးသော ဂုဏ်နှင့်ပြည့်စုံသောမိန်းမကို လိမ်မာမြင့်မြတ်သောမိန်းမ—ဟူ၍ ကျမ်းဂန်တို့၌ဆိုသည်၊သည်ကိုရည်၍ လောကနီတိပျို့၌—

''ကျမ်းလာအမှန်၊ မိန်းမဗွန်ကား၊ ခြောက်တန်ရသာ၊ စားသောက်ရာနှင့်၊ တန်ဆာဆင်ယင်၊ ထိုခါတွင်၌၊ မိခင်နှိုင်းတု၊ လွန်ပြုစု၏၊ ရှက်မှုကြဉ်ရှောင်၊ မောင်၏ပမာ၊ မှုရာလုပ်ငြား၊ လင့်အပါးသို့၊ သွားသောခါမူ၊ ကျွန်နှင့်တူတည့်၊ ကြည်ဖြူရှိသေ၊ တုပ်ကွနေ၏၊ သေလျော်စလောက်၊ ဘေးရန်ရောက်သော်၊ နှုတ်ထောက်တိုင်ပင်၊ မိတ်ဆွေသွင်တည့်၊ စက်ခွင်အိပ်ရာ၊ ဝင်သောခါလည်း၊ မှုရာချစ်ဘို့၊ ဖြစ်တုံမြို့လျက်၊ ပွဲသို့ဝင်မည်၊ ပြုပြင်သောခါ၊ တင့်တယ်စွာ၏၊ မျက်ပါးရှိဆဲ၊ လင်မောင်းမဲလည်း၊ လွန်ကဲသည်းခံ၊ နှုတ်သံ မဟ၊ ဒေါသမထင်၊ စိတ်ကြည်လင်၏၊ မိခင်,နှမ၊ ခင်ပွန်းစသည်၊ ကျွန်မလည်းမည်၊ ချစ်ကြည်တင့်တယ်၊ လင်ဝယ်သည်းခံ၊ ကောင်းစံအင်္ဂါ၊ ခုနစ်ဖြာနှင့်၊ ပြည့်စုံလင့်က၊ ထိုမိန်းမကို၊ မြတ်စွဟူ၍၊ လူပညာရှိ၊ ချီးမွမ်းဘိ၏၊ စုတိပြောင်းကြွ၊ နောင်ဘဝလည်း၊ သုခမြားမြောင်၊နတ်တို့ဘောင်ဝယ်၊ အခေါင်တင့်တယ်၊ မိဘုန်းကြွယ်ကား၊ လင်ဝယ်မြတ်နိုး၊ ရိုသေကျိုးဖြင့်၊ ပြည့်ဖြိုးမွေလျော်၊

စည်းစိမ်ပျော်ဟု၊ ရှင်တော်ဘုရား၊ ဟောခဲ့ကြားသည်။ ။
မှုထားမြတ်သည့် ကျင့်ရန်တည်း''—
ဟူ၍ စပ်ဆိုလေသည်။

ဤသို့အရပ်ရပ်ပြဆိုအပ်ခဲ့ပြီးသော မိန်းမတို့၏ အမှုအရာ အင်္ဂါ တရားတည်းဟူသော တံတိုင်းကြီးကိုကာဆီး၍ထားပါမူကား များစွာ သောသူတို့၏ ချီးမွမ်းခြင်းကိုခံရ၍ တော်လေးဝ ဝင်သောမိန်းမတို့နှင့် မခြားမနားဘဲ အထက်တန်းစားအဖြစ်သို့ ရောက်နိုင်ကြပေလိမ့်မည်၊ ထို့ပြင်လည်း လောကမှာမိန်းမအဖြစ်သည် အနေအထိုင်အပြုအမူမှ စ၍ ယောက်ျားများထက် ကျဉ်းမြောင်း, ကျပ်တည်းကြသည့် အပြင် ဘဝအားဖြင့်လည်း ယုတ်နိမ့်သည်-ဟူ၍ ကျမ်းဂန်တွင်ဆိုသောအတိုင်း မည်မျှလောက် တင့်တယ် ကောင်းမြတ်သော မိန်းမဖြစ်စေကာမူ ယောက်ျားတို့၏ ခြေရင်းအလုပ်အကျွေးမျှသာဖြစ်သောကြောင့် မိန်းမ ဘဝကို စက်ဆုပ်ရွံရှာကြရာ၏၊ နာရဒဇာတ်တော်၌ ပြအပ်သော အ တိုင်း ယောက်ျားဘဝကိုရလိုကြပါမူကား သိကြားမင်းကြီးကို သုဇာ ဒေဝီစသော နတ်မိဖုရားတို့က အရိုအသေ လုပ်ကျွေးကြဘိသကဲ့သို့ မိမိတို့၏ လင်ယောက်ျားကို''ဘုရားတဆူ ဂူတလုံး''ဆိုဘိသကဲ့သို့မြပ်နိုး ရှိသေသော သဘောထားပြီးလျှင် ပြုစုလုပ်ကျွေးကြရာ၏။

''ယောက်ျားကောင်းစင်စစ် ဘဝဆက်တိုင်း ဖြစ်ရပါလို၏''ဟူ၍ နှုတ်က ဘယ်လိုပင်ဆုတောင်းသော်လည်း မိမိတို့လင်ယောက်ျား အ ပေါ်မှာ မထီလေးစား စကားဖိစီး ရင့်သီးပြောဆို ငြူစူလိုသောစိတ် ဖြင့် နေထိုင်ကြပါလျှင် ဆုတောင်းကတခြား မိမိလားရမည့် ဘဝက တမျိုးဖြစ်ကုန်ကြလိမ့်မည်၊ သို့ဖြစ်၍ဆုတောင်းနှင့်ဘဝပြောင်း ညီညွတ် လေအောင် အိမ်ရှင်မတို့သည် မိမိတို့အရှင်သခင်, လင်ယောက်ျား တို့ကို စကားသာယာ ပျူငှါကြည်လင် ငြိုငြင်မဖောက် ချစ်,ကြောက် ရှိသေစွာ လုပ်ကျွေးကြရာသည်၊ဤအဓိပ္ပါယ်ကိုရည်၍ လောကနီတိ ပျို့၌—

''ကိုယ်ဝန်ဆောင်ရွက်၊ခဲခက်သောအား၊သားဖွားရပူ၊ဥတု ပန်းရည်၊ ပွင့်ရမည်ကို၊ မကြည်စိတ်က၊ ယုတ်မာလှဟု၊ ယောက်ျားအဖြစ်၊ စင်စစ်တစိ၊ အလိုရှိမူ၊ မိညက်ဖြူတို့၊ ဘူတ

ပတိ၊ ဘုန်းရှိနတ်ဖျား၊ သိကြားမင်းမှာ၊ မိသူဇာသည်၊ ကောင်း
စွာရိုကျိုး၊ ရှိခိုးသမှု၊ လုပ်ကျွေးပြုသို့၊ အတုသင်ခြေး၊ လင်
ယောကျ်ားကို၊ ဆပ္ပားရှိသေ၊ လုပ်ကျွေးလေလော့''
ဟူ၍စပ်ဆိုလေသတည်း။

အရံ့အကာ ၄—ပါးပြီး၏။

## ၁၃။ အဆိပ် ၄—မျိုး

ဒုရဓိတာ ဝိသံ ဝိဇ္ဇာ၊
အဇိဏ္ဏေ ဘောဇနံ ဝိသံ။
ဝိသံ ဂေါဋ္ဌီ ဒလိဒ္ဒဿ၊
ဝုဍ္ဍဿ တရုဏီ ဝိသံ။ ။

**အနက်။** ။ဒုရဓိတာ၊ မကောင်းသဖြင့်သင်ကြားအပ်သော။ဝိဇ္ဇာ၊ အတတ်ပညာသည်။ ဝိသံ၊ အဆိပ်မည်၏။ အဇိဏ္ဏေ၊ အစာမကြေသည်ရှိသော်။ ဘောဇနံ၊ အစာဘောဇဉ်သည်။ ဝိသံ၊ အဆိပ်မည်၏။ ဂေါဋ္ဌီ၊ ပွဲလမ်းသဘင် ပျော်ရွှင်မြူးတူးခြင်းသည်။ ဒလိဒ္ဒဿ၊ ဥစ္စာနွမ်းပါး ဆင်းရဲသား၏။ ဝိသံ၊ အဆိပ်မည်၏။ တရုဏီ၊ ပျိုသောမိန်းမသည်။ ဝုဍ္ဍဿ၊ သူအိုသက်ကြီး လင်ယောကျ်ား၏။ ဝိသံ၊ အဆိပ်မည်၏။

မကောင်းသဖြင့် သင်ကြားအပ်သော အတတ်ပညာသည် အဆိပ်မည်၏၊ မကြေညက်သောအစာသည် အဆိပ်မည်၏၊ ပွဲလမ်းသဘင် ပျော်ရွှင်မှုသည် ဆင်းရဲသား၏ အဆိပ်မည်၏၊ မိန်းမပျိုသည် သူအို ယောကျ်ား၏ အဆိပ်မည်၏-ဟူ၍ ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

၁။ မကောင်းသင်ကြား၊ ပညာများ၊ မှတ်သားအဆိပ်ပင်။
၂။ စားသောက်ဖြစ်လျက်၊ မကြေညက်၊ သက်သက်အဆိပ်ပင်။
၃။ သဘင်ပျော်ပွဲ၊ သူဆင်းရဲ၊ လွန်ကဲအဆိပ်ပင်။
၄။ မိန်းမအပျို၊ အဘိုးအို၊ ထိုလည်းအဆိပ်ပင်။

## အဓိပ္ပါယ်အကျယ်

၁။ ဤအချက်လေးပါးတို့တွင် မကောင်းသဖြင့်သင်ကြားအပ်သော အတတ်ပညာသည် သာသနာနှင့်ဆိုင်သော အတတ်ပညာ,လောကီနှင့် ဆိုင်သော အတတ်ပညာ-ဟူ၍ နှစ်မျိုးရှိလေ၏၊ ထိုနှစ်မျိုးတို့တွင် လောကီပညာကိုသင်ကြားရခြင်းသည် မျက်မှောက်ဘဝ၌ မိမိသမုဒ္ဒရာ ဝမ်းတထွာကို ကျွေးမွေးရန်ကိစ္စ,သား-မယားမွေးရန်ကိစ္စကို ရည်စူး၍ သာလျှင် သင်ကြားကြရလေကုန်၏၊ ကုသိုလ်ရအောင်, သံသရာဝဋ်မှ ကျွတ်လွတ်အောင် သင်ကြားကြရသည် မဟုတ်ချေ၊သာသနာပညာကို သင်ကြားခြင်းမှာမူကား ကုသိုလ်ကောင်းမှုပွားများရန် ကိစ္စကို မြော်လင့်၍ သင်ကြားကြရကုန်သည်။

လောကီပညာများသည် နှုတ်မှုပညာ,လက်မှုပညာ-ဟူ၍ များစွာ ပေါ်များကုန်၏၊ သီချင်းသီဆိုမှု, နှဲပြွေမှုတ်မှု, ဗေဒင်ပြောဟောမှု, ရှေ့နေ ရှေ့ရပ်လိုက်၍ ပြောဆိုမှုပညာ စသည်များကို နှုတ်မှုပညာတွင် သွတ်သွင်းရလေ၏၊ ကခုန်ခြင်း, တူရိယာတီးခြင်း, ပန်းထိမ်,ပန်းဘဲ, ပန်းရံ စသောပညာများကို လက်မှုပညာတွင် သွတ်သွင်းအပ်လေ၏၊ ထိုလောကီနှင့်ဆိုင်သော အတတ်ပညာများကို သင်ကြားသောအခါ စွဲမြဲ၍သင်ကြားမိသော ပညာတွင် ဆုံးခဏ်းတိုင်ရောက် တတ်မြောက် သည့်တိုင်အောင် သင်ကြားရာ၏၊ထိုသို့သင်ကြားခြင်းကို ကောင်းသော သင်ကြားခြင်း-ဟူ၍ ဆိုရ၏၊ ကောင်းစွာသင်ကြား၍ တတ်မြောက်မှ လည်း လောက၌ အသက်မွေးနိုင်၏။

ထိုသို့မဟုတ်မူ၍ ပညာသင်ကြားသောအခါ ကျွတ်ကျွတ်လွတ်လွတ် စိတ်ကိုမထားဘဲ အပျင်းအား ထက်သန်စွာနှင့်သာ သင်ကြားမည်ဆို လျှင် ဆုံးခဏ်းတိုင်ရောက်အောင်လည်း တတ်နိုင်မည်မဟုတ်၊မတတ်ခင် က တပိုင်းတစနှင့် တန်းလန်းရှိနေသောအခါ ခါးကျိုးသောမြွေကဲ့သို့ ထင်ရာမရောက်၊ အကျိုးစီးပွားဖြစ်ထွန်းခြင်းသို့ မရောက်ဘဲရှိတတ်လေ သည်၊ ထိုသို့သင်ကြားမှုကို မကောင်းသောသင်ကြားမှု-ဟူ၍ ဆိုအပ် ၏၊ ထိုသို့မကောင်းသဖြင့် သင်ကြားအပ်သောပညာသည် တစုံတရာမျှ မိမိ၏ အကျိုးကိုမဆောင်ရွက်သည့်ပြင် မိမိအကျိုးမဲ့ကိုသာပြုလုပ်မည် ဖြစ်သောကြောင့် အဆိပ်နှင့်တူသည်-ဟူ၍ ဆိုလေသည်။

ဥပမာ။ ။ဆေးအတတ်ပညာတခုကို သင်ကြားရာ ဆရာ၏ထံတွင် ကျနစွာမသင်ခဲ့ဘဲ မကောင်းသဖြင့် သင်အပ်လေသောကြောင့် ရာသီ, ဥတု အကြောင်းကို ကောင်းစွာမသိ၊ ဓာတ်လေးပါးသဘောကိုမရိပ်မိ၊ ဆေးမြစ်, သစ်ပင်တို့၏ အရသာနှင့် ဩဇာအစွမ်းကို မသိ၊ အနာ၏ဖြစ်ပုံကို အကြောင်းသမုဋ္ဌာန်မှစ၍ မသိဘဲ စမ်းရမ်း, ယောင်ဝါးလျက် ဆေးသမားပြုလုပ် ကုသလေရာ သူနာမှာ သက်သာခွင့်မရဘဲ ရောဂါသော်လည်း တိုးတတ်လေ၏၊ ထိုဆရာ၏လက်မှာ ဆေးမှား၍ အသက်သော်လည်း ဆုံးရတတ်သည်၊ ထိုသို့ဖြစ်လေသောအခါ ဆရာဖြစ်သူမှာ နာမည်ပျက်၍ လောကီဂုဏ်သိရိမတက်ဘဲ ဖြစ်တတ်လေ၏။

ထို့ပြင်မှတပါး ယခုအခါ အင်္ဂလိပ်ပညာများကို သင်ကြားကြကုန်သော သူတို့သည်လည်း ခေတ်ကာလအလိုက် အသုံးကျအောင် တတ်ကျွမ်းစွာသင်ကြားပါမှ ကောင်းစွာသင်ကြားသည်မည်၍ အကျိုးခံစားကြရကုန်သည်၊ ထိုသို့တတ်ကျွမ်းမှသာလျှင် အစိုးရဘက်၌ မြို့အုပ်, စစ်ကဲ, ဝန်ထောက်စသော ရာထူးများနှင့် တင့်တယ်စွာ နေထိုင်နိုင်ကုန်ကြသည်၊ သူဌေးဘက်၌ စာရေးကြီးစသည် ဖြစ်နိုင်ကြကုန်သည်၊ ထိုသို့မဟုတ် တောင်မရောက်, မြောက်မကျနှင့် သင်ကြားထားလျှင် မည်သည့်ဘက်မှာမှ အရာမတွင်ကျယ်နိုင်ဘဲ လူလေ, လူပိုကလေးတို့သာလျှင် ဖြစ်တတ်လေ၏၊ အင်္ဂလိပ်စာကို သင်ကြားလေသည့်အတွက် ပြောလောက်အောင် ပညာမတတ်သော်လည်း စာရေးကြီး, မြို့အုပ်ကြီး အလုပ်ဆိုသို့သာ မျက်မှန်းတမ်း၍နေလေ၏။

သာမညဖြစ်သော အလုပ်ကလေးများကို ငါတို့နှင့်အဘက်မတန်ဟူ၍ ထင်မြင်ကြပြီးလျှင် မလုပ်မကိုင်လိုကြကုန်ဘဲ မိဘတို့၏အရှိန်ကိုသာခိုလှုံ၍နေတတ်ကြလေကုန်၏၊အင်္ဂလိပ်စာအငွေ့အသက်ကိုအနည်းငယ်ခံရဘူးသောကြောင့် ဥရောပတိုက်သားတို့၏ သွေးကလေးဝင်ပြီးလျှင် ပြောင်ပြောင်လက်လက် ဝတ်ချင်, စားချင်, ကြွားကြွား လွှားလွှား သွားချင်, လာချင်, ဖေါဖေါသီသီ-သုံးချင်, စွဲချင်ဖြစ်ကြလေကုန်၏၊ ပြောင်ပြောင် လက်လက် ဝတ်စားသွားလာ သုံးစွဲချင်သော်လည်း မိမိကငွေဝင်အောင် မတတ်နိုင်သောကြောင့် အမျိုး, အဆွေ

အထောက်, အခံကောင်းလျှင် ၎င်းဆွေမျိုးမိဘတို့က မလွှဲသာကိစ္စ အနေနှင့် ထောက်ပံ့ကြရလေကုန်၏။

ဆွေမျိုး မိဘ မနိုင်လုံပါလျှင် မြို့တွင်း,ရွာတွင်းမှာ လူလေ,လူလွင့်, မြို့လေ့း, မြို့မွှား, ရွာလေ့း, ရွာမွှားဖြစ်ပြီးလျှင် မတရားသောအလုပ်ဖြင့် သုံးစားရန်ကိုရှာကြံကြကုန်၏၊ တသက်ပန်ကာလပတ်လုံး လူကြီး, လူကောင်းအဖြစ်သို့ မရောက်နိုင်ကြလေကုန်၊ အစိုးရရာဇဝတ်ပြစ်မှုနှင့် တထွေးလုံးလုံး ဖြစ်၍နေကြလေကုန်၏၊ ထိုသို့ဖြစ်မှုသည်ကား ကောင်းသောသင်ကြားခြင်းဖြင့် မသင်ကြားဘဲ မကောင်းသဖြင့် သင်ခဲ့သော ပညာတဝက်, တပြက်အတွက် အဆိပ်သင့်မှုဖြစ်လေသည်၊ ထို့ပြင် ယခုလောက၌ပြောဆိုကြသော စုန်းအတတ်, ကဝေအတတ် ပြုစားမှုအတတ်ကို သင်ကြားခြင်းသည်လည်း မကောင်းသော သင်ကြားမှုများပင်မည်လေ၏၊ ထိုပညာများကို တတ်ကျွမ်းသဖြင့်လည်း ပစ္စုပ္ပန်, သံသရာ နှစ်ဖြာသောအကျိုးကို ယုတ်စေသည်ဖြစ်၍ ပညာအဆိပ်သင့်သည်မည်၏။

လောကီ အတတ်ပညာများသည် အပြစ်ကင်းသော အနဝဇ္ဇ အတတ်, အပြစ်ရှိသော သာဝဇ္ဇအတတ်မျိုးဟူ၍ နှစ်မျိုးရှိလေ၏၊ ထိုနှစ်မျိုးတို့တွင် အပြစ်ကင်းသော အနဝဇ္ဇအတတ်ပညာကိုသာ သင်ကြားရာ၏၊ ထိုအနဝဇ္ဇ အတတ်ပညာကိုလည်း ကျကျနနတတ်မြောက်အောင် သင်ကြားပါမှ ကောင်းသောသင်ကြားခြင်းမည်၍ အကျိုးရှိလေသည်၊ ထိုသို့မဟုတ်လျှင် အကျိုးမဲ့ဖြစ်တတ်လေသည်။

သာသနာနှင့်ဆိုင်သော ပညာဆိုသည်မှာ--အဋ္ဌကထာ, ဋီကာနှင့် တကွသော ပိဋကတ်သုံးပုံကိုဆိုသည်၊ (လောကုတ္တရာဟူ၍လည်းဆိုရ၏)၊ ထိုလောကုတ္တရာ ပညာများကို သင်ကြားရာတွင်ကား လောကီပညာထက်ပင် ခဲခက်ခြင်းဖြစ်လေ၏၊ အက္ခရာ, ပုဒ်, ဗျည်းတလုံးကိုမျှ မတိမ်း, မစောင်းစေရအောင် ကျကျနန သင်ကြားရသည်၊ အက္ခရာ, ပုဒ်, ဗျည်း ပျက်ပြားလျှင် အနက်, အဓိပ္ပါယ်မှစ၍ အလုံးစုံဟိပ်းလွဲချွတ်ချော်၍ အကျင့်,အကြံများလည်း မှားယွင်းတတ်လေ၏၊ အကျင့်, အကြံ မှားယွင်းက မိမိတို့လိုလားအပ်သည့် မဂ်,ဖိုလ်, နိဗ္ဗာန်စသော အကျိုးစီးပွားတို့မှ ယွင်းချွတ်လွဲချော်တတ်၏။

၁။ အက္ခရာပျက်၊ယွင်းသွေကွက်၊အနက်ချွတ်တိမ်းရော။
၂။ အနက်မမှန်၊ကျင့်ဖောက်ပြန်၊နိဗ္ဗာန်မရောက်ရာ။—

ဟူ၍ပညာရှိပုဂ္ဂိုလ်တို့ စပ်ဆိုတော်မူကြလေကုန်သည်၊ အင်္ဂုတ္တရ ဒုကနိပါတ်တွင် ပုဒ်,ပါဌ်,အက္ခရာ ပျက်စီးခြင်းသည် သာသနာတော်ပျက်စီးကြောင်းဖြစ်သည်-ဟူ၍ပင်မြတ်စွာဘုရားဟောကြားတော်မူလေ၏၊ ထို့ကြောင့် ပရိယတ္တိပညာများကို သင်ကြားရာတွင် များစွာဂရုစိုက်ထုတ်၍ ကျနသေချာစွာသင်ယူကြရာ၏၊ ကမ္မဋ္ဌာန်းပညာကို သင်ကြားရာ၌မူကား ပရိယတ္တိကို သင်ကြားရသောထက် များစွာကျပ်တည်းခဲယဉ်း လေသည်ဖြစ်၏၊ မိမိစရိုက်နှင့် သင့်လျော်စွာလည်း ရှိပါမှ ကမ္မဋ္ဌာန်းအထမြောက်နိုင်လေသည်၊ ထိုသို့မဟုတ်ပါလျှင် မိမိသင်အပ်သော ကမ္မဋ္ဌာန်းပညာသည် လိုရာအကျိုးကိုမရွက်ဆောင်နိုင်ချေ။

.ပိဋကတ်ပညာကို ကောင်းမွန်စွာ တတ်မြောက်လာသော အခါတွင် စိတ်သဘောတို့သည်လည်း တမျိုးတဘာဝပြောင်းသွားဘိသကဲ့သို့ နူးညံ့သိမ်မွေ့ခြင်းဘက်သို့ ရောက်လေ၏၊ထိုကဲ့သို့မဟုတ်ဘဲ ကျနကောင်းမွန်စွာမတတ်ပါလျှင် "**ဖွတ်မိကျောင်းဖြစ် မြစ်မချမ်းသာ**" ဆိုဘိသကဲ့သို့ နှုတ်တစွာစွာ တဖွာဖွာနှင့် ထင်ရာလျှောက်၍ ပြောတတ်လေ၏၊ ငြင်းခုံစရာရှိလျှင် မပြောပလောက်သော အကြောင်းကလေးနှင့်သော်လည်း ငြင်းခုံတတ်လေ၏၊ သူတဘက်သားကို နှိပ်စက်၍ပြောချင်တတ်၏၊ကိုယ့်ကိုယ်ကို မြှောက်ပင့်ခြင်း-အတ္တုက္ကံသန, သူတပါးကို နှိမ့်ချကဲ့ရဲ့ခြင်း-ပရဝမ္ဘနတို့နှင့် တဆူဆူ,တညံညံ သူတပါးနားမခံသာအောင် ပြောကြားတတ်၏၊ ဤကဲ့သို့ တပိုင်းကြောင် တတ်ကာမျှ ပညာမပြည့်ဝသောသူတို့ကိုရည်၍ အောက်၌ပါသော ကဗျာကိုရေးစပ်တော်မူလေလေသည်။

### တေးထပ်

"တပိုင်းကြောင် ကျက်စာရရုံနှင့်၊ခက်ပါလှသဘောညာဏ်၊
တက်မာန အပြောသန်တယ်၊ ဒေါသမာန်ထူပွား။ ။စာဒက
n တုဘက်လာလျှင်၊သူ့ထက်ငါ ငြင်းတဲ့လူစား။ ။ပရိယတ်မြတ်
ဓမ္မက္ခန်၊ တတ်လေဟန် ယောင်ဝါး၊ ပရမတ်ပြန်အကြောင်း
သမားတွေတို့၊ ထောင်လွှားကြသူ့ထက်ငါ။ ။အသိညာဏ်

တထွာလောက်ကယ်နှင့်၊ ညှာမထောက်ငြင်းတတ်လှပါ။ ။
ပရိသတ်ထောမနာအောင်၊စောဒနာ-ဉာဏ်အကောက်တွေနှင့်၊
ကန်အကြောက်အတင်းမရှောင်၊ငြင်းကြလူ့ဘောင်။ ။ပိဋကတ်
အစွယ်ထောင်လျှင်၊ အပါယ်ဘောင်ဆင်းရလိမ့်လေး....''။

ဤကဲ့သို့''**စုန်းမတတ်, တတတ် လူကိုသတ်**'' ဆိုသည်နှင့်အညီ ထိထိ ရောက်ရောက်, ပေါက်ပေါက် ထွင်းထွင်းလည်းမတတ်၊ (ကျကျနန ကောင်းကောင်း မွန်မွန်မတတ်)သောသူတို့သည် သူတပါးတို့၏ စိတ် နှလုံးကို ထိုးဆွသော အပ်နှင့်သာတူကြကုန်၏၊ပညာလှလှမတတ်သည့် အတွက် အငြင်းအခုံပြုရရုံ,စွာစွာလောင်လောင် တဖောင်ဖောင်ပြော တတ်ရုံ, ပညာရှိတို့၏ စပ်ကြားမှာ (ဒွတိုက်၍) စောဒနာစကား ဝင် တတ်ရုံမျှသာ ဖြစ်သောကြောင့် ထိုသူ၏သန္တာန်မှာ အကုသိုလ်သာ အဖတ်တင်လေ၏၊ ထိုအကုသိုလ်သည် မကောင်းသဖြင့် သင်ကြားအပ် သော မိမိပညာမှဖြစ်ပေါ်လာသည့် အဆိပ်ပေတည်း၊ ထိုကဲ့သို့ဖြစ် သောသူသည် မိမိကိုယ်တိုင်မှာသာ အဆိပ်ဖြစ်သည်မဟုတ်ဘဲလောက ၏ အဆိပ်လည်းမည်လေ၏၊အဆိပ်ရှိသောမြွေပွေး,မြွေဟောက်, မြွေ ငန်းများကို လူအပေါင်းတို့သည် ဝေးစွာရှောင်ရှားကြရကုန်သကဲ့သို့ မတတ်, တတတ် (တပိုင်းကြောင်တတ်၊ တတ်ယောင်ဝါး) အငြင်း အခုံသမားများကို ပညာရှိတို့က ဝေးစွာရှောင်ကြဉ်ကြကုန်၏၊ ထို့ ကြောင့် ထိုသူ၏ပရိယတ်ပညာသည် ထိုသူမှာအဆိပ်သဖွယ်ဖြစ်လေ၏၊ ဓမ္မပဒပါဠိတော်၌—

ယာဝဒေဝ အနတ္ထာယ၊ ဉတ္တံ ဗာလဿ ဇာယတိ-ဟူ၍ ဟော တော်မူသော ဒေသနာတခုရှိ၏။

**အနက်**။ ။ဗာလဿ၊ အမိုက်ဓာတ်သဘောရှိသူ၏။ ဉတ္တံ၊စာပေ ကျမ်းဂန်တတ်ကျွမ်းလိမ်မာမှုသည်။ ယာဝဒေဝ၊ အတိုင်းထက်အလွန် သာလျှင်။ အနတ္ထာယ၊ အကျိုးစီးပွားမဲ့စိမ့်သောငှါ။ ဇာယတိ၊ ဖြစ်၏။

''**နတ်ရူးကို ပုံတီးမြှောက်**'' ဆိုသောစကားမျိုးကဲ့သို့ နဂိုပကတိက နတ်ဝင်၍ ရူးတော့မလိုလိုဖြစ်၍ နေသောသူကို တဆင့်ပုံတီး၍မြှောက် ပင့်လေသောအခါ သာ၍ပင် ဖောက်ဖောက်ပြန်ပြန် အရူးထလေဘိ

သကဲ့သို့ နဂိုပကတိသဘောအားဖြင့် ခါတ်ခံဆိုးဝါး၍နေသောသူကို မကောင်းသဖြင့် သင်ကြားအပ်သောပညာဖြင့် မြောက်ပင့်အပ်သည် ရှိသော် သာ၍ပင်ဆိုးဝါး၍ အကျိုးမဲ့ခြင်း၄ါသာ ဖြစ်လေသည်-ဟူ၍ ဆိုလိုသည်၊ထိုမှတပါး ပရိယတ်စာပေကို သင်ကြားခြင်းသည် အလဂ္ဂ-ဒူပမာ-စာသင်ခြင်း,နိဿရဏတ္ထ-စာသင်ခြင်း-ဟူ၍ နှစ်မျိုးရှိ၏၊ထိုစာ သင်ခြင်းနှစ်မျိုးတို့တွင်—

၁။ အလဂ္ဂဒူပမာ-စာသင်ခြင်းဆိုသည်ကား မြွေကိုဖမ်းသည်နှင့် တူသော သင်ကြားခြင်းတည်း၊ မြွေဆေး ကောင်းကောင်း မရှိဘဲနှင့် မြွေဆိုးများကို လက်နှင့်သွား၍ အတင်းဖမ်းရာတွင် မိမိဖမ်းသော မြွေက မိမိကိုကိုက်လေဘိသကဲ့သို့ ထို့အတူ "ငါသည် သူတပါးကို ငြင်းခုံရအောင် ဤစာကိုကျက်မှတ်မည်၊ သူတပါးကိုဖိစီး၍နှိပ်စက်မေး မြန်းရအောင်,စောဒနာတက်ရအောင် သင်ကြားမည်" ဟု မကောင်း သော စိတ်ကိုရှေ့သွားပြုလျက် သင်ကြားခြင်းကား အလဂ္ဂဒူပမာ-သင် ကြားခြင်းဖြစ်လေသည်၊ ထိုကဲ့သို့ ဆိုးဝါးသောသဘောထားဖြင့် သင် ကြားလျှင် မိမိဖမ်းအပ်သောမြွေက ဖမ်းသူကိုပြန်၍ကိုက်ဘိသကဲ့သို့ မိမိသင်ကြားထားသောပညာက မိမိကိုပြန်၍အဆိပ်တက်အောင် ကိုက် သတ်လိမ့်မည်ဖြစ်ကြောင်း။

၂။ နိဿရဏတ္ထ-သင်ကြားခြင်းဆိုသည်ကား "ငါသည်ဤစာပေ ပညာများကို သင်ကြားသဖြင့် မနူးညံ့, မသိမ်မွေ့သေးသော စိတ်များ ကို နူးညံ့သိမ်မွေ့စေအံ့၊ မယဉ်ကျေးသေးသော ကိုယ်, နှုတ်များကို ယဉ်ကျေးစေအံ့၊ ဤစာပေပညာကို တတ်ကျွမ်းခြင်းမှအစပြု၍ ဝဋ်ဒုက္ခ မှလွတ်ကင်းစေအံ့" ဟူ၍ ကောင်းသော သဘောထားဖြင့် သင်ကြား ခြင်းကို နိဿရဏတ္ထ-သင်ကြားခြင်းဆိုသည်။

ထိုနှစ်ပါးတို့တွင် နိဿရဏတ္ထအားဖြင့် သင်ကြားခြင်းသည်သာလျှင် ကောင်းသော သင်ကြားခြင်းမည်၍ အလဂ္ဂဒူပမာအားဖြင့် သင်ကြား ခြင်းသည်ကား မကောင်းသော သင်ကြားခြင်းမည်လေသည်၊ အရပ် ရပ်ပြဆိုခဲ့ပြီးသောအတိုင်း လောကီဘက်ဆိုင်ရာမှာဖြစ်စေ, လော ကုတ္တရာဘက် ဆိုင်ရာမှာဖြစ်စေ မကောင်းသဖြင့် သင်ကြားခြင်းသည်

ပညာသင်သူ၏ အဆိပ်သဖွယ်ဖြစ်လေ၏၊ ကောင်းသောသင်ကြားခြင်းသည်သာလျှင် ပညာသင်ကြားသူကို အကျိုးစီးပွား ကြီးမားအောင်ရွက်ဆောင်တတ်သောကြောင့် မွန်မြတ်သော အမြိုက်အရသာထူးနှင့်တူလေသတည်း။

၂။ ''ဒုတိယ အချက်အရ–မကြေညက်သော အစာဖြစ်လျှင် အဆိပ်ပင်မည်သည်'' ဟူသောစကား၌-ဤလောက၌ အဆိပ်ဆိုသည်ကား လူများအပေါင်းတို့၏ ပါစကတေဇောဓာတ်ဖြင့် မချက်နိုင်ဘဲထိုပါစကတေဇောဓာတ်မီးထက် သာလွန်ကဲ၍ ထိုမီးကိုငြိမ်းစဲအောင်ပြုနိုင်သောဓာတ်မျိုးကို အဆိပ်ဓာတ်ခေါ်သည်၊ဥပမာ-မြွေဆိပ်တက်သည်ဆိုရာ၌ ၎င်းအဆိပ်သည် အကြင်မျှလောက် ဝမ်းတွင်း၌ရှိသောပါစကတေဇောဓာတ်မီးအိမ်ကို မလွှမ်းမိုးနိုင်သေး၊ ထိုမျှလောက်ကာလပတ်လုံး အဆိပ်တက်မှုဖြင့်မသေနိုင်ချေ၊ ပါစကဓာတ် မီးအိမ်ကို ဖိစီးနှိပ်စက်နိုင်သော အခါမှသာလျှင် ထိုဓာတ်မီးငြိမ်း၍ သေခြင်းသို့ ရောက်လေသည်ဖြစ်ကြောင်း၊ ထိုပါစကဓာတ်မီးကို ဥသ္မာဓာတ်ခေါ်သည်၊ ထိုဥသ္မာဓာတ်ငြိမ်းစဲလျှင် အသက်ဝိညာဏ်ပါ ပျက်စီး၍သေခြင်းသို့ရောက်ရလေတော့၏၊ ယခုအခါ အသက်ရှင်၍နေကြကုန်သောသူတို့ကို မသေနိုင်အောင် စောင့်ရှောက်နေသော တရားကား–

၁။ ရုပ်ဇီဝိတ-နာမ်ဇီဝိတ,
၂။ ဥသ္မာခေါ်သောပါစကတေဇောဓာတ်(ကိုယ်စောင့်ဓာတ်မီး),
၃။ စိတ်ဝိညာဏ်။

ဤတရားသုံးပါးတို့ပေတည်း၊ထိုတရားသုံးပါးတို့အခြေပျက်၍ ကိုယ်ခန္ဓာကိုစွန့်ခဲ့လျှင် သတ္တဝါတို့၏ ကိုယ်ကာယသည် ထင်းတုံး, ဖွဲပုံတို့ကဲ့သို့ သေခြင်းသို့ရောက်လေ၏၊ ဤအဓိပ္ပါယ်ကိုရည်၍–

အာယု ဥသ္မာ စ ဝိညာဏံ၊
ယဒါ ကာယံ ဇဟန္တိ မံ။
အပဝိဒ္ဓေါ တဒါ သေတိ၊
နိရတ္ထံ ဝ ကလိင်္ဂရံ။ ။

ဟူသောဒေသနာကို ဟောကြားတော်မူလေသည်။

**အနက်**။ ။အယုစ၊ရုပ်ဇီဝိတ, နာမ်ဇီဝိတခေါ်သော အသက်ငှင်း။ ဥသ္မာစ၊ ပါစကတေဇောခေါ်သော ဥသ္မာကိုယ်စောင့်ဓာတ်မီးငှင်း။ ဝိညာဏံ၊ စိတ်ဝိညာဏ်ငှင်း။ တေ၊ ထိုတရားသုံးပါးတို့သည်။ ယဒါ၊ အကြင်အခါ၌။ ဣမံကာယံ၊ ဤကိုယ်ကာယကို။ ဇဟန္တိ၊ စွန့်ခွါကြလေကုန်၏။ တဒါ၊ ထိုသို့စွန့်ခွါကြလေသောအခါ၌။ ကာယော၊ ဤကိုယ်ကြီးသည်။ အပဝိဒ္ဓေါ၊ အသုံးမကျ စွန့်ပစ်ရမည့် သဘောရှိသည်ဖြစ်၍။ သေတိ၊ လဲ၍သေလေ၏။ ကလိင်္ဂရံဝ၊ ထင်းတုံး, ဖွဲပုံကဲ့သို့။ နိရတ္ထံ၊ အကျိုးမရှိတော့ချေ။

ဤအချက်ကိုထောက်၍ စားအပ်သော အစာ အာဟာရသည် ပါစကတေဇောဓာတ်နှင့် ဒီဂရီမမျှဘဲ လွန်ကဲ၍နေလျှင် အစာကြေခြင်းသို့ မရောက်နိုင်ချေ၊ အစာမကြေလျှင် အဆိပ်တက်သကဲ့သို့ သေသော်လည်းသေ၊ မသေသော်လည်း မလှတမ ဒုက္ခဝေဒနာတို့ကို ကြီးကျယ်စွာဖြစ်စေတတ်၏၊ အစာကလွန်ကဲ၍ ဥသ္မာတေဇောဓာတ်မီးကို ဖိစီး၍ ငြိမ်းစဲစေလျှင် အသက်ပင်သေတတ်လေ၏၊ ထို့ကြောင့် "မကြေသောအစာသည် အဆိပ်ပင်မည်၏" ဟူ၍ စာဏကျဆရာကြီး ဆိုလေသည်၊ နတ်တို့၏သြဇာ-ဟု ဆိုအပ်သော သုဓာဘုတ်သည် လွန်စွာအရသာရှိ၏၊ ထိုသို့ပင်အရသာရှိသော်လည်း ထိုနတ်သြဇာသည် လူတို့မှာအဆိပ်ပင်ဖြစ်၏။

အကြောင်းမူကား ထိုနတ်သြဇာကို အရသာကောင်းသည်-ဟူ၍ စားလျှင် အစာမကြေနိုင်ဘဲ အမှန်မုချ သေရမည်ဖြစ်သောကြောင့်တည်း၊ လူ့ဘုံလောကတွင် စကြဝတေးမင်း, မန္ဓာတ်မင်း တို့နှင့် မြတ်စွာဘုရား ကိုယ်တော်မြတ်တို့မှာရှိသော ပါစက တေဇောဓာတ်သည်သာ နတ်တို့သြဇာကို ကြေညက်အောင် ချက်ပြုတ်ပေါင်းနွှေးနိုင်သော သတ္တိရှိသည်၊ အခြားသူတို့၏ ပါစကတေဇောဓာတ်ကား ထိုသို့ မဟုတ်ချေ၊ ထို့ကြောင့် မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးတော်မူပြီး၍ ကြွင်းကျန်လျှင် အခြားပုဂ္ဂိုလ်တို့ စားခွင့်မရဘဲ မြေမှာသော်လည်း တွင်းတူး၍မြှုပ်ရ၏၊ ရေထဲသို့သော်လည်း မျှောလိုက်ရ၏။

အစာမကြေ-ဟူသော စကားမှာ တေဇောဓာတ်က ကြေအောင် မချက်နိုင်သည်ကို ဆိုသောစကားဖြစ်သည်၊ ပကတိစားနေကျဖြစ်သည့်

အစာကိုပင်ဖြစ်စေ၊ လွန်အောင်စားလျှင် တေဇောဓာတ်က မချက်နိုင်သောကြောင့် အစာမကြေဘဲ ဖြစ်တတ်လေ၏၊ အစာမကြေခြင်းကစ၍ ရောဂါအမျိုးမျိုးပေါ်တတ်၏၊ကမ္မဇနာအစရှိသော အနာမျိုးလေးပါးတို့တွင် လူတို့မှာ အစာအာဟာရမှ ဖြစ်သော အာဟာရဇနာ, ဥတုဖေါက်ပြန်မှုကြောင့်ဖြစ်သော ဥတုဇနာတို့သာလျှင် များစွာဖြစ်ကုန်၏၊ ထိုဥတုဇ,အာဟာရဇ နှစ်ပါးတို့တွင်လည်း အာဟာရဇနာက သာ၍ ပင်များလေသည်၊ ထို့ကြောင့် မိမိ နေ့စဉ်စားသောက်အပ်သော အာဟာရများကို အထူးဂရုစိုက်ထုတ်ကာ ပညာဖြင့်ဆင်ခြင်၍ စားသုံးကြရာ၏။

အစာသည် အသက်သခင်လည်းဖြစ်၏၊ အသက်ရန်သူလည်းဖြစ်၏၊ ကြေညက်၍ မျှတသောအစာသည် အသက်သခင်ဖြစ်၏၊ မကြေမညက်ဘဲ ရောဂါကိုဖြစ်စေတတ်သည့် အစာသည်ကား အသက်၏ရန်သူမည်၏၊ ဘယ်မျှလောက်ပင် အစာအာဟာရ ကောင်းမြတ်သည်ဖြစ်စေ၊ အစာမကြေခင် ထိုအာဟာရကို မချီးမွမ်းထိုက်-ဟု လောကနီတိတွင် ဆိုလေသည်။

ဇိဏ္ဏံ အန္နံ ပသံသေယျ။ ။အန္နံ၊ အစာထမင်းကို။ဇိဏ္ဏံ၊ ကြေညက်သောအခါမှသာလျှင်။ပသံသေယျ၊ ချီးမွမ်းရာ၏။
လောကနီတိ ပျို့၌လည်း–

"ဖြူစင်ထမင်း၊ စားလျှင်းပြီးခါ၊ အစာကြေမှ၊ ချီးမွမ်းကြလေ့၊ချစ်စွသက်ထား၊ မယားတို့မှာ၊သစ္စာရှိသည်၊မရှိသည်ကို၊ ရုပ်ရည်အိုသော်၊ ချီးမွမ်းပျော်၏"–

ဟူ၍ စပ်ဆိုလေသည်၊ ကြေလွယ်သောအစာကို စားခြင်းသည် ပရိဏာတဘောဇီမည်၏၊ထိုပရိဏာတဘောဇီပုဂ္ဂိုလ်သည် အနာရောဂါ ကင်းရှင်းစွာနှင့် အသက်ရှည်ကြာစွာနေရတတ်၏၊ အစားအစာကို၌ လွန်စွာမစားဘဲ အတိုင်းအရှည်နှင့် မျှတ ချင့်ချိန်၍ သင့်တင့်စွာစားသောက်ခြင်းသည် ဘောဇနမတ္တညူမည်၏၊ထိုဘောဇနမတ္တညူ ပုဂ္ဂိုလ်သည်လည်း အသက်ရှည်ကြာ, အနာကင်းရှင်းကြောင်းဖြစ်၏၊ အရှင်သာရိပုတ္တရာမထေရ် ဟောတော်မူသော အမိန့်ဒေသနာတခုမှာ–

စတုပဉ္စ အာလောပေ၊ အဘုတွာ ဥဒကံ ပိဝေ။
စတုပဉ္စအာလောပေ၊ စား၍ပြီးခါနီး လေး,ငါးလုပ်ကို။ အဘုတွာ၊ မစားလိုက်ဘဲ။ ဥဒကံ၊ ရေကို။ ပိဝေ၊ သောက်ရာ၏—

ဟူ၍ ထမင်းစားသောအခါ ဝမ်းပြည့်အောင် မျိုနိုင်သမျှ မမျိုဘဲ ပြီးခါနီးတွင် လေး,ငါးလုပ်လျှော့၍ ရေသောက်ရာသည်၊ထိုသို့ပြုကျင့်စားသောက်လျှင် အစာကြေ၍ အနာရောဂါ ကင်းရှင်းသည်-ဟူ၍ ဆိုလိုသည်၊ မြတ်စွာဘုရား လက်ထက်တော်တွင် အလွန်တရာအစားကြီးသည်-ဟု ယခုတိုင်ကျော်စောသော ကောသလမင်းကြီးသည် စားသောက်မှု၌ ပမာဏ အတိုင်းအရှည်မရှိဘဲ အလွန်စားသောက်လေ့ရှိသောကြောင့် ပွဲတော်တည်ပြီးသည့်အခါတိုင်း ဝမ်းအင့်၍ စားပိုးနင့်လုမတတ်ဖြစ်သော ဒုက္ခများကို ခံစားရလေ၏၊ အစာမကြေမခြင်း ဤကဲ့သို့ချည်းနှင့်သာ လွန်စွာဆင်းရဲရလေ၏၊ ထို့နောက် မြတ်စွာဘုရားက အစားအစာ၌ အတိုင်းအရှည် ပမာဏကို သိရမည်-ဟူ၍ ဘောဇနမတ္တညုတရားကို ဟောကြားတော်မူမှ တဆင့်,တဆင့် သင့်တင့်မျှတရုံစားရာ ချမ်းသာစွာ ရှိဘူးလေသည်-ဟူ၍ ကျမ်းဂန်တို့တွင် ဆိုလေသည်။

ထို့ပြင် ဇုစကာပုဏ္ဏား ဝတ္ထုစသည်များလည်း ရှိလေသေး၏၊ "**မျက်စိမှာအကျင့်၊ ဝမ်းမှာအချင့်**"ဆိုသောစကားသည်အိပ်သောမျက်စိကိုအကျင့်ပြု၍ အအိပ်နည်းပါး နိုးကြားခြင်းများရမည်၊ ဝမ်းမှာလည်း အချင့်ပမာဏနှင့် မျှတစွာ စားရမည်-ဟူ၍ ဆိုလိုရင်းဖြစ်သည်၊ အစားအစာတို့၌ အတိုင်းအရှည်ကို သိရမည်ဆိုသော စကားသည် များစွာ အဓိပ္ပါယ်ကျယ်ဝန်းလေ၏၊ စားသောက်သောအခါ လွန်စွာမစားဘဲ မျှတရုံစားသည်ကိုလည်းဆိုလို၏၊ အချိန်အခါဟူ၍ မရွေးချယ်ဘဲ စားသောက်မှုမှရှောင်ကြဉ်၍ တနေ့လျှင် မည်သည့်အချိန်တွင် မည်သည့် အစာကိုစားမည်ဟူ၍ စားချိန်ကို ပမာဏ ထားခြင်းသည်လည်း မတ္တညူပင်မည်၏။

တွေ့တိုင်းမြင်ရာ အာသာဆန္ဒနှိုးဆော်တိုင်း စားတတ်သောအလေ့မှရှောင်ကြဉ်၍ မိမိစားသောက်ရိုးအစာများကိုသာ ရွေးရွေးချယ်ချယ်

ပြုလုပ်စားခြင်းသည်လည်း မတ္တညူပင်မည်၏၊ အချို့သော လူမျိုးတို့သည် ဤစားသောက်မှုနေရာတွင် အချိန်ကာလ သတ်မှတ်ပိုင်းခြားလျက် စားတတ်ကြသည့်ပြင် တွေ့မြင်ရာတိုင်းမှာ စားသောက်ခြင်းမရှိကြကုန်ဘဲ အစား,အသောက်နေရာတွင် များစွာ စည်းကမ်းရှိကြကုန်၏။

ကျွန်ုပ်တို့ မြန်မာအမျိုးသားတို့မှာမူကား များသောအားဖြင့် ထိုကဲ့သို့ စည်းကမ်းမထားကြကုန်ဘဲ အချိန်မရှိတွေ့ရာပေါက်လွှတ် စားသောက်တတ်ကြကုန်၏၊ ထိုသို့ စားသောက်ခြင်းသည် ချွေတာခြင်းနည်းလမ်းအားဖြင့် တွက်ချက်လျှင် ငွေထွက်လမ်းများသည့်ပြင် ထိုအစားအစာမှစ၍ ရောဂါဘယ များပြားတတ်သော အကြောင်းလည်းဖြစ်လေ၏၊ ထို့ကြောင့် အချိန်အတည်အကျမရှိ၊ တွေ့ရာမြင်တိုင်းစားသောက်ခြင်းကို ကောင်းသောနည်းလမ်းဟူ၍ မထင်မြင်သင့်ချေ၊ သို့ဖြစ်၍ အသက်ရှည်ကြာ ရောဂါကင်းရှင်းကြောင်း ဖြစ်လေအောင် အစားအစာတို့၌ အမျိုးမျိုးသော အတိုင်းအရှည်ကိုသိ၍ မိမိ၏အသက်ကိုမွေးမြူကြရာသတည်း။

၃။ "သဘင်ပွဲလမ်းသည် သူဆင်းရဲ၏ အဆိပ်မည်၏" ဆိုရာ၌ သဘင်ဆိုသောစကား၏အဓိပ္ပါယ်သည်လွန်စွာပင်များ၏၊ကပွဲ,ခုန်ပွဲကိုလည်း သဘင်ဆို၏၊တရားဟောပြောလျက်နေကြသော လူစု လူဝေးကိုလည်း တရားသဘင်ခေါ်၏၊ ပညာရှိသော လူအပေါင်းတို့ စည်းဝေး၍နေသော အရာကိုလည်း ပညာရှိသဘင်ဟူ၍ဆို၏၊ တာဝတိံသာနတ်တို့၏ အစည်းအဝေးကိုလည်း နတ်သဘင်ဆို၏၊ သုဓမ္မာစရပ် အစည်းအဝေးကိုလည်း သုဓမ္မာသဘင်ဆို၏၊ ရဟန်းသံဃာတို့ ကံကြီး,ကံငယ်ကိစ္စဖြင့် ဆောင်ရွက်ကြရန် စည်းဝေး၍နေသည်ကိုလည်း သံဃာ့သဘင်ဆို၏၊ မင်းစုံ,မင်းညီ စုဝေးပြုလုပ်သော သဘင်ကိုလည်း မင်းပွဲသဘင်ဆို၏၊ သဘင်ဆိုသော စကား၏ လိုရင်းအကျဉ်းချုပ်မှာ လူတို့ စည်းဝေးရာကိုဆိုလေသည် ဖြစ်ကြောင်း။

ဤနေရာ၌ဆိုသောသဘင်သည်ကားကပွဲ,ခုန်ပွဲသဘင်ကိုဆိုလိုသည်၊ ထိုကပွဲ,ပျော်ပွဲသဘင်များသည် ထိုပွဲသဘင်အတွင်းမှာ နေပိုင်ပျော်ပါးစဉ်အခိုက်၌သာလျှင် ပျော်မြူးခြင်း ရတိမျှကိုသာရရှိ၍ ထိုပွဲသဘင်

ကခွါလာသောအခါ တစုံတရာမျှ အကျိုးဟူ၍ အဖတ်မတင်ရစ်ဘဲ အချည်းနှီးအလဟဿနှင့်သာ ပြန်ရလေ၏၊ ထိုမျှသာမဟုတ်သေး၊ ထို ပွဲလမ်းသဘင်၌ ပျော်ရွှင်စွဲလမ်းခြင်းတည်းဟူသော ရတိသည် လောကီ, လောကုတ္တရာ–နှစ်ဖြာသော စီးပွားများကိုလည်း စခန်းမတွင်အောင် နှောင့်ရှက်ဖျက်ဆီးတတ်လေသေးသည်၊ လောကုတ္တရာ၌မူကား အား ကြီးစွာ နှောင့်ရှက်ဟန့်တားတတ်လေသောကြောင့် ရှစ်ပါးသီလမှ စ၍ အထက်သီလကြီးများသို့ကျလျှင် နစ္စဂီတဝါဒိတ ဝိသုကဒဿနာ ဝေရမဏီ-ဟူ၍ ထိုကခုန်, သီဆိုခြင်းများကို သိက္ခာပုဒ်တခု ပြုလုပ်၍ ကွပ်ညှပ်တော်မူလေသည်။

လောကီဘက်၌မူကား ထိုပွဲလမ်းသဘင်များအတွက်နှင့် အလုပ် မတွင်နိုင်ခြင်း, စီးပွားလစ်ဟင်းခြင်း, ပျင်းရိထိုင်းမှိုင်းခြင်း, လူလေ လူ လွင့်တို့နှင့် ပေါင်းမိခြင်းစသော အကျိုးယုတ်တို့ကို ဖြစ်စေတတ်ကုန်၏၊ သဘင်ပွဲလမ်းများသည် ဥစ္စာပစ္စည်းမွဲသောသူဆင်းရဲတို့၏ အဆိပ်ဆို သည်မှာ ဥစ္စာပစ္စည်းမရှိသူမှာ မူလရင်းကမှ စားရန်မဲ့,သောက်ရန်မဲ့ ဖြစ်နေသောကြောင့် ပွဲလမ်းသဘင်သို့သွား၍ ပျော်ပါးမြူးတူးနေလျှင် ဆိုဘွယ်ရာမရှိ၊သာ၍ပင်ဆင်းရဲနွမ်းပါးခြင်းသို့ရောက်လိမ့်မည်၊ **''တနေ့ ချွတ် တလမွတ်''**ဆိုသော စကားအရ အလုပ်အကိုင် တနေ့လောက် ပျက်စီးလျှင် တလလောက် ငတ်မွတ်ရတော့မည်လိုလိုဖြစ်၍ နေသော ဆင်းရဲသားများမှာ ပွဲလမ်းသဘင် ပျော်ရွှင်မှုဖြင့် ဘယ်သို့အကျိုးရှိနိုင် လိမ့်မည်နည်း၊ ဥစ္စာပစ္စည်းကြွယ်ဝသော သူများအတွက်လည်း ပွဲလမ်း သဘင်သည် အဆိပ်မဖြစ်ဟူ၍ မဆိုလို–

သို့ရာတွင် ထိုသူတို့မှာ နဂိုမူလက ပစ္စည်းဥစ္စာလုံလောက်ပြီးသား ဖြစ်၍နေသောကြောင့် ပွဲလမ်းသဘင် ကြည့်ရှုပျော်ပါးရုံမျှနှင့် များစွာ မပျက်စီးလောက်သောကြောင့်သာ စည်းစိမ်ရှင် လူချမ်းသာတို့၏ အတွက် ပွဲလမ်းသဘင်ကို အဆိပ်မည်၏-ဟူ၍ အထူးမဆိုဘဲ ရှိလေ သည်၊ ဥစ္စာပစ္စည်းရှိသောသူတို့ပင် ဖြစ်လင့်ကစား ''သဘာသိလီ'' ဟု ဆိုအပ်သော သဘင်ကြူး, အပျော်ကြူး၍ နေပါလျှင် မုန်စွာပင် ပျက်စီးမည်သာဖြစ်၏၊နောက်ဆုံးတနေ့မှာ ထိုသူသည် လောကီစီးပွား ရေးဘက်သို့စိတ်မပါဘဲ လူလေ,လူလွင့်ထဲသို့သာလျှင် ပေါက်ရောက်

၍ သွားလိမ့်မည်-ဟု တွေးတောဆင်ခြင်၍ သိနိုင်သော အချက်ရှိလေသည်၊ သို့ရာတွင် ယခုအခါ ပွဲလမ်းသဘင်တို့၌ သက်ဝင်လိုက်စား၍ ကြည့်ကြသောသူများကို ထောက်ချင့်လိုက်သည်ရှိသော် ပစ္စည်းဥစ္စာရှိသောသူတို့ကနည်းပါး၍ လုပ်စား, ကိုင်စား ဆင်းရဲနွမ်းပါးသောသူတို့သာလျှင် များကြောင်းကို တွေ့ရှိရလေသည်၊ထို့ပြင် ယောကျ်ားနှင့်မိန်းမတို့ရှိလေသည့်အနက် မိန်းမဖြစ်သူများသည် ယောကျ်ားတို့ထက် ပွဲလမ်းသဘင်သွား၍ ကြည့်ရှုချင်သော စရိုက်ဝါသနာကြီးကြောင်းကို ပွဲသို့ဝင်၍ ဆင်ခြင်စဉ်းစားခြင်းအားဖြင့် သိနိုင်လေသည်။

လူကြီးနှင့်လူငယ်တို့တွင်လည်း လူငယ်တို့က လူကြီးတို့ထက်သာလွန်၍ ပွဲလမ်းသဘင် ပျော်ရွှင်လေ့ဝါသနာရှိကြကြောင်းထင်ရှားလေသည်၊ ဤနေရာ၌ ဆင်ခြင်တုံတရားဝင်၍ စဉ်းစားသည်ရှိသော် အဇ္ဈာသယ ဓာတ်သဘောသေးသိမ်၍ စိတ်ငယ်သောသူတို့သာလျှင် ပွဲလမ်းသဘင် ပျော်ရွှင်လိုလားကြောင်းကို ဆင်ခြင်နိုင်လေသည်၊အဇ္ဈာသယဓာတ်ခိုင်ခံ့မြင့်မား၍ စိတ်နှလုံးထွားသောသူတို့သည်မူကား ထိုပွဲလမ်းသဘင်အတွက်နှင့် တုန်လှုပ်ဖောက်ပြန်ခြင်းမရှိချေ-ဟု သိသာသည်၊ အချို့သောသူတို့သည် တနေ့လုံးလုပ်ကိုင်၍လည်း တပဲမျှလောက်သာ ရသောငွေများကို ညဉ့်အခါပွဲလမ်းသဘင်သို့သွား၍ အအိပ်ပျက်ခံလျက် ဖြုန်းတီး၍ပစ်လိုက်တတ်ကြလေသည်၊ နက်ဖြန်အတွက် စားသုံးရန်မရှိသော်လည်း ကိစ္စမရှိ၊ ယနေ့ညဉ့်ပွဲကြည့်ရလျှင် ငါတို့မှာ အမြတ်ဘဲ-ဟူ၍ တွေးတတ်ကြလေ၏။

အချို့သောသူတို့သည်လည်း ပွဲကြည့်သွားရန်စရိတ်မရှိလျှင် မိမိတို့၏ အဝတ်အစားကလေးများကိုလည်း ပွဲသွားရန် ပေါင်နှံတတ်ကြလေသည်၊ အချို့အလုပ်သမားကလေးများသည်လည်း ပွဲကြည့်လိုသည့်အတွက်နှင့် မနာ, မဖျားဘဲနှင့် ရက်ပျက်ခံပြီးလျှင် ပွဲကြည့်ခြင်းအားဖြင့် နေ့ရက်ကို ဖြုန်းတီးကြလေသည်၊ တလကိုနှစ်ဆယ်ရမည်ဆိုလျှင် ပွဲကြည့်၍ ဖြုန်းပစ်လိုက်သောရက်များအတွက် မိမိတို့ လခထဲမှ ခုနှိမ်ခြင်းကိုခံကြရလေသည်၊ ထိုသို့ဖြစ်ရာ၌ ဆင်ခြင်သည်ရှိသော် ထိုရက်ပျက်များသည့်အတွက် ရမည့်ငွေကိုလည်းမရ၊ ရရှိပြီးသောငွေကိုလည်း ဖြုန်းတီးစေသည်ဟု သိသာလေသည်၊ ဤသို့ဖြစ်ရခြင်း

ကား ပွဲလမ်းသဘင်အဖြစ်သင့်သည်ပင်မည်၏၊ ကျွန်ုပ်တို့နိုင်ငံသည် ပွဲလမ်းဝါသနာပါသောနေရာတွင် အတော်ပင် ထက်သန်သည် ဟူ၍ ဆိုလျှင် လွဲနိုင်မည်မဟုတ်ချေ၊ အကြောင်းမူကား ဗုဒ္ဓပူဇနကိစ္စနှင့် စပ်သော ဘုရားပွဲကိုပြုလုပ်ရာမှာပင် ပွဲများကို ထည့်သွင်းကြလေ သေးသည်။

ပွဲလမ်းသဘင်ပါမှလည်း ဘုရားပွဲစည်ကားသည်၊ ပွဲလမ်းသဘင် မပါလျှင် မစည်ကားဘဲ ခြောက်သွေ့ပျင်းငြီးဖွယ်ကြီး ဖြစ်လေသည်၊ ထိုသို့အလေ့အလာဖြစ်၍ နေသောကြောင့် ဘုရားပွဲပြုလုပ်ကြည့်ကြပ် သောလူကြီးတို့ကလည်း စည်ကားစွာရှိလေအောင် နိုင်ငံကြိုက်ဖြစ် သည့် ပွဲလမ်းသဘင်ကို လက်မလွှတ်နိုင်ဘဲ ထည့်သွင်းကြရဟန် သဏ္ဍာန်တူလေသည်၊ ထို့ပြင် အလှူပွဲ, ရှင်ပြုပွဲ, နားထွင်းမင်္ဂလာပွဲ စသည်တို့မှာလည်း ပွဲလမ်းသဘင်ကို ထည့်သွင်းလေ့ ရှိကြကုန်သည်၊ ထို့ကြောင့် ကျွန်ုပ်တို့မြန်မာနိုင်ငံမှာ ပွဲမပါလျှင် မပြီးသကဲ့သို့ ရှိကြ လေသည်၊ ယခုခေတ်မှာသာလျှင် ထိုကဲ့သို့ပွဲအလေ့အလာကို ဝါသနာ ပါ၍နေကြသည်မဟုတ်ပေ၊ ရှေးအခါ မြန်မာဘုရင် ထီးနန်းရှင်တို့ လက်ထက်ကပင်စ၍လာသော "အထက်က ဝါသနာပါရိုးကြီး"ပင် ဖြစ်လေသည်။

ထိုဝါသနာကို ပါးရှားအောင် နိုင်ငံတွင်းက မနှင်ထုတ်နိုင်သေး လျှင် နိုင်ငံပေါ်မှာ ဝန်လေးကြီးတခု ဖိစီး၍နေလျက်ပင် ရှိလေသေး သည်ဟူ၍ဆိုသော်လည်း မမှားနိုင်ရာ၊ အလုပ်အကိုင်အပူတပြင်း လက် ငင်းရှုပ်ထွေး၍နေသောသူသည် ပွဲလမ်းသဘင်ဘက်သို့ စိတ်ပါသက်ဝင် နိုင်မည်လော-ဟု စဉ်းစားလျှင် အမှန်မုချပင် ပွဲစိတ်ဝင်နိုင်မည် မ ဟုတ်ချေ၊ သူ့အလုပ်အကိုင်နှင့်သူ လက်မလည်နိုင်အောင်ပင် ရှိ နေလိမ့်မည်၊ အလုပ်, အကိုင်ကို မခင်မင်သော သူတယောက်သည် ပွဲ လမ်းသဘင်သံကြားလျှင် သူများအလျင်တင်ကြို၍ သွားရန်ပြင်ဆင် လျက်ရှိနေကြောင်းကို စဉ်းစားမိကြလိမ့်မည်၊သို့ဖြစ်၍ ပွဲလမ်းသဘင် သည် စိတ်သေးသိမ်သောသူ, အလုပ်မခင်မင်သောသူတို့ကို ခေါ်ငင် သွေးဆောင်နိုင်သည်-ဟူ၍ သဘောပေါက်နိုင်ကြလိမ့်မည်၊ ပွဲလမ်း သဘင်သို့ ကြည့်ရှုရန်အိမ်မှထွက်သည်ကစ၍ စိတ်အစဉ်သည် နဂိုမူလ

ရင်းမှ ပြောင်းသွားပြီးလျှင် ပျော်ပါးပေါ်လွင်သော စိတ်တို့သာ လျှင် ဖြစ်ကြလေကုန်၏၊ အိမ်တွင်သီချင်းကျယ်ကျယ် မသီဆိုဝံ့သော် လည်း ပွဲအသွားတွင် ကျယ်လောင်စွာသီချင်းသီဆိုနိုင်ကြကုန်၏။

ရယ်ခြင်းခြောက်ပါးတို့တွင် ကြမ်းသောရယ်ခြင်းမျိုးဖြင့် ရယ်ရွှင် ကြကုန်၏၊ ရှေးအခါ ဣန္ဒြေရှိသော်လည်း ပွဲသွားစဉ်အခါ နဂိုမူလက ကဲ့သို့ ဣန္ဒြေမရှိနိုင်ကြကုန်၊စိတ်တည်ကြည်သော သူတယောက်က မြင် သွားလျှင် "ဩော်-ဤယောကျ်ား,ဤမိန်းမသည် အစကတော့ တော် တော် ဣန္ဒြေရှိသည်ထင်မှတ်၍ထားရာ ယခုပုံမြင်ရတော့ ခပ်ပေါ့ပေါ့ ပါဘဲကလား" ဟု အထင်အမြင်သေးသိမ်၍ သွားတတ်ကုန်၏၊ ပွဲတွင်း သို့ရောက်သောအခါ မိမိကဂုဏ်ရှိစေကာမူ အများနှင့်ရောနှော ဆက်ဆံကာနေကြရသောကြောင့် ဂုဏ်ညှိုးခြင်းသို့ရောက်တတ်လေကုန် ၏၊ လူအများနှင့်ဆိုင်သော "ဘုံဘာသက" နေရာဌာနကြီး ဖြစ်၍ မည်သူမျိုးမဆို မိမိကိုလာ၍တိုးဝှေ့သော်လည်း တင်းမာစွာခုခံ၍ပြော ဆိုနိုင်ရန် အချက်မရှိချေ၊ မိကောင်း ဘခင် သား, သမီးများမှာ ပွဲသဘင်သည်သာ၍ပင် အဆိပ်နှင့်တူလေသေး၏။

တရားပွဲသဘင်, မင်းပွဲသဘင်စသော သဘင်ကောင်း, သဘင်မြတ် အစည်းအဝေးကြီးထဲမှာ မိမိ၏မျက်နှာကို ပေါ်ပေါ် လွင်လွင်ကြီး ထား၍ လူမြင်ခံရသော်လည်း ဂုဏ်မယုတ်ဘဲတိုး၍ပင်ဂုဏ်ရှိလေသေး ၏၊ကခုန်သီဆိုသောပွဲလမ်းသဘင်ထဲမှာလူ့အလယ်ကနေ၍မိမိမျက်နှာ ကြီးတခုကို ဖော်ပြ၍ထားရလျှင် အကယ်၍စဉ်းစားဉာဏ် အတော်ကြီး ပါလျှင် လွန်စွာစက်ဆုပ် ရွက်နိုးဖွယ်ရာကြီးဟု ထင်မြင်ကြပေလိမ့် မည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့၏ မျက်စိများသည်လည်း မမြင်လို သောအရာ, မြင်လိုသောအရာ-ဟူ၍ ပိုင်းခြားကန့်သတ်လျှင် မြင်လို သော အရာချည်းသက်သက်ကိုသာ မြင်နိုင်ခွင့်မရဘဲ အဆိုး,အကောင်း သောင်းပြောင်းတွေ့ကရာတွေကို ရှုမြင်ကြရလိမ့်မည်ဖြစ်ကြောင်း၊ ထို့ အတူ နားတို့ကလည်းကောင်းသည်, မကောင်းသည် ဟူ၍ မရွေးဘဲ ပြိုးပြွမ်း, သောင်းပြောင်း ကောင်း, မကောင်းတို့ကို ကြားသိရလိမ့် မည် ဖြစ်ကြောင်း။

သို့ဖြစ်၍ ပွဲတွင်းသို့ကျရောက်လေသောအခါ မိမိတို့၏ကိုယ်,စိတ်နှင့် နား,မျက်စိများကို ဖြစ်လိုရာဖြစ်၊ နစ်လိုရာနစ်စေတော့ဟု ပစ်စွန့်ထား လိုက်ရသည်နှင့် အလားသဏ္ဍာန်တူလေသည်၊ ကပြ, သီဆိုကြသော မင်းသမီး,မင်းသား, လူပျက်စသည်များတို့က ပြောကြားသမျှ တဏှာ ကိလေသာနှင့် စပ်ဆိုင်သည့်စကား, ဒေါသ-မာနနှင့် စပ်ဆိုင်သည့် စကားများကို ကြားသိရသောအခါတွင် ရှေးနဂိုပကတိကဖြူစင်သော စိတ်ပင်ဖြစ်စေကာမူ ထိုအခါတွင် အညစ်အကြေး စွန်းထင်ခြင်းကိုခံရ လေ၏၊ လူအများစုဆောင်းမိလျှင် စကားများ၍ရန်ခိုက်ဖြစ်ပွားတတ် သောအလေ့ ရှိသည့်အတိုင်း မိမိတို့ကိုယ်တိုင် ရန်ပွဲနှင့်မတွေ့ကြုံရသော် လည်း သူတပါးတို့၏ ခိုက်ရန်ဖြစ်ပွဲနှင့် တွေ့ကြုံရတတ်လေ၏၊ တရံတခါ မိမိတို့ပင် ကြားကဝင်၍ သက်သေပါတတ်လေသေး၏။

ကျွန်ုပ်တို့မြန်မာနိုင်ငံ၌ က,ပြလေ့ရှိကြသောပွဲသဘင်များသည် နေ ဝင်, နေထွက် တညဥ့်လုံးကို ဖြုန်းတီး၍ပစ်လေ့ ရှိကြသောကြောင့် လျောင်းစက်,အိပ်ပျော်ခြင်းဖြင့်အသုံးပြုနေကျဖြစ်သော ညဥ့်အချိန်ကို မအိပ်ရဘဲ လည်ပင်းတမော်မော်မျှော်၍ကြည့်ရှုကာထိုင်နေမှုဖြင့်အသုံး ပြုလိုက်ခြင်းကြောင့် ဇရိယာပုထ် ပျက်ပြား၍ နာဖျားခြင်း စသော ဓာတ်ပျက်ရောဂါ အမျိုးမျိုးတို့နှင့်လည်း တွေ့ကြုံတတ်လေ၏၊ တညဥ့် လောက်အအိပ်ပျက်လျှင် သုံး, လေးရက်လောက် အိပ်ရေးမဝနိုင်ဘဲ ဖြစ်သည့်ပြင် ပြုလုပ်နေကျဖြစ်သည့် အလုပ်အကိုင်များကိုလည်း မလုပ် ချင်ဘဲ ဓာတ်တွန့်၍ ပျင်းရိတတ်ကြလေကုန်၏၊ သို့ဖြစ်၍ သံသရာရေး သော, တမလွန်ရေးသော တရားသဘောနှင့် မပြောပါနှင့်ဦး၊ မျက် မှောက်ဒိဋ္ဌမှာ လက်ငင်းကြုံတွေ့၍ နေရသည့်အပြစ်မျိုးတွေက များလှ၍ “ပွဲလမ်းသဘင်ကို အဆိပ်ကြီးတခုဖြစ်သည်”ဟူ၍ စာဏကျဆရာကြီး မိန့်ဆိုလေသည်။

သို့ရာတွင် လူများအပေါင်းတို့၏စိတ်သည် ပျော်ရွှင်မှုနှင့်စပ်လျဉ်း သောအခါ မြေနိမ့်ရာသို့ ရေစီးသန်သည့်ပမာ လျင်မြန်စွာပါတတ် လေသောကြောင့် တရားပွဲ, အသင်းအစည်းအဝေးပွဲ စသည်များသို့ သွားရမည်ဆိုလျှင် ပြုလုပ်ရန်ကိစ္စတွေ ရှုပ်ထွေးစွာနှင့် မလိုက်,မပါလို သည့်အတွက် များစွာဆင်ခြေဝင်၍ ရှောင်ကွင်းတတ်ကြလေကုန်၏၊ သို့

ဖြစ်၍ ပွဲလမ်းသဘင်ကို အလျဉ်းပင်ဖြတ်တောက်၍ ရနိုင်ဘွယ်ရာလည်း အကြောင်းမရှိချေ၊ **''တန်လျှင်ဆေး၊လွန်လျှင်ဘေး''** ဆိုသည့်အတိုင်း ပွဲလမ်းသဘင်အတွက် ဝါသနာအထုံစွဲ၍ လိုက်စားလွန်းလျှင်သာ အဆိပ်ဖြစ်သည်ဟူ၍ စာဏကျဆရာကြီးဆိုလိုသည်၊ တနည်းအားဖြင့် ကြည့်လိုက်ပြန်သည်ရှိသော် ပွဲလမ်းသဘင်သည် လူအများတို့၏စိတ်ကို တက်ကြွလေအောင် နှိုးဆော်သွေးဆောင်သော အရာဖြစ်၍ ပြဆိုခဲ့ပြီးသောအပြစ်တို့နှင့် လွတ်ကင်းလေအောင် တရံတခါ သွားလာခြင်းကို မူကား များစွာအပြစ်မဆိုထိုက်ချေ။

နိုင်ငံရေးနှင့်စပ်လျဉ်း၍ ဆိုသည်ရှိသော် ကျွန်ုပ်တို့ မြန်မာပြည်တွင်ရှိသော ပွဲလမ်းသဘင်များသည် အခြားနိုင်ငံကငွေကို ရအောင်ပြုလုပ်ကျင်းပနိုင်ရန် လွန်စွာရှားပါးလေသည်၊ ကိုယ့်နိုင်ငံထဲတွင်သာ လူစွမ်းကောင်းလုပ်၍ အစွမ်းထုတ်ပြီးလျှင် အချင်းချင်း၏ ငွေကိုသာလှည့်လည်၍ ယူဆောင်နိုင်ကြလေသည်၊ အခြားနိုင်ငံကဖြစ်သော ဇာတ်ပွဲ, ဆာကပ်ပွဲ, ခတ်ရုပ်ရှင်ပွဲ,မျက်လှည့်ပွဲကြီးများသည်ကား တိုင်းနိုင်ငံတပါးသို့လှည့်လည်၍အမျိုးခြားတို့၏ငွေများရကိုအောင်ပြု၍ယူဆောင်နိုင်ကြကုန်သည်၊ ကျွန်ုပ်တို့နိုင်ငံသို့ ရောက်လာကြသော ဖါရစီပွဲ, အင်္ဂလိပ်ပွဲ, ဂျပန်ပွဲစသည်များကို ထောက်ထားလေ၊ အခြားနိုင်ငံသားတို့၏ ပွဲများတွင် ဝင်ရောက်ကြည့်ရှုကြသည့်အတွက်နှင့် ကျွန်ုပ်တို့မြန်မာလူမျိုး၏ လက်ထဲမှ ထွက်သွားသောငွေများသည် နှစ်စဉ်နှစ်တိုင်းအတော်ကြီးပင်များပေလိမ့်မည်၊ ထိုနိုင်ငံခြားလူမျိုးတို့၏ပွဲကို ကျွန်ုပ်တို့မြန်မာများ ကြည့်ရှုကြသောအခါ အချို့လည်း ပြောဆိုသောစကားကိုနားလည်ကြ၏၊ အချို့လည်းနားမလည်ကြကုန်၊ သို့ရာတွင် အဆင်, အပြင်,အခင်း,အကျင်း ကိုယ်ဟန်,လက်ဟန်များကို ဆန်းပြားသည်ထင်၍ ကြည့်ရှုကြကုန်၏။

ထိုနည်းကို အတုခိုးပြီးလျှင် ကျွန်ုပ်တို့ မြန်မာလူမျိုးထဲကလည်း ပွဲလမ်းသဘင်တည်ထောင်သူများသည် ကိုယ့်နိုင်ငံတွင်းမှာသာ အစွမ်းထုတ်၍ မနေကြဘဲ နိုင်ငံခြားသားများကဲ့သို့ အခြားနိုင်ငံကငွေများကို ရရှိလေအောင် ကြံဆောင်နိုင်ကြပါမူကား လွန်စွာပင် သင့်လျော်သော အချက်ဖြစ်လေသည်၊ မြန်မာပြည်၌ ပွဲလမ်းသဘင်များ၏ အခြေအနေ

သည် ရှေးအခါနှင့်စာလျှင် ယခုအခါ ဗဟုသုတ-အကြား,အမြင်များ ကြသဖြင့် အတော်အတန်နေရာတကျရှိ၍ လာပြီဖြစ်လေသည်။

မြန်မာလူမျိုးတို့၏တီးမှုတ်ကြသော တူရိယာများနှင့် သီဆို,က,ပြ ကြသော နစ္စဂီတများသည် အတော်ယဉ်ကျေးသဖြင့် အောက်တန်းသို့ ကျရောက်သည်လည်းမဟုတ်ချေ၊သို့ရာတွင် ပွဲသဘင် က,ပြရာ၌ တညဉ့်လုံး အချိန်ကိုကုန်လွန်စေသော အပြစ်သည်မူကား မကင်းရှင်းလေသေး၊ ဤကဲ့သို့ နိုင်ငံခြားသားများကဲ့သို့ ပွဲသဘင်အတွက်မှာ အားတက်ဘို့ ကျွန်ုပ်တို့ပြဆိုသည်မှာ နိုင်ငံရေးအတွက် ငွေဝင်,ငွေထွက်နှင့် ထောက်စာ၍ ဆိုခြင်းသာ ဖြစ်လေသည်။

[ဤကား ပွဲလမ်းသဘင်သည် သူဆင်းရဲ၏ အဆိပ်ဖြစ်ကြောင်းနှင့် စပ်၍ ဆိုသောစကားပေတည်း။]

၄။ ဝုဒ္ဓသ တရုဏီ ဝိသံ-ဆိုသော စကားအရ မိန်းမပျိုသည် သူအိုကြီး၏အဆိပ်ဆိုသော စကားတွင် မိန်းမပျို-ဆိုသောစကား၌ ဂေါရီရွယ်,ကုမာရီရွယ်,ကညာရွယ်,တရုဏီရွယ်များကိုမိန်းမပျို-ဟူ၍ ဆိုသည်၊ ထိုမိန်းမပျိုများနှင့်ပေါင်းသင်းဆက်ဆံသောသူအိုယောကျ်ားတို့သည် များစွာအဆိပ်သင့်တတ်လေသောကြောင့်"မိန်းမပျိုသည် သူအို၏အဆိပ်" ဟူ၍ စာဏကျဆရာကြီးမိန့်ဆိုလေသည်၊ အဆိပ်မည်ကြောင်းကို ၎င်းစာဏကျနီတိဋီကာ၌—

ဝုဒ္ဓသ ဇနဿ တရုဏီယုဝတီဘရိယာ ဝိသံ တဿ မနောရဋ္ဌနေ အသာမတ္ထိယတ္တာ တန္နိဗန္ဓနာ ယေဘုယျေန အနတ္ထုပရမ္ပရာဘာဝါ—

ဟူ၍ ဖွင့်ဆိုလေ၏။

**၎င်းဋီကာ၏အနက်။** ။ဝုဒ္ဓဿဇနဿ၊ သူအိုကြီးအား။တရုဏီယုဝတီဘရိယာ၊ ပျိုရွယ်သော မယားသည်။ ဝိသံ၊ အဆိပ်မည်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ တဿ၊ထိုမိန်းမပျို၏။မနောရဋ္ဌနေ၊ စိတ်အလိုသို့ ကျလေအောင်။ အသာမတ္ထိယတ္တာ၊ မစွမ်းဆောင်နိုင်သောကြောင့်လည်းကောင်း။ တန္နိဗန္ဓနာ၊ထိုမိန်းမပျိုနှင့်စပ်ယှဉ်ရခြင်းကြောင့်၊ ယေဘုယျေန၊ များသောအားဖြင့်။ အနတ္ထုပရမ္ပရာဘာ-

ဝါ၊ အကျိုးယုတ်, အကျိုးနည်းတွေ အဆင့်ဆင့်များတတ်လေသော ကြောင့်လည်းကောင်းတည်း။

**ဆိုလိုရင်းမှာ။** "သူအိုကြီးသည် ပျိုရွယ်နုနယ်သော မယား၏ စိတ်အလိုဆန္ဒသို့ မလိုက်နိုင်သောကြောင့် လည်းကောင်း၊ ထိုမိန်းမပျိုနှင့် ပေါင်းသင်းဆက်ဆံရသည့်အတွက် အလိုလိုက်ရခြင်း, ညှာတာရခြင်း, ယုယုယယပြုလုပ်ရခြင်း, စိုးရိမ်မကင်းဖြစ်ရခြင်း-စသော အကျိုးယုတ်များဖြစ်ပွားတတ်သောကြောင့် အဆိပ်မည်၏-ဟူ၍ ဆိုလိုသည်။

ပျိုရွယ်သောသူသည် အိုမင်းသောသူထက် ရုပ်အားဖြင့်လည်းထက်သန်သည်၊ စိတ်ဓာတ်သဘောအားဖြင့်လည်း ထက်သန်သည်၊ သန်မြန်သောသူနှင့် နုံနှေးယွင်းယိုသောသူကို ယှဉ်ဘက်၍ထားလိုက်လျှင် အတန်ကြာလေက ထက်သန်သောသူကသာ လွှမ်းမိုး၍ နုံသောသူက အရာရာမှာ အရှုံးပေးရတတ်လေ၏၊ ရုပ်ဓာတ်စိုပျို ထက်သန်လျှင် ကာမဂုဏ်နှင့်စပ်သော စိတ်ဓာတ်များလည်း ထက်သန်လေသောကြောင့် ဓာတ်နုံ၍နေသော သူအိုကြီးသည် ပျိုသောမိန်းမ၏ အလိုနိုင်ငံသို့လိုက်ပါနိုင်ရန် လွန်စွာခဲယဉ်းလေသည်၊ အလိုမကျတိုင်း မိန်းမဖြစ်သူကမျက်နှာထားလျှင် သက်ကြားအိုကြီးမှာ လွန်စွာစိတ်ရှုပ်ထွေးခြင်းနှင့် တွေ့ကြုံရလေ၏၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကလည်း ပရာဘဝသုတ္တန်တွင် "အရွယ်လွန်ပြီးသော သက်ကြားအိုကြီးဖြစ်လျက် ငယ်ရွယ်သောမိန်းမပျိုနှင့် ထိမ်းမြားစုံဖက်လျှင် ပျက်စီးကြောင်းဖြစ်သည်" ဟူ၍ ဟောတော်မူလေသည်။

အတီတယောဗ္ဗနော ပေါသော၊
အာနေတိ တိမ္ဗရုတ္ထနိံ။
တဿ ဣဿာ အသဒ္ဓါစ၊
တံ ပရာဘဝတော မုခံ။ ။

**အနက်။** "အတီတယောဗ္ဗနော၊ အရွယ်လွန်ပြီးသော။ ပေါသော၊ သူအိုသက်ကြားကြီးသည်။ တိမ္ဗရုတ္ထနိံ၊ ပျိုရွယ်နုမျစ်သော မိန်းမကို။ အာနေတိ၊ ထိမ်းမြား၍ယူဆောင်၏။ တဿ၊ ထိုလင်ကြီး

အား။ ဣဿာစ၊ မိန်းမပျိုအတွက်နှင့် တသက်သက် မနာလိုခြင်းသည်လည်းကောင်း။ အသဒ္ဓါစ၊ မိန်းမပျိုကလေးကြောင့် တွေး၍မယုံကြည်ခြင်းသည်လည်းကောင်း။ ဟောတိ၊ ဖြစ်ရတတ်၏။ တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုသက်ကြီးရွယ်အိုမိန်းမပျိုနှင့် ထိမ်းမြားခြင်းသည်။ ပရာဘဝတော၊ ပျက်စီးခြင်း၏။ မုခံ၊ အကြောင်းရင်းပေတည်း။

ဤပါဠိတော်ကိုရည်၍ လောကနီတိပျို့၌—

"သေတ္တိုလည်းနီး၊သက်ကြီးသူအို၊ကြင်ရာလို၍၊ နုပျိုပြင်လျာ၊ ကေသာနက်မည်း၊ စုလည်းထုံးသင်၊ ရွှေရင်စို့စ၊ အလှပြာဖြူ၊ ယယ်မှု,ယယ်မာန်၊ ယယ်ဟန်မပျောက်၊ ချစ်လောက်စဖွယ်၊ မိန်းမငယ်ကို၊ အကယ်သမှု၊ ကြင်ရာပြုသော်၊ သူ့အတွက်ကြောင့်၊ စိုးနှောင့်ဗျာပါ၊ ပျက်စီးရာဟု၊ မြတ်စွာဘုရား၊ ဟောကြားဒေသနာ"—

ဟူ၍စပ်ဆိုလေသည်၊ သြဝါဒထူးပျို့၌လည်း—

"ဆင်းရဲ၀တီ၊အိုမင်းပြီလျှင်၊ကုမာရီအောက်၊ ကညာပေါက်နှင့်၊ မှားမှောက်လွဲလျက်၊ အိမ်ထောင်ဘက်အံ့၊ပျက်ပျက်ပြယ်ပြယ်၊ ကဲ့ရဲ့ဘွယ်တည်း"—

ဟူ၍ စပ်ဆိုလေသည်။

ထိုကဲ့သို့ မိန်းမပျိုသည် သူအိုသက်ကြားကြီး၏ အဆိပ်မည်ကြောင်း, ပျက်စီးကြောင်းဖြစ်သည် ဆိုငြားသော်လည်း ယခုလောကဖြစ်နေပုံနှင့် ဆင်ခြင်စဉ်းစားလိုက်သည်ရှိသော် ဥစ္စာပစ္စည်းပေါများသော သူအိုကြီးအချို့တို့သည် မိမိတို့၏ ဥစ္စာ,ရွှေ,ငွေတို့က မြှောက်ပင့်သည့်အတွက်ကြောင့် "**ဆန်ပေးလျှင်ဆေးရ၊ငွေပေးလျှင် အပျိုကလေးရ**" ဆိုသော စကားပုံကို အားကိုးပြီးလျှင် မိမိတို့အသက်နှင့် မထောက်အပျိုပေါက်ကလေးတွေကို မျက်စောင်းထိုးသူကထိုး၊ထိမ်းမြားသူကထိမ်းမြား၍ယူကြလေသည်၊ "**နွားအို မြက်နုကြိုက်**" ဆိုသော စကားပုံအတိုင်း သူအိုသက်ကြားကြီးတို့က ကာလသားများထက်ပင် အနု, အနယ်ကိုကြိုက်နှစ်သက်ကြလေ၏။

နပျိုသောမိန်းမတို့နှင့် ပေါင်းသင်းကြသောအခါ လူကပင်အိုသော်လည်း စိတ်ပျို၍လာကြပြီးလျှင် "**နွားပျိုသန်လှဆိုလျှင် နွားအိုပေါင်ကျိုးသလောက်ရှိသည်**"ဆိုသောစကားပုံကို အားကျ၍ ဝတ်ပုံ, စားပုံ,သွားပုံ, လာပုံမှစ၍ ကာလသားကလေးများထက်ပင် အားကြိုးမာန်တက်လောကီရေးကို အားထုတ်ကြလေသေး၏၊ ဤကဲ့သို့ သေမင်းနှင့်ချုပ်ဆိုထားသော မရဏာစာချုပ်နေ့ရက်နီးလှပြီဖြစ်သော အဘိုးကြီးတို့က ငွေကိုအားကိုးပြီး ပျိုရွယ်သောမိန်းမများနှင့် ထိမ်းမြားလေ့ရှိကြသည်ကို အကြောင်းပြု၍ ပညာရှိတို့က အောက်၌ပါသောတေးထပ်ကို ရေးသားစီကုံးကြလေသည်။

**တေးထပ်**

"ငွေအရှိန်တန်ခိုးညို့လေတော့၊အဘိုးအို့မာန်ငင်၊တမျိုးကိုယ့်ဟန်ပြင်သည်၊ ဥက္ကာဆင်ကာကူပင့်။ ။ပျိုရွယ်ခေတ်နကညာကို၊သူ့ခများ မှန်းရွယ်လို့လင့်။ ။မြက်နုကြိုက် နွားအိုလို၊ တအားကိုသူမြင့်၊ တပါးပျိုအမူဆင့်လိုက်တော့၊ မယူသင့်ယူတန်။ ။မဆင်ခြင် တဏှာယုတ်ကယ်က၊ သပြာထုတ်ပေး၍သာကြံ။ ။နွားပျိုထက် နွားအိုသန်သလို၊ အားပိုရန်ရမွက်ဆွပါလို့၊ အရှက်ကမှ တွေးချင့်ရှာဘောင်၊ ဝေးလွင့်ခွါရှောင်။ ။ဝတ်စားနှ သစ်လွင်ပြောင်တယ်၊ ချစ်ချင်အောင်ဖန်တီးလို့လေး····"။

ထိုသူအိုတို့၏ စိတ်ထဲမှာ မိမိနှင့်အရွယ်မတူဘဲ ပျိုနုသောသူငယ်မကလေးကိုရသည့်အတွက်"အတော်ဟုတ်တဲ့ ငါဘဲ"ဟု အထင်ကြီးမြင့်စွာနှင့် တကိုယ်တည်းတွေး၍ ဝမ်းသာကောင်းဝမ်းသာကြပေလိမ့်မည်၊ သို့ရာတွင် အဆိပ်သင့်သောအနေအားဖြင့် ဝန်ကြီး၍ လေးလံလာခြင်းကိုခံရသည်မှာ မိမိကချစ်နှစ်သက်သလို ချစ်ခင်အောင်အဝတ်, အစားမှစ၍ များစွာဂရုစိုက်ကြရကုန်၏၊ မတွေ့ရဘူးသည်ကို အထူးတွေ့ရသည်ယောင်ယောင် စိတ်ကထင်မှားလေသောကြောင့် မည်သည့်နေရာမှာမဆို ယုယုယယ, မှုတ်တော့မလောက်, မျိုတော့မလောက် ချော့မော့ကာ အလိုလိုက်ကြရကုန်၏၊ မိမိနှင့်အရွယ်မတူ

သည့်အတွက်နှင့် "ငါ့အပေါ်မှာ လုံးလုံးကြီးပုံ၍ ချစ်သည်"ဟု မယုံကြည်နိုင်ဘဲ စိတ် စနေဝင့် စနင်းဖြစ်ပြီးလျှင် တကြောင့်ကြကြနှင့်သာနေရလေ၏။

ပျို့ရွယ်တင့်တယ်သော အခြားယောကျ်ားများနှင့် စကားပြောဆိုခြင်းကိုမနှစ်သက်၊ အယုတ်သဖြင့် ယောကျ်ားတပါးကို မကြည့်ရှုစေလိုသော ဝန်တိုလုံးကြီးဖိစီးနှိပ်စက်၍နေ၏၊ ထို့ကြောင့် သူ၏ပျို့ရွယ်သောမယားအတွက်နှင့် မျက်စိအလစ်မခံရဲအောင်ပင် ကျပ်တည်းစွာစောင့်ရှောက်ရလေ၏၊ ရှေးအခါက ကုသိုလ်သဘော, တရားသဘောသက်ဝင်သော်လည်း မိန်းမပျိုနှင့်ပေါင်းသင်းသည်ကစ၍ကုသိုလ်သဘောများသည် ခဝါချ၍ ပစ်သကဲ့သို့ပင် ဖြူစင်လေ၏၊ မနာလိုခြင်း, ဝန်တိုခြင်း, စိုးရိမ်ကြောင့်ကြ ဗျာပါဒများခြင်း, မျက်နှာမလွှဲဝံ့ခြင်းစသော အကုသိုလ်စိတ်တို့ဖြင့်သာလျှင် နေ့ရက်ကိုကုန်လွန်စေရလေ၏၊ မိမိမယားအပေါ်မှာလည်း လွတ်၍မယုံကြည်နိုင်ဘဲ ယုံမှားသကာ ဝိစိကိစ္ဆာ-တထွေးရှုပ်ရှုပ်နှင့်သာ နေလေ၏၊ မယားဖြစ်သူက မထီမဲ့မြင်, မခံ့မညား ပြုလုပ်သော်လည်း စိတ်မဆိုးရက်နိုင်ဘဲ ခန္တီဝါဒရှင်ရသေ့ကြီးကဲ့သို့ သည်းခံခြင်းပါရမီကို ခိုင်ခိုင်လုံလုံကြီး ဖြည့်လေ၏။

မိမိကအရွယ်အိုရ၍ နေသောကြောင့် စိတ်ပျို့ကိုယ်နုဖြစ်လေအောင် နုနယ်ဖြော့တော့သော အဝတ်အစားများကိုသာ ဆင်ယင်တတ်လေ၏၊ မိမိမယားပျိုကလေးက မျက်နှာချိုသွေးလိုက်လျှင် အသက်ရှူမှားတော့မလောက် ဝမ်းမြောက်တတ်လေ၏၊ ပစ္စည်းဥစ္စာများကိုချွဲနွဲ့ မူယူ၍တောင်းလျှင် ဆန္ဒာဂတိ ရမ္မက်ငြိလျက် ရှိနေသောကြောင့် အလိုရှိသမျှပေးကမ်းတတ်၏၊ မိန်းမဆွေမျိုးဘက်သို့ အိုးထဲမှရေကိုစောင်း၍သွန်လိုက်ဘိသကဲ့သို့ ကုန်ကုန် ခန်းခန်း ပေးကမ်းရက်ရော မနှမြောဘဲရှိတတ်လေ၏၊ ပျို့ရွယ်သောသားမယားအတွက် များစွာသောအပျက်အစီးတို့နှင့် တွေ့ကြုံရလေကုန်သည်၊ ထိုသို့ဖြစ်မှုကို သူအိုကြီးမှာ အဆိပ်သင့်သည်ဟူ၍ ဆိုသည်။

ပျိုသော မိန်းမတို့ဘက်ကနေ၍ ကြည့်ရှု ဆင်ခြင်လိုက်ပြန်သော် အရွယ်မတူသော သက်ကြားအိုကြီးကို ကြိုက်နှစ်သက်ခြင်းမှာ စင်စစ်မေတ္တာပေမ-ဟုတ်နိုင်ရန် အကြောင်းမရှိချေ၊ ရွှေ, ငွေမျက်နှာကို

ကြည့်၍ အဘိုးကြီး၏ မျက်နှာကိုနောက်ထားလျက် နှစ်သက်ခြင်းဖြစ်ပေလိမ့်မည်၊ ကိုယ်ချင်းစာတရားဖြင့်နှိုင်းဆ၍ကြည့်ရှုသည်ရှိသော် မည်သူမဆို မိမိနှင့်သက်ရွယ်မမျှသော သူအိုကြီးတို့နှင့်ပေါင်းသင်းဆက်ဆံရန် အမှန်စက်ဆုပ်ပေလိမ့်မည်၊ မိမိနေ့စဉ်တွေ့မြင်၍ နေရသောသူကို မျက်စိထဲမှာ ချစ်ခင်ဘွယ် ဣဋ္ဌာရုံအနေအားဖြင့်မမြင်ရလျှင် အဘယ်မှာ နှစ်သက်ဝမ်းမြောက်နိုင်ပါအံ့နည်း၊ ဝေဿန္တရာဇာတ်၌ ဇူဇကာပုဏ္ဏားအိုကြီး၏ ဇနီးကြင်ရာဖြစ်သော မိန်းမပျိုအမိတ္တာပုံ အခန်းကိုကြည့်လျှင် လင်အိုကြီးနှင့်နေရသောမိန်းမတို့၏ စိတ်သဘောသွားကိုထင်ရှားစွာ သိနိုင်လေသည်။

ဇူဇကာပုဏ္ဏားကြီးကား အလွန်အိုမင်း၍ အမိတ္တာပုံကား ပျိုရွယ်သော မိန်းမငယ်ဖြစ်၏၊ ထိုအမိတ္တာပုံကို အခြားသောမိန်းမများက ရေဆိပ်တွင်မိန်းမချင်းချင်း အတင်းပြောကြားကြသည်မှာ—

''အို—အမိတ္တာပုံ····ငါတို့မိန်းမသားများမှာ အရွယ်တူသောသူနှင့် အိမ်ထောင်ဘက်မပြုရဘဲ အိုသောသူနှင့်အိမ်ထောင်ဘက်ပြုရခြင်းသည်ကား အဆင်းရဲဆုံး ဖြစ်လေသည်၊ ထိုသို့လင်အိုကြီးနှင့် အတူတကွပေါင်းသင်းဆက်ဆံ၍ နေရခြင်းမှာ ငါတို့မိန်းမသားများမှာ ဘယ်အခါမှ လှလှပပ, ဝဝလင်လင် တင်းတိမ်ရောင့်ရဲစွာသော ရွှင်လန်းခွင့်ကိုမရနိုင်ဘဲ အိပ်ရေးမဝသောသူ, ထမင်းစားမြိန်၍မဝမီ ထမင်း, ဟင်း ကုန်သွားခိုက်နှင့် တွေ့ကြုံရသောသူတို့ကဲ့သို့ ဖြစ်လေသည်၊ ထိုကဲ့သို့စိတ်တိုင်းမကျ, ပျော်ရွှင်ခြင်းမဝနိုင်သော လင်အိုကြီးများနှင့်အတူနေထိုင်၍ အသက်ရှင်ရခြင်းထက် သေရသည်ကမြတ်ပါသေး၏၊

ငါတို့မိန်းမများမှာ အဆင်းရဲဆုံးဒုက္ခသည်ကား စိတ်အလိုမကျစရာကောင်းသော လင်အိုကြီးနှင့် ပေါင်းသင်း ဆက်ဆံရခြင်းပင်တည်း၊ မွေ့ခဲခံရခြင်းမှာလည်း ငါတို့ မိန်းမများမှာဒုက္ခမဟုတ်၊ ဓါး, လှံ, သေနတ် ထိမှန်ခြင်းကို ခံရခြင်းမှာလည်း ငါတို့မိန်းမများမှာ ဆင်းရဲဒုက္ခမဟုတ်၊ စင်စစ်မှာ အတူတကွနေရသော လင်အိုကြီးကို နေ့စဉ်တွေ့မြင်၍နေရခြင်းသည်သာ

လျှင် ဆင်းရဲဒုက္ခအမှန်ဖြစ်လေသည်၊ အို–အမိတ္တာပုံ….စဉ်းစားပါလော့၊ မြင်ပြင်းကပ်စရာကောင်းသော အခြားအရာများကို မကြည့်ချင်, မမြင်ချင်လျှင် မျက်နှာလွှဲ၍ နေနိုင်ပါသေး၏၊ မြင်ပြင်းကပ်စရာကောင်းသော တအိမ်တည်းနေဖြစ်သည့် ကိုယ့်လင်အိုကြီးကိုမူကား မျက်နှာလွှဲ၍ နေရန်လည်း လွန်စွာခက်ခဲလေသည်၊ မျက်စိနှစ်လုံးကိုဖွင့်၍ ကြည့်ရကတည်းက ကြည့်၍အရသာမရှိသော လင်အိုကြီးကိုမြင်ရပါလျှင် လူ့ဘဝကိုရသော ငါတို့၏မျက်စိကား ရှုံးခြင်းကြီး ရှုံးလေသည် မည်၏။

ဘုရားသွား, ကျောင်းတက်, ပွဲလမ်းသဘင်ရေးကိစ္စမှစ၍ လောကဓမ္မတာအတိုင်း ရှေ့သွား,နောက်လိုက်“ရောင်သွားရာ ဆံထုံးပါ” ဆိုသည့်အတိုင်း အတူတကွ ယှဉ်တွဲ၍သွားရန်မှာလည်း များစွာပင်ရှက်ဖွယ်ရှိလေ၏၊ မြင်လိုက်ရသော သူများကလည်း ထိုသို့ ရှေ့သွား, နောက်လိုက် မညီသည်ကိုမြင်လျှင် အထူးဂရုစိုက်၍ကြည့်ရှုပြီးကာ မေးငေါ့၍သော်လည်း ပြုံးတတ်၏၊ လင်အိုကြီးနှင့်ပေါင်းသင်းရသော မိန်းမများမှာ ဈေးရှုံးပြီးသားဖြစ်၍မိတ်ဆွေခင်ပွန်းများနှင့်တွေ့သောအခါ ကိုယ့်လင်၏ဂုဏ်ပုဒ်များကို ထုတ်ဖော်၍ ပြောဆိုခြင်းငှါလည်း နှုတ်ကမထွက်ဝံ့အောင်ပင် ခပ်ရှို့ရှို့ရှိတတ်လေ၏။

ထိုလင်အိုကြီးနှင့် အချင်းချင်းချစ်တင်းဆို၍ ပြုံးရယ်ကာနေသော်လည်း အရသာရှိမည်မဟုတ်ချေ၊ ပြုံးရွှင်သော လင်၏မျက်နှာကိုမြင်ရလျှင် ပါးစပ်ဖွင့်တိုင်း သွားကျိုးသည်များကိုမြင်ရ၍ ရှုံ့တွသောအသား, အရေတို့ကိုသာလျှင် ထင်ရှားစွာတွေ့မြင်ရကုန်၏၊ စေ့စေ့ကြည့်လိုက်တိုင်း အသုဘကမ္မဋ္ဌာန်းကောင်းကြီးကို ရှေ့ကပြ၍ထားဘိသကဲ့သို့ ဖြစ်နေရာ ဘယ်မှာရွှင်ပျခြင်း ဖြစ်နိုင်ပါမည်နည်း၊ လောကီစည်းစိမ်ကို လို၍အိမ်ထောင်ဘက်ကိုရှာပါသော် လင်အိုကြီးနှင့် တွေ့ကြုံရပါက လောကီစည်းစိမ်မှာ နေနေသာသာ အသုဘကမ္မဋ္ဌာန်းထင်၍ မသွားရအောင်ပင် အတော်ကြီးစိတ်ကို ပွဲပြင်ရပေလိမ့်မည်၊

သို့ဖြစ်၍ မိန်းမပျိုသည် လင်အိုကြီးနှင့် ပေါင်းသင်းရသဖြင့် တဘဝ ဆုံးလေပြီ-ဟူ၍သာ မိမိကိုယ်ကို အရှုံးစာရင်းတွင် တင်သွင်းရန် သင့်လေတော့သည်”—

ဟူသော အဓိပ္ပါယ်မျိုးနှင့် အမိတ္တာပုံကို ဝိုင်းအုံ၍ပြောဘူးသော ဇာတ်တော်များ ရှိလေသည်။

ဝေဿန္တရာဇာတ် အမိတ္တာပုံခဏ်းတွင် လာသောဂါထာများအနက် ဗဟုသုတဖြစ်စေရန် အောက်၌ပါသော ဂါထာသုံးပုဒ် ထည့်သွင်း လိုက်ပါသတည်း။

အမနာပဝါသံ ဝသိ၊
ဇိဏ္ဏေန ပတိနာ သဟ။
ယာ တွံ ဝသသိ ဇိဏ္ဏဿ၊
မတန္တေ ဇီဝိတာ ဝရံ။ ။

**အနက်**။ အယျေ၊ ရှင်မ။ တွံ၊ သင်သည်။ ဇိဏ္ဏေန၊ ကုန်းကွ, သွား ကြွေ သား,ရေရှုံ့တွ ဇရာကျသော။ ပတိနာ။ လင်အိုကြီးနှင့်။ သဟ၊ အတူတကွ။ အမနာပဝါသံ။ ပျော်ရွှင်ခြင်း မတင်းတိမ်၍ စိတ်မမြိန် ဖွယ်သောနေခြင်းကို။ ဝသသိ။ မချမ်းမသာ နေရရှာဘိ၏။ ယာ-တွံ၊ အကြင်သင်သည်။ဇိဏ္ဏဿ။ လင်အိုကြီး၏။ဝသံ။အလိုနိုင်ငံသို့။ ဝသသိ၊ လိုက်၍နေရရှာ၏။တေ၊သင်အား။ ဇီဝိတာ၊ ဤအသက်ရှင်၍နေရခြင်း ထက်။မတံ၊ သေရခြင်းသည်။ဝရံ၊မြတ်လေသေး၏။

န ဒုက္ခံ အဟိနာဒဋ္ဌံ၊
န ဒုက္ခံ သတ္တိယာ ဟတံ။
တဉ္စ ဒုက္ခဉ္စ တိဗ္ဗဉ္စ၊
ယံ ပဿေ ဇိဏ္ဏကံ ပတိံ။ ။

**အနက်**။ ။ယုဝတိယာ၊ မိန်းမပျိုအား။ အဟိနာဒဋ္ဌံ၊ မြွေကိုက် ခံရခြင်းသည်။နဒုက္ခံ၊ဆင်းရဲမဟုတ်သေး။ သတ္တိယာ ဟတံ၊ဓား, လှံဖြင့် အထိုးခံရခြင်းသည်။ နဒုက္ခံ၊ဆင်းရဲမဟုတ်သေး။ဟိ၊ စင်စစ်သော်ကား။ ဇိဏ္ဏကံ ပတိံ၊ လင်အိုကြီးကို။ ယံ-ပဿေ၊ အကြင်နေ့စဉ် တွေ့မြင် ပေါင်းသင်း၍ နေရလေ၏။ တံ၊ ထို မြင်ပြင်းကပ်စရာကောင်းသည့်

လင်အိုကြီးကို တွေ့မြင်ပေါင်းသင်း၍ နေရခြင်းသည်သာလျှင်။ယုဝတိ-ယာ၊ မိန်းမပျိုအား။ ဒုက္ခံ၊ ဆင်းရဲအစစ်ကြီးလည်းမှန်၏။ တိဗ္ဗံ၊ အခံခက်အောင် သက်သက် ပျင်းမုန်းဘွယ်ကြီးလည်း ဖြစ်ပေ၏။

နတ္ထိ ခိဋ္ဌာ နတ္ထိ ရတိ၊
ဇိဏ္ဏေန ပတိနာ သဟ။
နတ္ထိ အလ္လာပသလ္လာပေါ၊
ဇဂ္ဃိတုံပိ န သောဘတိ။ ။

**အနက်။** ။ဇိဏ္ဏေန ပတိနာ၊ လင်အိုကြီးနှင့်။ သဟ၊ အတူတကွ။ ခိဋ္ဌာ၊ မြူးတူးပျော်ပါးဘွယ်သည်။ နတ္ထိ၊ မရှိ၊ ရတိ၊ နှစ်သက်ချမ်းမြေ့သဘောတွေ့ဘွယ်သည်။ နတ္ထိ၊ မရှိ။ အလ္လာပသလ္လာပေါ၊ ချစ်တင်းရောနှော၍ စကားကြည်ကြည်သာသာ ပြောနိုင်ဘွယ်သည်လည်း။နတ္ထိ၊ မရှိ။ဇိဏ္ဏေန ပတိနာ။သွားကျိုးလေပြီး လင်အိုကြီးနှင့်။ဇဂ္ဃိတုံပိ၊ အတူတကွ ပြုံးရယ်ခြင်းငှါလည်း။နသောဘတိ၊ မတင့်တယ်ချေ။

ဤကဲ့သို့ လင်အိုကြီး၏ ဇနီးဖြစ်ရမှုနှင့် စပ်လျဉ်း၍ များစွာကဲ့ရဲ့ကြသော စကားများရှိလေသည်၊ သက္ကဋဘာသာကျမ်းဂန်များ၌လည်း လင်အိုကြီးနှင့် နေထိုင်,ပေါင်းသင်းရသော မိန်းမပျိုတို့၏ စိတ်သည် အအေးဖြင့် နှိပ်စက်အပ်သောသူသည် ဆီးနှင်း, ရေခဲတောထဲမှာ တည်၍ နေရဘိသကဲ့သို့လည်းကောင်း, အပူဘေးဖြင့် နှိပ်စက်အပ်သောသူများသည် လောလောပူသောနေပူထဲမှာ တည်၍နေရဘိသကဲ့သို့လည်းကောင်း စိတ်မကြည်နိုင်ကြောင်း၊သူအိုကြီးကိုတွေ့မြင်ရတိုင်းဆေးခါးကြီးကို သောက်မျိုသောအခါကဲ့သို့ စိတ်နှလုံး မသက်သာကြောင်း၊ အရွယ်တူသော ယောကျ်ားတပါးဆီသို့သာ စိတ်ရောက်၍ နေတတ်ကြောင်းကို ပြဆိုလျက်ရှိလေသည်။

ဟိမမှိ စ သီတဋ္ဋာနံ၊
ဃမ္မဋ္ဋာနံ ရဝိမှိဝ။
မနော န ရမတေ ထိနံ၊
ဇရာဇိဏ္ဏမှိ ဘတ္တရိ။ ။

**အနက်။** ။သီတဋ္ဋာနံ၊အအေးဖြင့်နှိပ်စက်အပ်သောသူတို့၏။ စိတ္တံ၊ စိတ်သည်။ ဟိမမှိ၊ဆီးနှင်းရေခဲထဲ၌။နရမတေဣဝ၊ မမွေ့မလျော် မပျော်

ပါးနိုင်သကဲ့သို့လည်းကောင်း။ ဃမ္မဋ္ဌာနံ၊ အပူဘေးနှိပ်စက်အပ်သော သူတို့၏။ စိတ္တံ၊ စိတ်သည်။ ရဝိမှိ၊ နေပူထဲ၌။ နရမတေဝ၊ မပျော်မွေ့ ဘိသကဲ့သို့လည်းကောင်း။ ထိနံ၊ မိန်းမပျိုတို့၏။ မနော၊ စိတ်သည်။ ဇရာဇိဏ္ဏမှိ၊ အိုမင်းရွတ်တွဖြစ်၍နေသော။ ဘတ္တရိ၊ လင်အိုသက်ကြား ၌။ နရမတေ၊ ချစ်ခင်ကင်း၍ ပျင်းမုန်းငြီးငွေ့ မမွေ့မပျော်နိုင်ချေ။

ဖလိတေသွေပိ ဒိဋ္ဌေသု၊
ဘတ္တု၊ ကာနာမ ကာမိတာ။
ဘေသဇ္ဇမိဝမညန္တေ၊
တဒညမနသာ ထိယော။ ။

**အနက်။** ။ဘတ္တု၊လင်အိုကြီး၏။ဖလိတေသွေပိ၊ဆံပင်ဖြူဆွ ရွတ်တွ သား,ရေ ကြေ့ပိန်ရှုံ့သည်တို့ကို။ ဒိဋ္ဌေသု၊ မြင်အပ်ကုန်သည်ရှိသော်။ ကာမိတာ၊ နှစ်သက်ခင်မင်ခြင်းသည်။ ကာနာမ၊ အဘယ်မှာရှိနိုင်ပါ တော့မည်နည်း။ ထိယော၊ မိန်းမပျိုတို့သည်။ ဘေသဇ္ဇမိဝ၊ ဆေးခါး ကြီးကိုသောက်ရဘိသကဲ့သို့။ မညန္တေ၊ အမြဲပင်မှတ်ထင်တတ်ကြလေ ကုန်၏။ တဒညမနသာ၊ ထိုလင်အိုကြီးမှတပါးသောယောကျ်ားပျိုတို့၌ သာလျှင် လွင့်ပါးစိတ်ရောက်၍ နေကြလေကုန်၏။

ဤကဲ့သို့ လင်အိုကြီးနှင့် နေရသော မိန်းမပျိုတို့၏သဘောကို သာသနာတော်ကျမ်းဂန်, သက္ကဋကျမ်းဂန်တို့၌ ပြဆိုအပ်သော အ တိုင်း သဘောမနှစ်မြို့ကြသော်လည်း ငွေကို စုံမက်မြတ်နိုးသည့် အတွက်နှင့် မျက်စိမှိတ်၍ နှစ်သက်ယောင်မူကြဟန် လက္ခဏာတူလေ သည်၊ သို့ရာတွင် ဥစ္စာပစ္စည်းဆိုသည်မှာ အစဉ်မဟုတ်, အပင်မဟုတ် လေသောကြောင့် "**ငွေစထုပ်ကိုလူနိုး၍ အဘိုးကြီး အဖတ်တင်ရစ်သည်**" ဆိုသောစကားပုံအတိုင်း ရန်သူမျိုးငါးပါးတို့တွင် တပါးပါးသော အကြောင်းကြောင့် ဥစ္စာပစ္စည်း ဆုံးရှုံးပျက်ပြားလေသောအခါ အ ဘိုးကြီးမှာသာ အဖတ်တင်ခြင်းကိုလည်း ခံရတတ်လေသည်၊ ပစ္စည်းရှင် ခံရသည်မှာလည်း ရှေးရှေးက မိမိကုသိုလ်ကံရှိပါမှသာ ဖြစ်နိုင်သော အရာဖြစ်လေသည်။

သို့ဖြစ်၍ "**အဘိုးမသေ၊မြေးသေ**" ဆိုသောစကားပုံအတိုင်း အဘိုး ကြီးက အရင်မသေ၊ဇနီးပျိုကလေးက အရင်သေပါလျှင်လည်း မိမိခံစိ

ရလိမ့်မည်ဟု ထင်မြင်မြော်လင့်သော ပစ္စည်းတို့နှင့် လွဲချော်၍ ဘဝဆုံးလျက် အကျိုးနဲကြီးနှင့်သာ တွေ့ကြုံရတတ်လေသည်၊ တရံတခါကံအားလျော်စွာ ပစ္စည်းရှိသောအဘိုးအိုကြီး သေဆုံးသည့်နောက်ရရှိသမျှသောပစ္စည်းတို့ကို နောက်အခါ မသမာသောသုံးခြင်းဖြင့်သုံးစွဲချင်သမျှ အလိုရှိရာသုံးစွဲ၍ ဖြုန်းတီးတတ်ကြလေသည်၊ မိမိတို့ရှေးအခါ စိတ်လက်တင်းတိမ်စွာမနေခဲ့ရသမျှတွေကို အတိုးချ၍ ပျော်ပျော်ပါးပါး ခံစားသုံးဖြုန်းတတ်လေသည်၊ ဤကဲ့သို့ငွေကိုစုံမက်လျက် အဘိုးကြီးသော, ဘာသော သဘောမထား အရှက်ကို ကျောပေး၍ ခေတ္တခဏချမ်းသာမှုကို တပ်မက်ကြသော မိန်းမများအကြောင်းနှင့်စပ်၍ ပညာရှိတို့က အောက်၌ပါသော ကဗျာကိုရေးစပ်ကြလေသည်။

တေးထပ်

"ကုမ္ဘာရီရွယ်တမြေ့တွေကၢမဘွယ်ပေ့ကြံစည်၊ ငယ်ကလေ့ဟန်ပလီတယ်၊ ဉာဏ်နီတော်ဆင်ရွှေ့။ ။ဆံဆွလို့သွားကြွေစေ၊ သား, အရေရှုံ့တွပေစေ့။ ။ငွေရှိတဲ့ သက်ကြားအိုကို၊ မျက်ထားချီ မြှုထေ့၊ ရက်အားဆို မြူမငွေ့ပြီဘူ့၊ လူတတွေ့ဆိုဆို။ ။သေမင်းကိုယူခါနီးပေမဲ့၊ ဘူတာကြီးမက်ကြသကို။ ။ရွှေ,စိန်များ မောက်မိုလျှင်၊မျောက်အိုလို ဘိုးအေကြီးတောင်မှ၊ ချစ်ဇနီးဖြစ်ဘို့ကြည်ဖြူ၊ ချစ်လို့ရည်တူ။ ။သက်ကြားကြီးသေတော်မူလျှင်၊ ဖြေဖျော်သူ ရှာကိန်းထင့်လေး....။

ဤကဲ့သို့ ပြဆိုအပ်သော စာဏကျဆရာကြီး၏ စကားအဓိပ္ပါယ်အကျယ်ဖြစ်သော သဘောများကို ထောက်ထားပြီးလျှင် အိုသောအဘိုးကြီးတို့ကလည်း ရွယ်တူချင်းမျှမဟုတ်သည့် မိန်းမပျိုများကို ငွေအားကိုး၍ ထိမ်းမြားခြင်းမပြုလုပ်ကြဘဲ, ပျိုသောမိန်းမများကလည်း ငွေမျက်နှာကို မြင်သည့်အတွက်နှင့် ဘိုးအေကြီးလောက် ရှိသည့်ယောကျ်ားကြီးများကို မထိမ်းမြားကြဘဲ သက်တူရွယ်မျှ လောက၌ တင့်တယ် လူလယ်ခွင်တွင် မျက်နှာရဲကြစေရန် ရည်သန်သောစိတ်ထားဖြင့် ထိမ်းမြားမှုကိုအရေးတယူ အလေးမူကြရာသတည်း။

အဆိပ် ၄-မျိုးပြီး၏။

## ၁၄။ ထင်ရှားမပြသင့်သောအချက် ၅-ပါး

အတ္တနာသံ မနောတာပံ၊
ဂေဟေ ဒုစ္စရိတာနိစ။
ဝဉ္စနဉ္စာပမာနဉ္စ၊
မတိမာ န ပကာသယေ။ ။

**အနက်။** အတ္တနာသံ၊ မိမိပစ္စည်းဥစ္စာ ပျက်စီးလေသည်ကိုလည်းကောင်း။ မနောတာပံ၊ အတွင်းဓာတ်နှလုံးပူပန်၍ နေခြင်းကိုလည်းကောင်း။ ဂေဟေ၊ မိမိအိမ်၌။ ဒုစ္စရိတာနိစ၊ သူတပါးတို့ စော်ကားနှိပ်စက်လာသည်များကိုလည်းကောင်း။ ဝဉ္စနဉ္စ၊ အလှည့်အပတ် ခံရ, အလိမ်ခံရသည်ကိုလည်းကောင်း။ အပမာနဉ္စ၊ သူတပါးတို့က မထေလေးစားပြုခြင်းများကိုလည်းကောင်း။ မတိမာ၊ ပညာရှိသည်။ န ပကာသယေ၊ ထင်ရှားစွာ မဖော်, မပြရာသည်သာလျှင်တည်း။

**ဆိုလိုရင်းမှာ။** ။မိမိပစ္စည်းဥစ္စာ ပျက်စီးလျော့ကျခြင်း, စိတ်နှလုံးပူပန်ခြင်း, မိမိအိမ်၌ သူတပါးတို့က ကျူးလွန်စော်ကားခြင်း, အလိမ်အလှည့်ခံရခြင်း, သူတပါးတို့ မထေလေးစားပြုခြင်း၊ဤအချက်များကို ဖော်ပြခြင်းမပြုဘဲ လျှို့ဝှက်၍ထားရာ၏-ဟူ၍ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

ပစ္စည်းဥစ္စာ၊ ပျက်စီးကာနှင့်၊ စိတ်မှာပူပြင်း၊ အိမ်တွင်းပြစ်မှား၊ စော်ကားလိမ်လည်၊ ပြုသည်ဖြစ်ထွေ၊ မထေလေးစား၊ ဤငါးပါးကို၊ သူ့အားသိကြောင်း၊ မပြကောင်းတည့်၊ အပေါင်းသိမြင်၊ ဖြစ်ခဲ့လျှင်မူ၊ အထင်သေးမှု၊ လေးမပြုဘဲ၊ ဂရုမထား၊ မခံ့ညားသည်။ ။မှတ်သားနီတိ ကျမ်းရင်းတည်း။

### အစီပွါယ်အကျယ်

၁။ "မိမိ၏ပစ္စည်းဥစ္စာ ပျက်စီးလျော့ပါးခြင်းကို သူတပါးတို့အားမဖော်ပြရာ" ဟူသော ပထမအချက်၌ ဤကမ္ဘာလောက၌ ရှိရှိသမျှသော လူအပေါင်းတို့သည် ပစ္စည်းဥစ္စာကို များစွာအလေးပြုကြ၏၊ ဆတ်ကပ် ခေတ်ကြီးဆိုက်ရောက်ဆဲဖြစ်သောအတိုင်း ပညာရေးထက်

ပစ္စည်းရေးကို အလေးပြုခြင်း ပိုမိုကဲလွန်လျက်ရှိကြကုန်၏၊ ဤကဲ့သို့ ပစ္စည်းကိုအရေးပြုသော ခေတ်ကြီးဖြစ်နေသောကြောင့် ပစ္စည်းဥစ္စာ၏အရှိန်သည် ဥပနိဿယသတ္တိအားဖြင့် လူအပေါင်းတို့ကို ဟပ်လေ၏၊ ပစ္စည်းအရှိန်ဟပ်ခြင်းအားဖြင့် လောကီရေးဆိုင်ရာ ကိစ္စတို့၌ အလွယ်တကူနှင့် အောင်မြင်ခြင်းကိုဖြစ်စေသည်၊ ပစ္စည်းအင်အားနှင့် ဖိ၍ကြံလျှင် မအောင်မြင်နိုင်သောကိစ္စဟူ၍ တစုံတရာမျှရှိမည်မဟုတ်ချေ၊ ထိုကဲ့သို့ပစ္စည်းအားစွမ်းဖြင့် ပြီးစီးအောင်မြင်မှုကို "ဓနသိဒ္ဓိ" တမျိုးဟူ၍ ခေါ်ဆိုအပ်ပေသည်။

ပစ္စည်းဥစ္စာ ပေါများစွာရှိခဲ့ပါလျှင် အားအမျိုးမျိုးပြည့်၍ လာ၏။ **"လူမတတ်သော်လည်း လဘက်ထုပ်တတ်သည်"** ဆိုသော မြန်မာစကားပုံအတိုင်း ပစ္စည်းရှင်မှာ ပညာပင်မရှိစေကာမူ မိမိပိုင်သော ပစ္စည်းဖြင့် ရင်းနှီးလိုက်ပါလျှင် ပညာရှိတို့နှင့်သာဆိုင်သော ကိစ္စမျိုးကိုလည်း ပြီးစီးစေနိုင်သည်၊ ထို့ကြောင့် "ပစ္စည်းရှိသောသူသည် အင်အားနှင့်လည်း ပြည့်စုံနိုင်၏၊ပညာနှင့်လည်း ပြည့်စုံနိုင်၏" ဟူ၍ နီတိကျမ်းတို့၌ ပြဆိုတော်မူကြလေသတည်း။

ဓနဝါ ဗလဝါ လောကေ၊
ဓနာ ဘဝတိ ပဏ္ဍိတော။ ။
[ဟိတောပဒေသကျမ်း။]

**အနက်။** ။လောကေ၊ ဤလောကကြီးအတွင်း၌။ ဓနဝါ၊ ပစ္စည်းဥစ္စာရှိသောသူသည်။ ဗလဝါ၊ အားအင်အမျိုးမျိုးတို့နှင့် ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ဓနာ၊ ပစ္စည်းဥစ္စာ ဟူသော အကြောင်းကြောင့်။ ပဏ္ဍိတော၊ ပညာရှင်ပုဂ္ဂိုလ်ကြီးသည်။ ဘဝတိ၊ ဖြစ်နိုင်လေ၏။

ပစ္စည်း၏အစွမ်းသတ္တိသည် နှစ်မျိုးရှိ၏၊ နှစ်မျိုးဆိုသည်ကား—
၁။ ပစ္စည်းရှင်ကို အားအင်ပြည့်ဖြိုးအောင်မြှောက်၍ပေးနိုင်ခြင်း,
၂။ ပစ္စည်းမရှိသောသူတို့ကို အားမဲ့အောင်, နိမ့်အောင်ပြုလုပ်နိုင်ခြင်း—

ဤနှစ်မျိုးဖြစ်လေသည်၊ ဤကဲ့သို့ အစွမ်းသတ္တိနှစ်မျိုးရှိ၍ နေသောကြောင့် ပစ္စည်းရှင်မှာ အင်အားအလိုလိုတိုး၍နေ၏၊ ပစ္စည်းရှင်၏

အနီးသို့ရောက်လာကြကုန်သော ပစ္စည်းဥစ္စာမဲ့သူများလည်း အား အလိုလိုလျော့၍နေကြကုန်၏၊ ထိုသို့ဖြစ်သည်ကိုပင် ပစ္စည်းအရှိန်ဟပ် သည်-ဟူ၍ဆိုရလေသည်။

ရှေးယခင်က ဥစ္စာဓနပေါများစွာပြည့်စုံ၍ ဂုဏ်ကြက်သရေနှင့် တကွ ဩဇာအာဏာခွဲရုံ ပရိသတ်တွေခြံရံ၍ နေခဲ့သည်ဖြစ်စေကာမူ ပစ္စည်းဥစ္စာပျက်စီး၍ အခြေပျက်လေသောအခါ ဩဇာအာဏာမဲ့, ဂုဏ်အရှိန်မဲ့ဖြစ်ပြီးလျှင် မိမိ၏လက်အောက် ငယ်သားတို့ကပင် တော် လှန်ကြလေကုန်၏၊ ရှေးအခါက မိမိအရှိန်ကိုခိုလှုံ၍နေသောသူများက အပြစ်စကား မပြောကြားဝံ့သော်လည်း ပစ္စည်းဥစ္စာပျက်ပြားလေ သောအခါ များစွာချဲ့ထွင်၍ အပြစ်တင်စကား ပြောကြားတတ်ကုန် ၏၊ လောက၏ အလေ့သည် ''မြေနိမ့်ရာမှာ လှံစိုက်သည်'' ဆိုဘိသကဲ့ သို့ နိမ့်ရာတွင်ဖိစီးနှိပ်စက်ချင်ကြကုန်၏၊ ''အဆင်းတွင် တွန်းချ'' လိုက် ဘိသကဲ့သို့ နိမ့်ဆင်းသောသူကို မကူမသည့်ပြင် ကျသည်ထက်ကျလေ အောင် တွန်း၍သာ ချတတ်ကြကုန်၏။

ကောင်းစားကြီးမြင့်၍ နေစဉ်အခါ မိမိမျက်နှာကိုမျှမော်၍မကြည့် ဝံ့ကြသောသူတို့သည် ဂုဏ်နိမ့်၍ သွားသည့်အခါ လက်အောက်ခြေ ထား အနေအားဖြင့် များစွာဖိစီးနှိပ်စက်ချင်ကြကုန်၏၊ ဥပမာ-ကျွန်ုပ် တို့မြန်မာနိုင်ငံတွင် အမရပူရမြို့ ပုဂံမင်းလက်ထက်အခါတွင် ဘုရင် မြှောက်စား၍ မြို့ဝန်ရာထူးနှင့်နေသောဗိုင်စပ်သည် ကောင်းစားစဉ် အခါ လွန်စွာဩဇာ,အာဏာနှင့်ပြည့်စုံ၍ တဦးတယောက်မျှ မျက်နှာ ကိုမော်၍ မကြည့်ဝံ့ကြဘဲ ကြောက်ရွံ့ ရိုသေကြကုန်၏၊ နောင်ရာဇဝတ် မှုရောက်၍ အရေးနိမ့်လေသောအခါတွင်မူကား ဘိုးသူတော်ကပင် ကြိမ်းဝါး၍ ခေါးထမ်းပြီးလျှင် ဗိုင်စပ်ကိုသတ်ဖြတ်ရန် နောက်က လိုက် ဘူးလေသည်၊ ဤသို့သော လောကအချက်များကို မြင်မြော်သဖြင့် ''မိမိမှာ တစုံတရာ အကြောင်းအခွင့်မသာင့်တင့်၍ စီးပွားဥစ္စာပျက်စီး လေသော အခါ သူတပါးတို့အား မပြောကြားထိုက်''ဟူ၍ စာဏက္ကျ ဆရာကြီးမိန့်ဆိုလေသည်။

၂။ ''မိမိစိတ်နှလုံးပူပန်သည်ကို သူတပါးတို့အားမပြောကြားရာ'' ဟုဆိုသည်မှာ တစုံတရာ စိတ်နှလုံးပူပန်ခြင်း နှိပ်စက်၍ ဒုက္ခဆိုက်

ရောက်နေသောအခါ ထိုသို့ဖြစ်သည်ကို ထင်ရှားစွာ ဖော်ပြပါက မိမိ၏ ငြိုးသူရန်ဘက်ဖြစ်သော သူတို့လည်း အားတက်ရွှင်လန်းကြ၍ အကျိုးစီးပွားကိုလိုလားသောမိတ်ဆွေတို့သည်ကား များစွာစိတ်နှလုံး ပူပန်ကြကုန်၏၊ ထိုသို့ဖြစ်လျှင် ကိုယ့်ဘက်၌နေသူများကို ဆင်းရဲဒုက္ခဖြစ် အောင်အားပေး၍ ဆန့်ကျင်ဘက်ဖြစ်သောရန်သူတို့ကို ဝမ်းမြောက် လေအောင် သွေးဆောင်သည်နှင့် အလားတူ ဖြစ်ချေသည်၊ ဤ အဓိပ္ပါယ်ကိုရည်၍ တေရသနိပါတ် ဒူတဇာတ်၌—

> ယော အတ္တနော ဒုက္ခမနာနုပုဋ္ဌော၊
> ပဝေဒယေ ဇန္တု၊ အကာလရူပေ။
> အာနန္ဒိနော တဿ ဘဝန္တိ အမိတ္တာ၊
> ဟိတေသိနော တဿ ဒုခီ ဘဝန္တိ။—

ဟူ၍ ဟောကြားတော်မူလေသည်။

**အနက်။** ။ယော ဇန္တု၊အကြင်သူသည်။ အတ္တနော၊ မိမိ၏။ ဒုက္ခံ၊ ဆင်းရဲဒုက္ခကို။ အနာနုပုဋ္ဌော၊ သူတပါးက မမေးလာဘဲ။ အကာလ- ရူပေ၊ မပြောသင့်သောအခါ၌။ ပဝေဒယေ၊ ဖွင့်ဆိုပြောကြားလေ၏။ တေန၊ ထိုပြောကြားမှုကြောင့်။ တဿ၊ ထိုသူ၏။ အမိတ္တာ၊ ရန်သူတို့ သည်။အာနန္ဒိနော၊ ဝမ်းမြောက်အားရ နှစ်သက်ကြကုန်သည်။ဘဝန္တိ၊ ဖြစ်ကုန်၏။ တဿ၊ ထိုသူ၏။ ဟိတေသိနော၊ အကျိုးလိုလားသောမိတ် ဆွေကောင်းများတို့သည်။ ဒုခီ၊ ဆင်းရဲပူပန်ကြကုန်သည်။ ဘဝန္တိ၊ ဖြစ် ကုန်၏။

စိတ်ပူပန်သည့်အတွက်နှင့် ဖော်ပြသည့်အခါ အချို့သောသူတို့က ထပ်မံ၍ ပူပန်ဘွယ်စကားများကို ပြောကြားပြန်လျှင် ပူပန်ခြင်း မငြိမ်း ဘဲ ကဲ၍ပင် ပူပန်ဆင်းရဲရတတ်ပြန်လေ၏၊ လောကဓံတရားရှစ်ပါးရှိ လေသည့်အနက် မကောင်းသော အချက်လေးခုနှင့် တွေ့ကြုံသော အခါ စိတ်မချမ်းသာခြင်းဖြစ်ရ၏၊ ထိုသို့ပူပန်ခြင်းသည် လောကဓံ တရားအတွက်နှင့် တုန်လှုပ်သည်မည်၏၊လောက၌နေသောသူ ဟူသမျှ လောကဓံတရားနှင့် ကင်းရှင်းနိုင်ကြသည်မဟုတ်၊ လောကတည်းဟူ သော သမုဒ္ဒရာအပြင်မှာ လောကဓံတရားတည်းဟူသော လှိုင်းလုံး

ကြီးတို့ဖြင့် မိ၍, မိ၍သာ နေကြရကုန်၏၊ ထိုလောကဓံ လှိုင်းအိလာသော်လည်း ရေလိုက်,လေလိုက်, လှိုင်းလိုက်သင့်တင့်စွာ နေထိုင်တတ်ပါမှ များစွာပူပန်ခြင်းမရှိဘဲ နေနိုင်ကြကုန်သည်။

ထိုသို့ လောကဓံတရားဖြင့် တုန်လှုပ်၍ မိမိ၏ပူပန်ခြင်းကို သူတထူးအားပြောကြားလျှင် သူတပါး၏ရှေ့မှာ သွား၍ငိုကြွေးသည်နှင့် အတူတူပင်ဖြစ်၏၊ ကိုယ့်စိတ်မသက်သာသည်ကို သူတပါးထံသို့လည်း ဆက်သွယ်ကူးပြောင်းစေသည်မည်၏၊သို့ဖြစ်၍ မိမိ၏စိတ်နှလုံး မသက်မသာဖြစ်ရသည်ရှိသော် အကြောင်းမသင့်ကဖော်၍မကြားဘဲမျိုသိပ်ပြီးလျှင် တနည်းနည်းဖြင့် ပြေလည်အောင် ကြံစားရာ၏။

၃။ ''မိမိအိမ်၌သူတပါးကျူးလွန်စော်ကားသည်ကိုဖော်၍ မပြရာ'' ဆိုသောစကားတွင် များစွာအဓိပ္ပါယ်ပါဝင်လေ၏၊ မိမိအိမ်သို့ထိခိုက်၍ ပြောဆိုကဲ့ရဲ့ခြင်း, မိမိအိမ်၌ ခိုးသူတို့ဝင်ရောက်ခိုးယူခြင်း, မိမိသားသမီးအပေါ်၌ သူတပါးတို့ ထိပါးစော်ကားခြင်း, မိမိမယားအပေါ်၌ ထိပါးစော်ကားခြင်း စသည်များကို ယူအပ်လေသည်၊ မိမိအိမ်သို့ ထိခိုက်၍ ကဲ့ရဲ့ပြောဆိုခြင်းနှင့် တွေ့ကြုံရသောအခါ မျိုသိပ်သည်းခံ၍ မနေနိုင်သဖြင့် မည်သူကမည်ကဲ့သို့ သဂြိုဟ်ပြောဆိုသည်-စသောအားဖြင့် မိမိကဖော်ပြပြောကြားပါလျှင် **''မလုံသည့်အိုး တုတ်မိုးလျှင်အာ''** ဆိုသောစကားကဲ့သို့မိမိအိမ်ကပင်အပြစ်ရှိ၍ အပြောအဆိုခံရသလိုလို ကျရောက်တတ်လေ၏၊မိတ်ဆွေဖြစ်သူများက ထိုသို့ကဲ့ရဲ့ခံရသည်ကိုငြိမ်းအောင်ပြုလုပ်ရန်မှာ ခဲယဉ်းလေ၏။

မိမိအပေါ်မှာ ဝန်တိုမိစ္ဆာရှိသော သူတို့ကား မိုက်သောသူကိုမြှောက်ပင့်၍ ပေးခြင်းအားဖြင့် ကဲ့ရဲ့ပြစ်တင်ခြင်း တိုးပွားအောင်ပြုလုပ်နိုင်သည့်အရာမှာ လွန်စွာလွယ်ကူလေ၏၊ သူတပါး၏အပြစ်ကိုကဲ့ရဲ့ပြစ်တင်ပြောချင်သောသူသည် တရားလမ်းကြောင်းအားဖြင့် တွေး၍ကြည့်လျှင် သူတော်ကောင်းသဘောသို့ မသက်ဝင်၊ သူယုတ်မာသာဖြစ်တတ်လေသည်၊ ထိုသူယုတ်မာနှင့် သူမိုက်များမှာ ကုသရန်ဆေးမရှိ၊ မိမိအိမ်သို့ တနည်းနည်းအားဖြင့် ထိပါးကဲ့ရဲ့သည်များကို ထင်ရှားစွာဖော်ပြ၍ ထိုသူနှင့် ဘက်ပြိုင်ပြောဆိုနေမည်ဆိုလျှင် နောက်ဆုံးမှာ

မိမိအပေါ်တွင်သာလျှင် ဂုဏ်ယုတ်ခြင်း ခံရသည်မှတပါး အခြားအကျိုးလည်းရှိမည်မဟုတ်ချေ၊ သည်းခံခြင်းမည်သည် ကြာရှည်၍ကာလညောင်းသောအခါ ကောင်းသောအကျိုးကိုပေး၍ သည်းခံသောသူကသာ အောင်နိုင်မြဲဓမ္မတာဖြစ်လေ၏၊ သို့ဖြစ်၍ ဤကဲ့သို့သောကဲ့ရဲ့သဂြိုဟ်မှုများနှင့် တွေ့ကြုံသော်လည်း မည်သူအားမျှ ဖော်ပြခြင်း မရှိဘဲ တတ်စွမ်းနိုင်သမျှ အောင့်အည်းမျိုသိပ်၍ သည်းခံရာ၏။

မိမိအိမ်၌ တစုံတရာပစ္စည်းဥစ္စာများ ပျောက်ဆုံး၍ သူခိုးခိုးခံရသည့်အခါ ရပ်ကျော်,ရွာကြား ပြောဆိုဖော်ပြငြားကလည်း အကျိုးစီးပွားဖြစ်ထွန်းမည်မဟုတ်ချေ၊ ထိုသို့ပြောကြားခြင်းအားဖြင့်လည်း မိမိဥစ္စာပစ္စည်းကိုပြန်၍ ရနိုင်ရန်လည်း အကြောင်းမဟုတ်၊ သို့ရာတွင် အစိုးရမင်းတို့၏အာဏာတန်ခိုးအားဖြင့်စိစစ်ထောက်လှမ်းသောအခါ အခန့်သင့်ပါက ပြန်၍ရနိုင်ရာသော အကြောင်းရှိတန်ပေသေး၏၊ အိမ်၌ဥစ္စာပစ္စည်း ပျောက်ဆုံးသည်ကို ဖော်ပြခြင်းအားဖြင့် မိမိအပေါ်၌မနာလို ဝန်တိုမိစ္ဆာကြီးသောသူတို့သည် ဝမ်းမြောက်ခြင်းဖြစ်တတ်ကုန်၏၊ မိမိပျောက်ဆုံးသော ဥစ္စာပစ္စည်းအနည်းငယ်မျှနှင့်လည်း ရှုံးတက်၍ မပြီးနိုင်ဘဲ အလုပ်ပျက်,အကိုင်ပျက်နှင့်သွားရ, လာရဒုက္ခများစွာတွေ့ကြုံရတတ်ကုန်၏။

သား,သမီးတို့အပေါ်၌ ထိပါးကျူးလွန်လာလျှင်လည်း ကြီးကျယ်သောအပြစ်မဟုတ်က ထိန်းအုပ်မျိုသိပ်၍ နေခြင်းသာလျှင် ကောင်းမြတ်၏၊ **''အမှိုက်ကစ ပြာသာဒ်မီးလောင်''** ဆိုသောစကားကဲ့သို့ သားသမီးအရေးအကြောင်းကလေးကစ၍ ဂုဏ်သိရ်ကြီးမားသောသူချင်းချင်းပင်သော်လည်း မသင့်မတင့် ခိုက်ရန်ဖြစ်ပွားတတ်လေ၏။

ကလေးသူငယ်တို့မည်သည် မျောက်ကဲ့သို့ အကြောင်း,အကျိုးမသိတတ်သော ဗာလအရွယ်ဖြစ်ရှာကြကုန်သောကြောင့် မကြာ, မကြာမှားယွင်းသော အချက်တို့နှင့် တွေ့ကြုံတတ်လေကုန်၏၊ ထိုကလေးသူငယ်တို့ မှားယွင်းတိမ်းပါးကြတိုင်း လူကြီးလုပ်သောသူတို့က လူငယ်များနောက်သို့လိုက်၍ တခါ ထပ်မံမှားယွင်းပြန်လျှင် လူကြီးပြုလုပ်သောသူတို့မှာ မည်မျှလောက်နစ်နာကြလိမ့်မည်ဟု စဉ်းစားဆင်ခြင်

ထိုက်လေသည်၊ ဝေဿန္တရာမင်းကြီးသော်မှလည်း သား, သမီးတို့ကို ထိခိုက်ခြင်းနှင့် တွေ့ကြုံလာသောအခါ မချုပ်တည်းနိုင်အောင် ဖြစ်ရလေသည်၊ သို့ရာတွင် ဆင်ခြင်ခြင်းတရား ရှေ့သွားလျက်ရှိလေသောကြောင့် မှားယွင်းခြင်းသို့ မရောက်လေ။

သား၏အရေးကိစ္စထက် သမီး၏အရေးကိစ္စသည် မိဘတို့မှာ များစွာ တာဝန်လေးလံလှလေ၏၊ များသောအားဖြင့် သားသည်မိဘတို့၏ ပစ္စည်းဥစ္စာကို ဖြုန်းတီးလျှင်သာ ဖြုန်းတီးပေလိမ့်မည်၊ ကြက်သရေဂုဏ်သိရ်ကိုမူကား သားများက ဖြုန်းတီးလွယ်ကြသည် မဟုတ်ကုန်၊ သမီးတို့ကသာလျှင် တအိမ်လုံးကို ထိခိုက်၍မိဘတို့၏ ဂုဏ်သိရ်ကြက်သရေကို ဖျက်ဆီး၍ အရှက်တကွဲ အကျိုးနဲ့ ပြုလွယ်တတ်ကြသည်၊ သမီးပျိုရှိသောမိဘတို့၏ ဂုဏ်သိရ်ကြက်သရေသည် ကမ်းနားသစ်ပင်ကဲ့သို့ စိတ်မချဘဲ တကြောင့်ကြကြနှင့်သာ တာဝန်မကျဘဲနေကြရကုန်၏၊သမီးပျိုရှိသော မိဘတို့သည် သမီးကို ပိုင်ဆိုင်မည့်သူက ကောင်းစွာကြဦးဆောင်၍ ယူမသွားမီအတွင်း မြင်းမိုရ်တောင်ကြီးကိုထမ်းရွက်၍ထားရသကဲ့သို့ လေးလံကြရလေသည်၊ ထိုဝန်ကြီးကို ကောင်းသောချခြင်းအားဖြင့် ချလိုက်ရပါလျှင် မိဘတို့မှာ ဂုဏ်သိရ်မပျက်ဘဲ ကြည်အေးချမ်းမြေ့စွာရှိကြလေသည်။

ထိုသမီးဝန်ကို မကောင်းသော ချခြင်းအားဖြင့် ချလိုက်ရပါလျှင် ရွှံ့ပုပ်ထဲမှာ ကျောက်ခဲကိုချလိုက်ရာ ကျသည်နှင့်တပြိုင်နက် မျက်နှာနှင့်တကွ တကိုယ်လုံးတွင် ရွှံ့စင်ခြင်းကိုခံရဘိသကဲ့သို့ ရှက်ဘွယ်, ရွံဘွယ်, ဂုဏ်သိရ်ငယ်ခြင်းတည်းဟူသော ရွှံ့ပုပ်တို့သည် မိဘတို့၏မျက်နှာမှာ စင်၍ ထိပါးလာကြကုန်၏၊ ထို့ကြောင့်မိဘတို့သည်သမီးများအတွက် များစွာ ကြက်သရေဆယ်ကြရကုန်၏၊ စာဏကျဆရာကြီး၏ စကားအတိုင်း အနည်းငယ်မျှသာဖြစ်မူ သမီးတို့အပေါ်၌ ထိငြိတွယ်လာသောဘေးအပြစ်များကို ထင်ရှားစွာ မဖေါ်ပြဘဲ ချုပ်တည်းနိုင်သမျှ ချုပ်တည်း၍ ထားကြရာ၏၊သမီးတို့နှင့်စပ်၍ ကိစ္စကြီး,ငယ်မကင်းမဟယ် ဖြစ်ပေါ်လာတိုင်း နှုတ်ကောင်း,လျှာပါးနှင့် စကားကျယ်ကျယ်ပြော ဆိုနေမည်ဆိုလျှင် ဂုဏ်သိရ်ညှိုးနွမ်းခြင်းသို့သာ ရောက်လိမ့်မည်ဖြစ်၏၊ ဤကဲ့သို့ သမီးများ၏အတွက်နှင့် မိဘတို့မှာ အရှက်ရရှိကြရသည့်အရေ

များကိုလည်း ယခုခေတ်အခါတွင် မကြာ,မကြာ ကြားသိကြရကုန်၏၊ လောကဓမ္မတာကြီး ဖြစ်နေ၍သာလျှင် လက်ရိုးကြီးကဲ့သို့ ပြုလုပ်၍ နေသာအောင် နေထိုင်ကြရကုန်၏။

မိမိအိမ်သူ မယားအပေါ်၌ ထိပါးလာလျှင်လည်း ယခင်နည်းတူ ပင် မျိုသိပ်တန်သမျှမျိုသိပ်၍ လုံခြုံစေရာ၏၊ မိန်းမဟူသမျှတို့၏ စရိုက် ဓမ္မတာကြီးကို မြတ်စွာဘုရားက များစွာအပြစ်ပြ၍ ဟောကြားတော် မူခဲ့သောအတိုင်း မြစ်ဆိပ်,ရေအိုးစင်, ပွဲသဘင်များကဲ့သို့ ကျပ်တည်း လုံခြုံစွာပြုပြင်နိုင်သော အရာမဟုတ်ဟူ၍သာလျှင် စိတ်ကိုဖြေဖျောက် နိုင်သမျှ ဖြေဖျောက်ကြရာ၏၊ အချို့သော လင်သားတို့သည်ကား သား မယားအတွက် များစွာဝန်တိုခြင်းကြီး ဝန်တိုကြ၍ မိန်းမဖြစ်သူကပင် စောင့်စည်းသိမ်မွေ့ ဣန္ဒြေရှင်ဖြစ်သော်လည်း ဝိစိကိစ္စာတွေ အရှုပ် ရှုပ်အထွေးထွေးနှင့် တောင်တွေး,မြောက်တွေး,ဝန်တိုတွေး တွေးပြီး လျှင် အရေးမကြီးသင့်သော အချက်ကို အရေးတကြီး ပြုလုပ်၍ ပူပန် တတ်ကြလေကုန်၏၊ သားမယားအပေါ်၌ အနည်းငယ် မယုံသင်္ကာရှိ လျှင် စိတ်ပူပင်၍ မချွေရသွေးဝင်တိုင်း သားမယားဖြစ်သူကို မောင်းမဲ လိုမောင်းမဲ, ကြိမ်းဝါးလိုကြိမ်းဝါးနှင့် လူကြား,ရှင်ကြားဖော်ပြတတ် လေ၏၊ ထိုသို့ပြုလုပ်ခြင်းသည် မိမိဂုဏ်သိရ်နှင့် သားမယားတို့၏ဂုဏ် သိရ်ကို ယုတ်ညံ့ဖျင်းသိမ်အောင် ပြုလုပ်သည်မည်၏။

ကြားသိကြရသောသူများလည်း အထင်အမြင်သေးသိမ်စွာနှင့်“ဤ ယောကျ်ားဖျင်း၍သာ မိန်းမဖြစ်သူက ဤသို့ပြုကျင့်လေသည်” ဟူ၍ လည်းကောင်း၊ “ဤမိန်းမသည် ဇာတိမျိုးရိုးက နေရာမကျပါဘဲ ဘယ် တော့နေရာတကျရှိ၍ ပိပိရိရိဖြစ်အုန်းမှာလဲ” စသည်ဖြင့်ပြောဆိုကဲ့ရဲ့ တတ်ကုန်၏၊“**ဆင်အိပ်ရာတွင် ဆိတ်လာနှိုး**”ဆိုသောစကားကဲ့သို့အပြစ် စကားပြောကြား ကဲ့ရဲ့ချင်တတ်ကြကုန်သော လောကကြီးထဲမှာ မိမိ အပြစ်ကိုမိမိဖော်ပြလျှင် ဥဒေါင်းကဘိသကဲ့သို့ လောကပေါ်မှာ သူတ ပါးမသိသင့်သော အပြစ်ကို ကိုယ်တိုင်, ကိုယ်ကြပ် သူတပါး၏ မျက် မှောက်မှာ ပြသကဲ့သို့ဖြစ်လေသည်၊ သို့ဖြစ်၍ “ပြဆိုအပ်ပြီးသော အတိုင်း အိမ်၌ထိပါးကျူးလွန်လာသမျှသော အပြစ်တို့ကို သူတပါးတို့ အား ဖော်၍မပြရာ”ဟု စာဏကျဆရာကြီး မိန့်ဆိုလေသည်။

၄။ မိမိအပေါ်၌ လိမ်လည်ကောက်ကျစ်၍ သွားသည်ကိုလည်း မဖော်ပြရာ” ဟူသောစကား၌ လိမ်လည်ခံရခြင်းဆိုသည်မှာ အရင်း စစ်၍ ကြည့်ရှု ဆင်ခြင်လိုက်သည်ရှိသော် များသောအားဖြင့် မိမိ၏ လောဘအစွန်း ထွက်ခြင်းကြောင့်သာလျှင် လိမ်လည်ခံကြရကုန်၏၊ ဥပမာ—ရွှေဖြစ်သော ဆရာယောင်ယောင်, ရွှေကိုယ်တော်၏ တပည့် ယောင်ယောင်,ဆံရှည်ကိုယ်တော်၏ တပည့်ယောင်ယောင်နှင့် ယောင် ပေါင်းအနန္တနှင့် ပြည့်စုံသောဆရာများသည် မြို့ပြ,ပြည်ရွာတို့ကို လှည့် လည်၍ “ဘယ်သူ အမြင်မျက်စိကျယ်သနည်း၊ ဘယ်သူ လောဘစွန်း ထက်သနည်း၊ ဘယ်သူရွှေကိုတပ်မက်သနည်း” ဟု စုံစမ်းဆင်ခြင်ပြီး လျှင် လူအရိပ်အကဲကိုခတ်၍ ထိုသူနှင့်ပေါင်းသင်းရအောင် ကြံဆောင် ကြလေကုန်၏။

“**ခွေးရူးကိုက်ချင်သည့်လူ ယောင်ကလေးနှင့်**” ဆိုသော လူကြီးတို့၏ စကားအတိုင်း အလိမ်ခံချင်သောသူမှာ လိုချင်မျက်စိကလေးတကြောင် ကြောင်နှင့် နေကြလေ၏၊ ထိုသူများသည် လူလိမ်, လူယောင်များနှင့် တွေ့ဆုံမိကြလေ၏၊ ထိုအခါ လူလိမ်များက မိမိတို့လိမ်သောပညာဖြင့် ရှေးဦးအစတွင် ရွှေဖြစ်အောင်,ငွေဖြစ်အောင်လုပ်ဆောင်၍ ပြကြလေ ကုန်၏၊ ထိုသို့ရုပ်ဆောင်၍ပြသည်ကို လောဘအစွမ်းကြောင့် ဉာဏ် ပညာအဆင်အခြင်ကန်းကြပြီးလျှင် ကေန်ရွှေဖြစ်သည့်အထင်နှင့် ၎င်း လူလိမ်ဆရာကို သူတပါးမကိုးကွယ်စေဘဲ တယောက်ထည်းပုဂ္ဂလိက ထား၍ ကိုးကွယ်ဆည်းကပ်လေ၏၊ အလိုရှိသမျှကို မရ,ရအောင်ကြံ ဆောင်၍ပေးလေ၏၊ ဆရာလိမ်က ဟန်ဆောင်၍ ဇာခြွေခပ်ကြီးကြီး နှင့်နေလျှင် သာ၍ပင်ချော့မော့ကာ လိုက်စားရလေ၏၊အလိမ်ခံ၍မပြီး သမျှ ပြစု၍အားမရနိုင်ချေ။

အလိမ်သမားကလည်း များများကြီး ပစ္စည်းဥစ္စာကျတော့မည်ထင် လျှင် တနည်းနည်းဖြင့်လိမ်၍ ထိုသူ့ထံမှထွက်ခွါ ရှောင်ရှားလေ၏၊ အလိမ်ခံရ၍အတော်ကြာမြင့်မှပင် “ငါ့ကိုလိမ်သွားပါကလား” ဟူ၍ ရိပ်မိလေသည်၊ “**ထိပ်ကိုချမှ ဒမြမှန်းသိ**” ဆိုသကဲ့သို့ ဖြစ်လေ၏-ဟု ဆိုလိုသည်၊ ၎င်းကဲ့သို့သော အလိမ်မျိုးနှင့် အလိမ်ခံရသဖြင့် ပစ္စည်း ဥစ္စာဆုံးပါးကြောင်းများကိုလည်း ကျွန်ုပ်တို့မကြာ,မကြာ ကြားသိကြ

ရလေသည်၊ ထိုသို့အလိမ်ခံရခြင်းမှာ အနည်းငယ်နှင့်အများကို မတန်, မရာလိုချင်သောကြောင့် မတရားသော လောဘအတွက်နှင့်သာ ဖြစ်ကြရလေသည်၊ လူလိမ်များမှာလည်း ''**သူခိုးရှိရာသို့ ဝန်ထုပ်နှင့်ပို့**'' ဆိုသကဲ့သို့ လွယ်လွယ်ကူကူ သက်သက်သာသာနှင့် ရွှေ, ငွေ များကို ယူဆောင်၍ သွားကြလေကုန်သည်။

ထို့ပြင်လည်း ကာယသိဒ္ဓိဆေး,ပိယသိဒ္ဓိဆေးများကို လိုချင်သော လောဘအစွမ်းကြောင့် အလိမ်ခံကြရခြင်း များလည်း ရှိလေသေး၏၊ ကာယသိဒ္ဓိကို အယူရှိသောသူတို့သည် နဂိုမူလက မိမိတို့မှာရှိသော အစွမ်းနှင့်တင်းမတိမ်နိုင်ကြသောကြောင့် ထိုးမဝင်,ခုတ်မရှ တုတ်ပြီး, ဓားပြီး, သေနတ်ပြီးများကို ရှာမှီးကြကုန်၏၊ တန်ခိုးရှင်ပြုလုပ်လိုသော သူများပါပေတည်း၊ ထိုသို့ကာယသိဒ္ဓိကို အလိုရှိသောသူများသည် မိမွေးတိုင်း, ဘမွေးတိုင်းကိုယ်နှင့် လူလုပ်၍ မနေလိုကြဘဲ လူထူး, လူဆန်းကြီး တယောက်ပြုလိုကြဟန် လက္ခဏာရှိလေ၏၊တနည်းအား ဖြင့် ဆင်ခြင်လိုက်ပြန်သော် ကာယသိဒ္ဓိကို ရှာမှီးသောသူများသည် မိမိတို့က သူတပါးကို နှိပ်စက်လို၍ သော်လည်းကောင်း၊ သို့မဟုတ် မိမိအပေါ်မှာ ရန်သူတွေများလှသောကြောင့် ခုခံနိုင်ရန်ကိုလို၍သော် လည်းကောင်း၊ ရှာမှီးကြဟန်လက္ခဏာတူပြန်လေသည်။

ထိုသို့ဖြစ်ပါလျှင် ကာယသိဒ္ဓိ (အပြီးဆေး)ကို ရှာမှီးခြင်းအားဖြင့် မိမိကိုယ်ကိုလူဆိုး တယောက်ဖြစ်ကြောင်း,ရန်များသူတဦးဖြစ်ကြောင်း, မေတ္တာနည်းသူဖြစ်ကြောင်း, လူမုန်းများကြောင်း, သူတပါး၏မေတ္တာ ကိုမခံရဘဲမေတ္တာခန်း-မေတ္တာခြောက် ဖြစ်ကြောင်းကို ကိုယ်တိုင်သက် သေဖော်ပြလေသည်မည်၏၊ သဘာဝဓမ္မမှာ ပဋိသန္ဓေတည်နေသည် ကစ၍ ကံအကြောင်းမကောင်းလျှင် သူတပါးတို့၏လက်နက်ဖြင့် ပျက် စီးရန်အမြဲတံဆိပ် ခတ်လျက်ပါလာ၏၊ ထို့ပြင် ပစ္စုပ္ပန်ကံ-ဟု ဆိုအပ် သောအကျင့်,အကြံ,အပြု,အမူမကောင်းဘဲဆိုးဝါးညစ်ညမ်း၍ ပယော ဂဝိပတ္တိနှင့် ကြုံပြန်လျှင်လည်း ဥပစ္ဆေဒကကံနှင့်တွေ့ကြုံ၍ သူတပါး၏ လက်နက်နှင့် အသက်ပြတ်ကြွေတတ်လေ၏၊ရှင်မောဂ္ဂလာန်ကိုယ်တော် မြတ်ကြီးသည် တန်ခိုးအရာတွင် ပြိုင်ယှဉ်တုဘက်နိုင်သူမရှိ၊ ကာယသိဒ္ဓိ အရာတွင် အတုလပုဂ္ဂိုလ်ကြီး ဖြစ်တော်မူ၏၊ သို့ပင် ဖြစ်လင့်ကစား

ကံအကြောင်းဆိုက်တိုက်လာသောအခါ ခိုးသားငါးရာတို့၏ လက်နက်ဒဏ်ချက်ကို ခံတော်မူရလေ၏။

ပစ္စုပ္ပန်ကံကောင်းမွန်စွာနှင့် အပြုအမူ အနေအထိုင် အစွန်းအစ မထွက်စေဘဲ (သူမုန်းအောင်ပြုကျင့်လေ့မရှိဘဲ)မေတ္တာတရားကို အားကိုး၍နေထိုင်ပါလျှင် ပယောဂသမ္ပတ္တိနှင့် ကြံမိသောကြောင့် သူတပါးတို့၏လက်နက်ဒဏ်ကိုကြောက်ရွံ့ရန် မရှိချေ၊ ထို့ကြောင့်မေတ္တာတရားသည် ကာယသိဒ္ဓိအရာတွင် အတုမရှိသော ဆေးကြီးတပါး ဖြစ်လေသည်၊(မေတ္တာအကျိုးဆယ့်တပါးကို ဆင်ခြင်သဖြင့် မေတ္တာ၏ ကာယသိဒ္ဓိဆေးကောင်းကြီးဖြစ်ကြောင်းကို သိနိုင်လေသည်၊)ပြဆိုခဲ့ပြီးသောအတိုင်း ကာယသိဒ္ဓိသိုက်ကို လိုက်သောသူများသည် ဆေးဝါးထိုးနှံသောဆရာတို့နှင့် တွေ့ကြုံတတ်လေ၏၊ ထိုအခါ ဆရာတို့အလိုရှိတိုင်း ဆေးဘက်,ဝါးဘက်ဖော်ရန် အဘိုးအခများကိုပေး၍ အပ်မြှုပ်ခြင်း, စက်မြှုပ်ခြင်း, ကြောင်ရုပ်ထိုးနှံခြင်း, ပေါရိသာဒပြည်ဝင်-ပြည်ထွက်ထိုးခြင်းစသည်များကိုပြုလုပ်တတ်ကြလေကုန်၏၊ထိုဆေး၏အစွမ်းသတ္တိရှိ,မရှိကိုဖြင့် မသိရသေး၊ငွေကုန်ခြင်း, အသားနာကျင်ခြင်း, သွေးသံစီးယိုခြင်းများကိုမူကား လက်ငင်းပင်တွေ့ကြုံရလေ၏၊ ကာယသိဒ္ဓိသိုက်လိုက်သမားကို ကာယသိဒ္ဓိဆရာတို့က လှည့်ချင်တိုင်းလှည့်ပတ်၍ ပါလွယ်အောင်ပြုလုပ်နိုင်၏။

အချို့သောသူတို့သည်ကား ပိယသိဒ္ဓိသိုက်ကိုလိုက်တတ်ကြကုန်၏၊ ပိယသိဒ္ဓိ အလိုရှိသောသူတို့သည် ပကတိသဘောရိုးရိုး ချစ်ခင်ကြခြင်းထက် မြင်မြင်သမျှ လူတကာတိုင်း အလွန်းတကြီးချစ်ခင်စေလိုသောသဘောရှိကြသောကြောင့်သာဝင်းပိယသိဒ္ဓိသိုက်ကိုလိုက်ကြကုန်သည်၊ ထိုသူတို့၏သဘောမှာ“ငါ့ကိုလူမြင်တိုင်းချစ်၍ မျက်နှာများပါစေ”ဟု တောင့်တသကဲ့သို့ ဖြစ်လေသည်၊ ပိယသိဒ္ဓိကို ဆောင်ရလျှင် ကြံတိုင်းအောင်, ဆောင်တိုင်းမြောက် ဆိုသကဲ့သို့ မျက်နှာပွင့်လန်းပြီးလျှင် လပြည့်ဝန်းကို လူတိုင်းကြည့်ချင်ကြသကဲ့သို့ သူ့မျက်နှာကိုလည်း လူတကာတိုင်း ကြည့်ရှုစေလိုသော ဆန္ဒရှိပုံပေါ်လေ၏၊ ခပ်နက်နက်နှိုက်၍ တွေးလိုက်ပြန်သည်ရှိသော် “**အသံကြား သနားပါစေ၊ မျက်နှာမြင် ချစ်ခင်ပါစေ**”ဆိုသောဆုတောင်းနှင့်မပြည့်စုံသည့်အတွက်ကြောင့်မြင်

သူတကာတိုင်းက မချစ်ခင်ကြ၍ လူရာမရောက်သောကြောင့် ၎င်းအလို များကို ပြည့်စုံလေအောင် ပိယဆေးဆောင်လိုသည်နှင့် ပိယသိဒ္ဓိသိုက် ကို လိုက်ကြဟန် လက္ခဏာတူလေသည်။

ထို့ပြင်လည်း လောကသဘာဝရှိကြသည့် အလျောက် ချစ်ရိုး, ချစ် တမ်းနှင့် နေထိုင်ကြသည်ထက် ပိုမို၍မိမိကိုယ်ကို အထူးတဆန်းကြီး ကဲ့သို့ ပြုလုပ်၍ ခဲယယနှင့် ချစ်ခင်ကြစေလိုသော သဘောရှိပုံ လက္ခဏာသို့လည်းရောက်လေသည်၊ ကာယသိဒ္ဓိကိုမူကား များသော အားဖြင့် ယောကျ်ားတို့သာလျှင် လိုက်စားတတ်ကြကုန်၏၊ ပိယသိဒ္ဓိ ကိုမူကား ယောကျ်ားရော,မိန်းမပါ အားကြီးစွာ လိုက်စားတတ်ကြ လေကုန်၏၊ ယောကျ်ားဖြစ်သူက ပိယသိဒ္ဓိသိုက်ကိုလိုက်လျှင် မိန်းမ ချစ်ခင်စေလိုသော သဘောဘက်သို့ ဆွဲတတ်ကြလေကုန်၏၊ မိန်းမဖြစ် သူက ပိယသိဒ္ဓိသိုက်ကိုလိုက်လျှင် ယောကျ်ား ချစ်ခင်အောင် သွေး ဆောင်လိုသောသဘောဘက်သို့သာ သက်ဝင်ကိုင်းရှိုင်းတတ်ကြကုန်၏။

လောကအလေ့အားဖြင့် ပျိုရွယ်သောလုလင်ငယ်များသည် ပိယ သိဒ္ဓိသိုက်ကို လိုက်စားတတ်ကြကုန်၏၊ မိန်းမဘက်၌မူကား မိမိလင် ယောကျ်ားနှင့်ကွဲကွာ၍ စိတ်မပြတ်သောမိန်းမ, ထို့ပြင် ရမ္မက်များ သောမိန်းမတို့သည် များသောအားဖြင့် ပိယသိဒ္ဓိသိုက်ကို လိုက်တတ် ကြကုန်၏၊ ထိုသို့လိုက်စားခြင်းနှင့်စပ်၍ တွေးဆလိုက်ပြန်သော် သူ များတကာတို့ထက် ကိလေသာရမ္မက်အစွန်းထွက်၍ ကာမဂုဏ် လက်နက်အားကောင်းသောသူများဟူ၍လည်းအတွေးရောက်သင့်ပြန် လေသည်၊စင်စစ်အားဖြင့် တွေးတောဆင်ခြင်လိုက်သည်ရှိသော် ပိယ- သိဒ္ဓိဆေးကို မဆောင်စေကာမူ မိမိတို့သန္တာန်မှာ မေတ္တာတရားကို အားကြီးစွာ မွေးမြူ၍ထားပါက ပွားများအပ်သော မေတ္တာဓာတ် သည် တပါးသောသူတို့ကို ကူးစက် စပ်နွယ်ပြီးလျှင် လွယ်လွယ်ကူကူ နှင့် မေတ္တာရှိကြသူများလေသည်၊ ထို့ကြောင့် မေတ္တာတရားသည် ပိယသိဒ္ဓိအရာတွင် အတုမရှိ ဆေးကြီးတပါး ပေတည်း၊ ထိုမှတပါး လည်း ပေးကမ်းလေ့ရှိခြင်းတည်းဟူသော ဒါန, ကြည်သာချိုမြစွာ ပြောခြင်းတည်းဟူသော ပိယဝါစာ၊ ဤတရားနှစ်ပါးတို့လည်း ပိယ သိဒ္ဓိဆေးကြီးဟူ၍ ကျမ်းဂန်တို့၌ဆိုသည်၊ ထိုစကားမှန်၏၊ ပေးကမ်း

လေ့ရှိသောသူနှင့်ပိယဝါစာ သာယာချိုမြစွာပြောဆိုတတ်သောသူများကို မုန်းသည်ဟူ၍မရှိဘဲ များစွာပင်ချစ်ခင်လေ့ရှိကြကုန်၏၊ (မျက်မြင်ဒိဋ္ဌသက်သေကြီးပင်ဖြစ်လေသည်၊)"နှုတ်ကောင်းလျှင်ပြည်စိုး"ဆိုသောစကားအရ နှုတ်ထွက်သာယာလျှင် တိုင်းပြည်နိုင်ငံကိုပင် အစိုးရနိုင်သည်ဟူ၍ဆိုရလေ၏။

တိုင်းပြည်ကိုအစိုးရ၏ ဟူသောစကားမှာ ဘုရင်မင်းကဲ့သို့ အစိုးရသည်ကိုမဆိုလို၊ မိမိ၏ချိုမြနှစ်သက်ဘွယ်သော စကားဖြင့် တိုင်းသူ, ပြည်သားတို့ ကြားကြားသမျှနှစ်သက်ကြ၍ မိမိဩဇာကိုလိုက်နာကြ၏၊ မိမိပြုလုပ်ချင်သော အကြံအစည်များကို လွယ်ကူစွာနှင့် ပြုလုပ်ဆောင်ရွက်နိုင်လေ၏၊ တန်ခိုးအာဏာဖြင့် ဩဇာရှိခြင်းထက် ချစ်ခင်စေတတ်သောမေတ္တာဖြင့် ဩဇာရှိခြင်းသည် သာ၍ပင်လူတို့၏စိတ်ကိုဆွဲငင်တတ်လေ၏၊ လူအများတို့ကို ချစ်ခင်စေတတ်သော မေတ္တာလည်းတရားနှင့် ယှဉ်သော မေတ္တာသည် သာ၍ပင် စူးရှတတ်လေသေး၏၊ ဝိဓုရဇာတ်တော်၌ လာရှိသောအတိုင်း ပညာရှိသော ဝိဓုရအမတ်၏ ပိယဝါစာ, ချိုသာအေးမြ တရားဓမ္မနှင့်ယှဉ်သော စကားကြောင့်လူ့ပြည်,နဂါးပြည်တို့၌ ထိုပညာရှိသုခမိန်၏ စကားကို များစွာလိုက်နာကြပုံအားဖြင့် သိရာ၏၊ ဥစ္စာပင်ရှိစေကာမူ, အရုပ်အဆင်းပင်လှပစေကာမူ,အမျိုးဂုဏ်သိရ်နှင့် စည်းစိမ်ပင် ကြီးကျယ်စေကာမူ နှုတ်ထွက်သာယာခြင်းမရှိက မေတ္တာသက်ဝင် ခင်မင်ခြင်းနည်းပါးကြလေကုန်၏။

ထို့ပြင်လည်း သူတပါး၏အမှုကိစ္စကို ကိုယ့်ကိစ္စကဲ့သို့ ထကြွရွက်ဆောင်လေ့ရှိခြင်းတည်းဟူသော ဝေယျာဝစ္စသည်လည်း လူအများတို့၏ချစ်ခင်နှစ်သက်ကြောင်း ဆေးကောင်းတပါးပင်ဖြစ်၏၊ထို့ကြောင့်ပြဆိုခဲ့ပြီးသောအတိုင်း—

၁။ မေတ္တာ,
၂။ ဒါန,
၃။ ပိယဝါစာ,
၄။ ဝေယျာဝစ္စ—

ဤတရားလေးပါးသည် လူအများတို့၏ ချစ်ခင်ကြောင်း ဖြစ်သော ပိယသိဒ္ဓိ ဆေးကြီးများဖြစ်လေသည်၊ ဤကဲ့သို့သော ပိယသိဒ္ဓိ ဆေးကောင်း,ဆေးစစ်ကြီးများကိုမူကား မရှာမှီးလေဘဲ လောကီပိယသိဒ္ဓိ ဆရာကြီးတို့ပြုလုပ်ကြံစည် ဖော်စပ်ကြသော ဆေးများကိုသာ ပိယသိဒ္ဓိ အဆောင်ကောင်းကြီးတွေ-ဟူ၍ မှတ်ထင်ကြပြီးလျှင် ထိုဆေးကို ပေးတတ်သော ဆရာ့ထံသို့ ကပ်ကြလေကုန်၏။

ဆရာပြုလုပ်သူကလည်း ဂမုန်းပေါင်း,ပန်းပေါင်း,ကြိတ်ပေါင်း– စသော ဆေးများနှင့် မဟာအချစ်တော်ကြီးဆေး, သူရဿတီဆေး, ဒေဝီခုနစ်ပါးဆေး-စသည်များ၏ ဂုဏ်ကိုအကုန်လွှတ်၍ ရွှန်းရွှန်းကြီး ပြောဟောကြလေ၏၊ ထို့ပြင် ''နယေ ပရံ ယုတ္တေ''အင်း,နံပေါ်အဋ္ဌ မုခ်အင်း- စသည်များနှင့် သူရဿတီဂါထာ စသည်များကိုလည်း အားရအောင်ပြောဟောကြလေကုန်၏၊ အချို့ကလည်း အစိမ်းတိုက်, နတ်တိုက်, ခတ်ဆေး စသည်များကို ပြောကြားကြကုန်၏၊ အချို့က လည်း ပိတုန်းစေဂါထာ,ကွမ်းယာ့မန်း,ပန်းမန်း,မျက်နှာသစ်ရေမန်း, မျက်ခုန်းဆွဲ ဖယောင်းချက်များနှင့် ထိဆေး, တို့ဆေး,ခြေရာနင်းဆေး အကြောင်းတွေကို ပြောကြလေကုန်၏၊ **''ပြောတိုင်းယုံ၊ ယုံတိုင်းပြော''** ဆိုသည့်အတိုင်း ဆရာ,တပည့်အကွက်လည်ကြပြီးလျှင်ပိယသိဒ္ဓိကောင်း အောင်''နယေ ပရံ ယုတ္တေ''အင်းကို ထိုးသူကထိုး၊ပိတုန်းစေဂါထာ, ကွမ်းယာမန်း, ပန်းမန်း-စသည်များကို တောင်းသူကတောင်း၊ သူရဿတီ မှော်ကို သွင်းသူကသွင်း၊ နှုတ်ငုံလက်ဖွဲ့ကို ဆောင်သူက ဆောင်နှင့် ဆရာ, တပည့်တစု လက်မလည်နိုင်အောင် ပိယသိဒ္ဓိသိုက်တူးကြ လေကုန်၏။

ရွှေပြားခတ်ရန် ရွှေစင်,ရွှေကောင်းကို ရှာဖွေကြရကုန်၏၊ ဘုရား တန်ခိုးကြီး, နတ်တန်ခိုးကြီးတို့ရှေ့မှာလည်း တခါ, တခါ ဂါထာမန်း မှုတ်သံတို့ဖြင့် တညံညံရှိကြကုန်၏၊ ဤကဲ့သို့ ပိယသိဒ္ဓိသိုက်ကို လိုက် သောသူတို့သည် ပိယသိဒ္ဓိ ဆရာကဆွဲငင်တိုင်း ပါကြရလေကုန်၏၊ ဆရာ ပေးသမျှသောဆေးဖြစ်လျှင် ဘယ်အရာပင်ဖြစ်ဖြစ် မြတ်နိုးစွာနှင့် မြတ် သောနေရာတွင်ထား၍ ဆောင်ကြရှာကုန်၏၊ ဆရာပြောပြသော အ တိုင်း ဆေးစွမ်းကောင်းသည်, မကောင်းသည်ကို အတတ်မဆိုနိုင်၊

သို့ရာတွင် ထိုသိုက်ကို လိုက်ရမှုအတွက်နှင့် သက်သက် အလုပ်ပိုတို့ကို မှုကား မေတ္တာရှိဆောင်ရွက်ကာ ပင်ပန်းကြလေကုန်၏။

[ကျွန်ုပ်တို့က''ဆေးကိုမယုံရဘူး၊ ဆေးအစွမ်းမရှိဘူး''ဟုမဆိုလိုပါ၊ လောကအရေးအရာသည် လွန်စွာဆန်းကြယ်လှ၏၊ သို့ရာတွင် အရေးရာမှာ ဉာဏ်ပညာရှေ့သွားနိုင်ကြရန်ကိုသာ ရည်သန်၍ဖော်ပြခြင်းဖြစ်လေသည်။]

ဤကဲ့သို့ လောကကြီးပေါ်တွင် မျက်စိမှောက်မှားစရာ လမ်းတွေ များလှသောကြောင့် တစုံတခုသောလမ်းဖြင့် မိမိအလှည့်အယှက် ခံရသည်ရှိသော် ထိုအကြောင်းကိုသူတပါးအား ဖော်၍မပြရာ၊အကယ်၍ ထုတ်ဖော်ပြောဆိုပါလျှင် မိမိ၏ အဆင်အခြင် ဉာဏ်ပညာ နည်းပါးကြောင်းကို လူ၏အလယ်မှာ ဖော်ပြသကဲ့သို့ ဖြစ်တတ်လေသည်၊ ထို့ပြင်လည်း မိမိအတွင်းသန္တာန်မှာရှိသော အဖြစ်သနစ်များကို ခွဲခြား၍ ပြသကဲ့သို့လည်း ရှိလေသည်။

၅။ ''မိမိအပေါ်၌ သူတပါးတို့ မထီမဲ့မြင်ပြုသော အချက်များကိုလည်း မပြောကြားရ'' ဆိုသည်မှာ မထီမဲ့မြင်, မခံ့လေးစား ပြုလုပ်ခြင်းကိုခံရလျှင် မိမိဂုဏ်ပျက်စီးခြင်းပင်ဖြစ်လေ၏၊ ကိုယ့်အောက် ယုတ်နိမ့်သော သူတယောက်က ကိုယ်အမူအရာအားဖြင့် သော်လည်းကောင်း, နှုတ်အမူအရာအားဖြင့်သော်လည်းကောင်း ပြန်လှန်၍ မတော်မတရားပြုမူသည်ကို မထီမဲ့မြင်ပြုလုပ်သည်-ဟုဆိုသည်။

လူကြီး လူကောင်း ပြုလုပ်သော သူတို့သည် ထိုလက်အောက် ငယ်သားတို့၏မထီမဲ့မြင်မခံ့လေးစားပြုခြင်းကို မကြာ,မကြာပင်ပွေ့ကြုံရတတ်လေ၏၊ ထိုသို့ပြုလုပ်ခြင်းမှာ အထက်လူကြီးပြုလုပ်သူက လူကြီးအင်္ဂါလက္ခဏာ ပျက်ယွင်း၍သော်လည်းဖြစ်တတ်၏၊ လက်အောက် ငယ်သား၏ မိုက်မဲခြင်းကြောင့်လည်း ဖြစ်တတ်၏၊ဤလမ်းပေါက်နှစ်ခုတို့တွင် အထက်လူကြီး၏ နာယကလက္ခဏာတာဝန် ပျက်စီးမှုကြောင့် ငယ်သား၏ မထီမဲ့မြင် ပြုခြင်းကိုခံရသည်မှာ လူငယ်၏တာဝန်မဟုတ်ချေ၊ လူကြီးပြုလုပ်သူ၏ အနေမတတ်, အထိုင်မတတ်သောကြောင့်သာလျှင် ဖြစ်လေသည်၊ လူငယ်၏မိုက်မဲမှုကြောင့် မထီမဲ့မြင် မခံ့မညား အပြုခံရခြင်းမှာလည်း စေ့စပ်စွာ စဉ်းစားဆင်ခြင်လျှင် လူငယ်၏ အပြစ်မဟုတ်၊ လူကြီး၏တာဝန်ပင် ဖြစ်လေသည်။

ထိုစကားမှန်၏၊ **"သားသမီးမကောင်း မိဘခေါင်း၊ တပည့်မကောင်း ဆရာ့ခေါင်း၊ လူငယ်မကောင်း လူကြီးခေါင်း၊ တိုင်းသားမကောင်း ဘုရင့်ခေါင်း"**ဆိုသည့်အတိုင်း လူငယ်မကောင်းလျှင် လူကြီးခေါင်းပေါ်သို့ ကျရောက်လေ့ရှိသောကြောင့် လူငယ်ကောင်းမွန်လိမ်မာအောင် တစိုတရာသောနည်းလမ်းဖြင့် လူကြီးပြုလုပ်သူက ဆုံးမတတ်စေရသည်၊ ရိုင်းသော တိရစ္ဆာန်ပင်ဖြစ်စေကာမူ နည်းလမ်းကျနစွာဆုံးမလျှင် ယဉ်ကျေးခြင်းသို့ရောက်ကုန်သေး၏၊ နည်းနာနိဿယနှင့်တကွ ပြသသွန်သင်၍ လူကြီးပြုလုပ်သူက ဆုံးမလျှင် အဘယ်မှာ လူငယ်မယဉ်ကျေးဘဲ ရှိပါအံ့နည်း။

လောကဓမ္မတာအားဖြင့် လူငယ်တို့၏ လိမ်မာကျွမ်းကျင်မှုသည် လူကြီးတို့၏ လက်တွင်းမှာရှိလေသည်၊ လူကြီးတို့၏ အပြောအဆို အဆုံးအမ ဗဟုသုတများကို မှီရမှသာလျှင် လူငယ်တို့လိမ်မာယဉ်ကျေးနိုင်လေသည်၊ ဥပမာ—တခုသောကျွန်းသားအရုပ်ကို ထုလုပ်ရာ အရုပ်မကောင်းလျှင် ကျွန်းသား၏ တာဝန်မဟုတ်၊ ပန်းပုသမား၏ တာဝန်ဖြစ်သကဲ့သို့တည်း၊ သို့ဖြစ်၍ မည်သည့်နည်းနှင့်မဆို ကိုယ့်အပေါ်မှာ မထိမခံမြင် ပြုလာလျှင် တစုံတဦးသောသူကိုမှ မပြောကြားဘဲ ဖုံးဖိနိုင်သမျှဖုံးဖိ၍ မျိုသိပ်ထားရာ၏၊ အကယ်၍ဖော်ပြပါလျှင် ကိုယ်လည်းဖျင်းရာကျ၊ သူတကာလည်း အထင်သေးခြင်း,အမြင်သေးခြင်းကိုခံရတတ်လေသည်။

ပြဆိုအပ်ပြီးသော စာထကျ ဆရာကြီး၏ ဆိုလိုရင်း အဓိပ္ပါယ်အချုပ်မှာ မိမိကိုယ်မှာဖြစ်စေ,မိမိအိမ်မှာဖြစ်စေ,မိမိအမျိုးသားတို့မှာဖြစ်စေ, မလျောက်ပတ်သောအရာ-ချွတ်ယွင်းပျက်စီးသောအရာများ ရှိလျှင် ဖော်ပြခြင်းမပြုဘဲ အကယ်၍ တတ်စွမ်းနိုင်ပါလျှင် ထိုမသင့်လျော်သောအချက်, ပျက်စီးချွတ်ယွင်းသော အချက်များကို ဖာနိုင်သမျှဖာ, ထေးနိုင်သမျှထေး, ဆို့နိုင်သမျှပိတ်ဆို့, ပြုပြင်ပြောင်းလဲနိုင်သမျှ ပြုပြင်ပြောင်းလဲစေရာ၏၊ ဤနည်းသည် မဟောသဓာသုခမိန်၏ နိဿယည်းလည်းဖြစ်လေသည်၊ မိမိတွေ့ကြုံရသော အပျက်အယွင်းများကို မဖော်မပြဘဲ ဖုံးဖိ၍ဟန်နှင့်ပြုလုပ်မှုကြောင့် ကြီးစွာသော စစ်ပွဲကြီးကိုပင် အောင်နိုင်ဘူးလေသည်၊ အကြောင်းသော်ကား စူဠနီဗြဟ္မဒတ်

မင်းကြီးသည် ကေဝဋ္ဋပုဏ္ဏားနှင့်တိုင်ပင်၍ ပဉ္စာလရာဇ်ပြည်မှထွက်၍ တဆယ့်ရှစ်ခေါဘဏီမျှလောက်သော သေနင်္ဂါ ဗိုလ်ထုနှင့်တကွ မဟောသဓာသုခမိန်နေသော ဝိဒေဟတိုင်း မိဓိလာပြည်သို့ လာပြီးလျှင် တပ်ပေါင်းအထပ်ထပ် ကာရံဝန်းဝိုင်းလေ၏။

မင်းနှင့်တကွသော မြို့သူ, မြို့သားတို့သည် မြို့တွင်းမှာ ငါးတွေကို လှောင်သကဲ့သို့ လှောင်မိ၍နေကြရာ လက်ရုံးအားဖြင့် ခုခံတိုက်ခိုက်မည်ဆိုလျှင် အောင်မြင်နိုင်ဘို့ရာ အကြောင်းမရှိချေ၊ မဟောသဓာက ပညာဉာဏ်အားဖြင့် စီမံ၍ တိုင်းသူ, ပြည်သားတို့သည် စင်စစ်စိတ်နှလုံးပူပန်ကြသော်လည်း ထိုအမူအရာ မဖော်ပြစေဘဲ မပူပန်ဟန်ဖြင့် ပွဲလမ်းသဘင်ခံခြင်းကို ပြုလုပ်ကြကုန်၏၊ ရေနှင့်ဖြတ်၍ မြို့ကိုသိမ်းမည်ဆိုလျှင် မြို့တွင်းမှာ ရေများစွာမရှိသော်လည်း ရေများလေဟန် ကြံဖန်ရလေ၏၊ အစာနှင့်ဖြတ်မည်ဆိုလျှင် အစားအစာများစွာ မလုံလောက်သော်လည်း အစား အစာပေါများလေဟန် ကြံဖန်ပြုမူရလေ၏၊ ထင်းနှင့်ဖြတ်မည်ဆိုလျှင်လည်းထို့အတူပင် ကြံဖန်ပြုမူရလေ၏၊ ဤသို့သော နည်းအားဖြင့် မိမိ၏ချွတ်ယွင်းချို့တဲ့သော အဖြစ်များကို အရိပ်အမြွက်မျှမသိစေဘဲ ဟန်ဆောင်နိုင်သမျှ ဟန်ဆောင်၍ခုခံရာ နောက်ဆုံးတနေ့မှာ မဟောသဓာကပင် စစ်နိုင်လေသည်။

ကျွန်ုပ်တို့ မြန်မာအမျိုးသားတို့သည်လည်း ကိုယ့်အရှင်သခင်နှင့် ကိုယ်ရှိကြစဉ်ကာလကပင် ဤကဲ့သို့ သိုသိပ်သေဝပ်စွာနေထိုင် ကြံစည်ခဲ့ကြမည်ဆိုပါလျှင် ယခုကဲ့သို့အောက်ကျ,နောက်ကျခြင်းသို့ ရောက်တဲ့နိုင်ကြမည် မဟုတ်ချေ၊ လောကဉ္ဇတဦး၏ အဖြစ်အပျက်သဘော,သကံကို အတွင်းအပြင်အကုန်သိလျှင် ထိုသူ၏ပျက်စီးကြောင်းကို နည်းလမ်းသင့်စွာနှင့် စီမံကြံစည်နိုင်လေသည်၊ ထိုကဲ့သို့မသိပါမူကား ကြံစည်ရန်လွယ်ကူသည် မဟုတ်ချေ၊ ဋ္ဌာနွေသိက္ခာရှိ၍ သိုသိပ်လုံခြုံသောသူ၏ အထံသို့ သွားသောအခါနှင့် ပေါ်ပေါ်လွင်လွင် အတွင်း,အပြင်ဟိနေသော သူတို့၏ထံသို့သွားသောအခါ ဘယ်ကဲ့သို့ အလေးအမြင် အရိုအသေပြုရပုံ,ဂရုစိုက်ရပုံများကိုလည်း ဆင်ခြင်လေ။

မိမိတို့ မြန်မာအမျိုးသားမှန်လျှင် ကိုယ့်ကိုယ်တိုင်ကဲ့သို့ သဘောထားပြီးလျှင် တစုံတရာချွတ်ယွင်းပျက်ကွက်သော အပြစ်အနာရှိပါက

နှုတ်လွှယ်လွယ်နှင့် မဖော်တဲ့သေးဘဲ ဖုံးဖိနိုင်သမျှဖုံးဖိ၍ သိုသိပ်ကြရာ၏၊ ကောင်းသောစိတ်ထား တရားလမ်းမှန်နှင့် ဆုံးမလိုပါမူကား အပြစ်အားလျော်စွာပြ၍ ဆုံးမသွန်သင်ပြင်ဆင်နိုင်သမျှ ပြင်ဆင်ကြရာ၏၊ ထိုကဲ့သို့သော တဦးနှင့်တဦး ဖေးဖေးမမ ပြုလုပ်သွားကြပါလျှင် တိမ်းတန်သောနေရာ၌မတိမ်း, ယိမ်းတန်သော်လည်းမယိမ်းဘဲ ဖြောင့်မတ်တည်တံ့စွာရပ်၍ အကျိုးကြီးမား စီးပွားဖြစ်ထွန်းနိုင်ကြပေလိမ့်သတည်း။

ထင်ရှား မပြသင့်သောအချက် ၅-ပါးပြီး၏။

---

## ၁၅-၁၆။ အမျိုးကောင်းသား တယောက်ကြောင့် တမျိုးလုံးချမ်းသာနိုင်ကြောင်း

ဧကေနာပိ သုရုက္ခေန၊
ပုပ္ဖိတေန သုဂန္ဓိနာ။
ဝါသိတံ တံ ဝနံ သဗ္ဗံ၊
သုပုတ္တေန ကုလံ ယထာ။ ။

**အနက်။** ။သုဂန္ဓိနာ၊ ကြိုင်လှိုင်သောရနံ့ဖြင့်။ ပုပ္ဖိတေန၊ ပွင့်လျက်ရှိနေသော။ ဧကေနာပိ၊ တပင်တည်းသာလျှင်ဖြစ်သော။ သုရုက္ခေန၊ ကံ့ကော်, ချယား, စကား, သရဖီ-စသော သစ်ပင်ကောင်းဖြင့်။ တံဝနံ သဗ္ဗံ၊ ထိုသစ်ပင်ကောင်းရှိသော တတောလုံးသည်။ ဝါသိတံယထာ၊ ကြိုင်လှိုင်လေဘိသကဲ့သို့။ တထာ၊ ထို့အတူ။ သုပုတ္တေန၊ အမျိုးကောင်းသားတယောက်ကြောင့်။ ကုလံ၊ တမျိုးလုံးသည်။ ဝိရောစမာနံ၊ တင့်တယ်လျက်။ သုခံ၊ ချမ်းချမ်းသာသာ။ ဝဍ္ဎတိ၊ ကြီးပွားရလေ၏။

**ဆိုလိုရင်းမှာ။** ။ကြိုင်လှိုင်သောအနံ့ကိုဆောင်သည့် အပွင့်ပွင့်သောသစ်ပင်ကောင်းတပင်ကြောင့် တတောလုံးမွှေးကြိုင် သင်းပျံ့ဘိသကဲ့သို့ အသိ, အလိမ္မာ,ဉာဏ်ပညာနှင့်ပြည့်စုံသော အမျိုးသားကောင်း တယောက်ကြောင့် တမျိုးလုံးချမ်းချမ်းသာသာ ကြီးပွားကြလေသည်ဟူ၍ဆိုလိုသည်။

ကေဿာပိ ကုရုက္ခဿ၊
ကောဋရဋ္ဌေန အဂ္ဂိနာ။
ဒယှတေဟိ ဝနံ သဗ္ဗံ၊
ကုပုတ္တေန ကုလံ ယထာ။ ။

**အနက်။** ။ကေဿာပိ၊ တပင်တည်းသာဖြစ်သော။ ကုရုက္ခဿ၊ အနှစ်မပါ အကာဟောင်းလောင်း အခေါင်းပေါက်ရှိသောသစ်ပင်ဆိုး၏။ ကောဋရဋ္ဌေန၊ သစ်ခေါင်းဆွေး၌စွဲငြိသော။ အဂ္ဂိနာ၊ မီးကြောင့်။ သဗ္ဗံဝနံ၊ တတောလုံးသည်။ ဒယှတေဟိ-ဒယှတေယထာ၊ မီးလောင်ံ ရဘိသကဲ့သို့။ တထာ၊ထို့အတူ။ ကုပုတ္တေန၊ ပညာကင်းရှင်း ညံ့ဖျင်း ယုတ်မာ မိုက်မဲစွာသော အမျိုးသားဆိုးတယောက်ကြောင့်။ ကုလံ၊ တမျိုးလုံးသည်။ ဒုက္ခံ၊ ဆင်းရဲငြိုငြင်စွာ။ ဒယှတိ။ ပူလောင်ရလေ၏။

**ဆိုလိုရင်းမှာ။** ။အသားဆွေး,အခေါင်းပါသောသစ်ပင်အိုကြီးတပင်ကြောင့် ထိုသစ်ပင်ကြီး၏ အခေါင်းတွင်းသို့ မီးလောင်စွဲငြိသည်ရှိသော် တတောလုံးပြောင်အောင် တောမီးလောင်ခြင်းကို ခံရဘိသကဲ့သို့ ထို့အတူ အသိအလိမ်မာ ဉာဏ်ပညာကင်းမဲ့သော အမျိုးသားဆိုး တယောက်ကြောင့် တမျိုးလုံးငြိုငြင်ပူပန်ကြရလေသည်-ဟူ၍ ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

၁။ ရန့်ကြိုင်လွင်၊ သစ်တပင်၊ တောတွင်ရှိလေခါ။
၂။ တောလုံးအန္တံ၊ တပုံ့ပုံ့၊ ရန့်ကြိုင်လို့ဖြာ။
၃။ ထိုသူတဦး၊ မျိုးသားထူး၊ ပွားလူးပေါ်သောခါ။
၄။ တမျိုးလုံးပင်၊ အေးကြည်လင်၊ ဂုဏ်အင်တိုးလိမ့်မှာ။
၅။ အနှစ်ကင်းပျောက်၊ အခေါင်းပေါက်၊ သစ်ခြောက်ကြီးတပင်။
၆။ တောတွင်ရှိငြား၊ မီးငြိပွား၊ လောင်သွားကုန်အစင်။
၇။ ထိုသူတယောက်၊ မျိုးသားပေါက်၊ ဆိုးနောက်ပါရာတွင်။
၈။ တမျိုးနွယ်လုံး၊ ကြွမ်မီးအုံး၊ ပျက်ပြုန်းလွန်ပူပင်။

### အဓိပ္ပါယ်အကျယ်

တခုသောတောအုပ်ကြီး အတွင်းမှာပင် လွန်စွာမွှေးကြိုင်သည့် ရန့်ကိုဆောင်သော ကံ့ကော်, သရဖီ, ပိတောက်, အင်ကြင်း, ပုန်းညက်,

ချယား,စကား-စသောပန်းတို့တွင် တပင်ပင်ပေါက်ရှိ၍ ထိုပန်းပင်မှ ပွင့်လာသောအခါ **"ပန်းသတင်း လေညှင်းဆောင်"** ဆိုသည့်အတိုင်း တသုန်သုန်တိုက်ခတ်သော လေပြေ,လေညှင်း ဆောင်သွင်းလာသော အခါ မည်သည့်နေရာမဆို တတောလုံး အပွံ့အနှံ့ ရနံ့ကြိုင်လှိုင်လေ၏၊ ထိုတောတွင်းသို့ ဝင်ရောက်လေသော သူများသည် တောတခုလုံးကို ချီး၍ "ဤတောသည် အလွန်နှစ်သက်ဖွယ် ရှိပေစွ၊ သင်းပျံ့ကြိုင်လှိုင်သော ရနံ့တို့ဖြင့် တပျံ့ပျံ့ကြိုင်လှိုင်လေစွ" ဟူ၍ ချီးမွမ်းလေ၏၊ ထိုသို့ တတောလုံးကို အုပ်ချီး၍ချီးမွမ်းသည်မှာ အခြားအကြောင်းကြောင့် မဟုတ်၊ သစ်ကောင်းတပင်ရှိသည့်အတွက်ကြောင့်ပင် ဖြစ်လေသည်၊ သစ်ကောင်းတပင် ပေါက်သောကြောင့် တောတလျှောက်လုံး အချီးမွမ်းခံရသည်-ဟူ၍ ဆိုလိုသည်၊ **"သစ်တပင်ကောင်း ငှက်တသောင်းနိုရသည်"** ဟူသော စကားကို နိဿယည်းပြု၍ စာဏကျနီတိဆရာကြီး၏ ဥပမာအတိုင်း **"သစ်ကောင်းတပင်ကြောင့် တောတခွင်လုံး ကြိုင်လှိုင်သည်"** ဟူ၍လည်း စကားပုံတခု ပြုထိုက်လေသည်။

ဤစကားသည်ကား ဥပမာပြရုံမျှသာ ဖြစ်ချေသည်၊ စင်စစ်ဆိုလိုရင်းမှာ အမျိုးသားကောင်း တယောက်အတွက်ကြောင့် တမျိုးလုံး, တနွယ်လုံးချမ်းချမ်းသာသာ ဂုဏ်သတင်းကြီးစွာနှင့် ကြက်သရေမင်္ဂလာရှိကြောင်း, ကြီးပွားကြောင်းကို ဆိုလိုရင်း ဖြစ်လေသည်၊ တစုံတဦးသော အမျိုးအနွယ်၌သော်လည်းကောင်း, တစုံတခုသော တိုင်းပြည်နိုင်ငံမှာသော်လည်းကောင်း အသိအလိမ်မာ ဉာဏ်ပညာနှင့်ပြည့်စုံ၍ ဆင်ခြင်မြော်မြင်နိုင်သော အစွမ်းသတ္တိကိုဆောင်သော အမျိုးကောင်းသားတယောက် ပေါ်ပေါက်၍လာသောအခါ အတ္တဟိတ,ပရဟိတ ဟုဆိုအပ်သော ကိုယ့်အကျိုး, သူ့အကျိုးနှစ်ပါးစုံကို ကြည့်ရှု၍ အမျိုးမျိုး ကြီးပွားချမ်းသာအောင် ရွက်ဆောင်တတ်လေသည်၊ ထိုကဲ့သို့ ထွန်းကားသော အမျိုးသားကောင်းကို **"မ,တထောင် တကောင်ဖွား"** ဆိုဘိသကဲ့သို့ အာဇာနည် ယောကျ်ား-ဟူ၍ သမုတ်ထိုက်လေသည်၊ ထိုကဲ့သို့သော အာဇာနည်ယောကျ်ားကို ရခဲ၏၊ (ဖြစ်ပေါ်ခဲလှ၏၊) ဖြစ်ပေါ်လာခဲ့သော် တမျိုးသားလုံး ချမ်းသာခွင့်ကိုရရှိလေသည်၊ ဤအဓိပ္ပါယ်ကို ရည်၍ ဓမ္မပဒ ပါဠိတော်၌လည်း—

ဒုလ္လဘော ပုရိသာဇညော၊
န သော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထ သော ဇာယတေ ဓေါ်ရော၊
တံ ကုလံ သုခ မေဓတိ။—

ဟူ၍ မြတ်စွာဘုရားပင် ဟောကြားတော်မူသည်။

**အနက်**။ ။ပုရိသာဇညော၊ အမျိုးကောင်းသား ယောကျ်ားအာဇာနည်ကို။ဒုလ္လဘော၊ ရခဲလှ၏။သော၊ ထိုအမျိုးကောင်းသား ယောကျ်ားအာဇာနည်သည်။ သဗ္ဗတ္ထ၊ အရာခပ်သိမ်း၌။ နဇာယတိ၊ မဖြစ်နိုင်။ သောဓေါ်ရော၊ ထိုအမျိုးကောင်းသား ယောကျ်ားအာဇာနည်သည်။ ယတ္ထ၊ အကြင်မြို့ရွာခရိုင် နိုင်ငံမျိုးနွယ်တို့၌။ ဇာယတေ၊ ဖြစ်ပေါ်၏။ တံကုလံ၊ ထိုအမျိုးအနွယ်သည်။ သုခံ၊ ချမ်းချမ်းသာသာ။ ဧဓတိ၊ ကြီးပွားရလေ၏။

အမျိုးကောင်းသား အာဇာနည်ယောကျ်ားတို့မည်သည် ကိုယ့်အကျိုး သက်သက်ကိုသာကြည့်၍ ကိုယ့်ဘက်သို့သာ ယက်လေ့မရှိဘဲ အမျိုးသားတို့၏ အကျိုးကိုလည်း ကြည့်ရှု၍ ပြုလုပ်ဆောင်ရွက်တတ်လေသည်၊ပုဂ္ဂိုလ်လေးပါးကို ရှင်တော်ဘုရား ဟောကြားတော်မူသည်မှာ—

၁။ မိမိအကျိုးစီးပွားသက်သက်ကိုသာ ဆောင်ရွက်သော အတ္တ-ဟိတပုဂ္ဂိုလ်,
၂။ ကိုယ့်အကျိုးမပါ သူတပါးတို့၏ အကျိုးသက်သက်ကိုသာ ဆောင်ရွက်သော ပရဟိတ ပုဂ္ဂိုလ်,
၃။ ဆိုခဲ့ပြီးသော အကျိုးနှစ်ပါးလုံးကို မဆောင်ရွက်သော နေဝ-အတ္တဟိတ နပရဟိတ ပုဂ္ဂိုလ်,
၄။ ကိုယ့်အကျိုး, သူ့အကျိုး နှစ်ပါးလုံးကို ဆောင်ရွက်သော အတ္တဟိတ ပရဟိတ ပုဂ္ဂိုလ်—

ဟူ၍ လေးမျိုးရှိလေသည်။

ထိုလေးမျိုးတို့တွင် ကိုယ့်အကျိုးသက်သက်ကိုသာ ငဲ့ယှက်သောသူကိုလည်း မချီးမွမ်းထိုက်၊ ကိုယ့်အကျိုးမပါ ဗလာသက်သက် သူ့

အကျိုးအတွက်သာ ဆောင်ရွက်သော သူကိုလည်း မချီးမွမ်းထိုက်၊ အကျိုးနှစ်ပါးလုံးကို မဆောင်ရွက်သောသူကိုလည်း အချည်းနှီးဖြစ်၍ မချီးမွမ်းထိုက်၊စင်စစ်မှုကား-ကိုယ့်အကျိုး, သူ့အကျိုး နှစ်ပါးလုံးကို ကြည့်ရှုမြော်မြင်၍ အမျိုးသားတို့ ချမ်းသာကြီးပွားလေအောင် ရွက်ဆောင်သော သူကိုသာ လောက၌ ချီးမွမ်းထိုက်လေသည်၊ အမျိုးကောင်းသား ယောက်ျားကောင်းပြီ အာဇာနည်ဖြစ်သော သူတို့သည် မှုကား အကျိုးနှစ်ပါးလုံးကိုမြော်မြင်၍ ပြုလုပ်ဆောင်ရွက်တတ်သော အလေ့ရှိသည့်အတိုင်း ထိုကဲ့သို့သော သူတဦးတယောက် ပေါ်ပေါက်၍လာလျှင် များစွာသောသူတို့ မှီခိုကြရလေကုန်သည်၊ ဇာတ်တော်များ၌လာသော သက်သေအားဖြင့် ဝိဒေဟတိုင်း မိဓိလာပြည်၌ အလောင်းတော် မဟောသဓာ-တည်းဟူသော အာဇာနည်ယောက်ျား တယောက် ပေါ်ပေါက်ဖြစ်ထွန်းလာသောကြောင့် စူဠနီဗြဟ္မဒတ်မင်းအမှူးရှိသော တရာသော မင်းအပေါင်းတို့က ဝန်းဝိုင်းဖိစီးလာသော ရန်စစ်ကြီးကိုပင် ငြိမ်းစဲအောင်ပြုလုပ်၍ တနိုင်ငံလုံး၏ချမ်းသာကိုပင် ရွက်ဆောင်နိုင်လေသည်။

ထို့ပြင် မဟာသုတသောမ ဇာတ်၌ မဇ္ဈိမဒေသ တဝန်းလုံးတွင် လူသားစား ပေါရိသာဒ၏ဘေးဖြင့် နှိပ်စက်၍နေရာ ကိုးကျိပ်ကိုးယောက်သော မင်းတို့သည် ပေါရိသာဒ၏လက်တွင်းသို့ ဖမ်းမိခြင်းကို ခံနေကြရသည့်အခါ အလောင်းတော် သုတသောမမင်းတပါး၏ အစွမ်းသတ္တိကြောင့် အလုံးစုံချမ်းသာဘူးကြလေသည်၊ ယခုအခါ ကျွန်ုပ်တို့၏ဘုရားမြတ်စွာ-တည်းဟူသော အာဇာနည်ပုဂ္ဂိုလ်ထူးကြီး တပါး ထွန်းကားခြင်းကြောင့် များလှစွာသော သတ္တဝါတို့သည် လောကီ, လောကုတ္တရာ ချမ်းသာနှစ်ပါးကို ရရှိကြလေသည်၊ သာကီဝင်မျိုးမှ ဘုရားဖြစ်ခြင်းကြောင့် ထိုအမျိုးအနွယ်သည် လောကမှာ လွန်စွာပင် ကြက်သရေရှိလေသည်။

ယောက်ျားသာမဟုတ်သေး၊မိန်းမထူး,မိန်းမမြတ်တဦး ပေါ်ထွန်းလျှင်လည်း မိန်းမများတို့ထွန်းကားခွင့်ကို ရရှိလေသည်၊ ဥပမာ— မြတ်စွာဘုရား လက်ထက်တော်အခါတွင် မိထွေးတော်ဂေါတမီက တဦးထည်းရှေ့ဆောင်ပြုကာ များစွာတောင်းပန်မှုကြောင့် မြတ်စွာ

ဘုရားခွင့်ပြုတော်မမူသော မိန်းမတို့၏ ရဟန်းအဖြစ်ကိုရရှိကြ၍ နောက်နောက်ဖြစ်သော မိန်းမအများတို့သည် ဘိက္ခုနီမအဖြစ်ဖြင့် သာသနာတွင်းသို့ ဝင်ရောက်ခွင့်ကို ရရှိကြလေသည်။

လူသားကိုမဆိုထားနှင့်ဦး၊ တိရစ္ဆာန်ပင်ဖြစ်စေ အမြော်အမြင်ဉာဏ်ပညာနှင့် ပြည့်စုံ၍လာပါက အများ၏အကျိုးကို သည်ပိုးရွက်ဆောင်နိုင်လေသည်၊ဥပမာ-ပုဏ္ဏားလိမ်တယောက်၏ အတွက်ကြောင့် ကျီးငှက်အပေါင်းတို့ကို သတ်စေရာ ပညာရှိသောကျီးတကောင်၏ ရှေ့ဆောင်ပြုကာ ပြောဟောချက်ကြောင့် ကျီးငှက်အပေါင်း ချမ်းသာဘူးကြလေသည်၊ ထိုနည်းအတူ ခွေးများစွာတို့ကို သတ်ဖြတ်စေရာ၌ ပညာရှိသော အာဇာနည်ခွေးတကောင်၏အတွက်ကြောင့် ခွေးပေါင်းများစွာ အသက်ချမ်းသာရဘူးလေသည်၊ ဤသို့စသည်ဖြင့် ငါးရာ့ငါးဆယ်ဇာတ်တော်တို့၌ အာဇာနည်ဖြစ်သော ပုဂ္ဂိုလ်တဦးအတွက်ကြောင့် အများချမ်းသာကြောင်းနှင့် ဝတ္ထုသက်သေများစွာ ပါရှိကုန်သည်။

လောကမျက်မြင်အားဖြင့်လည်း မကြာမီကာလတွင် ကျွန်ုပ်တို့မြန်မာများက ဂန္ဓာလရာဇ်တိုင်း-ဟူ၍ ခေါ်ဝေါ်သမုတ်လေ့ရှိသောတရုပ်ပြည်ကြီးတွင် "စွန်ရက်ဆင်" ခေါ်သော အမျိုးကောင်းသားယောကျ်ားအာဇာနည်တဦး ဖြစ်ထွန်းခြင်းကြောင့် တရုပ်နိုင်ငံတဝန်းလုံး၏ လောကီရေးနှင့်စပ်ဆိုင်သမျှ အမျိုးမျိုးကြီးပွားရန် လမ်းပေါက်များကို ဖွင့်နိုင်လေသည်၊ ရှေးအခါ ၎င်းတရုပ်ပြည်တွင် မန်ချူလူမျိုးဖြစ်သည့် ဘုရင်အဆက်ဆက်တို့ စိုးမိုးအုပ်ချုပ်လေသည့်အခါ နိုင်ငံ၏အညွန့်ကို နှိမ်ချိုး၍ထားဘိသကဲ့သို့ မကြီးပွားဘဲ ပိပြား၍နေရာ ၎င်း"စွန်ရက်ဆင်"၏အစွမ်းဖြင့် နည်းလမ်းအသစ်ပြောင်းပြီးလျှင် တရုပ်နိုင်ငံတွင် သမတဘုရင်တင်မြှောက်၍ အနောက်နိုင်ငံကြီးများသဖွယ်ကြီးကျယ်သော တိုင်းရေး,ပြည်မှုတို့ကို ပြုစုတည်ထောင်လေသည်။

ထို့ပြင်လည်း ဥရောပနိုင်ငံတွင် ဉာဏ်ပညာ အမြော်အမြင်နှင့်ပြည့်စုံသော "ကောလမ္ဗ"ဆိုသူတဦးကြောင့် မတွေ့စဘူးသော အမေရိကတိုက်ကြီးကိုတွေ့ရှိ၍ ယခုအခါ ကမ္ဘာတဝန်းလုံးတွင် အမေရိက

တိုက်ကြီးမှာ များစွာကြီးပွားကြလေသည်၊ ဤသို့စသည်ဖြင့် ထုံးပုံသက်သေသာဓကတို့သည်လည်း များစွာပင်ရှိကြကုန်၏၊ဤအကြောင်းကို ထောက်ထားကြပြီးလျှင် ကျွန်ုပ်တို့မြန်မာအမျိုးသားတို့မှလည်း ယောကျ်ားအာဇာနည်များ ပေါ်ပေါက်ကြပြီးလျှင် အမျိုး၏ချမ်းသာကြောင်း,နိုင်ငံ၏ ကြီးပွားကြောင်းများကို အစွမ်းရှိသမျှ ဆောင်ရွက်ကြရန် အမှန်ပင်သင့်လျော်ပေသည်။

ဤအရာ၌ ယောကျ်ားအာဇာနည်၏ လက္ခဏာမှာ—

၁။ အမြော်အမြင်ဉာဏ်ပညာနှင့်ပြည့်စုံခြင်း,

၂။ စွမ်းအန်,လုံ့လဝီရိယနှင့်ပြည့်စုံခြင်း,

၃။ အမျိုးသားနှင့် နိုင်ငံအတွက် ကြီးပွားရန်ကို ထက်သန်စွာ အလိုရှိခြင်း,

၄။ ထိုသို့အလိုရှိသောအတိုင်း သတ္တိ,ဗျတ္တိနှင့်ပြည့်စုံစွာ လုပ်ကိုင်ဆောင်ရွက်ခြင်း—

ဟူ၍လေးပါးရှိလေသည်၊ ထိုလေးပါးတို့တွင်—

၁။ အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံခြင်း-ဆိုသည်မှာ လောကုတ္တရာပညာနှင့် များစွာမသက်ဆိုင်ဘဲ လောကီပညာရေးနှင့်သာ တိုက်ရိုက်သက်ဆိုင်လေသည်၊ယခုအခါ ကမ္ဘာတဝန်းလုံးရှိ နိုင်ငံအမျိုးမျိုးတို့၏ အဖြစ်အပျက်နှင့် လူအမျိုးမျိုးတို့၏အဖြစ်အပျက်, အပြုအမူ,အလုပ်အကိုင်တို့ကို ဖော်ပြရေးသားလျက် ရှိသောစာတို့သည် များစွာပင်ရှိကြကုန်၏၊ ထိုစာများသည် အမြော်အမြင်ဉာဏ်ပညာ၏ မျက်မှန်သဖွယ်ဖြစ်ကုန်၏။

ထိုစာပေ ပညာတို့ကို ကြည့်ရှုသင်ကြားခြင်းအားဖြင့် အသိ အလိမ္မာ, ဉာဏ်ပညာ အမြော်အမြင် ထက်သန်ခြင်းကို ရရှိနိုင်ကုန်၏၊ ယခုအခါ အင်္ဂလိပ်စာပေ ပညာသည် ကမ္ဘာဝန်းကျင်တွင် အထွန်းကားဆုံးဖြစ်နေသောကြောင့် ထိုအင်္ဂလိပ်စာပေ ပညာအားဖြင့် ကမ္ဘာ၏ အဖြစ်,အပျက်များကို ရေးသားပြီးအသင့်ရှိကြကုန်၏။

အင်္ဂလိပ်ဘာသာစာပေ ပညာကို တတ်မြောက်အောင် သင်ကြားခြင်းအားဖြင့် ကမ္ဘာလောကကြီး၏ အဖြစ်,အပျက် အကြောင်းအရာများကို သိရှိနိုင်ကြပေလိမ့်မည်၊ ယခုအခါ ကျွန်ုပ်တို့မြန်မာအမျိုးသား

တို့မှာလည်း ခေတ်ကာလအလျောက် အင်္ဂလိပ်ဘာသာ စာပေပညာများကို တတ်မြောက်သောသူတို့လည်း အတော်အတန်ပင် ပေါများလျက်ရှိကြလေကုန်ပြီ၊ ထိုပုဂ္ဂိုလ်များကိုပင် နိုင်ငံ၏ ကြီးပွားမှု, အမျိုးသား၏ချမ်းသာမှု အရေးတွင် ရှေးဆောင် ပုဂ္ဂိုလ်များဖြစ်ထိုက်သည်-ဟူ၍ ထင်မြင်သင့်လေသည်၊ ထိုကဲ့သို့ လောကီရေးတွင် အမြော်အမြင်ကျယ်ပြန့်သောသူများ ပေါ်ပေါက်လာသည်ကစ၍ ကျွန်ုပ်တို့ မြန်မာနိုင်ငံတည်း ဟူသော လောကပေါ်မှာ "နိုင်ငံကြီးပွားဘို့,အမျိုးသားချမ်းသာဘို့"ဟူသောစကားနှင့် "ဝံသာနုရက္ခိတ"ဟူသောစကားကို အတော်ခပ်များများပြောဆို၍ လာကြကုန်၏။

သတင်းစာဆရာတို့ကလည်း ၎င်းအကြောင်းနှင့်စပ်လျဉ်း၍ ရေးသားဖော်ပြကြကုန်၏၊ ဉာဏ်အမြင်ပွင့်လင်းသော ပုဂ္ဂိုလ်တို့ကလည်း သတင်းစာများတွင် ထည့်သွင်းရေးသားကြကုန်၏၊ ထိုသို့ ပြောကြားရေးသားချက်ဖြင့် ဤမြန်မာနိုင်ငံထက်မှာ"နိုင်ငံကြီးပွားဘို့,အမျိုးသားချမ်းသာဘို့"ဟူသောစကားကို ခပ်တွင်တွင်ပင် စကားတွင် သွတ်သွင်း၍ ပြောဆိုနှုတ်တက်လာကြကုန်၏၊ ထိုစကားမျိုးကို ခပ်တွင်တွင်ပြောကြား နှုတ်တက်ကြ၍ "ပြောတိုင်းပြု၊ပြုတိုင်းပြော" ဆိုသည်နှင့်အညီ တစ တစ မိမိတို့နှုတ်တက်ကြသော စကားနှင့်အညီ ပြုလုပ်လာကြပါက တစ တစ နိုင်ငံကြီးပွား၍ အမျိုးသားချမ်းသာကြလိမ့်မည်ဟု မြော်လင့်ဘွယ်ရာရှိလေသည်၊ အချို့သော ပုဂ္ဂိုလ်တို့သည် ကမ္ဘာသုံးဖြစ်သောအင်္ဂလိပ်ပညာ, စာပေကျမ်းဂန်တို့ကို တတ်ကျွမ်း၍ အတော် အတန်ပညာဉာဏ်ရင့်လျက် မျက်စိပွင့်ကြသော်လည်း ထိုပညာကို နိုင်ငံရေးအတွက် အမျိုးသားတို့အဘို့ အသုံးမပြုဘဲ မိမိတအိမ်ထောင်ပြောင်ပြောင်သုံးစွဲ ဝတ်စားနိုင်ရုံမျှ အတ္တဟိတသမား ပြုလုပ်ပြီးလျှင် ရရှိတတ်သိသောပညာကို ဝမ်းစာအဖြစ်နှင့်သာ တသက်လုံးအသုံးချ၍ ဖြုန်းတီး ပစ်တတ်ကြလေကုန်သည်။

ထိုသို့ သဘောထားလျှင် အမျိုးကောင်းသား, ယောကျ်ားအာဇာနည်သဘောနှင့်လိုက်လျောညီစွာမဖြစ်ဘဲ သာမညလူစားအနေနှင့်သာ လူ့ဘဝတွင်နေ၍ သွားလေသည်မည်၏၊ မိမိတို့တတ်သိ၍ ထားသော ပညာက ကမ္ဘာနှင့်သက်ဆိုင်၍ ကြီးကျယ်သော်လည်း သေးငယ်

သော တအိမ်ထောင်တွင်းမှာသာ အသုံးချ၍နေပါလျှင် ၁၂-လက်မ အဝရှိသော အမြောက်ကြီးနှင့် နှံစုပ်ငှက်ကိုပစ်ဘိသကဲ့သို့ရှိလေသည်၊ သို့ဖြစ်၍ ယခုလောကတွင် ခေတ်ကာလအလျောက် အဘိုးထိုက်တန်သည်ဟု သမုတ်ကြရသော အင်္ဂလိပ်စာပေ ပညာများကို ခေါင်ခေါင်ဖျားဖျား တတ်သိလိမ်မာ၍ ထားကြသောပုဂ္ဂိုလ်တို့သည် မိမိတို့ပညာကိုဝမ်းစာရေးနှင့် တအိမ်ထောင်အတွက်မျှနှင့်သာ အသုံးချ၍ အချည်းနှီးမဖြစ်စေဘဲ ကိုယ့်နိုင်ငံနှင့် ကိုယ့်အမျိုးသား အတွက်များကိုလည်း ခွဲဝက်ဝေတာ၍အသုံးချဘို့ရာသင့်မြတ်လေသည်။

မိုက်သောသူကို လိမ်မာစေရန်အရေးမှာ လိမ်မာပြီးသောသူ၏ တာဝန်ဖြစ်၏၊ မယဉ်ကျေးသောသူကို ယဉ်ကျေးစေရန်မှာ ယဉ်ကျေးပြီးသောသူ၏တာဝန်ဖြစ်၏၊ မျက်စိအမြင်မပွင့်လင်းသောသူ၏ မျက်စိကို ဖွင့်ရန်မှာ မျက်စိအမြင်ပွင့်ပြီးသောသူ၏ တာဝန်ဖြစ်၏၊ သို့ဖြစ်လေသောကြောင့် လိမ်မာယဉ်ကျေး မျက်စိအမြင် မသေးကြကုန်သော အမျိုးသားပုဂ္ဂိုလ်တို့က နောက်ကျည့်ဖျင်း အသိအလိမ်မာဉာဏ်ပညာ လွတ်ကင်း၍ မျက်စိအမြင်မလင်းကြသော အမျိုးသားများကို တနိုင်ငံလုံးအုပ်ခြုံ၍ ကြည့်ရှုပြီးလျှင်''အဖျင်းတွေ,အမိုက်သရိုက်တွေ'' ဟူ၍ အပြစ်မတင်သင့်ဘဲ လူကြီးများက ကလေးသူငယ်များ အပေါ်မှာ မေတ္တာ,ကရုဏာနှင့်ကြည့်ရှုဘိသကဲ့သို့ထိုမလိမ်မာ,မယဉ်ကျေးသောသူတို့အပေါ်မှာ ကရုဏာ,မေတ္တာစိတ်ဖြင့် ကြည့်ရှုကြပြီးလျှင် ''ငါ၏ဆွေမျိုးသားချင်း နိုင်ငံရင်းသားတို့သည်မည်သို့လိမ်မာ ယဉ်ကျေးကြပါမည်နည်း၊ မည်သို့ချမ်းသာကြီးပွားကြပါမည်နည်း'' ဟူ၍ လည်းကောင်း၊ ''ငါ့လောက်မလိမ်မာ, မယဉ်ကျေးသောသူတို့၏ လိမ်မာယဉ်ကျေးကြရန် တာဝန်မှာ ငါ့တာဝန်ပင်ဖြစ်လေသည်'' ဟူ၍လည်းကောင်း၊အကျိုးစီးပွားကို လိုလားစွာနှင့် ကြံစည်စဉ်းစားကြကုန်ရာ၏၊ ဓမ္မပဒပါဠိတော်မြတ်၌—

ပညာ ပါသာဒ မာရုယှ၊
အသောကော သောကိနိံ ပဇံ။
ပဗ္ဗတဋ္ဌောဝ ဘူမဋ္ဌေ၊
ဓီရော ဗာလေ အဝေက္ခတိ။—

ဟူ၍ ပညာရှိသောသူတို့က ပညာမဲ့သောသူတို့ကို ရှုမြင်နိုင်ကြောင်းကို ဟောကြားတော်မူသော ဒေသနာတခုရှိလေသည်။

**အနက်။** ။ပဗ္ဗတဋ္ဌော၊တောင်ထိပ်၌တည််၍နေသောသူသည်။ ဘုမ္မဋ္ဌေ၊ မြေအပြင်၌ တည််၍နေသောသူတို့ကို။ အဝေက္ခတိဣဝ၊ ရှုကြည့်နိုင်လေဘိသကဲ့သို့။ ပညာပါသာဒံ၊ ပညာတည်းဟူသော ပြာသာဒ်ထက်သို့။ အာရုယှ၊ တက်၍။ အသောကော၊ စိုးရိမ်ခြင်းကင်းပြီးသောသူသည်။ သောကိနိံ ပဇံ၊ စိုးရိမ်ပူဆွေး စိတ်မအေးရသောသူကို။ အဝေက္ခတိ၊ ရှုကြည့်၏။ ဓီရော၊ မြော်မြင်ပညာ လိမ်မာတတ်သိ ပညာရှိသည်။ ဗာလေ၊ ပညာမဲ့ငြား လူအများတို့ကို။ အဝေက္ခတိ၊ ကြည့်ရှုနိုင်လေ၏။

ဤလောက၌ အစစအရာရာတွင် လိမ်မာကျွမ်းကျင် ဉာဏ်အမြင်ပွင့်၍ စိုးရိမ်ခြင်းကင်းသောသူသည် စိုးရိမ်ခြင်းမကင်းဘဲ ရှိနေကြသောသူတို့ကို အကြောင်းမျိုးစုံသိရှိအောင် ရှုကြည့်စုံစမ်းနိုင်၏၊ (မည်သည့်အတွက်ကြောင့် ဤသို့စိုးရိမ်လျက် ရှိရှာကြသည်-ဟု သိနိုင်သည်ကိုဆိုလိုသည်)။

ပညာ အမြော်အမြင်ရှိသော သူသည် ပညာမဲ့သောသူတို့ကို အကြောင်းမျိုးစုံသိအောင် ရှုကြည့်စုံစမ်းနိုင်ကြကုန်၏၊(မည်သည့်အတွက်ကချို့တဲ့၍ ဤသို့ပညာမဲ့ရှာကြသည်ဟုသိနိုင်သည်ကိုဆိုလိုသည်)ဉပမာတောင်ပေါ်၌ တည််၍နေသောသူသည် တောင်အောက်၌ရှိနေကြကုန်သောသူတို့ကို အပြုအမူနှင့်တကွ မြင်ဘိသကဲ့သို့တည်း၊ ထိုသို့သိမြင်နိုင်သည့်အတိုင်း လောကအပေါ်မှာ ပညာဖြင့်လွှမ်းခြုံ၍ ကြည့်ရှုပြီးလျှင် "ဤအချက်ကား လောက၌လိုသောအချက်ဖြစ်လေသည်၊ မပြုလျှင်မဖြစ်နိုင်သော အရာဖြစ်သည်၊ ဤအချက်ကား မှားယွင်းပိုမိုသော အချက်ဖြစ်သည်၊ ပယ်ရှားမှသင့်လျော်မည်" ဟူ၍ ဆင်ခြင်ပြီးလျှင် တတ်စွမ်းသမျှ လောကကိုပဲ့ပြင်ရာ၏၊ ပြဆိုခဲ့သော ဆရာဝန် "စွန်ရက်ဆင်" သည် ဤကဲ့သို့ဉာဏ်အမြင် ရှိလေသည်အတိုင်း ယူ၏နိုင်ငံရင်းဖြစ်သော လောကကိုပဲ့ပြင်၍လာရာ ယခုအခါ မှန်ကန်ဖြောင့်မတ်သောလမ်းဝသို့ ဆိုက်လေ၏။

ထိုကဲ့သို့ အမျိုးကောင်းသား ယောကျ်ားအာဇာနည်တယောက်၏ဂုဏ်သည် တကမ္ဘာလုံးလွှမ်းခြုံပြီးလျှင် အလုံးစုံသောလူတို့၏ စိတ်နှလုံးမှာ ချိုးမွမ်းခြင်းကို ခံရသောအားဖြင့် စွဲငြိ၍တည်လေသည်၊ ထိုအမျိုးကောင်းသား၏ အနိစ္စသဘောအားဖြင့် စုတိပျက်ကွေသော်လည်း ဥဒါန်းမကျေနိုင်ဘဲ တည်နေပြီးလျှင် ကမ္ဘာ၏ရာဇဝင်တွင် တင်သွင်းကာရေးသားကြရလေသည်၊ သို့ဖြစ်၍ ကျွန်ုပ်တို့အမျိုးသားဉာဏ်ပညာအမြော်အမြင်များ ကြသောသူတို့သည်လည်း အတ္တဟိတ,ပရ-ဟိတအကျိုးနှစ်ပါးကို ကြည့်ရှုကြပြီးလျှင် နိုင်ငံနှင့်အမျိုးသားအပေါ်မှာ မေတ္တာ, ကရုဏာထက်သန်စွာနှင့် တိုင်းကျိုး, ပြည်ကျိုးကို ရွက်ဆောင်လျက် တောတောင်အတွင်း ကြိုင်သင်းသောရနံ့ရှိသည့်သစ်ပင်ကြီးပမာ အမည်သညာထွန်းကားသော ယောကျ်ားအာဇာနည်များဖြစ်ကြရန် ရည်သန်ကြိုးစားသင့်ကြ ပေသတည်း။

**ဒုတိယဂါထာအဓိပ္ပါယ်မှာ။** ။တခုသောတောတွင်အနှစ်မရှိဆွေးမြေ့သော အခေါင်းသာရှိသော သစ်ပင်ဆိုးကြီးတပင်ရှိရာ သစ်ခေါင်းဆွေးသည် မီးကို လက်ခံတတ်သောကြောင့် ထိုသစ်ခေါင်းဆွေးမှ မီးစ၍ စွဲငြိတောက်လောင်လျှင် တတောလုံးရှိသမျှ မီးလောင်ခံကြရကုန်၏၊ တောမီးလောင်သောအခါ တောမှာရှိသော သစ်ပင်များသာပျက်စီးသည်မဟုတ်ဘဲ တောတိရစ္ဆာန်များစွာတို့လည်း သေကြေပျက်စီးရှာကြရကုန်၏၊ ထိုသို့ဖြစ်မှု၏ အကြောင်းရင်းကို စစ်လျှောက်ရှာဖွေသည်ရှိသော် သစ်ခေါင်းဆွေးရှိသော သစ်ပင်ဆိုးကြီးတပင်ကစ၍ ဖြစ်လေသည်။

ထိုနှင့်အတူ တစုံတခုသော အမျိုးသားတို့တွင် တစုံတယောက်သော သူက အဆင်အခြင်ပညာမရှိဘဲ မိုက်ရူးရဲပြုလုပ်ရမ်းကားသည်ရှိသော် တမျိုးလုံး, တနွယ်လုံး ပျက်ပြုန်းနစ်နာ ငြိုငြင်ဆင်းရဲစွာ ရှိကြရလေသည်၊ အဆင်အခြင် ဉာဏ်ပညာမရှိသောသူသည် တစုံတခုသောအမှုကို ပြုထိုက်,မပြုထိုက်-ဟူ၍ စဉ်းစားခြင်းမရှိဘဲ ထင်မိထင်ရာ ပြုလုပ်တတ်လေ၏၊ မဆင်မခြင် အလျင်အမြန်ပြုလုပ်ခြင်းသည် များသောအားဖြင့် မှောက်မှားတတ်လေ၏၊ အသိအလိမ်မာ, ဉာဏ်ပညာမရှိသော သူ၏လက်မှာ ဩဇာအာဏာရှိလျှင် ထိုဩဇာအာဏာသည်

လောက၏ အဆိပ်သဖွယ်ဖြစ်၏၊မိမိ၏ ဩဇာအာဏာ-တည်းဟူသော အဆိပ်ဖြင့် လောကကိုနှိပ်စက်၍ အဆိပ်သင့်စေ၏။

အမြော်အမြင်မဲ့သောသူမှာ တွေးတောဆင်ခြင်နေဘွယ်ရာ အချိန်မရှိသောကြောင့် ဩဇာ,အာဏာရှိလျှင် ရှိသည့်အလျောက် ကောက်ချင်ကောက်,ကွေ့ချင်ကွေ့ သူ့သဘောတွေ့သလို လျှင်စွာပြုလုပ်တတ်၏၊ အစ-ပထမက အနည်းငယ်မျှ မှားယွင်း၍သွားမိလျှင် တစဉ်လုံးပြင်၍မရနိုင်အောင် အရှည်ကြီးမှားယွင်းလေ၏၊ ဥပမာ-မီးရထားလမ်းလွဲသည်ဆိုရာ၌ ပထမလွဲသောနေရာတွင် မူလလာခဲ့ရင်းလမ်းနှင့်များစွာကွာခြားသည် မဟုတ်ဘဲ အနည်းငယ်မျှသာ လွဲလျက်ရှိ၏၊ ကြာလေလေ လမ်းမှန်နှင့်လွဲပြီးလျှင် အဆုံးသတ်မှာ အလွဲကြီးလွဲလေသကဲ့သို့တည်း၊ ထို့ကြောင့် အလွဲဆိုလျှင် အနည်းငယ်မျှ အလွဲအမှားကလေးကိုပင် ဖြစ်စေ "အတွက်မရှိ" ဟူ၍ သဘောမထားဘဲ တစဉ်ကြီးမှား၍သွားလျှင် အဆုံးသို့ကျသောအခါ များစွာနစ်နာတတ်သည်-ဟု သဘောပိုက်သင့်လေသည်။

မဆင်မခြင် အလျင်အမြန်ပြုလုပ်ခြင်း၏ မှားယွင်းတတ်ကြောင်းကိုလည်း ဇာတ်တော်တို့၌ အောက်၌ပါသောအတိုင်း မြတ်စွာဘုရားဟောကြားတော်မူခဲ့လေ၏။

> အသမေက္ခိတကမ္မန္တံ၊
> တုရိတာဘိနိပါတိနံ။
> သာနိ ကမ္မာနိ တပ္ပေန္တိ၊
> ဥဏှံ ဝ ဇ္ဈောသိတံ မုခေ။

**အနက်။** ။အသမေက္ခိတကမ္မန္တံ၊ မဆင်မခြင် ပြုလုပ်လေ့ရှိသော။ တုရိတာဘိနိပါတိနံ၊ အလျင်အမြန် စီမံဆောင်ရွက်လေ့ ရှိသောသူကို။ ပစ္ဆာ၊ နောက်ကာလ၌။ သာနိကမ္မာနိ၊ မိမိပြုလုပ်အပ်သော အမှုတို့သည်။ တပ္ပေန္တိ၊ ပူပန်လောင်ဆွေးစေတတ်ကုန်၏။ ယထာ၊ ဥပမာသော်ကား။ ဥဏှံ၊ အလွန်ပူသောအစာကို။ အဇ္ဈောသိတံ၊ စားချင်အားကြီးနှင့် မျိုလိုက်အပ်သည်ရှိသော်။မုခေ၊ ခံတွင်းတခုလုံး၌။တပ္ပေ-တိဣဝ၊ ပူလောင်တတ်လေဘိ သကဲ့သို့တည်း။

ထိုကဲ့သို့ မဆင်မခြင် ပြုလုပ်လေ့ရှိသော သူတယောက်ကရှေ့ဆောင် ပြု၍ စီမံဆောင်ရွက်ကာသွားလျှင် များစွာသောသူတို့မှာ အနစ်နာခံကြ ရကုန်၏၊ ဥပမာ-တခုသောမြူနီစီပါယ် အစည်းအဝေးကြီးကို ပြုလုပ် သောအခါ "မည်ကဲ့သို့စီမံလျှင် နောင်အခါ မိမိတို့မြို့ရွာနှင့် မိမိတို့ အမျိုးသားတို့မှာမည်ကဲ့သို့နစ်နာထိခိုက်လိမ့်မည်"ဟူ၍မဆင်ခြင်ဘဲအ ဆောတလျင် သဘောကူချက်နှင့် လိုက်ပါဆောင်ရွက်လေသည်ရှိသော် မှားယွင်း၍သွားခဲ့လျှင် တမြို့လုံးအနစ်နာခံကြရကုန်၏၊ ထို့ပြင် နိုင်ငံ၏ အတွက် ဥပဒေသစ်တခုကို ပြုလုပ်ထုံးဖွဲ့မည်ရှိရာ ရှည်လျားစွာမြော်၍ မကြည့်ဘဲ မိမိထင်မြင်သမျှနှင့် သဘောတူ လိုက်ပါဆောင်ရွက်၍ အတည်ပြုလုပ်လိုက်သည်ရှိသော် မှားယွင်းချွတ်ချော်၍ သွားလျှင်နိုင်ငံ သားတို့မှာနစ်နာထိခိုက်ခြင်း ခံကြရလေကုန်၏။

ပုဂ္ဂိုလ်တဦး မကောင်းသည့်အတွက်ကြောင့် အများနစ်နာခံကြ ရသည့်အကြောင်းနှင့် ဖေါ်ပြသော ဝတ္ထုသက်သေတို့သည် ဇာတ် တော်၌များစွာလာရှိကုန်၏၊ ဥပမာ-မြတ်စွာဘုရား လက်ထက်တော် အခါတွင် ဝိဋ္ဋူပမည်သော မင်းသားတယောက်၏ ရက်စက်ကြမ်း ကြုတ်မှုကြောင့် သာကီဝင်တနွယ်လုံး, ကောသလတတိုင်းလုံး ပျက် စီးနစ်နာကြဘူးလေသည်၊ ထို့ပြင် စူဠနီဗြဟ္မဒတ်မင်း၏ ပုရောဟိတ် ပုဏ္ဏားတယောက်၏ မတော်မတရားကြံစည်မှုဖြင့် တရာသောမင်းတို့ ဆင်းရဲဒုက္ခရောက်ကြရပြီးလျှင် သူ၏အရှင်သခင်ဖြစ်သော စူဠနီဗြဟ္မ ဒတ်မင်းကြီးသော်မှလည်း အရှက်ကြီးစွာရဘူးလေ၏၊ သာသနာတော် ရေး၌လည်း သီဟိုဠ်ကျွန်းတွင် ယုတ်မာသော မင်းတပါးလက်ထက် သာသနာတော်ကို မကြည်ညိုရုံမျှမက ရဟန်းသံဃာတို့ကိုပင် များစွာ သတ်ဖြတ်၍ ပိဋကတ်စာပေတို့ကို မီးတိုက်ဘူးလေသည်။

ကျွန်ုပ်တို့ မြန်မာရာဇဝင်တွင်လည်း အင်းဝမြို့ ရှမ်းသိုဟန်ဘွား လက်ထက် ထို့အတူပင် သံဃာတော်တို့ကို သတ်ဖြတ်၍ ပိဋကတ် များကို မီးတိုက်ဘူးလေသည်၊ ထို့ပြင်လည်း ယခုအခါ ကျွန်ုပ်တို့မြန် မာအမျိုးသားတို့သည် အမျိုးဇာတ်တူဖြစ်သော ဘုရင်ကင်းမဲ့၍ ဦး ခေါင်းမရှိသောသူကဲ့သို့ နေရသည်မှာ အရင်းစစ်၍ မူလကိုရှာသည် ရှိသော် ပညာအဆင်အခြင်နည်းပါးသော နယ်ခြားတွင် စိုးအုပ်ကြ

သည့် မှူးမတ်ဝန်စုတို့၏ တာဝန်ဖြစ်လေသည်၊ အကြောင်းအမြွက်သော်ကား-မြန်မာအစိုးရတို့နှင့် အင်္ဂလိပ်အစိုးရတို့ သုံးကြိမ်တိုင်တိုင်စစ်ဖြစ်ကြရာ ပထမစစ်မှာ ရခိုင်နယ်နှင့် ဘင်္ဂလားအာသံနယ်စပ်ကစ၍ ဖြစ်ပွားလေသည်၊ ထိုနယ်စပ်တွင် နေထိုင်အုပ်စိုးလျက်ရှိနေကြသော မြန်မာအစိုးရအမှုထမ်းသားများသည် အကြားအမြင်ဗဟုသုတနည်းပါးကြသဖြင့် အိန္ဒိယတဝှမ်းလုံးကို အုပ်စိုး၍နေကြသော အင်္ဂလိပ်အစိုးရတို့၏ လက်နက်အင်အား, ဗိုလ်ပါအင်အား, ဥစ္စာအင်အား, ပညာအင်အားများကို မထောက်မထား မသိမမြင်နိုင်ကြဘဲ အရမ်းမဲ့စစ်ပြိုင်ကြရာရှုံးနိမ့်၍ ရခိုင်တိုင်းနှင့် တနင်္သာရီတိုင်းများကို မြန်မာအစိုးရတို့၏ လက်မှစွန့်လွှတ်လိုက်ကြရလေသည်။

ဒုတိယစစ်မှာ-ရန်ကုန်ဝန်ကအစပြု၍ ဖြစ်ပြီးလျှင် ရှုံးနိမ့်သဖြင့် မြန်မာနိုင်ငံအောက်ပိုင်းကို စွန့်လွှတ်လိုက်ကြရလေသည်၊ တတိယစစ်မှာ တောင်ငူနယ်ကျန်ခေါ်သောအရပ် သစ်တောဌာနမှအစပြု၍ ထိုနယ်တွင်အုပ်ချုပ်ကြသော မြန်မာအစိုးရတို့၏ အရှည်မမြော်မြင်မှုကြောင့် စစ်ဖြစ်ကြရာ တနိုင်ငံလုံးဆုံးရှုံး နစ်နာကြရလေသည်၊ပထမစစ်မဖြစ်မီအခါ မြန်မာနိုင်ငံသည် အတော်ပင်ကျယ်ဝန်းလျက် ရှိလေသည်၊ အလောင်းမင်းတရားကြီး မအုပ်စိုးမီက မွန်ဘုရင်, မြန်မာဘုရင်တို့သည် အသီးအသီး ကိုယ့်နိုင်ငံနှင့်ကိုယ် အုပ်စိုးလျက်ရှိနေကြ၍ တနိုင်ငံထည်း မပေါင်းစပ်မိချေ၊ အလောင်းမင်းတရားကြီး လက်ထက်မှစ၍ ပထမစစ်ဖြစ်သော ဘကြီးတော်လက်ထက်တိုင်အောင် ထိုနိုင်ငံများသည် မြန်မာဘုရင်တပါးထည်းအုပ်စိုး၍ တနိုင်ငံထည်း ပေါင်းစပ်မိလေ၏။

ထိုကဲ့သို့ တမြေထည်း, တရေထည်း, တနိုင်ငံထည်း ပေါင်းစပ်လျက် နိုင်ငံ၏အင်အားသည် ပွားတက်တော့မည် ရှိနေရာ အားမပြည့်စုံသေးမီ အမြင်သေးသော မှူးမတ်တို့၏ အတွက်ကြောင့် နိုင်ငံ၏ အညွန့်ကို ချိုးလိုက်ဘိသကဲ့သို့ မကြီးပွားနိုင်ဘဲ တစ တစ အားလျော့သိမ်ငယ်၍လာရာ နောက်ဆုံးမှာ အလုံးစုံပင် နိုင်ငံမြုပ်ဆုံးလေ၏၊ အကယ်၍သာ အလောင်းမင်းတရားကြီး တည်ထွင်ထားခဲ့သော အတိုင်းနှင့်အရိပ်အရာခံ၍ နိုင်ငံခြား ဥရောပတိုက်သားတို့နှင့် ပေါင်းသင်းဆက်ဆံကာ ကမ္ဘာနှင့် သက်ဆိုင်သော ပညာများကို ဆည်းပူး

ကြ၍ နိုင်ငံ၏ ကြီးပွားကြောင်းကို ပြုလုပ်ခဲ့ကြပါလျှင် များစွာကြီးပွားရန်အကြောင်းရှိသည်၊ (ဂျပန်နိုင်ငံ၏ကြီးပွားလာပုံကို မြော်ထောက်လေ၊)သို့ရာတွင်လွန်ပြီးသောအကြောင်းအရာတို့ကို ပြန်၍ဖော်ပြသဖြင့် အကျိုးရှိမည်မဟုတ်ချေ၊ အကြောင်းတိုက်ဆိုင်လာ၍သာ ပြောဆိုညွှန်ပြရခြင်းဖြစ်လေသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံမှာ အရာအထူး-အကြီးအကျယ်ကို ခန့်အပ်သောအခါ ယခုအခါ အင်္ဂလိပ်အစိုးရမင်းတို့သည် အရည်အခြင်းနှင့် တကွ ရွေးချယ်၍ ခန့်အပ်သကဲ့သို့မဟုတ်ဘဲ ဘုရင်အလိုတော်ရှိရာ ခန့်အပ်သောအလေ့သာ များတတ်လေသည်၊ ပညာမဲ့၍ အမြော်အမြင်သေးသိမ်သောသူကို အာဏာကြီးပေးလိုက်သည်ရှိသော် ယခင်ပြဆိုခဲ့ပြီးသောအတိုင်း ထိုအာဏာသည်နိုင်ငံ၏ အဆိပ်သဖွယ်ဖြစ်လေသည်၊ ဥပမာ—ပုဂံမင်းလက်ထက် မင်းသား "မောင်ကျောက်လုံး" ဆိုသူကို အလိုတော်ရှိရာ အရာအထူးကြီးနှင့် မြှောက်စား၍ကြီးမြင့်သော အာဏာကြီးကို အပ်နှံလေသည်၊ ထိုမောင်ကျောက်လုံး၏ အလေ့ဝါသနာကို တဆင့်စကားအားဖြင့် ကြားဘူးကြမည်ဖြစ်၍ ကျွန်ုပ်တို့ဖော်ပြရန်မလိုချေ၊ ထိုမောင်ကျောက်လုံးသည် ဒုတိယစစ်ဖြစ်ရာစစ်ဗိုလ်ချုပ်ကြီးအရာနှင့် အတိုက်ခိုင်းသည်တွင် သူ့ဝါသနာပါရာကိုသာ သူဂရုစိုက်လျက် စစ်တိုက်, စစ်ချီဆိုသည်ကိုမူကား နားလည်ရန်ပင် ကင်းဝေးလေသည်၊ ဤသို့စသည်ဖြင့် အမျိုးသားထဲတွင် သူတယောက်မကောင်းက အမျိုးသားတို့ များစွာနစ်နာကြောင်းကို သိအပ်လေသည်၊ တဦးတယောက်သောသူကနာမည်ဆိုးလျှင်လည်းတမျိုးလုံးနာမည်ဆိုးကြီးကို ရရှိကြလေကုန်၏၊ ညံ့ဖျင်းသောသူတယောက်ကို တွေ့မြင်လျှင် တမျိုးလုံး ညံ့ဖျင်းသည်-ဟူ၍ ထင်မြင်တတ်ကြလေသည်၊ အမြော်အမြင်နည်းပါး၍ညံ့ဖျင်းခြင်းကိုဖျောက်ဖျက်ရန်မှာစာပေ ပညာကိုသင်ကြားခြင်းဖြစ်လေသည်၊ မျက်မြင်ဒိဋ္ဌအားဖြင့် စာပေ ပညာတတ်ကျွမ်းသောသူတို့သည်ရိုင်းစိုင်းရက်စက်၍မဆင်မခြင် ပြုလုပ်တတ်ကြသည်မဟုတ်ဘဲ ယဉ်ကျေးသိမ်မွေ့စွာ မြော်မြင်ကာ ပြုလုပ်တတ်ကြလေသည်ကား များ၏၊နှိမ့်ချသင့်သောသူကို နှိမ့်ချ၍ ချီးမြှောက်ထိုက်သောသူကို ချီးမြှောက်သင့်သော တရားလမ်းရှိသည့်အတိုင်း ဆိုးဝါးရမ်းကား သောသူဖြစ်

လျှင် ဆွေမျိုးပင်ဖြစ်စေဦးတော့ မျက်နှာသာမပေးဘဲ နှိပ်နယ်ဆုံးမနိုင်သမျှဆုံးမရာ၏။

အစအန ကောင်း၍ ကြီးပွားမည့်လက္ခဏာ အလိမ်မာအမြော်အမြင်နှင့်ပြည့်စုံသူဖြစ်လျှင် ဆွေမျိုးပင်မစပ်သော်လည်း ချီးမြှောက်နိုင်သမျှ ချီးမြှောက်ထောက်ပံ့ရာ၏၊ သူတယောက်ထွန်းကား၍ သွားလျှင် များစွာအကျိုးရှိကြောင်းကို စာဏကျဆရာကြီး၏နီတိဂါထာအတိုင်း သိသင့်လေသည်၊မြန်မာနိုင်ငံတွင်းရှိ အမြို့မြို့ အရွာရွာတို့မှာ တရွာလျှင် တယောက်ကျ, တမြို့လျှင် သုံးယောက်ကျ ထွန်းကား၍ ယောကျ်ားကောင်းပြီသစွာဖြစ်ပေါ်လာပါလျှင် မြန်မာနိုင်ငံသည် မည်မျှလောက် အကျိုးဖြစ် ထွန်းလိမ့်မည်-ဟူ၍ ဆင်ခြင်သင့်လေသည်၊ တခုသောရွာမှာ ပဋိသန္ဓေအားဖြင့် ပညာဉာဏ် အစအန-ကောင်း၍ လာသောသူသည် တယောက်ထက်မနည်းဘဲ ရှိကြပေလိမ့်မည်၊ မြို့မှာဖြစ်ပါလျှင် မူကား သာ၍ပင်များရာ၏။

ထိုကဲ့သို့ ဉာဏ်ပညာအညွန့်အစ ပေါ်ထွက်မည့် လက္ခဏာရှိသောသူများကို အမျိုးသားတို့က အားပေးကူညီကြ၍ မိမိနိုင်ငံတွင် တတ်သင့်တတ်ထိုက်သောပညာများကို မိမိနိုင်ငံမှာသင်ကြားစေခြင်း,တိုင်းတပါးသို့သွားရောက်၍ သင်ကြားထိုက်သောပညာများကို တိုင်းတပါးသို့သွားရောက် သင်ကြားစေခြင်းများကို ပြုလုပ်ပါလျှင် မှန်စွာပင် အကျိုးရှိတန်ရာသည်၊တဦးတယောက်၏ထောက်ပံ့ခြင်းထက် အများက ကူညီဝန်းဝိုင်း၍ ထောက်ပံ့လျှင် သာ၍ပင် အားအင်ပြည့်စုံလေသည်၊ ထောက်ပံ့ရသောသူတို့မှာလည်း အများဖြစ်၍ စရိတ်ကျယ်ဝန်းမည် မဟုတ်ချေ။

အရှင်အင်္ဂလိပ် အစိုးရမင်းတို့ကလည်း အရာရာမှာလိုက်စား၍ အမျိုးသားကြီးပွားရန် စီမံအုပ်ချုပ်လျက် ရှိသောကြောင့် နိုင်ငံကြီးပွားဘို့ပြုလုပ်ရန် လမ်းစခန်းတို့လည်း အလွန်သာယာကုန်၏၊ ကြီးပွားသည်ဆိုရာမှာ အမြို့မြို့နိုင်ငံတို့က ပညာများကို တတ်ကျွမ်းကြ၍ အလုပ်ကြီး, အကိုင်ကြီးများကို ကိုယ့်နိုင်ငံထဲမှာ ထူထောင်လုပ်ကိုင်နိုင်ကြလျက် မိမိတို့နိုင်ငံမှာရှိသော ရွှေ, ငွေ ရတနာတို့ကို နိုင်ငံတပါးသို့

မထွက်သွားစေဘဲ ကိုယ့်ဘာသာနှင့်ကိုယ့်သာသနာကို ပျော်ရွှင်စွာပြုစု ပြီးလျှင် ချမ်းချမ်းသာသာ နေထိုင်ကြရခြင်းကိုဆိုလိုသည်။

ပြဆိုခဲ့ပြီးသော စာထကကျဆရာကြီး၏အလိုအကျဉ်းချုပ်မှာ တတောလုံး ကြိုင်လှိုင်စေတတ်သော သစ်ပင်ကောင်းကို ပြုစုပျိုးထောင်၍ တတောလုံး မီးလောင်စေတတ်သော သစ်ခေါင်းဆွေးပါသည့်သစ်ပင်များကို ပယ်ရှားသင့်သကဲ့သို့ အမျိုးသားထဲတွင် ယောက်ျားတယောက် ပြောစလောက်ဖွယ် ကြီးကျယ်မည့်သူကို ဝိုင်းဝန်းကာ အားပေးလျက် အမျိုးသား၏ အလေး, အမွှားဖြစ်သော သူများကိုမူက-ံ တစတစ ပါးရှားအောင် ကြံဆောင်သင့်လေသည်-ဟုဆိုလိုသည်။

အမျိုးကောင်းသား တယောက်ကြောင့် တမျိုးသားလုံး
ချမ်းသာနိုင်ကြောင်းပြီး၏။

---

## နိဂုံး

### ဝိုဒ်စုံရတုသုံးပုဒ်

၁။ ရင့်ကျူးမြွက်သံ။ ။မေတ္တာခံပိမ့်၊နိုင်ငံသီရိ၊မြန်ဘူမိဝယ်၊လောကိအကျိုး၊ နွမ်းမညှိုးဘဲ၊ တက်တိုးဒီသွင်၊ ကြည်အလင်ဖြင့်၊ စည်ပင်ပြန့်ပြော၊ ပွားစေသောဟု၊ မနောဓိဋ္ဌာန်၊ ရည်စိတ်သန်နှင့်၊ နီမ္ဗာန်တိုင်ထိ၊ကျိုးထူးရှိအောင်၊ဝိဝိဓတ္ထ၊ နည်းလမ်းပြလျက်၊ သုတပေါင်းစု၊ သဂြိုဟ်ပြု၍၊ရင့်နုစုံလင်၊ရေးစီရင်သည်။ ။ကြည်လင်ရှုဖွယ်မငြီးတည်း။

၂။ တင့်ထူးနက်တံ။ ။ပညာလျှံသား၊ နဘံအချက်၊ မြင်းမိုရ်ဝက်တွင်၊ လစက်နေရှိန်၊ လင်းလင်းထိန်သို့၊ တိုင်းဇမ္ဗူဒီပ၊ မဇ္ဈိမမြေတွင်၊ ဂုဏ်ဝေထွန်းပ၊ စာထကကျ-ဟု၊ ပညာ့တံခွန်၊ ကဝိမွန်၏၊ ပြဋ္ဌန်းလေဘိ၊ ကျမ်းနီတိကို၊ နိဿိတမျိုး၊ မှီငြမ်းထိုးလျက်၊ တရိုးမြန်ဘောင်၊ အလင်းရောင်သို့၊ ညွှန်းဆောင်ချယ်လယ်၊ နည်းသွယ်သွယ်ဖြင့်၊ ဆန်းကြယ်ဆင်ယင်၊ လမ်းကြီးထွင်သည်။ ။ပြည်ခွင်လူ့နယ်ခရီးတည်း။

၃။ ပွင့်ဖူးဆက်ဆံ။ ။ဟေဝန်ယံဝယ်၊ သေးလိသညာ၊ ဂန္ဓမာဉ်၊ မာလာရုက္ခ၊မဥ္ဇူသသို့၊ နယ,ဆန်းတင့်၊ပန်းစုံပွင့်သား၊ မြန်ခွင့်သြဘာ၊

ဤကျမ်းစာကို၊ မေတ္တာရှေ့တင်၊ ရေးစီရင်ရှင့်၊ ယောင်လျှင်ကော၊ ရာ-ဒွယနှင့်၊သတ္တ,ပဥ္စာ၊ နှစ်အခါတွင်၊ စန္ဒာစန်းမွန်၊ သရဝဏ်ဟု၊ စိန်ချွန်ယှဉ်ကြ၊ ယင်းသည့်လတွင်၊ပထမပိုင်း၊ ဤမျှဆိုင်း၍၊ပံ့တိုင်းအသွင်၊ ကာဆီးပြင်သည်။ ။တည်ထွင်ခုဝယ် အပြီးတည်း။

**စာလကာကျနီတိကျမ်း**
**ပထမတွဲပြီးပြီ**

ဟံသာဝတီစာအုပ်တိုက်
၁၅၇-ဗိုလ်အောင်ကျော်လမ်း
ရန်ကုန်မြို့

အဘိုး ၄-ကျပ်